**Sabbath School Lesson**
**မြန်မာလူကြီးတန်း**

# ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌အခိကအကြောင်းများ

**ကို**

**အိအက်ဒွက်ဇင့်ခ်နှင့် သောမတ်ရဲဖတ်**

**မှ**

**စီစဉ်ရေးသားသည်**

အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ
၂၀၂၄ ခုနှစ်

(ပထမအကြိမ်)


Sabbath School Lesson
မြန်မာလူကြီးတန်း

**ပုံနှိပ်သူ**
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

**ထုတ်ဝေသူ**
ဦးဖိုးဖိုးလှ(၀၀၅၉၅)
ဥက္ကဋ္ဌ
မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်းတော်၊
၆၈ ဦးဝိစာရလမ်း၊
ရန်ကုန်မြို့

အုပ်ရေ - ၅၀၀၀

ဓမ္မဒါန

(ပထမအကြိမ်)

## မာတိကာ


၁။ လမ်းညွှန်အမှတ်အသားများ ........ ၅

၂။ ဘုရားဖြစ်ကြောင်းအမှတ်အသား ........ ၁၈

၃။ နောက်ကြောင်း – ပဏ္ဏာမရှေ့ပြေး ........ ၃၂

၄။ ခရစ်တော်သည် မေရှိယဖြစ်ကြောင်းသက်သေများ ........ ၄၇

၅။ ရှမာရိလူတို့၏သက်သေခံချက် ........ ၆၀

၆။ ယေရှုအကြောင်းပို၍သက်သေခံချက်များပြားလာခြင်း ........ ၇၃

၇။ ယုံကြည်သောသူတို့သည် မင်္ဂလာရှိ၏ ........ ၈၇

၈။ ဓမ္မဟောင်း၏အနာဂတ္တိစကားကိုပြည့်စုံစေခြင်း ........ ၁၀၀

၉။ အသက်၏မူလအစအရင်းအမြစ် ........ ၁၁၃

၁၀။ လမ်းခရီး၊ သမ္မာတရားနှင့် အသက် ........ ၁၂၆

၁၁။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော် ........ ၁၃၉

၁၂။ ဘုန်းတော်၏အချိန်နာရီ၊ ကပ်တိုင်တော်နှင့် ရှင်ပြန်ထမြောက်ခြင်း ........ ၁၅၂

၁၃။ အနှစ်ချုပ် – ယေရှုနှင့် နှုတ်ကပတ်တော်ကိုသိခြင်း ........ ၁၆၆


–၀–



## ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌အဓိကအကြောင်းများ

ယခုသုံးလပတ်လေ့လာရမည့်အကြောင်းအရာမှာ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို နားလည်ရန်အတွက်ဖြစ်သည်။ ခရစ်ဝင်ကျမ်းလေးကျမ်းတွင် ပါဝင်သောကျမ်းဖြစ်သည်။ ယေရှုရှင်နှင့် လူတစ်ဦးနှစ်ဦးတို့တွေ့ဆုံဆွေးနွေးခန်းများ ပါဝင်သည်။ ဥပမာ နာသနေလနှင့် နိကောဒင်လိုပုဂ္ဂိုလ်မျိုး၊ ယာကုပ်ရေတွင်းမှ အမျိုးသမီးတစ်ဦး၊ ဗေသေသဒအိုင်နားမှ ခြေလက်သေနေသူ၊ မွေးကတည်းကပင် မျက်စိမမြင်သောသူ၊ လာဇရုနှင့်ညီအစ်မများ၊ ပိလတ်မင်း၊ ပေတရု သို့မဟုတ် သောမတို့ဖြစ်သည်။ ယင်းကဲ့သို့သောအကြောင်းအရာများသည် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌သာဖော်ပြကြောင်းတွေ့ရသည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ဘုရားရှင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်း တမန်တော်ကြီးမှ သက်သေခံထားသည်။ သမ္မာကျမ်းစာတစ်အုပ်လုံး၌ ဇဝံဂေလိသတင်းစကားသည် ဘုရားရှင်၏အလိုတော်ကြောင့်ဖြစ်လာသည်။ လူ၏အလိုကြောင့်ဖြစ်လာသည်မဟုတ်ပါ။ ယောဟန်ခရစ်ဝင်ကျမ်းကိုရေးသားသောရှင်ယောဟန်သည် သန့်ရှင်းသောဝိညာဉ်တော်၏အသုံးပြုခြင်းကိုခံရ၍ အရေးကြီးသည့်အကြောင်းများစွာကို ရေးသားဖော်ပြပေးသည်။ နှုတ်ကပတ်တော်သည် အလင်း၊ မုန့်၊ ရေ၊ သန့်ရှင်းသောဝိညာဉ်တော်၊ တစ်လုံးတစ်ဝတည်း၊ သက်သေခံချက်နှင့် အနာဂတ္တိဟောကြားချက်များဖြစ်သည်။ ယင်းအကြောင်းအချက်များတို့သည် တစ်ခုနှင့်တစ်ခုဆက်စပ်၍ အပြန်အလှန်အလင်းထိုးပြပေးကြသည်။

အသေးစိတ်လေ့လာသွားသောအခါ အကျယ်ဖွင့်ထားသောအဓိပ္ပာယ်ကို မလွတ်သွားပါစေနှင့်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ယေရှုရှင်၏အမှုတော်ဆောင်ရွက်ပုံကို မှတ်တမ်းပြုထားသည်။ ထာဝရအသက်ကိုသိသောသူဖြစ်သည်။ အသေးစိတ်သွားသောအခါ ကဏ္ဍအပိုင်းဖြင့် မြင်ကွင်းအကျယ်ကိုညွှန်ပြပေးသည်။ ယေရှုရှင်သည် ကယ်တင်ရှင်ဖြစ်ကြောင်းကို သိမြင်ခံစားရပါမည်။

–၀–

## သင်ခန်းစာ (၁)
# လမ်းညွှန်အမှတ်အသားများ
### စက်တင်ဘာလ ၂၈ – အောက်တိုဘာလ ၄

**ဥပုသ်နေ့မွန်းလွဲပိုင်း** **စက်တင်ဘာလ ၂၈ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယောဟန်၊ ၂း၁–၁၁။ ယောဟန်၊ ၄း၄၆–၅၄။ ယောဟန်၊ ၅း၁–၁၆။ မာကု၊ ၃း၂၂၊ ၂၃။ မဿဲ၊ ၁၂း၉–၁၄။ ယောဟန်၊ ၅း၁၆–၄၇။

### အလွတ်ကျမ်းချက်

**"ဤကျမ်းစာ၌ရေး၍မထားသော အခြားနိမိတ်လက္ခဏာအများတို့ကိုလည်း ယေရှုသည် တပည့်တော်တို့မျက်မှောက်၌ ပြတော်မူ၏။ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံကြည်မည်အကြောင်း ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း ဤမျှလောက်ရေးထားလျက်ရှိသတည်း" (ယောဟန်၊ ၂၀း၃၀၊ ၃၁)။**

ရှင်ယောဟန်သည် အဘယ်ကြောင့် ဧဝံဂေလိကျမ်း၊ ခရစ်ဝင်ကျမ်းကိုရေးခဲ့သနည်း။ သူသည် ယေရှုပြုသောနိမိတ်လက္ခဏာများအကြောင်းကို ဖော်ပြချင်သောကြောင့် ရေးခြင်းဖြစ်ပါသလား။ သို့မဟုတ် အခြားသော အထူးသွန်သင်ချက်များအကြောင်းကို ရေးသားချင်၍ တင်ပြခြင်းဖြစ်ပါသလား။ မည်သည့်အကြောင်းကြောင့် သူရေးသားခဲ့ရသနည်း။

သန့်ရှင်းသောဝိညာဉ်တော်၏လွှမ်းမိုးခြင်းများကြောင့် ရှင်ယောဟန်မည်သို့ရှင်းပြပေးသနည်း။ သူကိုယ်တိုင်မှ ယေရှုရှင်၏အကြောင်းများစွာရေးရန်ရှိနေသော်လည်း (ယော၊ ၂၁း၂၅) သူ၏ရေးသားထားသောအကြောင်းအရာ



တို့သည် အောက်ပါကျမ်းချက်တွင် ဖော်ပြသည့်အတိုင်းဖြစ်သည်။ "ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံကြည်မည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း ဤမျှလောက်ရေးထားလျက်ရှိသတည်း" (ယောဟန်၊ ၂၀း၃၁)။

ယခုအပတ်သင်ခန်းစာ၌ ရှင်ယောဟန်တင်ဆက်ထားသော ယေရှုရှင်၏အဦးဆုံးနိမိတ်လက္ခဏာဖြစ်သည့် မင်္ဂလာပွဲ၌ ရေမှစပျစ်ရည်သို့ ပြောင်းလဲပေးခြင်း၊ အလွန်ဖျားနာနေသူကို ရောဂါပျောက်ကင်းပေးခြင်းနှင့် ဗေသေသဒရေအိုင်အနားမှ ခြေလက်သေသူကို အကောင်းပကတိပြန်၍ဖြစ်စေခြင်းအကြောင်းများကို လေ့လာကြရမည်။

ယင်းအံ့ဖွယ်လုပ်ရပ်များကို ရှင်ယောဟန်က "နိမိတ်လက္ခဏာ" ဟု တင်စားခေါ်ဝေါ်ထားသည်။ လမ်းပေါ်၌ပြထားသော လမ်းညွှန်လက္ခဏာများကဲ့သို့မဟုတ်ပါ။ သာ၍အဓိပ္ပာယ်နက်နဲသောအစစ်အမှန်ညွှန်ကြားချက်မျိုးဖြစ်သည်။ ယေရှုရှင်သည် မေရှိယအရှင်ဖြစ်၍ ဖော်ပြသောအကြောင်းအရာအားလုံး၌ ယုံကြည်ခြင်းဖြင့် တုံ့ပြန်သောလူများကို တွေ့မြင်ရသည်။ ထိုသူတို့ပေးသောပုံပမာသည် ကျွန်ုပ်တို့ကို ထိုကဲ့သို့လိုက်ပါလုပ်ဆောင်ရန် ခေါ်ဖိတ်နေပါသည်။

**တနင်္ဂနွေနေ့** **စက်တင်ဘာလ ၂၉ ရက်**

**ကာနမြို့၌ကျင်းပသောလက်ထပ်ပွဲ**

ယော၊ ၂း၁–၁၁ ကိုဖတ်ပါ။ ယေရှုရှင်သည် ကာနမြို့၌ မည်သည့်နိမိတ်လက္ခဏာကို ပြုခဲ့သနည်း။ ယင်းသို့ပြုခြင်းကြောင့် တပည့်တော်တို့သည် ကိုယ်တော်ကို မည်သို့ပို၍ယုံကြည်စိတ်ချလာသနည်း။

________________________________________

________________________________________

ရေကို စပျစ်ရည်အဖြစ်ပြောင်းလဲပေးခြင်းနိမိတ်လက္ခဏာကို မြင်ရသော တပည့်တော်တို့သည် ယေရှုရှင်၏နောက်ကိုလိုက်ရန် ပို၍စိတ်အားထက်သန်စွာဆုံးဖြတ်နိုင်ပါသည်။ ကိုယ်တော်သည် ဘုရားရှင်အထံတော်မှလာသည်ကို အဘယ်ကြောင့် နိမိတ်ပြသော်လည်း မယုံကြသနည်း။ (ကိုယ်တော်သည် ဘုရားဖြစ်ကြောင်းကို မယုံကြည်ခဲ့ကြ၍ဖြစ်လိမ့်မည်)။

မောရှေသည် ဣသရေလလူတို့ကို ဦးဆောင်ရသောသူဖြစ်ခဲ့သည်။ အဲဂုတ္တုပြည်မှ ဣသရေလတို့ကိုနုတ်ဆောင်လာ၍ "အံ့ဖွယ်နိမိတ်လက္ခဏာ" များစွာကိုပြခဲ့သည် (တရားဟော၊ ၆း၂၂။ တရားဟော၊ ၂၆း၈)။ ဣသရေလတို့ကို အဲဂုတ္တုလူတို့၏လက်မှလွတ်မြောက်လာစေရန် ဘုရားရှင်အသုံးပြုထားသူတစ်ဦးဖြစ်သည်။ (သူ့ကိုကယ်တင်ရှင်ဟု သတ်မှတ်ခံယူကြသည်)။

ဘုရားရှင်သည် ပုရောဖက်အားဖြင့်သာ မောရှေနှင့်တူသောပုရောဖက် တစ်ပါးပေါ်ထွန်းလာမည်ဟု ကြိုတင်ဟောကြားခဲ့သည်။ ထိုသူ၏စကားကို ဣသရေလလူတို့နားထောင်ကြရန် ဘုရားရှင်စေခိုင်းတော်မူသည် (တရားဟော၊ ၁၈း၁၅။ မဿဲ၊ ၁၇း၅။ တ၊ ၇း၃၇)။ ထိုမောရှေနှင့်တူမည့်ပုရောဖက်သည် ယေရှုပင်ဖြစ်သည်။ ယော၊ ၂ ၌ ယေရှုရှင်သည် သူ၏ပထမဦးဆုံး နိမိတ်လက္ခဏာကိုပြသခဲ့သည်။ အဲဂုတ္တုမှ ဣသရေလလူတို့ကို ကယ်လွှတ်ခဲ့သူသည် ကိုယ်တော်ပင်ဖြစ်ကြောင်း ပြန်လည်မီးမောင်းထိုးပြသသည်။

နိုင်းမြစ်ကြီးသည် အဲဂုတ္တုပြည်သူပြည်သားတို့အတွက် နတ်ဘုရားတစ်ပါးကဲ့သို့ အလွန်အရေးပါသောမြစ်ဖြစ်သည်။ ဘေးဒဏ်တစ်ပါးသည် နိုင်းမြစ်ကို တိုက်ရိုက်ထိခဲ့သည်။ ရေအားလုံးသွေးဖြစ်သွားခဲ့သည်။ ကာနမြို့၌ ယေရှုရှင်သည် ယင်းနိမိတ်လက္ခဏာကို ပြသခဲ့သည်။ သို့သော် ရေကို သွေးဖြစ်စေမည့်အစား ရေကိုစပျစ်ရည်ဖြစ်စေပါသည်။

ယုဒလူတို့၏ထုံးစံဓလေ့အရ ထိုရေတို့သည် သန့်ရှင်းစင်ကြယ်ရန် အဖို့အလို့ငှာ ကျောက်အိုးခြောက်လုံးထဲထည့်ထားသောရေများဖြစ်သည်။



ကိုယ်တော်ပြသောနိမိတ်လက္ခဏာသည် သမ္မာကျမ်း၌ဖော်ပြသော ကယ်တင်ခြင်း၏အဓိကလုပ်ဆောင်ချက်နှင့် ဆက်စပ်နေသည်။ ရေကို စပျစ်ရည်အဖြစ်ပြောင်းလဲခြင်းအတွက် ထွက်မြောက်ရာကာလကို ပြန်ပြောင်းသတိယစေပါသည်။ ယောဟန်သည် ကျွန်ုပ်တို့ကို ယေရှုအားကယ်နုတ်ပေးသောအရှင်တစ်ပါးအဖြစ် ညွှန်ပြပေးထားသည်။

မင်္ဂလာပွဲ၌ တာဝန်အရှိဆုံးသူသည် ယေရှုရှင်ရေမှစပျစ်ရည်သို့ ပြောင်းလဲပေးသော ကစော်မဖောက်သောစပျစ်ရည်ကိစ္စကို မည်သို့သဘောထားသနည်း။ ထိုသူသည် စပျစ်ရည်၏အဆင့်ကို အထူးအံ့သြသွားသည်။ သူကိုယ်တိုင် ယေရှုရှင်ထိုစပျစ်ရည်ကို နိမိတ်လက္ခဏာပြု၍ ပြောင်းလဲထားကြောင်းကိုလည်းမသိပါ။ အကောင်းဆုံးစပျစ်ရည်ကို နောက်ဆုံးကျမှ တိုက်သည်ဟူ၍သာ ထင်နေပါသည်။

"ဝိုင်နော့စ်" (oinos) ဝေါဟာရသည် ဟေလသစကားဖြစ်သည်။ လတ်ဆတ်သောစပျစ်ရည်နှင့် ကစော်ဖောက်သောစပျစ်ရည်နှစ်မျိုးလုံးကိုခေါ်သည်။ ခရစ်တော်ပြုလုပ်ပေးသောစပျစ်ရည်သည် အရက်မဟုတ်ပါ (DA. p. 149). မင်္ဂလာပွဲ၌ရှိသူတို့သည် ယင်းအကြောင်းကိုသိသွားသော် အလွန်အံ့သြကြသည်။

သင်သည် ယေရှုရှင်နောက်တော်လိုက်ရခြင်း၏အကြောင်းရင်း မည်သို့ရှိသနည်း။ ကျွန်ုပ်တို့ကိုများစွာပေးထားပြီမဟုတ်လား။

**တနင်္လာနေ့ — စက်တင်ဘာလ ၃၀ ရက်**

**ဂါလိလဲပြည်မှ ဒုတိယမြောက်နိမိတ်လက္ခဏာ**

ယေရှုရှင်သည် လောကအမှုတော်ဆောင်စဉ် လူတို့၏ယုံကြည်ခြင်းကိုရရှိရန် နိမိတ်လက္ခဏာများပြလေ့ရှိသည်။ ယောဟန်သည် ထိုနိမိတ်လက္ခဏာများအကြောင်းကို မှတ်တမ်းပြုစုထားသည်။ လူတို့သည် ယေရှုရှင်ကို ပိုမိုယုံကြည်ကြရန်အတွက် ရည်ရွယ်မှတ်သားပြုခြင်းဖြစ်သည်။

ယော၊ ၄း၄၆–၅၄ ကိုဖတ်ပါ။ ဇဝံဂေလိဆရာသည် မင်္ဂလာပွဲ၌ ပြခဲ့သောနိမိတ်လက္ခဏာနှင့် အဘယ်ကြောင့်ဆက်စပ်ပြောရသနည်း။

---------------------------------------------

---------------------------------------------

ဂါလိလဲပြည်၌ ယေရှုရှင်သည် ဒုတိယအကြိမ်ထပ်မံနိမိတ်လက္ခဏာ အံ့ဖွယ်အမှုကို ပြုလုပ်ပြန်သည်။ ရှင်ယောဟန်အနေဖြင့် ပထမအကြိမ် ကာနမြို့၌ ကိုယ်တော်ပြုတော်မူသောနိမိတ်လက္ခဏာကို ပြန်ပြီးဖော်ပြသည်။ ယောဟန်၏သဘောထားမှာ ယေရှုရှင်ပြုသောနိမိတ်လက္ခဏာသည် ယေရှုကို မည်သူဖြစ်ကြောင်းသိသာစေရန်အတွက် ကူညီမှုဖြစ်စေသည်ဟု သတ်မှတ်သည်။ ယောဟန်ထပ်၍ပြောသောစကား၌ "ဤနိမိတ်လက္ခဏာတော်ကား ယေရှုသည် ယုဒပြည်မှ ဂါလိလဲပြည်သို့ကြွသည်နောက် ပြတော်မူသောဒုတိယနိမိတ်လက္ခဏာဖြစ်သတည်း" (ယော၊ ၄း၅၄)။

ယေရှုသည် လူကုံထံတစ်ဦး၏အသည်းအသန်တောင်းဆိုမှုကြောင့် သူ၏ယုံကြည်ခြင်းကြီးမားကြောင်းကိုထောက်၍ သူ၏သားငယ်ကို ရောဂါပျောက်ကင်းစေ၍ ကျန်းမာပကတိဖြစ်စေခဲ့သည်။ ယေရှုရှင်သည် ထိုသူ၏စိတ်ကိုဖတ်လျှင် သူ၏သားငယ်ကျန်းမာရေးထက် သာလွန်သောဝိညာဉ်ရေးဆာလောင်မွတ်သိပ်ခြင်းရှိနေကြောင်းမြင်ရသည်။ ကောင်းကင်ပြာထက်မှ လျှပ်စစ်အလင်းလင်းလက်လာသကဲ့သို့ ထိုသူသည်လည်း မိမိ၏ဝိညာဉ်ရေးဆင်းရဲမွဲတေနေခြင်းကို နားလည်လာ၍ သားငယ်၏အသက်ကိုကယ်တင်ပေးနိုင်သော ယုံကြည်ခြင်းကို ရရှိပိုင်ဆိုင်သွားသည်။

နိမိတ်လက္ခဏာကို ကျွန်ုပ်တို့သည် အတွင်းအပြင်နှစ်ရပ်လုံးလက်ခံရန် လိုပါသည်။ ထိုနိမိတ်လက္ခဏာသည် ယေရှုကို မေရှိယဟု သက်သေမခံပါ။ အခြားသူများလည်း နိမိတ်လက္ခဏာပြသနိုင်သည်။ အချို့ပုရောဖက်အတုများလည်း နိမိတ်လက္ခဏာပြနိုင်သည်။ နိမိတ်လက္ခဏာအံ့ဖွယ်ပြသခြင်းသည်



သဘာဝထက်လွန်ကဲသောအရာဖြစ်ကြောင်းပြသည်။ ဘုရားသခင်က ပြုလုပ်သည်ဟု မဆိုလိုပါ။ စာတန်သည်လည်း အံ့သြဖွယ်အမှုကိုပြုလုပ်နိုင်သည်။

ထိုလူကုံထံဂုဏ်သရေရှိလူကြီးမင်းသည် ယေရှုရှင်၏ခြေတော်ရင်း၌ ပျပ်ဝပ်လျက် ကိုယ်တော်၏ကရုဏာတော်ကို တောင်းလျှောက်ခဲ့သည်။ သူ၏သားတော်မောင်ကိုကုသပေးရန် အနူးအညွတ်တောင်းပန်သည်။ ယေရှုရှင်သည်လည်း တိကျသောအဖြေဖြင့် ပြန်၍တုံ့ပြန်ပေးသည်။ "ယေရှုကလည်း သွားလော့၊ သင်၏သားသည် အသက်ချမ်းသာရပြီဟု မိန့်တော်မူ၏" (ယော၊ ၄း၅၀)။ အသက်ချမ်းသာရပြီဟု ယေရှုပြောသောအချိန်မှာပင် သားငယ်၏ရောဂါပျောက်ကင်းကျန်းမာသွားသည်။ ထိုဂုဏ်သရေရှိလူကုံထံကြီးသည် အိမ်သို့အလျင်စလိုပြန်သွားခြင်းမျိုးမလုပ်ပါ။ သို့သော် ယေရှုရှင်ကို ယုံကြည်လျက်ရှိသည်။ နောက်တစ်ရက်မှသာ အိမ်သို့ပြန်သွားခြင်းဖြစ်သည်။ အမှန်တကယ်ပင် ယေရှုရှင်မိန့်တော်မူသောအချိန်အတိအကျမှာပင် သားငယ်၏အဖျားကျ၍ နေကောင်းသွားကြောင်းသိရသည်။

နိမိတ်လက္ခဏာတို့သည် ဘုရားသခင်မှလာသည်ဟု မသတ်မှတ်မီ ဘယ်အရာကိုဦးစွာလေ့လာရမည်နည်း။

ကျွန်ုပ်တို့အံ့ဖွယ်နိမိတ်လက္ခဏာမြင်ရတိုင်း ဘုရားရှင်ထံမှဖြစ်သည်ဟု သတ်မှတ်နိုင်ပါသလား။

**အင်္ဂါနေ့ — အောက်တိုဘာလ ၁ ရက်**

**ဗေသေသဒအိုင်နားမှအံ့ဖွယ်နိမိတ်လက္ခဏာ**

ရှင်ယောဟန်ထပ်မံ၍မှတ်တမ်းပြုသော ယေရှုရှင်နိမိတ်လက္ခဏာပြသည်အကြောင်းမှာ ဗေသေသဒရေအိုင်အနားမှာဖြစ်သည် (ယော၊ ၅း၁–၉)။ ကောင်းကင်တမန်မှ ရေကိုလှုပ်လိုက်လျှင် ပထမဦးဆုံးရေကန်တွင်းသို့ဆင်းနိုင်သူသည် ရှိသမျှရောဂါပျောက်ကင်းမည်ဟု ယုံကြည်နေကြသည်။ ထိုသို့

ယုံကြည်ခြင်း၏ရလဒ်ကြောင့် ဗေသေသဒရေအိုင်ကမ်းနားပြင်၌ ရောဂါသည်နှင့်ပြည့်လျှံလျက် ရေလှုပ်လာမည်ကို မျှော်လင့်နေကြသည်။ ယေရှုရှင်သည် ယေရုရှလင်မြို့သို့ကြွသွားတော်မူခဲ့သည်။ ထိုရေအိုင်ကိုဖြတ်သွားမိသောအခါ စောင့်စားနေသောသူများကို မြင်တွေ့ရသည်။

ဖျားနာ၍ အလွန်ပျောက်ကင်းချင်သောလူနာများစွာတို့ စောင့်နေကြသည်ကိုမြင်လိုက်ရခြင်းမှာ မည်မျှပင်စိတ်မကောင်းစရာဖြစ်မည်နည်း။ မည်သည့်အချိန်ရေလှုပ်လာမည်ကိုမသိကြ။ ဤရေအိုင်မှ အမှန်တကယ်ရောဂါပျောက်ခြင်းလည်းမရရှိကြပါ။ ယေရှုရှင်အတွက် အခွင့်အရေးကောင်းကြီးပင်ဖြစ်လာသည်။

ယော၊ ၅း၁–၉ ကိုဖတ်ပါ။ ရေအိုင်နား၌ ရောဂါပျောက်ကင်းလို၍ စောင့်နေသူများဖြစ်ကြပါလျက် အဘယ်ကြောင့်ယေရှုသည် ခြေလက်သေသောသူကို သင်ရောဂါပျောက်လိုသလားဟု အဘယ်ကြောင့်မေးရသနည်း (ယော၊ ၅း၆)။

--------------------------------------------

--------------------------------------------

နာတာရှည်ရောဂါခံစားရသူတစ်ဦးအတွက် ရောဂါသည် ယဥ်ပါးနေ၍ ထူးခြားချက်မှာ ထိုခံစားရသောရောဂါသည် မပျောက်ကင်းနိုင်တော့ဟု ထင်တတ်ကြသည်။ ယေရှုရှင်မေးသောထိုသူသည် မိမိရောဂါပျောက်ကင်းလိုပါကြောင်း စိတ်ပါစွာတုံ့ပြန်လာသည်။ ပြဿနာမှာ သူသည် ပျောက်ကင်းချင်သော်လည်း နည်းလမ်းရှာပုံမှာ မှားယွင်းနေသည်။ ယခုမှာမူ သူ၏ရှေ့၌ သူ့ကို ထ၍ မတ်တပ်ရပ်စေနိုင်သောသူရှေ့တည့်တည့်မှာ ရောက်ရှိနေသည်။ သူနှင့် စကားပြောနေသူ၏အကြောင်းကိုဖြင့် အနည်းငယ်ကြားဖူးပါသည်။ သူ၏ ရောဂါပျောက်ကင်းသွားပြီးနောက်မှာ ယေရှုရှင်သည် အထူးပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်းကို စတင်နားလည်လာသည်။

"ယေရှုရှင်သည် ရောဂါခံစားနေရသူကို ယုံကြည်ခြင်းအရင်ထားရန် မစေမခိုင်းပါ။ ကိုယ်တော်သည် ရိုးရိုးလေးမိန့်တော်မူသည်မှာ ထ၍ သင်၏



အိပ်ယာကိုလိပ်ပြီးထွက်သွားပါ" ဟူ၍သာပြောသောအခါ ထိုသူသည် ကိုယ်တော်၏စကားတော်ကိုယုံကြည်လျက် ထလိုက်လျှင် ချက်ချင်းပင်အကြောအခြင်နှင့်ကြွက်သားများအားအင်ဝင်လာကာ အိပ်ယာကိုလိပ်၍ ထွက်သွားတော့သည်။ ကျန်းမာပကတိဖြင့် ခြေလက်သေသောရောဂါအားလုံး ပျောက်ကင်းသွားသည်။ ယေရှုရှင်၏အမိန့်တော်စကားကို ဒွိဟမရှိ ချက်ချင်းနာခံလိုက်လျှောက်တော့သည်။ ကိုယ်တော်၏အမိန့်ကိုနာခံသောကြောင့် ကိုယ်ခန္ဓာကြွက်သားအားလုံးသန်မာလာတော့သည်။ မိမိခြေထောက်ပေါ်ထ၍ ခုန်နိုင်တော့သည်။ မိမိကိုယ်ကို ကျန်းမာသန်စွမ်းသူတစ်ယောက်အဖြစ် ပြန်၍မြင်လာသည်။ ယေရှုရှင်သည် ဘုရားတန်ခိုးနှင့်ဆိုင်သောအာမခံချက်တစ်ခုမျှ မပေးထားပါ။ ထိုလူသည် သံသယစိတ်ရှိခဲ့မည်ဆိုလျှင် ဤတစ်ကြိမ်တည်းသာရှိသောကုသခြင်းကို ဆုံးရှုံးလိမ့်မည်။ သို့သော် သူသည် ယေရှု၏စကားတော်ကို ယုံကြည်၍လက်တွေ့လုပ်ဆောင်သောကြောင့် ခွန်အားရရှိ၍ ရောဂါပျောက်ကင်းခြင်းခံစားရရှိသည် (Ellen G. White, DA. pp. 202, 203).

နောက်ရက်တွင် ထိုသူကိုဗိမာန်တော်၌ ယေရှုပြန်လည်တွေ့ဆုံရသည်။ ကိုယ်တော်ကလည်း "သင်သည် ကျန်းမာခြင်းရှိ၏။ သာ၍ဆိုးသောဘေးနှင့်ကင်းလွတ်မည်အကြောင်း နောက်တစ်ဖန်ဒုစရိုက်ကိုမပြုနှင့်ဟု မိန့်တော်မူ၏" (ယော၊ ၅း၁၄)။ ရောဂါနှင့်အပြစ်သည် မည်သို့ဆက်နွယ်မှုရှိသနည်း။ ရောဂါဖြစ်လာရခြင်းအကြောင်းကို အပြစ်ကြောင့်ဟု အဘယ်ကြောင့်မသတ်မှတ်သင့်သနည်း။ အထူးသဖြင့် ကျွန်ုပ်တို့၏အသက်တာ၌ ထိုသို့အဘယ်ကြောင့်မမှတ်ယူသင့်သနည်း။

**ဗုဒ္ဓဟူးနေ့ — အောက်တိုဘာလ ၂ ရက်**

**စိတ်နှလုံးမာကျောခြင်း**

နိမိတ်အံ့ဖွယ်လက္ခဏာတို့သည် ဘုရားရှင်ထံမှလာသည်ဟု မဆိုနိုင်ပါ။ တစ်ဖက်၌လည်း ဘုရားရှင်ထံမှလာသောအရာဖြစ်၍ ထိုနိမိတ်လက္ခဏာကိုငြင်းဆိုလျှင် အန္တရာယ်ကြီးကြီးမားမားရှိပြန်သည်။

ယောဟန်၊ ၅း၁၀–၁၆ ကိုဖတ်ပါ။ ဘာသာရေးခေါင်းဆောင်များတို့၏ခေါင်းမာမှုကို ကျွန်ုပ်တို့မည်သည့်သင်ခန်းစာယူနိုင်သနည်း။ ယေရှုရှင်ပြသောအံ့ဖွယ်နိမိတ်အကြောင်းကို သူတို့အဘယ်ကြောင့်လက်မခံနိုင်ကြသနည်း။

____________________________________________

____________________________________________

ယေရှုရှင်သည် ရောဂါပျောက်ကင်းသွားသောသူထံ မိမိဘယ်သူဖြစ်ကြောင်းပြောပြခဲ့သည်။ ထိုရောဂါပျောက်ကင်းသွားသောသူက ဘာသာရေးခေါင်းဆောင်များထံသို့ သူ၏ရောဂါကို ကုသပျောက်ကင်းစေသောသူသည် ယေရှုဖြစ်ကြောင်း သက်သေခံသည်။ ထိုသို့ဖြစ်လာသည်ကို လူတို့သည် ဝမ်းမြောက်ပျော်ရွှင်၍ ဘုရားဘုန်းတော်ကို ချီးမွမ်းရမည်အစား ဘာသာရေးခေါင်းဆောင်များက ယေရှုကိုနှိပ်စက်ညှဉ်းပန်းရန်နှင့် အသေသတ်ရန် ကြံစည်ကြသည်။ အကြောင်းမှာ ကိုယ်တော်သည် ဥပုသ်တော်နေ့၌ ရောဂါကို ကုသခြင်းကြောင့်ဖြစ်သည် (ယော၊ ၅း၁၆)။

ဥပုသ်နေ့၌ ကုသခြင်းအမှုကို အရေးပေါ်ရောဂါများကိုသာကုသရန် အခွင့်ပေးထားသည်။ ထိုသူမှာမူ နှစ်ပေါင်း ၃၈ နှစ်ကြာ နာတာရှည်ရောဂါကြီးဖြစ်နေသည်။ ထိုကြောင့် သူ၏ရောဂါမှာ အရေးပေါ်ရောဂါမဟုတ်ပါ။ အိပ်ယာကိုလည်း အဘယ်ကြောင့်သယ်ဆောင်ရန်လိုအပ်မည်နည်း။ သူ၏ရောဂါကိုကုသပေးနိုင်သောသူသည် ဥပုသ်နေ့မှာ ဖျာလိပ်ကို သယ်သင့်မသင့်နားလည်ရမည်ဟု စွပ်စွဲအပြစ်တင်ကြသည်။ ပြတ်ပြတ်သားသားဆိုရသော် ယေရှုရှင်သည် လူတို့သတ်မှတ်သောဥပဒေများထက် သမ္မာတရား၏သွန်သင်မှုကို နက်နဲစွာဖွင့်ပြလိုက်ခြင်းဖြစ်သည်။

အခြားကျမ်းချက်များမှ ဝိညာဉ်ရေးခေါင်းမာသူများ မည်သို့ဖြစ်သွားကြရသနည်း။ အထောက်အထားကောင်းကောင်းရှိနေသော်လည်း ခေါင်းမာကြသည် (ယော၊ ၉း၁–၁၆။ မာ၊ ၃း၂၂၊ ၂၃။ မဿဲ၊ ၁၂း၉–၁၄)။

____________________________________________

____________________________________________



ဘာသာရေးခေါင်းဆောင်များ အဘယ်ကြောင့်မျက်စိကန်းရသနည်း။ အကြောင်းမှာ သူတို့၏စိတ်သည် ပျက်စီးနေခြင်းကြောင့်ဖြစ်သည်။ သူတို့၏ယုံကြည်နေချက်မှာ မေရှိယသည် သူတို့အား ရောမ၏ဖိနှိပ်မှုအောက်မှ ယခုပင်ကယ်တင်ပေးမည်ဟုထင်နေကြသည်။ အာဏာကိုသာမက်မောကြပြီး ထာဝရဘုရားရှင်ထံ ဆက်ကပ်ရမည်ကိုမူ ပျက်ကွက်ကြသည်။ ယင်းစိတ်ထားအားလုံးအတွက်ကြောင့် သူတို့ရှေ့တွင်ရောက်ရှိနေသောသမ္မာတရားကိုငြင်းပယ်ပြီး ကိုယ်ကိုကိုယ်ဖြောင့်မတ်သည်ဟု ယူဆနေကြသည်။

ယော၊ ၅း၃၈–၄၂ ကိုဖတ်ပါ။ ယေရှုသည် မည်သည့်သတိပေးချက်ကိုပြုလုပ်သနည်း။ ကိုယ်တော်၏သတိပေးစကားမှ ကျွန်ုပ်တို့မည်သည့်သင်ခန်းစာရရှိနိုင်သနည်း။ မည်သည့်ကိစ္စသည် ကျွန်ုပ်တို့၏အမှန်တရားမျက်စိကိုကန်းနေစေသနည်း။ ကျွန်ုပ်တို့၏အသက်တာ၌ မည်ကဲ့သို့သောလိုအပ်ချက်မျိုးကို ပြုပြင်ရန်လိုပါသနည်း။

## ကြာသပတေးနေ့ — အောက်တိုဘာလ ၃ ရက်

## ယေရှုရှင်၏တောင်းဆိုချက်များ

ဗေသေသဒအိုင်နား၌ ပြုတော်မူသောအံ့ဖွယ်နိမိတ်သည် ယောဟန်အတွက် ယေရှုရှင်ကို မည်သူဖြစ်ကြောင်း သက်သေခံရသောအခွင့်ကောင်းရရှိသွားစေသည်။ ယောဟန်သည် နိမိတ်လက္ခဏာအကြောင်းနှင့်ပတ်သက်၍ ကျမ်းချက် ၉ ချက်အသုံးပြုပြီး၊ ယေရှုရှင်အကြောင်းကို ကျမ်းချက် ၄၀ ချက်အသုံးပြုကာ နိမိတ်လက္ခဏာပြုလုပ်သူကို တင်စားသက်သေခံပေးထားသည်။

ယော၊ ၅း၁၆–၁၈ ကိုဖတ်ပါ။ ဥပုသ်နေ့၌ပြုသောကုသမှုကြောင့် ယေရှုရှင်သည် အဘယ်ကြောင့်နှိပ်စက်ညှဉ်းပန်းခြင်းကိုခံရသနည်း။

____________________________________________

____________________________________________

ယော၊ ၅း၁၈ ကိုဖတ်လျှင် ယေရှုရှင်သည် ဥပုသ်နေ့ကိုချိုးဖောက်သည်ဟု အထင်ရောက်နိုင်သည်။ မည်သို့ဖြစ်စေ ယော၊ ၅း၁၆–၁၈ ကို

သေသေချာချာလေ့လာလျှင် ယေရှုရှင်သည် ဥပုသ်နေ့တွင် မိမိပြုသောအမှုသည် ခမည်းတော်ပြုသည့်နည်းတူ ငါလည်းပြုသည်ဟု ပြန်၍တုံ့ပြန်သည်။ ဘုရားရှင်သည် စကြဝဠာကိုထိန်းကျောင်းရာ၌ ဥပုသ်နေ့ရောက်သော်လည်း ရပ်နားထားခြင်းမရှိပါ။ ယေရှုရှင်၏ဥပုသ်တော်နေ့၌ ပြုလုပ်သောအမှုအတွက် ဘုရားဇာတိနှင့်ပတ်သက်နေသည်။ ဘာသာရေးခေါင်းဆောင်များက ဥပုသ်နေ့တွင် အလုပ်လုပ်၍ အပြစ်ရှိကြောင်းစွပ်စွဲအပြစ်တင်ထားသည်။ မိမိကိုယ်ကိုလည်း ဘုရားနှင့်တိုင်းပြီး စကားကြီးစကားကျယ်ပြောသည်ဟု အပြစ်တင်ကြသည်။

ယော၊ ၅း၁၉–၄၇ ကိုဖတ်ပါ။ ယေရှုရှင်သည် ဘာသာရေးခေါင်းဆောင်များအား မိမိကို အမှန်တကယ်မည်သို့ရှိကြောင်းမြင်စေလိုသည်။ ထိုသို့တောင်းဆိုချက်မှာ ကိုယ်တော်ပြုသောနိမိတ်လက္ခဏာနှင့် ပြသသောတန်ခိုးအားဖြင့် မြင်တွေ့နိုင်ပါမည်လား။

---------------------------------------------

---------------------------------------------

ယေရှုရှင်သည် မိမိပြုသောအမှုအတွက် အဆင့်သုံးဆင့်ဖြင့် အတည်ပြုပြောဆိုပေးသည်။ ပထမဦးဆုံး ခမည်းတော်နှင့်ရင်းနှီးသောဆက်သွယ်မှုရှိသည် (ယော၊ ၅း၁၉–၃၀)။ ယေရှုရှင်သည် အမှုပြုသောအခါ ခမည်းတော်နှင့် အမြဲလက်တွဲလုပ်ဆောင်တော်မူကြောင်းကိုလည်းကောင်း၊ တရားစီရင်ပိုင်၍၊ သေသောသူကိုပင် ရှင်ပြန်စေနိုင်သောအခွင့်ရှိကြောင်း မိန့်တော်မူသည် (ယော၊ ၅း၂၅–၃၀)။

ဒုတိယအဆင့်အဖြစ် ယေရှုသည် သက်သေလေးဦးကိုခေါ်၍ သက်သေပြသည်။ ဗတ္တိဇံဆရာယောဟန် (ယော၊ ၅း၃၁–၃၅)၊ ယေရှုပြုသောအံ့ဖွယ်နိမိတ် (ယော၊ ၅း၃၆)၊ ခမည်းတော်ဘုရား (ယော၊ ၅း၃၇၊ ၃၈)၊ နှုတ်ကပတ်တော် (ယော၊ ၅း၃၉) တို့ဖြစ်သည်။ ဤသက်သေခံချက်တိုင်းမှာ ယေရှုရှင်ကိုသာထောက်ခံကြသည်။

နောက်ဆုံးပိတ်တတိယအဆင့်မှာ ယော၊ ၅း၄၀–၄၇ ယေရှုရှင်သည် မိမိအားစွပ်စွဲအပြစ်တင်သူများကို သူတို့၏အားနည်းချက်များအား ဖော်ပြလိုက်



သည်။ ကိုယ်တော်အမှုတော်ဆောင်ရွက်ပုံနှင့် ထိုသူတို့၏အတ္တတစ်ကိုယ်ကောင်းသဘောကို နှိုင်းယှဉ်ကြည့်သည်။ ကိုယ်တော်ပြောသောစကားမှာ မောရှေမှလာသောစကား (ယော၊ ၅း၄၅–၄၇) အတိုင်းဖြစ်မည်။ ထိုသူတို့အလွန်တရာမျှော်လင့်အားထားသူဖြစ်သည်။

ကျွန်ုပ်တို့သွန်သင်ချက်မှန်ကန်နေသော်လည်း ခရစ်တော်၌ လုံးလုံးဆက်ကပ်အပ်နှံခြင်းမရှိသောအသက်တာမျိုးရှိနေနိုင်သည်။ ထိုသို့သောထောင်ချောက်၌မကျရောက်ရန် မည်ကဲ့သို့ဂရုစိုက်ရမည်နည်း။ ဥပုသ်စာဖြေကျောင်းတွင် သင်၏အဖြေကိုယူလာပါ။

**သောကြာနေ့ အောက်တိုဘာလ ၄ ရက်**

**ဆက်လက်လေ့လာရန်။**

ခြေလက်သေသောသူကို ယေရှုရှင်ကုသသောအခါ ဘုရားတန်ခိုးအကြောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာမပြောပါ။ အာမခံချက်လည်းမပေးပါ။ ထိုသူသည် သံသယစိတ်ရှိလျှင် ကျန်းမာရေးအခွင့်ပျောက်သွားနိုင်သည်။ သို့သော် ခရစ်တော်၏စကားတော်ကိုယုံကြည်သည်။ ထိုယုံကြည်ခြင်းကြောင့် ကျန်းမာခြင်းခွန်အားပြန်လည်ရရှိသည်။

“ယင်းကဲ့သို့သောယုံကြည်ခြင်းမျိုးဖြင့် ကျွန်ုပ်တို့သည်လည်း ဝိညာဉ်ရေးကုသခြင်းအခွင့်ရရှိနိုင်သည်။ အပြစ်ကြောင့် ကျွန်ုပ်တို့သည် ဘုရားရှင်နှင့် အဆက်ပြတ်ခဲ့သည်။ ကျွန်ုပ်တို့၏ဝိညာဉ်အားချိနဲ့နေသည်။”

သန့်ရှင်းသောအသက်တာဖြင့် ကျွန်ုပ်တို့ဆက်လက်နိုင်စွမ်းမရှိတော့ပါ။ ဒုက္ခနှင့်ကြုံရသူသည် မျှော်ကြည့်လေ့ရှိသည်။ ကယ်တင်ရှင်ယေရှုသည် မိမိအသွေးတော်ဖြင့် ကျွန်ုပ်တို့ကိုဝယ်ယူခဲ့သည်။ ကရုဏာတော်ဖြင့် ပြည့်ဝလျက်ရှိသည်။ သင်သည် ပြည့်ဝစုံလင်ခြင်းသို့ရောက်နိုင်မည်လား။ ကိုယ်တော်သည် သင်၏ကိုယ်ကာယကျန်းမာခြင်းနှင့် ငြိမ်သက်မှုကိုပေးသည်။ သင့်ကိုယ်သင်ပြည့်ဝစုံလင်ခြင်းရှိသည်ဟု ယူဆရသည်အထိ မစောင့်ဆိုင်းပါနှင့်။

ကိုယ်တော်နှုတ်ထွက်စကားတော်ကိုယုံကြည်ပါ။ ပြည့်စုံလာပါလိမ့်မည်။ ခရစ်တော်ရှင်အပေါ် သင်၏လိုအင်ဆန္ဒကိုထားပါ။ ကိုယ်တော်ကိုဆက်ကပ်လို စိတ်ထားပါ။ ကိုယ်တော်၏နှုတ်ထွက်စကားတော်အတိုင်းလိုက်လျှောက်လျှင် သင်သည်ခွန်အားရရှိလိမ့်မည်။ မကောင်းမှုများစွာကို သင်ပြုခဲ့မိသော်လည်း ကိုယ်တော်ရှင်သည် သင်၏ကိုယ်နှင့်စိတ်ဝိညာဉ်ကို ပိုင်တော်မူ၏။ ခရစ်တော်သည် သင့်ကိုကယ်ချွတ်ပေးနိုင်သည်။ သင့်ကိုသေခြင်းမှအသက်ရှင်ခြင်းသို့ ပို့ဆောင်ပေးနိုင်သည် (ဖေက်၊ ၂း၁)။ အားနည်းခြင်းနှင့် အသက်တာမကောင်းခြင်းဟူသ၍ကို ကိုယ်တော်သည် လွတ်မြောက်ပေးစေပါသည်။ ချည်နှောင်ခြင်းအလုံးစုံမှ သင့်ကိုလွတ်မြောက်စေပါမည် (Ellen G. White, DA. p. 203).

ယေရှုရှင်သည် ရှုတ်ချမှုအပေါင်းကို တုံ့ပြန်ရာ၌ ငါ၏အခွင့်အာဏာအတိုင်းဟုဆိုကာ ငါ့ကိုအပြစ်တင်သောလုပ်ရပ်ကို ငါလုပ်ဆောင်ရသည်။ ငါသည် ဘုရားရှင်၏သားတော်ဖြစ်သည်။ ခမည်းတော်ဘုရားနှင့် ပင်ကိုစရိုက်၌ တစ်လုံးတစ်ဝတည်းဖြစ်၏။ လိုအင်ဆန္ဒ၌လည်းကောင်း၊ ရည်ရွယ်ချက်၌လည်းကောင်း တစ်လုံးတစ်ဝတည်းဖြစ်၏။ (The Desire of Ages, p. 208).

–၀–





## သင်ခန်းစာ (၂)
## ဘုရားဖြစ်ကြောင်းအမှတ်အသား
**အောက်တိုဘာလ ၅ – ၁၁**

**ဥပုသ်နေ့မွန်းလွဲပိုင်း** **အောက်တိုဘာလ ၅ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယော၊ ၆း၁–၁၅။ ဟေရှာယ၊ ၅၃း၄–၆။ ၁ကော၊ ၅း၇။ ယော၊ ၆း၂၆–၃၆။ ယော၊ ၉း၁–၄၁။ ၁ကော၊ ၁း၂၆–၂၉။ ယော၊ ၁၁။

### အလွတ်ကျမ်းချက်

**“ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်းရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ ငါ့စကားကိုယုံသလော” (ယောဟန်၊ ၁၁း၂၅–၂၆)။**

သမ္မာကျမ်းစာမှ ရှင်းလင်းစွာရေးထားသောကျမ်းစကား၌ ယေရှုရှင်သည် ထာဝရဘုရား၏သားတော်ဖြစ်သည်။ ခမည်းတော်နှင့်အတူရှိတော်မူသောသူဖြစ်သည်။ ဖန်ဆင်းခံရသောသူမဟုတ်ပါ။ ယေရှုရှင်သည် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူခဲ့သောသူဖြစ်သည် (ယော၊ ၁း၁–၃)။ ထို့ကြောင့် ယေရှုရှင်သည် အစဉ်တည်ရှိတော်မူသည်။ ကိုယ်တော်မရှိခဲ့သောအချိန် တစ်ချိန်မျှမရှိခဲ့ပါ။ ယေရှုရှင်သည် ဤလောကသို့ကြွလာ၍ လူသားဇာတိကိုခံယူတော်မူသော်လည်း ကိုယ်တော်၌ ဘုရားဇာတိရှိနေမြဲပင်ဖြစ်သည်။ အထူးသဖြင့် လိုအပ်သောအချိန်မျိုးတွင် ယေရှုသည် ဘုရားဖြစ်ကြောင်းဖော်ပြပေးလေ့ရှိသည်။

ယင်းအမှန်တရားသည် ယောဟန်အတွက် အလွန်အရေးကြီးပါသည်။ ယေရှုရှင်ပြုသောနိမိတ်လက္ခဏာတော်များကို ပြန်၍ရေတွက်မိတိုင်း ယောဟန်သည် ခရစ်တော်၏ဘုရားဇာတိကို ပြသလေ့ရှိသည်။ ယေရှုရှင်သည် အပြောသက်သက်ဖြင့် ဘုရားဇာတိရှိကြောင်း မိန့်ဆိုခြင်းမဟုတ်ပါ။ အလုပ်အားဖြင့် လက်တွေ့ပြသပေးသည်။ ထိုလုပ်ရပ်အပေါင်းသည် ကိုယ်တော်၏ဘုရားဇာတိကို ထင်ရှားစေပါသည်။

ယခုအပတ်တွင် ယေရှုရှင်၌ ဘုရားဇာတိရှိကြောင်းပြသော နိမိတ်လက္ခဏာကြီးသုံးခုကို လေ့လာကြရပါမည်။ အံ့သြစရာကောင်းသည်မှာ နိမိတ်လက္ခဏာတိုင်းတွင် အချို့တို့သည် မယုံကြည်၍ ထူးခြားမှုကိုမသိမမြင်ကြပါ။ အချို့အတွက်တွင်မူ ယေရှုထံမှ အဝေးသို့ထွက်ခွာစေသောအကြောင်းဖြစ်စေသည်။ အချို့တို့သည် ပို၍ကန်းသောဘဝသို့ရောက်ကြသည်။ အချို့တို့သည် ယေရှုခရစ်တော်ကို သေကြောင်းကြံစည်သောအရာဖြစ်စေသည်။ ကျန်သောလူအချို့အတွက်တွင်မူ ယေရှုသည် မေရှိယဖြစ်သည်ဟု ယုံကြည်စေသည်။

**တနင်္ဂနွေနေ့** **အောက်တိုဘာလ ၆ ရက်**

## လူငါးထောင်ကိုကျွေးမွေးခြင်း

ယော၊ ၆း၄၊ ၅ တွင် တမန်တော်ကြီးသည် ပသခါပွဲနီးလာချိန်တွင် ယေရှုရှင်လူငါးထောင်ကိုကျွေးမွေးသည့်အကြောင်းကို မှတ်တမ်းပြုထားသည်။ ပသခါပွဲသည် ဣသရေလလူတို့ အဲဂုတ္တုပြည်မှလွတ်မြောက်လာခြင်းအထိမ်းအမှတ်ဖြင့် ပွဲကျင်းပခြင်းဖြစ်သည်။ ပသခါပွဲတော်၌ တိရစ္ဆာန်သည် သားဦးအတွက် အသေခံပေးရသည်။ ယင်းပူဇော်ခြင်းသည် ယေရှုရှင်၏အသေခံတော်မူမည့်အကြောင်းကို ပုံဆောင်မှုပြုချက်ဖြစ်သည်။ ယေရှုရှင်သည် ကျွန်ုပ်တို့၏ကိုယ်စား အသေခံသွားရမည်ဖြစ်သည်။ ကပ်တိုင်ထက်၌ ကျွန်ုပ်တို့ခံရမည့်အပြစ်စီရင်ခြင်းအတွက် ကိုယ်တော်သည် ကိုယ်စားဝင်ရောက်အသေခံတော်မူခဲ့သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ပသခါသိုးသငယ်ဖြစ်ရသည်။ ကျွန်ုပ်တို့အတွက်အသတ်ခံရသည် (၁ကော၊ ၅း၇)။



ကိုယ်တော်သည် ကျွန်ုပ်တို့ချိုးဖောက်ခဲ့သမျှအပြစ်ကြွေးကို ဆပ်ခဲ့ရသည်။ ခမည်းတော်၏မျက်နှာတော်ကွယ်ထားခြင်းကိုလည်း ခံခဲ့ရသည်။ ကိုယ်တော်၏နှလုံးသည် ကြေမွပျက်စီး၍ အသက်ထွက်ခဲ့ရသည်။ ထိုအပူဇော်ခံခြင်းအားလုံးသည် အပြစ်သားများကို ပြန်လည်ရွေးနုတ်ရခြင်းအတွက်ဖြစ်သည်။ (Ellen G. White, The Great Controversy, p. 540).

ယော၊ ၆း၁–၁၄ ကိုဖတ်ပါ။ မောရှေနှင့် ယေရှုရှင်၏တူညီသောအချက်ကို တွေ့နိုင်သည်။ ယေရှုရှင်ပြုသောအမှုတော်သည် ရှေးဘိုးဘေးတို့ကျွန်ဘဝမှ လွတ်မြောက်လာရန် မောရှေဆောင်ရွက်ပေးသကဲ့သို့ဖြစ်နေပါသလား။

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

အသေးစိတ်လေ့လာကြည့်မိလျှင် ယေရှုရှင်၏ဆောင်ရွက်ချက်နှင့် ထွက်မြောက်ရာအချိန်အတွင်း မောရှေ၏လုပ်ဆောင်ချက်မှာ အပြိုင်ဖြစ်သည်။ ပသခါပွဲအတွက် သတ်မှတ်သောအချိန် (ယော၊ ၆း၄) သည် အဲဂုတ္တုပြည်မှ လွတ်မြောက်လာသည့်အချိန်ကို ရည်ညွှန်းသတ်မှတ်သည်။ ယေရှုရှင်သည် တောင်ပေါ်သို့တက်သွားသလို (ယော၊ ၆း၃)။ မောရှေအချိန်၌လည်း သိနာတောင်ပေါ်သို့ တက်သွားခဲ့သည်။ ယေရှုသည် ဖိလိပ္ပုကိုစမ်းသပ်သကဲ့သို့ (ယော၊ ၆း၅၊ ၆) ဣသရေလလူမျိုးများ တော၌စုံစမ်းခြင်းခံကြရသည်။ မုန့်ကိုဆပွားများပြားလာစေသကဲ့သို့ (ယော၊ ၆း၁၁) မန္နမုန့်ကို အလုံအလောက်ချပေးခဲ့သည်။ ကျန်၍ပိုလျှံသောမုန့်ကို ပြန်၍စုသိမ်းသကဲ့သို့ (ယော၊ ၆း၁၂) ဣသရေလလူတို့သည် မန္နမုန့်ကိုစုသိမ်းခဲ့ရသည်။ ပိုသောမုန့်မှာ ၁၂ တောင်းဖြစ်သကဲ့သို့ (ယော၊ ၆း၁၃) ဣသရေလလူမျိုးသည်လည်း ၁၂ မျိုးဖြစ်သည်။ လူတို့သည် ယေရှုရှင်ကို လောကသို့ကြွလာသောပရောဖက်ဟု မှတ်ချက်ပေးကြသည် (ယော၊ ၆း၁၄)။ မောရှေကဲ့သို့ ပရောဖက်ဟု တရားဟောရာကျမ်း ၁၈း၁၅ ၌ ကြိုတင်ဟောကြားထားသည်။ အထက်ပါရည်ညွှန်းချက်အားလုံးသည် ယေရှုရှင်အား လက်သစ်မောရှေဟု သတ်မှတ်ကြသည်။ မိမိ၏လူမျိုးကိုလာရောက်ကယ်တင်သူဖြစ်သည်။

သို့ဖြစ်၍ ယောဟန်သည် ယေရှုရှင်ကို နိမိတ်အံ့ဖွယ်ပြရုံသက်သက် မဟုတ်ကြောင်း၊ ယုဒလူမျိုးအတွက် ထိုနိမိတ်လက္ခဏာသည် အထူးအဓိပ္ပာယ် ပြည့်ဝကြောင်း ကိုယ်တော်သည် မိမိ၏ဘုရားဇာတိတော်ကို ညွှန်ပြပေးခြင်း ဖြစ်သည်။

ဟေရှာယ၊ ၅၃း၄–၇ နှင့် ၁ပေ၊ ၂း၂၄ ကိုဖတ်ပါ။ ဖော်ပြပါ ကျမ်းချက်မှ ယေရှုသည် ဘုရားရှင်၏သိုးသငယ်တော်ဖြစ်ကြောင်း မည်သို့ သွန်သင်သနည်း။ ကိုယ်တော်၏ဘုရားဇာတိတော်သည် သမ္မာတရားနှင့် မည်သို့ တွဲလျက်ရှိနေသနည်း။ ထိုအမှန်တရားကို ကျွန်ုပ်ကိုအမြဲသိရှိနိုင်ရန် မည်မျှ အရေးကြီးသနည်း။

**တနင်္လာနေ့ — အောက်တိုဘာလ ၇ ရက်**

**သူသည်ပုရောဖက်အမှန်ပင်ဖြစ်၏**

ယော၊ ၆း၁၄၊ ၁၅၊ ၂၆–၃၆ ကိုဖတ်ပါ။ လူတို့သည် ကိုယ်တော် ပြုသောနိမိတ်လက္ခဏာကို မည်သို့တုံ့ပြန်ကြသနည်း။ နိမိတ်အံ့ဩဖွယ်ပြုခြင်းဖြင့် ကိုယ်တော်သည် မည်သူဖြစ်ကြောင်းကို သွန်သင်ပြသနည်း။

---------------------------------------------

---------------------------------------------

ယုဒလူမျိုးများသည် ရောမ၏လက်မှ သူတို့ကိုလွတ်မြောက်အောင် ပြုပေးမည့်လောကမေရှိယကို မျှော်လင့်ကြသည်။ စစ်ပွဲ၌ အခက်ခဲဆုံးလုပ်ဆောင် ချက်နှစ်ရပ်ရှိသည်။ ရဲဘော်စစ်သည်များကို ရိက္ခာထောက်ပံ့ရန်နှင့် တိုက်ပွဲ အတွင်း ဒဏ်ရာရသူသေဆုံးသူတို့ကို ပြုစုစောင့်ရှောက်ခြင်းတို့ဖြစ်သည်။ ယေရှုရှင် သည် မိမိပြသသောနိမိတ်များ၌ ယင်းကိစ္စနှစ်ရပ်လုံးကို ပြုလုပ်နိုင်ကြောင်း ထင်ရှားသည်။



သို့သော် ယေရှုရှင်ကြွလာတော်မူခြင်း၏ရည်ရွယ်ချက်မှာ နိမိတ် လက္ခဏာပြသရုံတင်မဟုတ်ပါ။ လူပေါင်းငါးထောင်ကို ကျွေးမွေးနိုင်သော ယေရှုရှင်သည် အသက်မုန့်ဖြစ်ကြောင်းကို သက်သေခံနေသည်။ ဘုရားရှင် သည် ကိုယ်တော်တိုင် ကောင်းကင်မှကြွလာ၍ “ငါသည် အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် ငတ်မွတ်ခြင်းနှင့် အစဉ်ကင်းလွတ်လိမ့်မည်” (ယော၊ ၆း၃၅) ဟုဆိုခဲ့သည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ “ငါဖြစ်၏” ဟုမှတ်တမ်းပြုသော ယေရှုရှင် ၏စကားတော်ခုနစ်ကြိမ်ရှိသည်အနက် ပထမဦးဆုံးအကြိမ်ဖြစ်သည်။ “ငါဖြစ်၏” ဟုဆိုသောစကားသည် ဆက်စပ်ချက်ရှိသည်။ “အသက်မုန့်ဖြစ်၏” (ယော၊ ၆း၃၅) “ငါသည် လောကအလင်းဖြစ်၏” (ယော၊ ၈း၁၂) “ငါသည် တံခါးဝဖြစ်၏” (ယော၊ ၁၀း၇၊ ၉) “ငါသည် သိုးထိန်းကောင်းဖြစ်၏” (ယော၊ ၁၀း၁၁၊ ၁၄) ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်း အကြောင်းဖြစ်၏ (ယော၊ ၁၁း၂၅) “ငါသည် သမ္မာတရားနှင့်အသက်ဖြစ်၏” (ယော၊ ၁၄း၆) “ငါသည် မှန်သောစပျစ်နွယ်ပင်ဖြစ်၏” (ယော၊ ၁၅း၁၊ ၅) ဖော်ပြပါအချက်အားလုံးသည် ယေရှုရှင်၏စစ်မှန်သောတည်ရှိနေမှုဖြစ်သည်။ “ငါဖြစ်၏” ဟုဆိုသောစကားတော်မှာ ထွက်မြောက်ရာကျမ်း၊ ၃ ကို ပြန်၍ သတိရစေပါသည်။ မောရှေ၏ရှေ့မှောက်သို့ ထာဝရဘုရားသည် ကြီးမြတ် တော်မူသော “ငါဖြစ်၏” အဖြစ်ထင်ရှားလာခြင်းအကြောင်းဖြစ်သည်။ ယော၊ ၈း၅၈ နှင့်နှိုင်းယှဉ်ဖတ်ပါ။ ယေရှုရှင်သည် ကြီးမြတ်တော်မူသော “ငါဖြစ်၏” ဆိုသည့် ဘုရားရှင်ဖြစ်တော်မူသည်။

သို့သော် လူများတို့သည် ယင်းအချက်ကိုသတိမပြုကြပါ။

သူတို့၏မကျေနပ်နိုင်သောစိတ်မှာ ယေရှုသည် အံ့ဖွယ်နိမိတ်လက္ခဏာ ကို ပြုနိုင်ပါလျက်၊ အဘယ်ကြောင့် သူ၏လူမျိုးကိုကျန်းမာခြင်းမပေးသနည်း။ ခွန်အားဗလမပေးနိုင်သနည်း။ ချမ်းသာကြွယ်ဝမှုအဘယ်ကြောင့်မပေးသနည်း။ ဖိနှိပ်ခြင်းခံနေရသောသူ၏လူမျိုးကို ဖိနှိပ်သူတို့လက်မှ အဘယ်ကြောင့်

လွတ်မြောက်ခွင့်မရစေသနည်း။ အဘယ်ကြောင့် သူ၏လူမျိုးကို ချီးမြှင့်မြောက်စား၍ အာဏာတန်ခိုးမပေးသနည်း။ ဘုရားသခင်မှစေလွှတ်ခြင်းခံရသူ က္ကသရေလတို့၏ရှင်ဘုရင်ဖြစ်ပါသည်ဟု ကြွေးကြော်နေသူသည် ရှင်ဘုရင်ဖြစ်ရမည်ကို ငြင်းဆိုနေသည်။ ယုဒလူတို့နားမလည်နိုင်သောအကြောင်းအရာများဖြစ်သည်။ ကိုယ်တော်ကိုလက်မခံနိုင်သူတို့သည် ကိုယ်တော်၏လုပ်ဆောင်ချက်ကို နားမလည်ခြင်းကြောင့်ဖြစ်ရသည်။ လူများစွာတို့၏နိဂုံးချုပ်မှတ်ချက်မှာ ကိုယ်တော်သည် မိမိကြွေးကြော်သောစကားကို အာမမခံရဲကြောင်း၊ သူ၏လုပ်ဆောင်နေမှုအပေါ် သံသယစိတ်မကင်း၍ ကြောက်ရွံ့နေကြောင်းတို့ဖြင့် ကောက်ချက်ချကြသည်။ သို့ဖြင့် သူတို့သည် မယုံကြည်နိုင်ပါဟု ဆုံးဖြတ်ပစ်လိုက်ကြတော့သည်။ ထိုကြောင့် စာတန်ကြဲချထားသောမျိုးစေ့သည် အပင်ပေါက်၍ အသီးအပွင့်ထွက်လာတော့သည်။ မှားယွင်းစွာသဘောထားခြင်းကြောင့်ဖြစ်လာရသည်။ (Ellen G. White, The Desire of Ages, p. 385).

သူတို့သည် လောကဥစ္စာပစ္စည်းကိုသာ ရှာဖွေကြသည်။ ထာဝရအသက်ပေးနိုင်သောသမ္မာတရားလမ်းကို ရှာဖွေခြင်းမရှိကြ။ ထိုထောင်ချောက်မျိုးကို ကျွန်ုပ်တို့သည်လည်း ကြုံတွေ့နေရသည်။ သတိမပြုလျှင် ကျဆင်းသွားလိမ့်မည်။

ဝိညာဉ်ရေးရာကိစ္စအတွက် လောကဥစ္စာပစ္စည်းကို ကျွန်ုပ်တို့မည်သို့ရှောင်ကြဉ်ရမည်နည်း။

**အင်္ဂါနေ့ — အောက်တိုဘာလ ၈ ရက်**

**မျက်စိကန်းသူကိုမြင်စေခြင်း (အပိုင်း–၁)**

ယော၊ ၉း၁–၁၆ ကိုဖတ်ပါ။ တပည့်တော်တို့သည် မျက်စိမမြင်သူကို မည်သို့သဘောထားကြသနည်း။ ယေရှုရှင်က သူတို့၏မှားယွင်းနေသောသဘောကို မည်သို့ပြန်၍ပြင်ဆင်ပေးသနည်း။

_______________________________________________

_______________________________________________



တပည့်တော်တို့သည် ဖျားနာခြင်းနှင့် အပြစ်ကိုတွဲထားချင်ကြသည်။ ဆက်စပ်သည်ဟု ယူဆကြသည်။ ဓမ္မဟောင်းကျမ်း၌ ကျမ်းချက်များစွာက ယင်းကဲ့သို့သတ်မှတ်ဖော်ပြသည် (ထွက်၊ ၂၀း၅။ ၄ရာ၊ ၅း၁၅–၂၇။ ၄ရာ၊ ၁၅း၅။ ၆ရာ၊ ၂၆း၁၆–၂၁)။ သို့သော် ယောဘ၏အကြောင်းကိုကြည့်သော် အပြစ်နှင့်မသက်ဆိုင်သောရောဂါကိုခံရသည်။

ယေရှုရှင်သည် ယင်းကိစ္စကို ရှင်းရှင်းလင်းလင်းဖြေရှင်းခဲ့သည်။ အပြစ်ကြောင့် ဒုက္ခခံရခြင်းကို ခရစ်တော်မငြင်းလိုပါ။ ယခုကိစ္စမှာ ပို၍အဆင့်မြင့်သောအကြောင်းအရာကို သင်ပြပေးသည်။ ရောဂါပျောက်ကင်းသွားခြင်းကြောင့် ဘုရားရှင်၏ဘုန်းတော် ပို၍ထင်ရှားစေရန်အကြောင်းဖြစ်သည်။ ဖန်ဆင်းခြင်းအကြောင်းနှင့်စပ်လျဉ်းပတ်သက်မှုရှိသည်။ လူ၏ခန္ဓာကို ဘုရားရှင်စတင်ပုံချစဉ် မြေမှုန့်ဖြင့်ပြုလုပ်ခဲ့သည် (က၊ ၂း၇)။ ယခုအခါ၌လည်း ယေရှုသည် ရွှံ့မြေကိုယူ၍ မျက်စိကန်းသူ၏မျက်စိ၌ ထည့်ပေးသည်။ အမိဝမ်းမှစ၍ မျက်စိမကောင်းသောသူသည် ပြန်လည်မြင်တွေ့ရသည်။

မဿဲ၊ မာကု၊ လုကာကျမ်းများ၌ အံ့ဖွယ်နိမိတ်လက္ခဏာအကြောင်းကိုတင်ပြရာ၌ ပုံစံချင်းတူနေသည်။ ပြဿနာများကိုတင်ပြသည်၊ ယေရှုရှင်အထံတော်သို့ လူနာကိုယူဆောင်လာကြသည်၊ ကိုယ်တော်ကုသပေး၍ ရောဂါပျောက်ကင်းသောကြောင့် ဘုရားကိုချီးမွမ်းကြသည်ဆိုသည့်အကြောင်းများဖြင့် ရေးသားထားကြသည်။

ယောဟန်၊ ၉ ၌ပါရှိသောအကြောင်းအရာမှာ အစဉ်အလိုက်လုပ်ဆောင်ရ၍ အခန်းငယ် ၇ ၌ နောက်ဆုံးလုပ်ရမည့်အချက်ကို ရေးမှတ်ထားသည်။ နိမိတ်လက္ခဏာထူးခြားခြင်းကြောင့် ပြောဆိုဆွေးနွေးစရာများ ထပ်၍ရှိလာသည်။ ရောဂါပျောက်ကင်းသွားသူနှင့် ယုဒဘာသာရေးခေါင်းဆောင်တို့အကြား စကားပြောလာရသည့်အကြောင်းများကို ရှင်ယောဟန်တင်ပြသည်။ စကားပြောလာရသည့်အကြောင်းမှာ ခြားနားသည့်အတွေးအမြင် နှစ်မျိုးကြောင့်ဖြစ်သည်။ အပြစ်ကြောင့် ရောဂါဖြစ်ရသည် (သို့မဟုတ်) ဘုရားရှင်၏ ဘုန်းထင်ရှားရန်

အတွက် ရောဂါဖြစ်သည်။ မျက်စိကန်းခြင်း (သို့မဟုတ်) ပြန်၍မြင်ခြင်း အကြောင်းကို အသီးသီးမိမိရှုထောင့်ဖြင့် မှတ်ချက်ချကြသည်။

တင်ဆက်သူရှင်ယောဟန်သည် ထိုယေရှုရှင်မျက်စိပြန်မြင်စေသော မျက်မမြင်ကို ကုသသောနေ့သည် ဥပုသ်နေ့ဖြစ်ကြောင်းကို ယော၊ ၉း၁၄ ရောက်သည်အထိ ကျမ်းစာဖတ်သူများကို အသိမပေးခဲ့ပါ။ ထုံးစံဓလေ့အရ သော်လည်းကောင်း၊ လူတို့၏အယူသည် ဥပုသ်နေ့၌ ရောဂါကုသခြင်းသည် ဥပုသ်ကိုချိုးသည်ဟု ယူဆသော်လည်း ကျမ်းစာ၌ ထိုကဲ့သို့မရှိပါ။ ထိုသို့ ဖြစ်၍ ကိုယ်တော်သည် ဥပုသ်နေ့ကိုချိုးသူဟု စာရင်းသွင်းခံရတော့သည်။ စွပ်စွဲသူများမှာ ဖာရိရှဲတို့ဖြစ်သည်။ သူတို့၏အနှစ်ချုပ်သဘောထားမှာ ကိုယ်တော်သည် ထာဝရဘုရားထံမှလာသူမဖြစ်၊ အဘယ်ကြောင့်ဆိုသော် ဥပုသ်နေ့ကိုမလေးစားချိုးဖောက်သူဖြစ်သည်ဟု စွပ်စွဲကြသည်။ သို့သော် အခြားသူများက ထိုသို့သောနိမိတ်လက္ခဏာကို ဆိုးသောသူမပြုနိုင်ဟု သဘောထားကြသည် (ယော၊ ၉း၁၆)။

ယင်းအကြောင်းဆွေးနွေးချက်သည် မပြီးဆုံးနိုင်ဘဲ အဖွဲ့နှစ်ဖွဲ့ကွဲစေသည်။ မျက်စိကန်းခဲ့သူသည် ယေရှုရှင်ကို ပို၍ပို၍ရှင်းလင်းစွာမြင်တွေ့လာသည်။ ယေရှုရှင်ဘယ်သူဖြစ်ကြောင်းကို ပို၍သိလာသည်။ သို့သော် ဖာရိရှဲတို့က ပို၍ပို၍စိတ်ရှုပ်ထွေးသွားသည်။ ယေရှု၏ဖြစ်ရပ်မှန်ကို ပို၍နားမလည်နိုင်ဖြစ်ကြသည်။

သင်ခန်းစာမှကျွန်ုပ်တို့သည် မိရိုးဖလာနှင့် ထုံးစံယုံကြည်ချက်ကြောင့် မည်မျှအန္တရာယ်ကြီးကြောင်းကို ပြောထားသနည်း။ ကျွန်ုပ်တို့မျက်စိနှင့်မြင်ရသောအရာကိုပင် အမှန်ဖြစ်နေလျက် နားလည်မှုလွဲမှားနိုင်ပါသလား။

**ဗုဒ္ဓဟူးနေ့ အောက်တိုဘာလ ၉ ရက်**

**မျက်စိကန်းနေသူကိုမြင်စေခြင်း (အပိုင်း ၂)**

ယောဟန်၊ ၉း၁၇–၂၄ ကိုဖတ်ပါ။ ယုဒခေါင်းဆောင်များသည် မည်သို့သောမေးခွန်းကိုမေး၍ မျက်စိကန်းခဲ့သူက မည်သို့ပြန်ဖြေသနည်း။



---------------------------------------------------------------

---------------------------------------------------------------

ယော၊ ၉ သည် ရှည်လျား၍ ရှင်ယောဟန်သည် ယေရှုအကြောင်းကို များများပြောဆိုထားခြင်းမရှိပါ။ ကိုယ်တော်၏အကြောင်းကိုသာ လူအများဆွေးနွေးကြသည်အကြောင်းဖြစ်သည်။ အကြောင်းအရာကို စတင်ဆွေးနွေးသည်နှင့် အပြစ်အကြောင်းဆွေးနွေးကြသည် (ယော၊ ၉း၂)။ ဖာရိရှဲတို့သည် ယေရှုရှင်ကို အပြစ်သားဟုထင်နေသည်။ အဘယ်ကြောင့်ဆိုသော ဥပုသ်နေ့၌ ရောဂါကုသသူ၊ ဥပုသ်နေ့ကိုမလေးမစားပြုသူဟု ထင်နေကြသည် (ယော၊ ၉း၁၆၊ ၂၄)။ ရောဂါပျောက်သူကို အပြစ်ကြောင့်ဒဏ်ခံရသည်ဟု နှိပ်ကွပ်ပြောဆိုကြသည် (ယော၊ ၉း၃၄)။

သက်ရောက်မှုမှာ မျက်မမြင်သည် ပို၍ပို၍နားလည်လာသည်။ ကိုယ်ကာယတင်မကပါ၊ ဝိညာဉ်ရေးပါအားအင်ပြည့်တင်းလာသည်။ ယေရှုရှင်၏လုပ်ဆောင်မှုကြောင့် သူသည် ဝမ်းသာဝမ်းမြောက်ဖြစ်ပြီး ကိုယ်တော်ကို ပို၍ယုံကြည်လာသည်။ ဖာရိရှဲတို့မှာမူ မိမိတို့နားလည်သဘောထားခြင်းအရာ၌ ဆိုးသည်ထက်ပို၍ဆိုးလာသည်။ ယေရှုရှင်အပေါ် အမြင်ကွဲကြသည် (ယော၊ ၉း၁၆)။ ယေရှုသည် မည်သည့်နေရာမှလာသည်ကိုလည်း မသိကြပါ (ယော၊ ၉း၂၉)။

တစ်ချိန်တည်း၌ ယောဟန်သည် ယေရှုရှင်ပြုသောအံ့ဖွယ်လက္ခဏာအကြောင်းကို မှတ်သားထားခြင်းကြောင့် ယေရှုရှင်သည် မည်သူဖြစ်ကြောင်းကို ကျွန်ုပ်တို့သိရသောအခွင့်ရရှိသည်။ ယော၊ ၉ တွင်ဖော်ပြသောအဓိကအချက်သည် အခြားခရစ်ဝင်ကျမ်းများ၌ဖော်ပြသော အဓိကအချက်နှင့် အဆက်အစပ်ရှိသည်။ ယောဟန်အနေဖြင့် ယေရှုရှင်သည် လောက၏အလင်းဖြစ်ကြောင်းကို အတည်ပြုပြောဆိုနိုင်သည်။ (ယော၊ ၉း၅) (ယော၊ ၈း၁၂ နှင့်နှိုင်းယှဉ်ဖတ်ပါ)။ ထိုအကြောင်းအရာသည် ယေရှုရှင်၏ဆန်းကြယ်သောမူလဖြစ်စဉ်အကြောင်းများကိုလည်း အသိပေးထားသည်။ ကိုယ်တော်သည် မည်သူ

ဖြစ်ကြောင်း၊ မည်သည့်နေရာမှလာကြောင်း၊ မည်သည့်အမှုကိုပြုတော်မူကြောင်း အစရှိသည်တို့ကို ဖော်ပြပေးသည် (ယော၊ ၉း၁၂၊ ၂၉ ကို ယောဟန်၊ ၁း၁၄ နှင့်ယှဉ်တွဲဖတ်ပါ)။ အရှေ့တွင်ဖော်ပြသော မောရှေနှင့်ပတ်သက်သည့် အံ့ဖွယ်လက္ခဏာအကြောင်းကိုလည်း ယော၊ ၉း၂၈၊ ၂၉ ကို ယော၊ ၅း၄၅၊ ၄၆ နှင့် ယော၊ ၆း၃၂ ကိုယှဉ်တွဲဖတ်ခြင်းဖြင့် သိရှိနိုင်ပါသည်။ အချုပ်ဆိုရသော် လူထုကြီး၏အဓိကတုံ့ပြန်ချက်ပင်ဖြစ်သည်။ အချို့လူတို့သည် အလင်းထက်အမှောင်ကို ပို၍ချစ်ကြသည်။ အချို့တို့မှာ ယုံကြည်၍လက်ခံကြသည် (ယော၊ ၉း၁၆–၁၈။ ၃၅–၄၁ ကို ယော၊ ၁း၉–၁၆။ ယောဟန်၊ ၃း၁၆–၂၁။ ယော၊ ၆း၆၀–၇၁)။

ထိုကြောင့် ဘာသာရေးခေါင်းဆောင်တို့၏ဝိညာဉ်ရေးမျက်စိကန်းခြင်းသည် အလွန်ကြောက်မက်ဖွယ်ကောင်းလှသည်။ မျက်မမြင်တောင်းစားနေသူတစ်ဦးကြွေးကြော်သောစကားကို မှတ်မိပါသည်။ "အမိဝမ်းကပင် မျက်စိကန်းသောသူကို မျက်စိမြင်စေခြင်းငှာ တတ်နိုင်သည်ကို ကမ္ဘာဦးမှစ၍ မကြားစဖူး။ ထိုသူသည် ဘုရားသခင်စေလွှတ်တော်မူသောသူမဟုတ်လျှင် အဘယ်အမှုကိုမျှ မတတ်နိုင်ဟု ပြောဆို၏" (ယော၊ ၉း၃၂၊ ၃၃)။ ဘာသာရေးခေါင်းဆောင်များတို့သည် တစ်မျိုးသားလုံးအတွက် ဝိညာဉ်ရေးလမ်းပြသူတို့ဖြစ်သည်။ ယေရှုကို မေရှိယအဖြစ် ပထမဦးဆုံးလက်ခံသူဖြစ်သင့်သည်။ ဘာသာရေးခေါင်းဆောင်တို့သည် ခိုင်လုံသောသက်သေပြချက်ကို မြင်ရသော်လည်း လျစ်လျူရှုကြသည်။ မမြင်နိုင်ကြပါ။ မြင်လည်းမမြင်ချင်ကြပါ။ ဤအရာသည် ကျွန်ုပ်တို့အတွက် တန်ခိုးကြီးလှသောသတိပေးချက်ဖြစ်စေပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် မည်မျှပင်လှည့်ဖြားနိုင်ကြောင်းကို သတိရကြပါစို့။

၁ကော၊ ၁း၂၆–၂၉ ကိုဖတ်ပါ။ ရှင်ပေါလုကလည်း ထိုမြင်ကွင်းမျိုးကို မည်သို့သုံးသပ်ထားသနည်း။ ယင်းကဲ့သို့လိုမျိုးပင် ယခုအချိန်၌ မည်သို့ဖြစ်နေသနည်း။



**ကြာသပတေးနေ့** **အောက်တိုဘာလ ၁၀ ရက်**

**လာဇရုရှင်ပြန်ထမြောက်ခြင်း**

ယော၊ ၁၁ သည် ဝမ်းနည်းဖွယ်အကြောင်းများနှင့်ပြည့်နေသည်။ ချစ်ခင်ရသောမိတ်ဆွေတစ်ဦးဖျားနာနေသည့် စိတ်မရွှင်စရာသတင်း (ယော၊ ၁၁း၁–၃)၊ ထိုမိတ်ဆွေသေဆုံး၍ မိသားစုများငိုကြွေးဝမ်းနည်းခြင်း (ယော၊ ၁၁း၁၉၊ ၃၁၊ ၃၃)၊ အစ်မများမှ ယေရှုရှင်သာရှိနေလျှင် သူတို့၏မောင် လာဇရုလုံးဝသေရမည်မဟုတ်ဟု ငိုကြွေးလျက် ဝမ်းနည်းစွာဆိုသောစကား (ယော၊ ၁၁း၂၁၊ ၃၂) နှင့် ယေရှုရှင်ကိုယ်တော်တိုင် မျက်ရည်ကျရခြင်း (ယော၊ ၁၁း၃၅) တို့ဖြစ်သည်။

သို့သော် ယေရှုသည် လာဇရု၏အသုဘအစီအစဉ်သို့ နှစ်ရက်နောက်ကျပြီးသွားခဲ့သည် (ယော၊ ၁၁း၆)။ ထိုသို့စောစီးစွာမသွားခြင်းကိုလည်း ယေရှုရှင်သည် ပျော်ရွှင်နေပုံပေါ်သေးသည် (ယော၊ ၁၁း၁၄၊ ၁၅)။ ထိုသို့ပြုခြင်းမှာ သွေးအေးလွန်းသူဖြစ်သောကြောင့်မဟုတ်ဘဲ ကိုယ်တော်၏အကြံအစည်တော်မှာ ဘုရားရှင်၏ဘုန်းတော်ကိုထင်ရှားစေရန် အကြံရှိသောကြောင့်ဖြစ်သည်။

ယော၊ ၁၁း၁၇–၂၇ ကို ကျွန်ုပ်တို့ဖတ်ကြည့်လျှင် လာဇရုသည် သေလွန်သွားသည်မှာ လေးရက်ပင်ရှိပြီ။ လေးရက်အချိန်ကြာညောင်းပြီဖြစ်သောကြောင့် သူ၏ခန္ဓာကိုယ်မှာ ပုတ်ပွနေပေမည်။ သို့ဖြစ်၍ မာသသည် ကိုယ်တော်ကိုပြောသောစကား၌ "သခင်၊ ယခုဖြစ်လျှင် နံလိမ့်မည်။ လေးရက်ရှိပါပြီဟုလျှောက်၏ (ယော၊ ၁၁း၃၉)။ ယေရှုသည် တမင်နောက်ကျခံပြီး သွားရခြင်းအကြောင်းမှာ နိမိတ်လက္ခဏာနှင့် အံ့ဖွယ်အကြောင်း ပို၍ပြသစေရန် အကြောင်းကြောင့်ဖြစ်သည်။ ပုပ်ပွနေသောအလောင်းတော်ကို ပြန်၍ထမြောက်ရန်ပြုနိုင်ခြင်းမှာ ကိုယ်တော်သည် ဘုရားရှင်ဖြစ်ကြောင်းသက်သေဖြစ်သည်။ ဘယ်သက်သေမျိုးထပ်၍လိုအုံးမည်နည်း။

ဘုရားဖြစ်၍ အသက်ကိုစတင်ပေးသောသူတစ်ပါးဖြစ်သည်။ ယေရှုသည် သေမင်းအပေါ်တန်ခိုးရှိတော်မူသည်။ ထိုကြောင့် ထိုအခွင့်အရေးကို ကိုယ်တော်အသုံးပြုတော်မူသည်။ လာဇရု၏သေခြင်းအကြောင်းကို အခွင့်ယူပြီး မိမိသည် သမ္မာတရား၊ စစ်မှန်သောအသက်ပေးပိုင်ရှင်အစစ်အမှန်ဖြစ်ကြောင်းကို ပြသသည်။ “ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်းရှင်လိမ့်မည်” (ယော၊ ၁၁း၂၅)။

ယော၊ ၁၁း၃၈–၄၄ ကိုဖတ်ပါ။ ကိုယ်တော်သည် ကြွေးကြော်သည့်အတိုင်း မည်သည့်အမှုကိုလုပ်ဆောင်ခဲ့သနည်း။

----------------------------------------------

----------------------------------------------

ယေရှုသည် မိမိကိုယ်ကို လောက၏အလင်းဖြစ်ကြောင်းပြသသည် (ယော၊ ၈း၁၂။ ယော၊ ၉း၅)။ အကြောင်းမှာ မျက်စိမမြင်သူကို အလင်းပေး၍ မြင်ခွင့်ပေးခဲ့သည် (ယော၊ ၉း၇)။ လာဇရုကိုလည်း သေခြင်းမှထမြောက်စေတော်မူခဲ့သည် (ယော၊ ၁၁း၄၃၊ ၄၄)။ ကိုယ်တော်သည် ထမြောက်ခြင်းအကြောင်းအသက်ပေးပိုင်ရှင်ဖြစ်ကြောင်းကို ပြသခဲ့သည် (ယော၊ ၁၁း၂၅)။

ယခုအံ့ဖွယ်လက္ခဏာပြခြင်းသည် အခြားနိမိတ်အံ့ဖွယ်ရာပြခြင်းထက် လွန်ကဲပြီး ယေရှုရှင်သည် အသက်ပေးပိုင်သူဖြစ်ကြောင်းကို ပြသသည်။ ရှင်ယောဟန်အတွက် အဓိကဖြစ်သောယေရှုရှင်သည် ဘုရားသားတော်ဖြစ်ကြောင်းကိုလည်းကောင်း၊ ကိုယ်တော်ကိုယုံကြည်သူတိုင်း ထာဝရအသက်ရမည်ဖြစ်ကြောင်း ခိုင်မာစွာသက်သေပြုစေနိုင်သည် (ယော၊ ၂၀း၃၀၊ ၃၁)။

မည်သို့ဖြစ်ပါစေ ဤမျှလောက်ထူးဆန်းအံ့သြဖွယ်အကြောင်းအရာကို အဆုံးမသတ်မီ (ယော၊ ၁၁း၄၅–၅၄) ကိုယ်တော်ပြုတော်မူသောအမှုကို တွေ့သူများစွာတို့သည် ယုံကြည်ကြသည် (ယော၊ ၁၁း၄၅)။ သို့သော် ဝမ်းနည်းဖွယ်ကြံစည်မှုလည်းပေါ်ပေါက်လာသည်။ ယေရှုသည် သေသောသူကို ပြန်၍



ရှင်ပြန်စေနိုင်ကြောင်းကို ပြသသည်။ လူများတို့က ကိုယ်တော်ကိုတားဆီးပြီး ဆက်လက်မလုပ်ဆောင်နိုင်ရန် သတ်ပစ်မည်ဟု ကြံစည်ကြပါသလား။ လူ၏ အသိဉာဏ်နှင့် ဘုရားရှင်၏တန်ခိုးနှင့်ဉာဏ်တော်သည် မည်မျှကွာခြားသည်ကိုတွေ့ရသည်။

**သောကြာနေ့** **အောက်တိုဘာလ ၁၁ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, “The Crisis in Galilee,” pp. 383-394; “Lazarus, Come Forth” pp. 524-536; and “Priestly Plottings,” pp. 537-542, in The Desire of Ages ကိုဖတ်ပါ။

ခရစ်တော်သည် လောကသားများအား အသက်ပေးပိုင်သည်အကြောင်းမှာ ကိုယ်တော်၏နှုတ်ထွက်စကားပင်ဖြစ်သည်။ ထိုနှုတ်ထွက်စကားဖြင့်ပင် ကိုယ်တော်သည် ရောဂါမျိုးစုံနှင့်နတ်ဆိုးတို့ကိုပင် နှင်ထုတ်နိုင်သည်။ ကိုယ်တော်သည် စကားသံဖြင့် ပင်လယ်ကြီးကိုငြိမ်သက်သွားစေသည်။ သေသောသူကို ထမြောက်စေနိုင်သည်။ လူတို့သည်လည်း ကိုယ်တော်၌ရှိသောစကားတော်သည် တန်ခိုးပါကြောင်းသက်သေခံကြသည်။ ကိုယ်တော်သည် ဘုရားရှင်၏ စကားတော်နှုတ်ကပတ်တော်ကိုသာပြောဆိုသည်။ ပုရောဖက်နှင့် ဆရာများအားဖြင့် ကိုယ်တော်သည် ဓမ္မဟောင်းကျမ်း၌ စကားတော်များစွာမိန့်တော်မူခဲ့သည်။ သမ္မာကျမ်းစာတစ်အုပ်လုံးသည် ခရစ်တော်အကြောင်းကို ရေးသားထားသည်။ ကယ်တင်ရှင်ဘုရားသည် မိမိ၏နောက်တော်လိုက်လျှောက်သူများကို စကားတော်ဖြင့်မိန့်ဆို၍ ယုံကြည်ခြင်းရှိစေရန် ပြုတော်မူသည်။ ကိုယ်တော်ကိုမတွေ့မြင်နိုင်တော့သည့်အချိန်ရှိလာမည်ဖြစ်သော်လည်း ကိုယ်တော်၏ စကားတော်သည် တန်ခိုးပါ၍ တည်မြဲတော်မူသည်။ နောက်တော်လိုက်သူများတို့သည် မိမိတို့၏အရှင်သခင်ကဲ့သို့ပင် အသက်ရှင်နေထိုင်ရန်ဖြစ်သည်။ “ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်” (မဿ၊ ၄း၄)။

ကျွန်ုပ်တို့၏ခန္ဓာကိုယ်အတွက် အစာစားရန်လိုသည်။ ထိုနည်းတူ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာသည် နှုတ်ကပတ်တော်ကိုစားသုံး၍ ခံယူကြရမည်။ လူတိုင်းသည် ဘုရားရှင်၏နှုတ်တော်ထွက်စကားဖြင့် အသက်ရှင်ခွင့်ရရှိလိမ့်မည်။ ကိုယ်ခန္ဓာအတွက် ကျွန်ုပ်တို့အစာလိုအပ်သလို နှုတ်ထွက်စကားတော်ကိုလည်း ကျွန်ုပ်တို့ခံယူရန်လိုအပ်သည်။ လူလူချင်းပြောသောစကားများကို ကျွန်ုပ်တို့ယုံစား၍မရပါ။ ကျမ်းစာကိုသာလေ့လာရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးကိုရရှိရန် ဘုရားရှင်ကိုဆုတောင်းရမည်။ သို့မှသာ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နားလည်ခွင့်ရရှိလိမ့်မည်။" (Ellen G. White, The Desire of Ages, p. 390).

–ဝ–



## သင်ခန်းစာ (၃)

# နောက်ကြောင်း – ပဏာမရှေ့ပြေး

**အောက်တိုဘာလ ၁၂ – ၁၈**

**ဥပုသ်နေ့မွန်းလွဲပိုင်း** **အောက်တိုဘာလ ၁၂ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယော၊ ၁း၁–၅။ က၊ ၁း၁။ ယော၊ ၁း၉–၁၃။ ယော၊ ၃း၁၆–၂၁။ ယော၊ ၉း၃၅–၄၁။ မဿဲ၊ ၇း၂၁–၂၃။ ယော၊ ၁၇း၁–၅။

**အလွတ်ကျမ်းချက်**

**"အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏" (ယော၊ ၁း၁)။**

ပထမအပတ်၏သင်ခန်းစာ၌ ရှင်ယောဟန်သည် ယောဟန်ခရစ်ဝင်ကျမ်းကို မည်သို့အဆုံးသတ်ခဲ့ကြောင်းကို ရှင်းလင်းခဲ့သည်။ ယခုအပတ်သင်ခန်းစာမှာ ယောဟန်ခရစ်ဝင်ကျမ်း၏အစကို ပြန်သွားပါမည်။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကြောင့် ယောဟန်သည် ကျမ်းဖတ်ရှုသူများကို ခေါ်ဆောင်သွားမည့်လမ်းကြောင်းချမှတ်ပေးထားသည်။ ပထမစကားလုံးနှင့် အပိုဒ်တွင် ဓမ္မသစ်ကျမ်းရေးသူများသည် မိမိတို့တင်ဆက်လိုသောအဓိကအကြောင်းကို ရေးသားပေးလေ့ရှိသည်။ ရှင်ယောဟန်သည်လည်း ထိုနည်းအတိုင်းပင် ယေရှုရှင်သခင်ခရစ်တော်သည် ဖန်ဆင်းခြင်းမစတင်မီကပင် အမှန်ပင်ရှိနေကြောင်းကို ဖော်ပြရေးသားထားသည်။

ထိုတင်ဆက်ပုံမှာ ကျမ်း၏အဖွင့်မှာပင်ဖြစ်သည်။ ဖတ်ရှုသူများကို ယေရှုရှင်သည် မေရှိယဖြစ်ကြောင်းကိုသိစေပါသည်။ ကျမ်း၌ရေးသားထား

သောအကျိုးကျေးဇူးကြောင့် ဖတ်ရှုသူအားလုံးက ဧဝံဂေလိတရားပြောကြားရာ၌ ယေရှုရှင်၏အကြောင်းကို ပြောပြနိုင်သည်။ လောက၌ရှိစဉ်အချိန်၌ ကိုယ်တော်၏ရာဇဝင်သမိုင်းများအကြောင်းကို မှတ်တမ်းတင်ထားသည်။

ယခုအပတ်သင်ခန်းစာသည် ရှေ့ပြေးပဏ္ဏာမအကြောင်း (ယော၊ ၁း၁–၁၈) နှင့် ယောဟန်ကျမ်း၏အဓိကဆိုလိုရင်းကို အနှစ်ချုပ်ထားသည့်အကြောင်းဖြစ်သည်။ ထိုအနှစ်ချုပ်အကြောင်းများကို ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ အခြားနေရာများ၌လည်း တွေ့ရှိနိုင်သည်။

**တနင်္ဂနွေနေ့** **အောက်တိုဘာလ ၁၃ ရက်**

**အစအဦး၌ – ဘုရားရှင်၏နှုတ်ထွက်စကားတော်**

ယော၊ ၁း၁–၅ ကိုဖတ်ပါ။ နှုတ်ကပတ်တော်ဖြစ်သော ယေရှုခရစ်တော်နှင့်ပတ်သက်၍ ကျမ်းချက်မှမည်သို့ဖော်ပြထားသနည်း။

-----------------------------------------------

-----------------------------------------------

ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် အံ့သြဖွယ်အတွေးများစွာဖြင့် စတင်ရေးသားထားသည်။ အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားဖြစ်တော်မူ၏" (ယော၊ ၁း၁)။ အင်မတန်လှပသောစကားလုံးဖြင့်ရေးဖွဲ့ထားသောကျမ်းချက်စာကြောင်း၌ နက်နဲသောတွေးခေါ်စရာပါရှိသည်။

ပထမဦးစွာဖန်ဆင်းခြင်းအကြောင်းကို ပြန်၍အစဖော်သည် (က၊ ၁း၁)။ "အစအဦး၌" "စကြဝဠာမတည်မရှိမီ နှုတ်ကပတ်တော်ရှိထားနှင့်ပြီးသားဖြစ်သည်။ သို့ဖြစ်၍ ယောဟန်သည် ယေရှုရှင်၏ထာဝရတည်ရှိတော်မူခြင်းကို အတည်ပြုသည်။





နောက်တစ်ဆင့်အနေဖြင့် "နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏" (ယော၊ ၁း၁၈)။ ရှင်ယောဟန်က ယေရှုသည် ခမည်းတော်၏ရင်ခွင်၌ရှိနေသည်ကို ဖော်ပြသည်။ ကျွန်ုပ်တို့မည်သည့်အကြောင်းများကိုပြောဆိုကြသည်ရှိပါစေ၊ သေချာသည်တစ်ခုမှာ ယေရှုရှင်နှင့်ခမည်းတော်သည် အလွန်နီးကပ်စွာရှိတော်မူခဲ့သည်။

ဆက်လက်၍ "နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏" ဆိုထားပြန်သည်။ နှုတ်ကပတ်တော်သည် ဘုရားနှင့်အတူမည်သို့ရှိနေနိုင်မည်နည်း။ အဖြေမှာ ဟေလလသဝေါဟာရစကား၌တွေ့ရသည်။ ဟေလလသဒ္ဒါကြောင်းတွင် တိကျသောကိန်းညွှန်းဖြင့်ပြုစုထားသည်။ ယင်းအချက်သည် ကျွန်ုပ်တို့အတွက် အရေးပါသည်။ အရာဝတ္ထုတစ်မျိုး သို့မဟုတ် လူပုဂ္ဂိုလ်ကိုရည်ညွှန်းသတ်မှတ်ရာ၌ အတိအကျကိန်းဂဏန်းညွှန်းထားချက်ရှိသည်။

"နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏" ဟူသောစကားမှာ ဘုရားသခင်သည် သီးသန့်ကိန်းညွှန်းတစ်ခုအဖြစ်သတ်မှတ်သောကြောင့် သီးခြားတည်ရှိကြောင်းထင်ရှားသည်။ ခမည်းတော်သည် သီးသန့်ရှိသည်။ နှုတ်ကပတ်တော်သည် ခမည်းတော်နှင့်အတူရှိနေခဲ့သည်။ "နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်တော်မူ၏" ဟု ရေးသားသောစကားစု၌ ဘုရားသခင်သည် ကိန်းညွှန်းပါရှိခြင်းမတွေ့ရပါ။ ဘုရားဇာတိ၏ရုပ်လုံးကိုသာ ပေါ်လွင်အောင်ရေးသားထားသည်။ ယေရှုရှင်သည် ဘုရားသခင်ဖြစ်သည်။ ခမည်းတော်မဟုတ်ပါ။ သို့သော်လည်း ကိုယ်တော်သည် ဘုရား၏သားတော်အရိုက်အရာတွင်ရှိနေသည်။ သုံးပါးပေါင်းတွင် ဒုတိယပုဂ္ဂိုလ်တစ်ပါးဖြစ်သည်။

တမန်တော်ကြီးသည် သေချာစွာနားလည်အောင်ရှင်းပြပေးခဲ့သည်။ ယော၊ ၁း၃၊ ၄ တွင်ဖော်ပြချက်အရ ယေရှုရှင်သည် အရာခပ်သိမ်းကိုဖန်ဆင်းတော်မူသောအရှင်ဖြစ်တော်မူသည်။ လောကဓာတ်သည် မည်သည့်

အရာတစ်စုံတစ်ခုမျှမရှိမတည်ခဲ့ပါ။ ယေရှုရှင်အားဖြင့်သာ ဖြစ်ပေါ်ဖြစ်တည်လာခြင်းဖြစ်သည်။ ဖန်ဆင်းရှင်ဘုရားသခင်ဖြစ်တော်မူသည်။

ရှေးအချိန်ပဝေသဏီကမ္ဘာမရှိစဉ်ကပင် ယေရှုခရစ်သည် ခမည်းတော်နှင့်အတူရှိတော်မူခဲ့သည်။ ကိုယ်တော်သည် ဘုရားသခင်၏ရုပ်လုံးတော်ဖြစ်တော်မူသည်။ ကြီးမြတ်တော်မူသောသဏ္ဍာန်တော်ရှိတော်မူသည်။ ရောင်တော်ဝါတော်နှင့်ပြည့်စုံတော်မူခဲ့သည်။ (Ellen G. White, The Desire of Ages, p. 19).

ယေရှုခရစ်တော်အကြောင်းသည် အဘယ်ကြောင့်ကျွန်ုပ်တို့အတွက် အရေးကြီးပါသနည်း။ ယေရှုရှင်သည် ဖန်ဆင်းခံတစ်ဦးမျှသာဖြစ်နေခဲ့မည်ဆိုလျှင် ဘာဆုံးရှုံးစရာရှိသနည်း။ သင်၏အဖြေကို ဥပုသ်စာဖြေအတန်းသို့ယူဆောင်လာပါ။ ခရစ်တော်၏ထာဝရတည်ရှိတော်မူသော ဘုရားဇာတိအကြောင်းကိုဆွေးနွေးရန် ပြင်ဆင်ထားပါ။ ကျွန်ုပ်တို့ယုံကြည်ခြင်းအတွက် အလွန်အရေးပါလှသည်။

**တနင်္လာနေ့ အောက်တိုဘာလ ၁၄ ရက်**

**နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိကိုခံယူ၏**

ယော၊ ၁း၁–၃၊ ၁၄ ကိုဖတ်ပါ။ ဖော်ပြပါကျမ်းချက်များမှ ယေရှုရှင်အကြောင်းကို မည်သို့ရေးသားထားသနည်း။ ကိုယ်တော်တိုင် ဘုရားဖြစ်ကြောင်းကို ကျွန်ုပ်တို့အတွက်သိထားရန် အလွန်အရေးကြီးသောအမှန်တရားတစ်ခုဖြစ်သည်။

---------------------------------------------

---------------------------------------------

ယောဟန်သည် ဧဝံဂေလိကျမ်းကိုရေးသားရာ၌ ယေရှုရှင်နာမဖြင့်စတင်ခြင်းမပြုပါ။ မေရှိယဖြစ်ကြောင်း၊ ဘိသိက်ခံသူခရစ်တော်ဖြစ်ကြောင်းလည်း စတင်မိတ်ဆက်ခြင်းမရှိပါ။ နှုတ်ကပတ်တော်ဟူ၍သာ စတင်မိတ်ဆက်



ပေးသည်။ ရှင်ယောဟန်ဧဝံဂေလိကျမ်းရေးသားသောအချိန်ဝန်းကျင်တစ်လျှောက် ကွဲပြားခြားနားသောအတွေးအခေါ်များစွာတို့က နှုတ်ထွက်စကားဟုခေါ်သော ဟေလသဘာသာဖြင့် “Logos” သည် ကျိုးကြောင်းဆက်စပ်မှုရှိသော စကြဝဠာကြီး (သို့မဟုတ်) ယုတ္တိဗေဒနှင့်ဆိုင်သောအတွေးအခေါ်စသည်တို့ဖြင့် သုံးနှုန်းကြသည်။

အတွေးအခေါ်ပညာရှင်ကြီး “ပလေတို” ကိုယ်တိုင် မှန်ကန်မှုကို နှစ်မျိုးပိုင်းခြားသည်။ တစ်ခုမှာ ကောင်းကင်နှင့်ဆိုင်၍ ပြောင်းလဲ၍မရသောအရာဖြစ်သည်ဟု အဓိပ္ပာယ်ဖော်သည်။ အလွန်ပင်ပြည့်စုံသောနေရာဖြစ်သည်။ အခြားတစ်ခုမှာ ယခုလက်ရှိပျက်စီးနိုင်သောအရာ၊ အမြဲပြောင်းလဲသောအရာ၊ အထက်မှပြည့်စုံကုံလုံသောအရာကို မပြည့်စုံမှုကပုံဖော်ကိုယ်စားပြုထားသောနေရာ၊ အမှန်တစ်ကယ်ရှိနေသောအရာအတွက် နမူနာဖြစ်နေရသည်။ ဘယ်နေရာမှာတည်ရှိသနည်း။ (ထိုသို့ပုစ္ဆာမျိုးမေးလာလျှင် ပလေတိုသည် တုံ့ပြန်ဖြေဆိုခြင်းတစ်ခါမျှမပြုပါ)။ အချို့သောတွေးခေါ်ယူဆချက်အရ နှုတ်ထွက်စကားသည် စိတ်ကူးယဉ်နာမ်သာဖြစ်ပြီး ထာဝရတည်မြဲခြင်းနှင့် ပျက်စီးခြင်းအကြား၌ရှိသည်ဟု ယူဆကြသည်။ လောကအရာဖြစ်တည်မှုနှင့်လည်း ပတ်သက်သည်ဟု ယူဆကြသည်။

ယောဟန်သည် ထိုစကားလုံးကိုအသုံးပြုသောအခါ၌ အပြည့်အဝခြားနားသောအမှုအရာကိုဆိုလိုသည်။ သူသည် အမှန်တရားကိုထိန်းသိမ်းထားရင်း နှုတ်ကပတ်တော်ဟုဆိုသောဝေါဟာရကိုသုံးရာ၌ ကောင်းကင်နှင့်မြေကြီးအကြား မရေမရာပေါ်လောမျောနေသောအရာကိုဆိုလိုသည်မဟုတ်ပါ။ နှုတ်ကပတ်တော်ဟု သူအသုံးပြုထားသည်မှာ လူပုဂ္ဂိုလ်ကိုဆိုလိုခြင်းဖြစ်သည်။ ယေရှုခရစ်ကိုဆိုလိုပါသည်။ လူအသွေးအသားကိုခံယူကာ ကျွန်ုပ်တို့နှင့်အတူနေထိုင်သူဖြစ်သည် (ယော၊ ၁း၁၄)။

ရှင်ယောဟန်အတွက် ထိုနှုတ်ကပတ်တော်သည် ဘုရားသခင်၏ စကားတော်ဖြစ်သည်ဟု သဘောထားသည်။ ပို၍အရေးကြီးသည်မှာ ဘုရားရှင်သည် ဆက်သွယ်မှုပြုလာ၍ ကိုယ်တော်သည် မိမိကိုယ်ကို လူသားအဖြစ် ဖော်ပြထင်ရှားလာစေသည်။ အသင့်တော်ဆုံးနည်းလမ်းဖြစ်သည်။ ဘုရားရှင်သည် ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦးဖြစ်လာသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ နှုတ်ကပတ်တော်ဟုခေါ်သောဝေါဟာရသည် ထာဝရဘုရားကိုဆိုလိုသည်။ အချိန်နှင့်နေရာကိုက်ဝင်ရောက်လာ၍ စကားပြောဆိုသည်၊ ပြုမူသည်၊ လူသားများနှင့်ရောပွန်းနေထိုင်သည်။ လူတစ်ဦးကဲ့သို့နေထိုင်သည်။ ထာဝရဘုရားရှင်သည် လူသားတစ်ဦးအဖြစ်ခံယူလာသည်။ ကျွန်ုပ်တို့ကဲ့သို့ပင်ဖြစ်သည်။

ယော၊ ၁း၁၄ တွင် ရှင်ယောဟန်၏ညွှန်ပြချက်သဘောမှာ "နှုတ်ကပတ်တော်" သည် "လူဇာတိအဖြစ်ကိုခံ၍ ငါတို့တွင်တည်တော်မူသည်။" ဟေလသဘာသာဖြင့် "တည်တော်မူသည်ဟုဆိုရာ၌ တဲထိုးစခန်းချခြင်းကို ဆိုလိုသည်။" ယောဟန်သည် ထွက်၊ ၂၅း၈ ကိုဆွဲယူအသုံးပြုထားသည်။ ဘုရားသခင်သည် ဣသရေလလူမျိုးတို့ကို တဲတော်ဆောက်လုပ်ခိုင်းခဲ့သည်။ တဲအိမ်ပုံစံဖြစ်သည်။ ကိုယ်တော်သည် သူတို့၏အလယ်၌ ကိန်းအောင်းတော်မူဖို့ရန်ဖြစ်သည်။ ထိုနည်းတူ၊ လူဇာတိခံယူခြင်း၌လည်း ယေရှုရှင်သည် ဘုရားရှင်၏ သားတော်ဖြစ်သည်။ လူ၏အသွေးအသားကို ခံယူမွေးဖွားလာသည်။ ကောင်းကင်မှမိမိ၏ဘုန်းတန်ခိုးတော်အရောင်အဝါကို စွန့်ခဲ့သည်။ လူတို့သည် သူနှင့် ဆက်သွယ်နိုင်စေရန်ဖြစ်သည်။

ယောဟန်၏ရေးသားမှုအပေါ်သုံးသပ်လျှင် ထာဝရဘုရားရှင်ကိုယ်တော်တိုင်သည် ဖန်ဆင်းရှင်ဖြစ်၏။ လူသားတစ်ဦးကဲ့သို့ဖြစ်လာသည်။ ကျွန်ုပ်တို့ကဲ့သို့ဖြစ်လာသည်။ ကျွန်ုပ်တို့နှင့်အတူတကွနေထိုင်တော်မူသည်။ ကျွန်ုပ်တို့အတွက်ပင် အသေခံသွားခဲ့သည်။ ယင်းကိစ္စသည် ဘုရားရှင်မှ လူသားများအား မည်မျှချစ်တော်မူကြောင်းကို အဘယ်သို့ဖော်ပြသနည်း။ ထိုအမှန်တရားမှ ကျွန်ုပ်တို့အဘယ်ကြောင့်စိတ်ချမ်းသာမှုရရှိသင့်သနည်း။



**အင်္ဂါနေ့** **အောက်တိုဘာလ ၁၅ ရက်**

**နှုတ်ကပတ်တော်ကိုကြားရခြင်းနှင့်မကြားရခြင်း**

ယော၊ ၁း၉–၁၃ ကိုဖတ်ပါ။ လူတို့သည် ယေရှုရှင်ကို မည်သို့တုံ့ပြန်ကြကြောင်းကို ယောဟန်အထူးသဘောထားသည့်အချက်မှာ အဘယ်သို့နည်း။

____________________________________________________________

____________________________________________________________

ပဏာမရှေ့ပြေးစကားအဖြစ် ယော၊ ၁း၁–၁၈ သည် ယေရှုခရစ်တော်သည် မည်သူမည်ဝါဖြစ်ကြောင်းကိုသာ ရှင်းလင်းဖော်ပြပေးသည်မဟုတ်ပါ။ နှုတ်ကပတ်တော်နှင့် လောကရှိလူသားများပတ်သက်နေကြောင်းကိုလည်း ရေးသားထားပေးသည်။ ယော၊ ၁း၉ ၌ ကိုယ်တော်အား လောက၏အလင်း၊ စစ်မှန်သောအလင်းဟုခေါ်ထားသည်။ လောကသို့ရောက်လာသူမှန်သမျှကို အလင်းပေးသည့်သူဟူ၍ သမုတ်ထားသည်။ အလင်းသည် လောကကို ရောင်ခြည်ထိုးပေးသည်။ တတ်သိနားလည်နိုင်စေရန် ပြုပေးတော်မူ၏။ စီအက်စ်လူးဝစ် (C. S. Lewis) က "ကျွန်ုပ်သည် ခရစ်ယာန်ဘာသာကို ယုံကြည်သက်ဝင်သည့်အကြောင်းသည် နံနက်တိုင်းနေမင်းကြီးထွက်မည်ကို ယုံကြည်နေခြင်းနှင့်တူသည်။ ကျွန်ုပ်မြင်တွေ့နေရ၍သာမဟုတ်ပါ။ ထိုနေမင်းကြီး၏အလင်းရောင်ကြောင့် အရာအားလုံးကိုမြင်နေရခြင်းကြောင့်ဖြစ်သည်။" –– "ဘာသာရေးသည် ကဗျာတစ်ပုဒ်ဖြစ်နေပါသလား။" (n. p: Samizdat University Press, 2014, p. 15). မူရင်းကို ၁၉၄၄ ခုနှစ်တွင်ထုတ်ဝေသည်။

ယော၊ ၁း၉ ကိုလည်းကြည့်နိုင်ပါသည်။ အလင်းသည် လူတိုင်းအတွက်လင်းပေးနေပါသည်။ သို့သော် ထိုအလင်းကို လူတိုင်းကမခံမယူပါ။ နောက်ရက်မှာ ကျွန်ုပ်တို့လေ့လာရမည့်အကြောင်းအရာ၌ ယောဟန်ခရစ်ဝင်ကျမ်း၏အဓိကအကြောင်းတစ်ခုဖြစ်သောယေရှုကို လူတို့မည်သို့လက်ခံကြသည်၊

ငြင်းပယ်ကြသည်ဟူသောအကြောင်းပါဝင်သည်။ ယင်းအကြောင်းသည် ယခုပင်စတင်ပါမည်။ ဝမ်းနည်းစရာအကြောင်းတစ်ချက်မှာ မေရှိယသည် သူကိုယ်တိုင်ရွေးချယ်ထားသောလူမျိုးဆီသို့ ကြွလာခဲ့သည်။ ဣသရေလလူမျိုးဆီသို့လာခဲ့သည်။ သို့သော် မေရှိယအဖြစ် လူများစွာကလက်မခံခဲ့ပါ။

ရော၊ ၉း၁၁ ၌ ရှင်ပေါလုသည်လည်း ယင်းကိစ္စကို အရေးတကြီးရေးသားထားသည်။ များစွာသောယုဒလူမျိုးများက ယေရှုကိုငြင်းပယ်၍လက်မခံကြောင်းကိုရေးထားသည်။ သို့သော် ရှင်ပေါလုသည် အနုတ်သဘောဆောင်သောအရေးအသားဖြင့် အဆုံးသတ်ခြင်းမပြုပါ။ များစွာသောယုဒလူများနှင့် တစ်ပါးအမျိုးသားများလည်း ယေရှုရှင်ကိုလက်ခံမည့်အကြောင်း၊ မေရှိယကိုလက်ခံလာမည့်အကြောင်းလည်း ရေးသားထားသည်။ ရှင်ပေါလုသည် တစ်ပါးအမျိုးသားများကိုလည်း ယုဒလူတို့အပေါ် ကြွားဝါခြင်းမရှိစေရန်သတိပေးသေးသည်။ "အဘယ်သို့နည်းဟူမူကား၊ ပကတိရိုင်းသောသံလွင်ပင်မှသင့်ကိုနုတ်ယူ၍၊ ကောင်းသောသံလွင်ပင်၌ ပကတိကိုမလိုက်ဘဲ ဆက်၍စိုက်သည်မှန်လျှင် ပကတိအခက်ဖြစ်သောထိုသူတို့သည် မိမိတို့သံလွင်ပင်၌ဆက်၍စိုက်သောအခွင့်ကို သာ၍ရကြမည်မဟုတ်လော" (ရောမ၊ ၁၁း၂၄)။

ထိုနည်းတူ ယောဟန်သည်လည်း မည်သူမဆို ယေရှုကို မိမိကယ်တင်ရှင်အနေဖြင့် သဘောထားလက်ခံသူတိုင်းသည် ထာဝရဘုရား၏သားသမီးများဖြစ်ကြသည်ဟု ရေးသားထားသည်။ ယင်းသို့ဖြစ်လာရခြင်း၏အကြောင်းမှာ ကိုယ်တော်၏နာမတော်ကို ယုံကြည်လက်ခံခြင်းကြောင့်ဖြစ်သည် (ယော၊ ၁း၁၂၊ ၁၃)။

ဤနေရာ၌ ဧဝံဂေလိသတင်း၏ပဏာမစကားချီးနှင့် နောက်ဆုံးနိဂုံးစကားကို ဆက်စပ်ထားပေးသည်။ ယော၊ ၂၀း၃၁ ၌ ဖော်ပြထားသည်မှာ ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းကို သင်ယုံကြည်၍ ဘုရားရှင်၏သားတော်ဟုလည်းလက်ခံလျှင် သင်သည် ကိုယ်တော်၏နာမတော်ကြောင့် ထာဝရအသက်



ရရှိမည်။ ထိုကြောင့် နိဒါန်းနှင့်နိဂုံးသည် ပေါင်းစည်းမှုရှိနေသည်။ အစနှင့်အဆုံးသည် တစ်စိတ်တစ်သဘောတည်းဖြင့် ညီညွတ်နေသည်။ ရှင်ယောဟန်၏အဓိကထားသော ဧဝံဂေလိ၏ပန်းတိုင်ပင်ဖြစ်သည်။ လူတို့သည် ယေရှုခရစ်တော်ကို မိမိတို့ကယ်တင်ပိုင်ရှင်အဖြစ်ယုံကြည်လျှင် ထာဝရအသက်ရရှိမည်ဖြစ်ကြောင်း ယောဟန်က အသေအချာအာမခံထားသည်။

သင်၏အသက်တာသည် ဘုရားရှင်၏သားသမီးဖြစ်ပြီးနောက် မည်သို့ပြောင်းလဲလာသနည်း။

**ဗုဒ္ဓဟူးနေ့ — အောက်တိုဘာလ ၁၆ ရက်**

**ပြန်၍ပေါ်လာသောအဓိကအကြောင်း – ယုံကြည်သည်၊ မယုံကြည်ပါ**

ယော၊ ၃း၁၆–၂၁ ကိုဖတ်ပါ။ ယော၊ ၉း၃၅–၄၁ နှင့် ယော၊ ၁၂း၃၆–၄၆ ကိုဖတ်ပါ။ ပဏာမစကား၌ဖော်ပြထားသောယုံကြည်ခြင်း၊ မယုံကြည်ခြင်းသည် ဘယ်ကဲ့သို့ထပ်ခါထပ်ခါဖော်ပြသနည်း။

---------------------------------------------

---------------------------------------------

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ လူသားကိုအုပ်စုနှစ်ဖွဲ့ဖြင့် သတ်မှတ်ထားပါသည်။ ယေရှုရှင်ကိုယုံကြည်သောသူ၊ လက်ခံသောသူ၊ မေရှိယအဖြစ်ယုံကြည်သူနှင့် ယုံကြည်နိုင်ရန် အထူးအခွင့်ရရှိသော်လည်း ငြင်းပယ်သူတို့ဖြစ်ကြသည်။

တပည့်တော်တို့သည် ပထမဦးဆုံးအဖွဲ့၌ပါဝင်သည်။ နိကောဒင်လိုပုဂ္ဂိုလ်ပါဝင်သည်။ တဖြည်းဖြည်းနှင့် ယေရှုရှင်ကိုယုံကြည်လာကြသူများဖြစ်သည်။ ယာကုပ်ရေတွင်း၌ ယေရှုရှင်ကို ကြုံတွေ့ရသောအမျိုးသမီး၊ မွေးကတည်းကပင် မျက်စိမမြင်ရသောမျက်မမြင်၊ ထိုကဲ့သို့ပုဂ္ဂိုလ်များဖြစ်သည်။

ဒုတိယအဖွဲ့တစ်ခုမှာ ဖာရိရှဲနှင့်ယဇ်ပုရောဟိတ်အကြီးအကဲအဖွဲ့၊ အံ့သြဖွယ်နိမိတ်လက္ခဏာမြင်ခဲ့ရသော ယေရှုရှင်ကျွေးမွေးသည့်လူငါးထောင်နှင့် တပည့်တော်များအထဲမှ တစ်ယောက်သည်လည်း ထိုအဖွဲ့တွင်ပါဝင်သည်။ ယုဒဖြစ်သည်။

ယောဟန်ခရစ်ဝင်ကျမ်း၌ စိတ်ဝင်စားစရာတစ်ခုရှိပြန်သည်။ ယုံကြည်ခြင်း၊ ယုံကြည်မှုဟုအဓိပ္ပာယ်ရသောဂရိစကားလုံး "Pistis" ဆိုသည့်စကားလုံးကို ယောဟန်ခရစ်ဝင်ကျမ်းတွင် ထူးဆန်းစွာမတွေ့ရှိရပါ။ သို့သော် (Pisteuo) ဟုသုံးထားသောကြိယာစကားလုံးမှာမူ ၉၈ ကြိမ်တွေ့ရသည်။ ဓမ္မသစ်ကျမ်းတစ်ကျမ်းလုံး၌ အကြိမ်ပေါင်း ၂၄၁ ကြိမ်အသုံးပြုထားသည်။ ထိုစကားလုံးသည် ယောဟန်အတွက် အဓိကအကြောင်းကိစ္စတစ်ခုဖြစ်နေသည်။ ထိုကြိယာစကားလုံးကိုအသုံးပြုခြင်းအတွက် ခရစ်ယာန်ဖြစ်လာစေရန် လူတို့စိတ်ကို သာ၍ခိုင်မာသွားစေသည်။ ယုံကြည်ခြင်းဟု နာမ်စကားလုံးကိုမသုံးဘဲ၊ ယုံကြည်ပါသည်၊ ယုံကြည်ပါ၏ဟု ကြိယာစကားလုံးကိုသုံးထားခြင်းကြောင့် ပို၍လေးနက်စေပါသည်။ ယေရှုရှင်ကို ယုံကြည်သည့်အရာ၌ စိတ်ထဲယုံကြည်နေရုံမဟုတ်ဘဲ၊ စိတ်ရောကိုယ်ပါလိုက်ပါလုပ်ဆောင်နေခြင်းဖြစ်ရမည်။ ကျွန်ုပ်တို့သိရှိရသည်အတိုင်း နတ်ဆိုးတို့လည်း ယေရှုရှင်ကိုယုံကြည်ပါသည် (ယာကုပ်၊ ၂း၁၉)။

ယောဟန်၌ အဓိကခြားနားမှုတစ်ခုမှာ အုပ်စုနှစ်စုသည် ယေရှုရှင်နှင့်မည်သို့ဆက်စပ်နေကြောင်းကို ဖော်ပြထားသည်။ ယုံကြည်သူတို့သည်သော်လည်းကောင်း၊ ယုံကြည်စပြုလာသူသည်သော်လည်းကောင်း ကိုယ်တော်နှင့်ပွင့်ပွင့်လင်းလင်းတွေ့ဆုံကြသည်။ ယေရှုရှင်ထံသို့လာကြပြီး အဝေးသို့ထွက်မပြေးကြပါ။ ကိုယ်တော်သည် သူတို့အတွက် အလင်းထွန်းလင်းပေးနေသည်။ ဘုရားရှင်၏သားသမီးများဖြစ်လာကြသည်။



မယုံကြည်သူများက တစ်ဖက်တွင်ရှိနေသည်။ ကိုယ်တော်ထံလာလျှင်လည်း တိုက်ခိုက်အပြစ်ရှာရန်အတွက်လာကြသည်။ ထိုသူတို့သည် အလင်းထက် အမှောင်ကိုပို၍ချစ်သည်။ ကိုယ်တော်မိန့်ဆိုသောစကားကိုလက်ခံရန်ခက်ခဲသည်ဟု သတ်မှတ်သည်။ ကိုယ်တော်ကို မိရိုးဖလာထုံးစံကို ချိုးဖောက်သူ၊ မလေးစားသူအဖြစ်သတ်မှတ်ကြသည်။ သူတို့၏မျှော်လင့်ချက်ကို မဖြည့်ပေးနိုင်သောသူဟု သတ်မှတ်သည်။ ကိုယ်တော်၏အလင်းတော်ကိုခံယူ၍ ကိုယ်တော်စီရင်ခြင်းကိုလက်ခံရမည့်အစား ကိုယ်တော်ကို ပြန်၍တရားစီရင်သည်။ ထိုကဲ့သို့စိတ်ထားရှိသူများမှာ ဘာသာရေးခေါင်းဆောင်များဖြစ်ကြသည်။ အမျိုးသားထုကြီးကို ဝိညာဉ်ရေးလမ်းညွှန်သူများဖြစ်သည်။ ထိုသူတို့ကိုယ်တိုင်သည် ယေရှုရှင်ကို ဦးဆုံးလက်ခံသူဖြစ်ခဲ့သင့်ပါသည်။

သင်ကိုယ်တိုင်က ယေရှုရှင်ကို မည်သို့ယုံကြည်မှုကို သင်၏အသက်တာ၌ မည်ကဲ့သို့ပြမည်နည်း။ မေရှိယအဖြစ် သိရုံမျှနှင့်လုံလောက်သလား။ အရေးကြီးသောကွာဟချက်သိရန် အဘယ်ကြောင့်လိုအပ်သနည်း (မဿဲ၊ ၇း၂၁–၂၃)။

## ကြာသပတေးနေ့ အောက်တိုဘာလ ၁၇ ရက်

## ပြန်ပေါ်လာသောအဓိကအကြောင်း – ဘုန်းတော်

ယောဟန်၊ ၁၇း၁–၅ ကိုဖတ်ပါ။ ယေရှုရှင်ပြောသောစကား၏ အဓိပ္ပာယ်မှာ အဘယ်နည်း။ "အိုအဘ၊ အကျွန်ုပ်အချိန်ရောက်ပြီ၊ သားတော်သည် ကိုယ်တော်၏ဘုန်းကိုထင်ရှားစေပါမည်အကြောင်း သားတော်၏ဘုန်းထင်ရှားစေတော်မူပါ။"

---

---

လွန်ခဲ့သောရက်၌ လောကရှိလူသားများဇဝံဂေလိကိုခံယူပုံအကြောင်း လေ့လာခဲ့ကြရသည်။ ယေရှုသည် မည်သူဖြစ်သည်၊ ကိုယ်တော်ဘာလုပ်သည့် အကြောင်းကို လေ့လာရသည်။ ယနေ့သင်ခန်းစာမှာ ကောင်းကင်ထက်မှ အကြောင်းအရာများကို ရှင်ယောဟန်မည်သို့တင်ဆက်ထားကြောင်းကို လေ့လာရပါမည်။

စကြဝဠာဖြင့်အစပြုကာ ပဏာမစကားသုံးထားသည်။ ယေရှုသည် ကောင်းကင်မှဆင်းသက်သောဘုရား၏သားတော်ဖြစ်သည်။ စကြဝဠာကို ဖန်ဆင်းတော်မူသော ဖန်ဆင်းရှင်ဖြစ်သည်။ မည်သည့်အရာတစ်စုံတစ်ခုမျှ မရှိသေးသောအချိန်၌ပင် အရာခပ်သိမ်းသည် ယေရှုရှင်အားဖြင့် ဖြစ်တည်လာသည်။ "နှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းခြင်းနှင့်ကင်းလွတ်သောအရာတစ်စုံတစ်ခုမျှမရှိ" (ယော၊ ၁း၃)။ သို့သော် လူဇာတိကိုခံယူပြီး လူသားဖြစ်လာရသော ဘုန်းတော်အခြေအနေကို လေ့လာပါ (ယော၊ ၁း၁၄)။ ယောဟန်သည် ဘုန်းတော်ဟူသောစကားကို အသုံးပြုရာ၌ တောက်ပခြင်း၊ ရောင်ဝါလင်းလက်ခြင်း၊ ကျော်ကြားခြင်း၊ ဂုဏ်ပြုခံရခြင်းကို ဆိုလိုပါသည်။ ဘုန်းတော်ကိုထောက်ခြင်းစကား၌ ချီးမွမ်းခြင်း၊ ဂုဏ်ပြုပြောဆိုခြင်းအစရှိသည့် လူတို့ထံမှဂုဏ်ပြုခြင်းနှင့် ဘုရားရှင်ထံတော်မှ ဂုဏ်ပြုခြင်းနှစ်မျိုးလုံးကိုဆိုလိုသည်။

ယောဟန်ခရစ်ဝင်ကျမ်း၌ ဘုန်းတော်ကိုထောက်ခြင်းအယူအဆမှာ ကိုယ်တော်၏အချိန်နာရီနှင့်ပတ်သက်မှုရှိသည်။ ကိုယ်တော်အသေခံတော်မူသော အချိန် (ယော၊ ၂း၄။ ယော၊ ၇း၃၀။ ယော၊ ၈း၂၀။ ယော၊ ၁၂း၂၃–၂၇။ ယော၊ ၁၃း၁။ ယော၊ ၁၆း၃၂။ ယော၊ ၁၇း၁) ကပ်တိုင်တော်သည် ကိုယ်တော်၏ ဘုန်းတော်ထွန်းတောက်သောအချိန်နာရီဖြစ်သည်။

ယင်းအယူအဆသည် စိတ်ထင်မှားဖွယ်ရာကိစ္စဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ရှေးရောမတို့အုပ်စိုးခြင်းအချိန်၌ ကပ်တိုင်ဖြင့်သေဒဏ်



စီရင်ခံရသူသည် ရှက်ဖွယ်အကောင်းဆုံး၊ နိမ့်ချခြင်းအရှိဆုံးသောသေဒဏ်ဟု ယူဆကြသည်အကြောင်းကြောင့်ဖြစ်သည်။ ထိုနိုင်းယှဉ်ချက်ကြောင့် ဘုရားရှင်သည် ကပ်တိုင်ဘက်မှနေ၍ လူသားတို့၏အကျိုးကိုစီမံပေးခြင်းဖြင့် ဘုရား၏ ဘုန်းတော်ကိုပြသခဲ့သည်။

လူသားအဆင့်အနေဖြင့် ယေရှုသည် ရှက်ဖွယ်ကောင်း၍ နှိပ်စက်ခြင်း ဝေဒနာဖြင့် အသေခံသွားရသည်ဟုမြင်သည်။ အကူအညီမဲ့သောရာဇဝတ်သား တစ်ဦးကဲ့သို့ အကူအညီတောင်းခံရသည်။ "အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ ဘုရား အဘယ်ကြောင့် အကျွန်ုပ်ကိုစွန့်ပစ်သနည်း။" လူသားဇာတိဖြစ်ခြင်း၊ ဘဝအမှောင်ဘက်ခြမ်းမြင်ကွင်း၊ ကပ်တိုင်၏ရက်စက်မှုအကြောင်းအား မဿဲ၊ ၂၇း၄၆။ မာကု၊ ၁၅း၃၄ တို့တွင် ရှင်မဿဲနှင့် ရှင်မာကုတို့က ရေးသား ဖွဲ့နွဲ့တင်ပြထားသည်။

သို့သော်လည်း ရှင်လုကာနှင့်ရှင်ယောဟန်၏ ကပ်တိုင်မှာဘုန်းတော် ရှိကြောင်းအမြင်၌ (လု၊ ၂၃း၃၂–၄၇။ ယော၊ ၁၉း၂၅–၃၀) တို့တွင် ရေးဖွဲ့ တင်ပြထားသည်။ ကယ်တင်ခြင်းပေးသည့်နေရာ၊ ကရုဏာတော်ပြသည့်နေရာ ဘုရားသခင်၏သားတော်သည် မိမိ၏ခမည်းတော်ထံ အသက်ကိုအပ်နှံခြင်း အကြောင်းတို့ဖြင့် ရေးဖွဲ့ထားသည်။

ဘုရားရှင်၏အကြီးမားဆုံးသောဘုန်းတော်သည် ရှက်ဖွယ်အကောင်းဆုံး သောအခြေအနေအဖြစ် ပြသခဲ့သည်။ လောက၏အပြစ်ကို ကိုယ်တော်ယူတင် ထမ်းရွက်သွားပေးခြင်းဖြစ်သည်။

သေချာစဉ်းစားပါ။ ဘုရားရှင်ကိုယ်တော်တိုင် ကပ်တိုင်ထက်၌အသေ ခံကာ ကျွန်ုပ်တို့ကိုကယ်တင်ခဲ့သည်။ အပြစ်သည် မည်မျှဆိုးကြောင်းကို ယေရှုရှင်ပြသပေးခြင်းဖြစ်ပါသလား။

**သောကြာနေ့** **အောက်တိုဘာလ ၁၈ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, God with us; in the Desire of Ages, pp. 19, 26 ကိုဖတ်ပါ။

"သခင်ယေရှုခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်သည်။ ထာဝရကာလအသက်ရှင်တော်မူသည်။ ထူးခြားလှသောသူဖြစ်သည်။ ခမည်းတော်နှင့်အစဉ်ရှိတော်မူသည်။ ကောင်းကင်ဘုံနန်းထက်၌ ဘုန်းတော်ရောင်ခြည်နှင့်ပြည့်စုံသောသူဖြစ်သည်။ ကောင်းကင်ဗိုလ်ခြေ၏ခေါင်းဆောင်ကြီးဖြစ်သည်။ သူ့ကိုဝန်းရံထားသောကောင်းကင်တမန်များကို မေတ္တာတော်နှင့်အုပ်ချုပ်တော်မူသည်။ ဘုရားသခင်၏ဘုန်းတော်ကို လုယူထားသူမဟုတ်" (သု၊ ၈း၂၂–၂၇)။

ကမ္ဘာမတည်မီကပင် ခရစ်တော်သည် ခမည်းတော်ဘုရားနှင့်အတူ ထွန်းလင်းတောက်ပြောင်လျက် ဘုန်းတော်အရောင်အဝါကြီးမားလှသည်။ မှောင်သောနေရာ၌ အလင်းကိုထွန်းလင်းစေနိုင်သူဖြစ်သည်။ နဂိုရှိရင်းဘုန်းတော်ပင်ဖြစ်သည်။ ယင်းအမှန်တရားသည် လျှို့ဝှက်နက်နဲလှပါသည်။ အခြားသောလျှို့ဝှက်နက်နဲခြင်းကို ရှင်းပြတတ်သော်လည်း ကိုယ်တော်၏ဘုန်းတော်အကြောင်းကို ရှင်းပြနိုင်စွမ်းမရှိပါ။ အလင်းတော်ကိုလင်းစေသောအခါ အနားကပ်၍မရပါ။ မည်သူမှလည်း အလင်းတော်ကိုမခံစားနိုင်ပါ။ (Ellen G. White, SDA Bible Commentary, vol. 5, p. 1126).

ယေရှုရှင်မိန့်ကြားသောစကား၌ "ငါသည်လည်း မြေကြီးနှင့်ခွာ၍ မြှောက်ထားခြင်းကိုခံရလျှင် လူအပေါင်းတို့ကို ငါ့ထံသို့ငါဆွဲမည်" (ယော၊ ၁၂း၃၂)။ ခရစ်တော်သည် အပြစ်သားကဲ့သို့ထင်ရှားပြသပေးရမည်။ ကယ်တင်ရှင်သည် လောက၏အပြစ်အားလုံးအတွက် အသေခံရမည်။ ဘုရားသခင်၏သိုးသငယ်ကို ကျွန်ုပ်တို့မျှော်ကြည့်လျှင် ကရာနိကုန်းထက်ကပ်တိုင်သည် ရွေးနုတ်



ကယ်တင်ခြင်း၏နက်နဲသောအမှုဖြစ်သည်။ ဘုရားရှင်၏ကောင်းမြတ်တော်မူခြင်းကို ကျွန်ုပ်တို့ဆင်ခြင်ပြီး ကျွန်ုပ်တို့နောင်တရနိုင်ရန်အတွက်ဖြစ်သည်။ အပြစ်သားများအတွက်အသေခံရာ၌ ခရစ်တော်သည် တုနှိုင်း၍မမီနိုင်သောမေတ္တာတော်ကိုထင်ရှားစေပြီး အပြစ်သားအားလုံး ထိုမေတ္တာတော်ကိုရှုမြင်နိုင်ရန်အတွက်ဖြစ်သည်။ လူတို့၏စိတ်နှလုံးကို ပျော့ပျောင်းသွားစေသည်။ လူတို့၏အတွေးကို ဆင်ခြင်သတိပြုစေသည်။ စိတ်ဝိညာဉ်ကို နောင်တရစေသည်။ လူသားတို့ မိမိကိုယ်ကိုပြုပြင်ပြောင်းလဲလိုသောစိတ်၊ အမှန်ကိုသာပြုလုပ်လိုသောစိတ်ရရှိလာခြင်းသည်လည်း ယေရှု၏တန်ခိုးတော်အားဖြင့်ဖြစ်သည်။ လူတို့၏အသိစိတ်ကို နှိုးဆွစေ၍ အသက်တာပြောင်းလဲခြင်းဖြစ်စေသည်။ ယေရှုသည် အပြစ်ကြောင့်ခံရသည့် လက်ဝါးကပ်တိုင်ကိုမြင်စေသောအခါ လူ၏စိတ်ထဲတွင် ပညတ်တော်သည်လည်း သတိရသိမြင်လာကြသည်။ (Ellen G. White, Steps to Christ, pp. 26, 27).

--o--

## သင်ခန်းစာ (၄)
# ခရစ်တော်သည် မေရှိယဖြစ်ကြောင်းသက်သေများ
**အောက်တိုဘာလ ၁၉ – ၂၅**

**ဥပုသ်နေ့မွန်းလွဲပိုင်း** **အောက်တိုဘာလ ၁၉ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယော၊ ၁း၁၉–၂၃။ ဟေရှာ၊ ၄၀း၁–၅။ ယော၊ ၁း၂၉–၃၇။ ရောမ၊ ၅း၆။ ယော၊ ၁း၃၅–၃၉။ ယော၊ ၁း၄၃–၅၁။ ယော၊ ၃း၁–၂၁။

### အလွတ်ကျမ်းချက်

**"ယေရှုက၊ ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏" (ယောဟန်၊ ၃း၃)။**

ယေရှုရှင်သည် မိမိ၏အကြောင်းနှင့်ပတ်သက်၍ ခိုင်လုံသောအထောက်အထားကို နှုတ်ကပတ်တော်အားဖြင့် သေသေချာချာပြင်ဆင်ထားပြီးသားဖြစ်သည်။ သေချာသောကိုယ်တော်ရှင်ကိုယ်တိုင်မိန့်တော်မူချက်၌ "ငါအမှန်ဆိုသည်ကား၊ ငါ့ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏" (ယော၊ ၆း၄၇)။

ထိုထက်ပို၍သက်သေပြသည့်အကြောင်းများမှာ ရေမှစပျစ်ရည်ပြောင်းလဲခြင်း၊ လူထောင်ပေါင်းများစွာကို မုန့်အနည်းငယ်ဖြင့်ကျွေးမွေးခြင်း၊ လူကုံထံတစ်ဦး၏သားငယ်ကို ရောဂါကုသပေးခြင်း၊ ဗေသေသဒအိုင်နားမှ ခြေလက်သေသူကို အကောင်းပကတိပြန်လည်ဖြစ်စေခြင်း၊ အမိဝမ်းမှမျက်မမြင်ကိုမျက်စိအလင်းပေးခြင်း၊ လာဇရုကိုသေခြင်းမှ ရှင်ပြန်စေခြင်းအကြောင်းတို့ဖြစ်သည်။ ဇဝံဂေလိလုပ်ဆောင်သူသည် နည်းမျိုးစုံဖြင့် မတူညီသောအခြေအနေ၊



လူအမျိုးမျိုးတို့ကို အသုံးတော်ခံစေရာတွင် ယုဒလူဖြစ်စေ၊ တစ်ပါးအမျိုးသားဖြစ်စေ၊ လူချမ်းသာ၊ လူဆင်းရဲ၊ ယောကျ်ား၊ မိန်းမ၊ အုပ်ချုပ်သူ၊ သာမန်လူတန်းစား၊ ပညာရှိနှင့် ပညာနည်းသူများအားလုံး ယေရှုရှင်၏အကြောင်းကို သက်သေခံကြသည်။

ရှင်ယောဟန်သည် ခမည်းတော်ဘုရား၏သက်သေခံခြင်းကိုလည်း ရေးသားထားသည်။ နှုတ်ကပတ်တော်အားဖြင့် ကိုယ်တော်၏အကြောင်းကို အချက်ကျကျတင်ပြပေးသည်။

ယခုအပတ်မှ နှစ်ခြင်းဆရာယောဟန်၏အင်အားကောင်းသောသက်သေခံချက်အကြောင်းကို သင်ကြားရမည်ဖြစ်သည်။ အခြားသောသက်သေများကိုလည်း ထည့်သွင်းလေ့လာရပါမည်။ လုံးဝမထင်ရသောလူ၊ ဖာရိရှဲထံမှ နိကောဒင်ပင်လျှင် ယေရှုရှင်အကြောင်းကို သက်သေခံပေးသည်။ အန္ဒြေ၊ ရှိမုန်ပေတရု၊ ဖိလိပ္ပုနှင့် နာသနေလတို့သည် ယေရှုရှင်အကြောင်းကို သက်သေခံခဲ့သူများဖြစ်သည်။ အခြားသောသက်သေများစွာရှိသော်လည်း မထင်မရှားနောက်ကွယ်မှာသာရပ်တည်နေကြသည်။ အခြားသောတပည့်တော်များသည် အန္ဒြေနှင့်အတူ (ယော၊ ၁း၃၅၊ ၄၀) ယောဟန်ကိုယ်တိုင်သက်သေခံခဲ့သည်။

**တနင်္ဂနွေနေ့** **အောက်တိုဘာလ ၂၀ ရက်**

### နှစ်ခြင်းဆရာယောဟန်၏သက်သေခံချက်

လွန်ခဲ့သောအပတ်သင်ခန်းစာ၌ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ယေရှုခရစ်တော်၊ နှုတ်ကပတ်တော်သည် ကမ္ဘာမတည်မရှိမီကပင် ထာဝရဘုရားရှင်အဖြစ်တည်ရှိနေတော်မူကြောင်းကို လေ့လာကြရပြီ။ ထိုပဏာမစကားအတိုင်းပင် နှစ်ခြင်းဆရာယောဟန်သည်လည်း ယေရှုရှင်၏အကြောင်းကို သက်သေခံသွားခဲ့သည်။ ယေရှုရှင်၏အချိန်၌ရှိသောယုဒလူအချို့တို့မှာ မေရှိယအရှင်ကိုမျှော်လင့်ရာ၌ နှစ်မျိုးနှစ်စားမျှော်လင့်ကြသည်။ ပထမမျှော်လင့်ချက်သည်

မေရှိယအရှင်ဟုဆိုလျှင် ယဇ်ပုရောဟိတ်အဆင့်အတန်းဖြစ်ပြီး နောက်တစ်မျိုးမှာ မင်းညီမင်းသားအနွယ်ဝင်ထဲမှပေါ်ထွက်လာရမည်ဟု သတ်မှတ်ကြသည်။ နှစ်ခြင်းဆရာယောဟန်အနေဖြင့် ထိုသို့သောမေရှိယမျိုးကို ထောက်ခံခြင်းမပြု၊ စစ်မှန်သောမေရှိယကိုသာ ထောက်ခံသက်သေပြုခဲ့သည်။

ယော၊ ၁း၁၉–၂၃ ကိုဖတ်ပါ။ နှစ်ခြင်းဆရာယောဟန်သည် သူ၏အမှုတော်နှင့်သာသနာပြုခြင်းကို မည်သို့ရှင်းလင်းပြသနည်း။

______________________________________________

______________________________________________

ဘာသာရေးခေါင်းဆောင်တို့သည် တပည့်တပန်းများကို နှစ်ခြင်းဆရာယောဟန်ဆီသို့စေလွှတ်ကာ သူသည် မည်သူမည်ဝါဖြစ်ကြောင်းမေးမြန်းစေသည်။ ယုဒပြည်၌ မေရှိယကိုမျှော်လင့်ခြင်းအမှုသည် အလွန်ရေပန်းစားလှသည်။ ထိုကြောင့် နှစ်ခြင်းဆရာယောဟန်အနေဖြင့် ယုဒလူတို့မျှော်လင့်သောမေရှိယနှင့် မည်သို့ပတ်သက်ကြောင်းကိုဖြေကြားရန် အထူးအရေးကြီးလှသည်။ သူကိုယ်တိုင်သည်အလင်းမဟုတ်ပါ။ သို့သော် သူ့ကို ဘုရားရှင်မှစေလွှတ်၍ အလင်းတော်အကြောင်းကို သယ်ဆောင်သတင်းပေးရန် တာဝန်ပေးခံရသည်။ မေရှိယအရှင်ကြွလာရာလမ်းကိုပြင်ဆင်ပေးသောသူဖြစ်ရမည် (ယော၊ ၁း၆–၈)။ ထိုကြောင့် ယောဟန်သည် လာရောက်မေးမြန်းသောသူများကို ပြတ်ပြတ်ရှင်းရှင်းပင်တုံ့ပြန်ခဲ့သည်။ “ငါသည် ခရစ်တော်မဟုတ်” (ယော၊ ၁း၂၀)။

ယောဟန်သည် ရေဖြင့်နှစ်ခြင်းပေးသည်။ သို့သော် ခရစ်တော်သည် ဝိညာဉ်တော်ဖြင့်နှစ်ခြင်းမင်္ဂလာပေးလိမ့်မည် (ယော၊ ၁း၂၆၊ ၃၃)။ ယောဟန်သည် ယေရှု၏ခြေနင်းကြိုးကိုဖြည်ချပေးရန်ပင် မထိုက်တန်ပါ (ယော၊ ၁း၂၇)။ ခရစ်တော်သည် ယောဟန်လူမဖြစ်မီကပင် ရှိနှင့်ထားသောထာဝရဘုရားဖြစ်သည် (ယော၊ ၁း၃၀)။ ယေရှုသည် ဘုရား၏သားတော်ဖြစ်ကြောင်း နှစ်ခြင်းဆရာယောဟန်က အတိအကျသက်သေခံသည် (ယော၊ ၁း၃၄)။





ဟေရှာ၊ ၄၀း၁–၅ နှင့် ယော၊ ၁း၂၃ ကိုဖတ်ပါ။ ရှင်ယောဟန်အနေဖြင့် မည်သို့ဆိုထားသနည်း။

______________________________________________

______________________________________________

ရှေးခေတ်အခါ၌ လမ်းများညီညာစွာခင်းထားခြင်းမရှိသောကြောင့် ရှင်ဘုရင်ကြွလာမည့်လမ်းကိုပြင်ဆင်ထားရန် အစေခံများအား ရှေ့ပြေးလမ်းပြင်ဆင်ခိုင်းရသည်။ ချိုင့်ဖို့၊ မြေညှိ၊ ဆူးညောင့်ခလုတ်၊ ကျောက်တုံး၊ ကျောက်ခဲခလုတ်ခသင်းမှန်သမျှကို ကြိုတင်ရှင်းပစ်ရသည်။ ရှင်ဘုရင်အတွက် ညီညာဖြောင့်ဖြူးသောလမ်းကို ဖြစ်စေရသည်။ ထိုကြောင့် ပုရောဖက်၏စကားပြည့်စုံစေရေးအကြောင်း နှစ်ခြင်းဆရာယောဟန်သည် အရင်လာ၍ လူတို့၏စိတ်ကို ကြိုတင်ပြုပြင် ပြင်ဆင်ပေးသူဖြစ်သည်။

နှစ်ခြင်းဆရာယောဟန်ပြုသကဲ့သို့ ကျွန်ုပ်တို့မျှော်လင့်ခြင်းအသင်းသားများလုပ်ဆောင်သင့်ပါသလား။ မည်သို့တူညီချက်ရှိပါသနည်း။

**တနင်္လာနေ့ အောက်တိုဘာလ ၂၁ ရက်**

**ဘုရားသခင်၏သိုးသငယ်**

ဟေဗြဲလူမျိုးတို့သည် မေရှိယကိုမျှော်လင့်နေကြသည်။ ရောမ၏ဖိနှိပ်မှုအောက်မှ ကယ်တင်ပေးမည့်သူဟု ယုံကြည်နေကြသည်။ ယောဟန်ခရစ်ဝင်ကျမ်း၏အဓိကဇဝ်ဂေလိပန်းတိုင်မှာ လူတို့၏မေရှိယခံယူချက်အကြောင်းကို ပြောင်းလဲပေးရန် ယေရှုကိုယုံကြည်ရန်နှင့် ပုရောဖက်စကားအတိုင်းပြည့်စုံလာရန် ယေရှုရှင်သည် ရောက်လာမည့်ရှင်ဘုရင်ဖြစ်ကြောင်းကို လက်ခံနိုင်ရန် ရေးသားပေးခြင်းဖြစ်သည်။ မေရှိယသည် လောကကိုအုပ်ချုပ်မည့်အရှင်မဟုတ်ကြောင်း၊ မေရှိယသည် ဓမ္မဟောင်းကျမ်း၏ကတိတော်၌ ကိုယ်တော်နှင့်ပတ်သတ်သောအရာအားလုံးကို ပြည့်စုံစေရန်အတွက်ဖြစ်သည်။ လောကသားများအတွက် အသက်ကိုဆက်ကပ်ခြင်းပါဝင်သည်။ လူသားနှင့်ဘုရားရှင်ကို အသစ်တစ်ဖန်ပြန်၍ဆက်သွယ်ပေးရန်ဖြစ်သည်။

ယော၊ ၁း၂၉–၃၇ ကိုဖတ်ပါ။ နှစ်ခြင်းဆရာယောဟန်သည် ယေရှုရှင်အကြောင်းကို မည်သို့ကြွေးကြော်ခဲ့သနည်း။ ကိုယ်တော်ကိုမည်သို့ပုံဆောင်ရုပ်လုံးဖော်ခဲ့သနည်း။ ယေရှုရှင်သည် မည်သူဖြစ်ကြောင်းနှင့် ကိုယ်တော်၏အမှုတော်သည် မည်သို့ရှိကြောင်းကို လူတို့နားလည်စေရန်ဖြစ်သည်။

-----------------------------------------------

-----------------------------------------------

နှစ်ခြင်းဆရာယောဟန်သည် ယေရှုကို ဘုရားသခင်၏သိုးသငယ်ဟုခိုင်းနှိုင်းခေါ်ဆိုရာ၌ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကိုရေးသားရာတွင် အထောက်အကူတစ်ခုဖြစ်သည်။ ထိုသုံးနှုန်းပြောဆိုသောစကားကြောင့် မေရှိယအရှင်၏ ဇီဇသဘာဝကို နားလည်သွားစေသည်။ ယေရှုရှင်ကိုယ်တော်တိုင် ယဇ်ပူဇော်ခြင်းစနစ်ကို အဆုံးသတ်လိုက်မည်ဖြစ်သည်။ ကယ်တင်ရှင်၏ကတိတော်သို့ပြန်သွားရမည်။ က၊ ၃း၁၅ ၌ အစပြုကတိပေးထားချက်ကို ပြည့်စုံစေခြင်းဖြစ်သည်။

"ယေရှုရှင်ဗတ္တိဇံခံတော်မူစဉ်အခါ၊ ယောဟန်သည် သူ့ကို ဘုရားရှင်၏သိုးသငယ်ဟု တင်စားရည်ညွှန်းခဲ့သည်။ မေရှိယအရှင်၏လုပ်ငန်းအမှုတော်အပေါ် အလင်းတော်သက်ရောက်လာခဲ့သည်။ ဟေရှာယပုရောဖက်မှ 'အသေသတ်ခြင်းကိုဆောင်သွားသောသိုးသငယ်ကဲ့သို့' (ဟေရှာ၊ ၅၃း၇) (Ellen G. White, The Desire of Ages, p. 136) ဟု ပြောခဲ့သောစကားကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။"

မာ၊ ၁၀း၄၅၊ ရောမ၊ ၅း၆ နှင့် ၁ပေ၊ ၂း၂၄ ကိုဖတ်ပါ။ ဖော်ပြပါကျမ်းချက်များသည် ယေရှုရှင်အား ဘုရားရှင်၏သိုးသငယ်အဖြစ် အသုံးခံရမည့်ကဏ္ဍကိုကျွန်ုပ်တို့နားလည်ရန် မည်သို့အထောက်အကူဖြစ်သနည်း။

-----------------------------------------------

-----------------------------------------------



နှစ်ခြင်းဆရာယောဟန်သည် ယေရှုရှင်၏အမှုတော်လုပ်ငန်းကို ပို၍နားလည်ရန်လိုနေသေးသည့်တိုင် ယေရှုသည် ကတိထားတော်မူသောမေရှိယဖြစ်ကြောင်းကို ကောင်းစွာသိရှိထားသည်။ အနာဂတ္တိစကားကိုပြည့်စုံရန်လာသောသူဖြစ်ကြောင်းနားလည်သည်။

ဘုရားသခင်၏ "သိုးသငယ်တော်" ဟု ပေးထားသောဘွဲ့ကို သေချာစဉ်းစားပါ။ သင်၏စိတ်ထဲ၌မည်သို့ဝင်လာသနည်း။ ဓမ္မဟောင်းခေတ်ယဇ်ပူဇော်ခြင်းဓလေ့နှင့် ဆက်နွယ်မှုမည်သို့ရှိသနည်း။ သင့်အတွက် ကယ်တင်ခြင်းကျေးဇူးတော်တန်ဖိုးမည်မျှပေးစွမ်းနိုင်သနည်း။

**အင်္ဂါနေ့ ဩဂုတ်လ ၂၂ ရက်**

**ယောဟန်၏တပည့်နှစ်ပါး**

နှစ်ခြင်းဆရာယောဟန်သည် သူ၏တပည့်တော်နှစ်ပါးနှင့်အတူရပ်နေသောနေရာ၌ ယေရှုရှင်ဖြတ်လျှောက်သွားသည်။ ယောဟန်က "ဘုရားသခင်၏သိုးသငယ်ကိုကြည့်ကြ" ဟု ကြွေးကြော်လိုက်သည် (ယော၊ ၁း၃၆)။ တပည့်တော်နှစ်ပါးသည် ခရစ်တော်နှင့်ဆိုင်သောသတင်းကို ယောဟန်ထံမှကြားရသည်။ ဓမ္မဟောင်းကျမ်း၏အနာဂတ္တိစကားကို ပြည့်စုံစေမည့်သူဟုပြောပြီးကြွလာမည့်မေရှိယအကြောင်းကို ဆက်လက်ပြောပြသည်။ ထိုတပည့်တော်တို့သည် ယောဟန်ကိုထားခဲ့၍ ယေရှုရှင်နောက်သို့လိုက်သွားကြသည်။ ယေရှုကို ယောဟန်ထက်သာ၍ကြီးမြတ်ကြောင်းကို သူတို့လက်ခံကြသည်။ ယောဟန်ပေးသောသတင်းစကားအတိုင်း ပြည့်စုံသွားစေခဲ့သည်။

ယော၊ ၁း၃၅–၃၉ ကိုဖတ်ပါ။ နှစ်ခြင်းဆရာယောဟန်၏သက်သေခံခြင်းကိုကြားရပြီးနောက် တပည့်တော်နှစ်ပါးတို့မည်သို့ပြုလုပ်သနည်း။

-----------------------------------------------

-----------------------------------------------

ယေရှုရှင်နှင့်အတူနေချင်သောဆန္ဒကြောင့် သူတို့သည် ကိုယ်တော်အနီး၌ အချိန်ကုန်ခံပြီးနေကြသည်။ အံ့သြဖွယ်ကောင်းသောအတွေ့အကြုံများ ရရှိခံစားကြမည်ဖြစ်သည်။

သူတို့သည် ကြီးကျယ်သောအမှုကိုဆောင်ရွက်ကြမည်။ အဘယ်ကြောင့်ဆိုသော် လူအများကိုဝေငှလိုသောဆန္ဒရှိနေသူများဖြစ်သည်။ အန္ဒြေသည် ထိုတပည့်နှစ်ပါးမှတစ်ဦးဖြစ်သည်။ ချက်ချင်းပင် သူ၏အစ်ကိုရှိမုန်ဆီပြန်ပြီး "ငါတို့သည် မေရှိယကိုတွေ့ရပြီ" (ခရစ်တော်ကိုဆိုလိုသည်) (ယော၊ ၁း၄၁) ဟုဆို၏။ ယေရှုသည် အန္ဒြေခေါ်လာသောသူ၏အစ်ကိုကိုမြင်သည်နှင့်တစ်ပြိုင်နက် သိရှိထားကြောင်းကို ထုတ်ဖော်ပြောပေးသည်။ "သင်သည် ယောနသားရှိမုန်ဖြစ်၏။ ကေဖအမည်သစ်ကို ရလတ္တံ့ဟုဆို၏" (ယော၊ ၁း၄၂)။ ယေရှုသည် ပေတရု၏အကြောင်းကို သိနားလည်ထားသည်။ ယောဟန်ခရစ်ဝန်ကျမ်း၏ဖော်ပြချက်အတိုင်း ယေရှုသည် လူတို့၏စိတ်ဓာတ်ကို သိတော်မူသည်။ (ဥပမာ၊ ယော၊ ၂း၂၄၊ ၂၅)။

ယောဟန်နှင့်အန္ဒြေသည် ယဇ်ပုရောဟိတ်နှင့်အုပ်ချုပ်သူများ၏စိတ်ဓာတ်မျိုးရှိခဲ့မည်ဆိုလျှင် ခရစ်တော်၏ခြေတော်ရင်း၌ သင်တန်းသားအနေဖြင့်တွေ့ရမည်မဟုတ်ပါ။ ခရစ်တော်၏ပြောစကားများကို ဝေဖန်ကဲ့ရဲ့ခြင်းနှင့်စီရင်ခြင်းကိုသာလုပ်ကြပါလိမ့်မည်။ သို့သော် တပည့်တော်တို့သည် ထိုကဲ့သို့မပြုကြပါ။ နှစ်ခြင်းဆရာယောဟန်၏ဟောပြောချက်များကို သန့်ရှင်းသောဝိညာဉ်တော်၏လှုံ့ဆော်မှုအတိုင်း ပြန်၍တုံ့ပြန်လက်ခံကြသည်။ ယခုမှာ ကောင်းကင်ဘုံမှရောက်လာသောသွန်သင်သူဆရာ၏အသံကို လက်ခံကြသည်။ ဘုရားရှင်သည် ဓမ္မဟောင်းကျမ်းမှသွန်သင်ချက်များကို ဖော်ပြပေးသည်။ အသစ်သောအလင်းတော်၌ များစွာသောအရေးကြီးချက်များ၊ အမှန်တရားများထင်ရှားလာပါသည်။ (Ellen G. White, The Desire of Ages, p. 139).



ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ယေရှုရှင်မည်သူဖြစ်ကြောင်းကို ဖော်ပြသောကျမ်းဖြစ်သည်။ သို့ဖြစ်၍ ထိုသတင်းကောင်းကို ကမ္ဘာအနှံ့ဝေငှပြောကြားရမည်။

ခရစ်တော်၏သွန်သင်ခြင်းကြောင့် သင်၏အသက်တာပြောင်းလဲသွားသလား။ အခြားပြောင်းလဲမှုများသင်မည်သို့မြင်လိုသနည်း။

**ဗုဒ္ဓဟူးနေ့** **အောက်တိုဘာလ ၂၃ ရက်**

**ဖိလိပ္ပုနှင့်နာသနေလ**

ယော၊ ၁း၄၃–၄၆ ကိုဖတ်ပါ။ ဖိလိပ္ပုသည် ယေရှုရှင်အကြောင်းနှင့်ပတ်သက်၍ မည်သို့ယုံကြည်ကြောင်းကိုဖော်ပြသနည်း။

______________________________________________________

______________________________________________________

ဖိလိပ္ပုသည် ဗက်ဇဲဒမှလာသည်။ အန္ဒြေနှင့် ပေတရုတို့နှင့်နေရာတူသည်။ သူသည် သူ၏မိတ်ဆွေနာသနေလကိုတွေ့၍ ယေရှုရှင်အကြောင်းကိုပြောပြသည်။ နှစ်ခြင်းဆရာယောဟန်က ယေရှုကို "ဘုရားသခင်၏သိုးသငယ်" ဟုခေါ်ဆိုကြောင်း၊ အန္ဒြေက ပေတရုအား သူကိုယ်တိုင် "မေရှိယ" ကိုတွေ့ခဲ့ကြောင်းပြောကြသည်။ သို့သော် ဖိလိပ္ပုသည် ယေရှုရှင်ကို မောရှေနှင့်ပုရောဖက်များစွာက ကိုယ်တော်အကြောင်းကိုရေးသားခဲ့ကြောင်း "နာဇရက်မြို့သားယေရှု" ဖြစ်ကြောင်းဖြင့်မိတ်ဆက်သည်။ နာဇရက်ဟု သူပြောသည်နှင့်တန်ပြန်မှုချက်ချင်းပြန်လာသည်။

နာသနေလသည် သေးငယ်သောမြို့နာဇရက်ကို လုံးဝအထင်သေးထားသည်။ လမ်းဘေးရွာကလေးလောက်ရှိသော နာဇရက်၌ ရှင်ဘုရင်မည်သို့ပေါ်ထွန်းနိုင်မည်နည်းဟု ဝေဖန်သည်။ အထင်အမြင်သေးခြင်းသဘောသည် လူတို့၏တန်ဖိုးအစစ်ကို မမြင်နိုင်တော့ပါ။ ဖိလိပ္ပုသည် အခြေအမြစ်မရှိ၊ ဘက်လိုက်သောစိတ်ရှိသူတို့နှင့် အငြင်းအပွားလုပ်ခြင်းသည် အကျိုးမရှိဟု

ယူဆထားပုံပေါ်သည်။ ထို့ကြောင့် ဖိလိပ္ပုက “လာ၍ကြည့်ပါ” ဟုဆိုရာ ကိုယ်တော်သည် တိကျသောအမှုတစ်ခုကို လုပ်ဆောင်နေပြီကို ဖိလိပ္ပုအသေအချာမြင်နေသိနေသောကြောင့်ဖြစ်သည်။ နာသနေလသည် သွားကြည့်သောအခါ မြင်တွေ့ရတော့သည်။

ယောา၊ ၁း၄၇–၅၁ ကိုဖတ်ပါ။ ကိုယ်တော်သည် နာသနေလကို မည်သို့သိမ်းသွင်းယုံကြည်စေခဲ့သနည်း။ နာသနေလမည်သို့တုံ့ပြန်သနည်း။

---------------------------------------------

---------------------------------------------

အခန်းငယ် ၄၆ နှင့် ၄၇ ၏အကြား၌ ဖိလိပ္ပု၏ဖိတ်ခေါ်ချက်ကို နာသနေလမည်သို့တုံ့ပြန်ကြောင်း အသေးစိတ်ပါဝင်သင့်သော်လည်း မပါဝင်ပါ။ သူသည် ချက်ချင်းထ၍သွားကြည့်ခဲ့သည်။ ဖိလိပ္ပုနှင့်ရင်းနှီးခြင်းသည် အထင်အမြင်သေးသောကိစ္စထက်ပိုသည်။ သူ၏အသက်တာသည် ထိုခဏမှာပင် ပြောင်းလဲသွားခဲ့ရတော့သည်။

ယေရှုရှင်သည် နာသနေလ၏ကောင်းသောအကြောင်းကိုသာပြောသည်။ နာသနေလကို ကိုယ်တော်မြင်သောအခါ “လှည့်စားခြင်းအပြစ်နှင့်ကင်းသော ဣသရေလလူ” ဟုခေါ်တော်မူသည် (ယော၊ ၁း၄၇)။ ကိုယ်တော်ပြောသောစကားနှင့် နာသနေလပြောခဲ့သောစကားသည် လွန်စွာကွာခြားလှသည် (ယော၊ ၁း၄၆)။ နာသနေလသည် အလွန်အံ့သြသွားသည်။ အဘယ်ကြောင့်ဆိုသော် ယေရှုကို တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ရဖူးသေးပါ။

ထိုနောက်မှာ သင်္ဘောသဖန်းပင်၏အောက်၌ ထိုင်နေခဲ့ကြောင်းကို ယေရှုက သူ့အားပြောပြသေးသည်။ ထိုသို့သောအသေးအဖွဲ့စကားကိုလည်း နာသနေလကြားရလျှင် အလွန်ကျေနပ်လှသည်။ ယေရှုရှင်သည် ဘုရား၏တန်ခိုးတော်ဖြင့် နာသနေလဆုတောင်းခဲ့သည်ကိုလည်း မြင်တော်မူခဲ့သည်။ သစ်ပင်အောက်၌ သမ္မာတရားအမှန်လမ်းကို ရှာဖွေနေကြောင်းကိုလည်း ကိုယ်တော်မြင်တွေ့တော်မူခဲ့သည်။ (The Desire of Ages, pp. 140, 141).



ထိုအခါ နာသနေလသည် ကြီးစွာဝန်ချတောင်းပန်တော့သည်။ ယေရှုရှင်ကိုလည်း ရာဘိဆရာဟုခေါ်တော်မူသည်။ ဘုရားသခင်၏သားတော်ဟူ၍လည်းကောင်း၊ ဣသရေလ၏ရှင်ဘုရင်ဟုလည်းကောင်း ခေါ်ခဲ့သည်။ သေးငယ်သောဖော်ပြချက်မှ ကြီးမားသောယုံကြည်ခြင်းကိုရရှိစေပါသည်။

## ကြာသပတေးနေ့ — အောက်တိုဘာလ ၂၄ ရက်

## နိကောဒင်၏သက်သေခံချက်

ယော၊ ၃း၁–၂၁ ကိုဖတ်ပါ။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို နိကောဒင်ကိုယ်တိုင် မည်သို့အထောက်အကူပြုသနည်း။

---------------------------------------------

---------------------------------------------

နိကောဒင်သည် ဣသရေလလူမျိုးအတွင်း၌ လေးစားခံရသောဆရာတစ်ပါးဖြစ်သည်။ စန်ဟီဒရင်နှင့် ငွေကြေးချမ်းသာသူလည်းဖြစ်သည်။ သူပါဝင်သောအခန်းကဏ္ဍ၌ ရှင်ယောဟန်ခရစ်ဝင်ကျမ်းအတွက် အဓိကကျသောအခန်းများစွာတွင်ပါဝင်သည်။ ယေရှုရှင်ကို “ရာဘိ” ဟုသတ်မှတ်သူ၊ ယေရှုရှင်ပြုတော်မူသောနိမိတ်လက္ခဏာများကြောင့် ကိုယ်တော်၏အမှုတော်သည် ဘုရားရှင်စေလွှတ်သောအမှုတော်ဖြစ်ကြောင်း၊ နိကောဒင်ကိုယ်တိုင်သတိမထားမိခင် ယေရှုသည် မိမိ၏အမှုတော်ကို လုပ်ဆောင်နေခဲ့သည်။ ယေရှုရှင်ပြုသမျှသည် မေရှိယ၏လုပ်ဆောင်မည့်အချက်နှင့် ကိုက်ညီကြောင်းကို နိကောဒင်ပြောကြားခဲ့သည်။

နိကောဒင်သည် မြင်တွေ့ရသောနိမိတ်လက္ခဏာများ၏ အထောက်အထားအရ ယေရှုရှင်သည် ဘုရားရှင်၏ဘုရားဇာတိကို မြင်ခဲ့သည်။ သို့သော်လည်း ဓမ္မဟောင်းကျမ်း၏အနာဂတ္တိစကားပြည့်စုံခြင်းအကြောင်းကိုမူ သူနားမလည်ခဲ့ချေ။ ထို့ကြောင့် သူသည် ယေရှုရှင်ထံသို့ သံသယစိတ်နှင့်ရောက်လာခဲ့သည်။ ယေရှုရှင်ကို ဘိသိက်ခံသူခရစ်တော်ဟူ၍ မထင်ခဲ့ပါ။

ယော၊ ၃း၃–၂၁ ကိုဖတ်ပါ။ နိကောဒင်ကို ယေရှုရှင်မည်သို့မိန့်တော်မူခဲ့သနည်း။ နိကောဒင်၏စိတ်ကို ထိုးဖောက်မြင်နိုင်ကြောင်းကို မည်ကဲ့သို့ပြသနည်း။

---------------------------------------------------------------

---------------------------------------------------------------

ယေရှုသည် လူတစ်ဦးစီ၏စိတ်ကိုသိသည်။ နိကောဒင်၏စိတ်ကို သိ၍လည်း ပြန်၍တုံ့ပြန်ခဲ့သည်။ တိုက်ရိုက်စကားဆိုလိုက်ခြင်းဖြစ်သည်။ တစ်ပါးအမျိုးသားများသည် ပြောင်းလဲဖို့ရန်လိုအပ်သည်ဟု ယုဒလူမျိုးများက ယူဆကြသည်။ အမှန်မှာ သူတို့လည်းပဲ ရွေးချယ်ခြင်းခံရသောလူမျိုးများဖြစ်သည့်တိုင် ပြောင်းလဲခြင်းအသက်တာရှိရန်လိုအပ်ကြောင်း နားမလည်ကြပါ။ လူမည်သည် မွေးလာသည်နှင့် ကယ်တင်ခြင်းမရရှိနိုင်ပါ။ မည်သူဖြစ်၍၊ မည်သည့်လူမျိုးဖြစ်၍၊ မည်သည့်အသင်းတော်မှဖြစ်သောကြောင့် စသည် အကြောင်းကြောင့် ကယ်တင်ခြင်းမရရှိနိုင်ပါ။

ယုဒလူမျိုးအတွက် အာဗြဟံမှဆင်းသက်မှုကြောင့် အခွင့်အရေးများစွာရရှိထားသည် (ရော၊ ၃း၁၊ ၂)။ မေးစရာမလိုပါ။ သို့သော် ထိုအရာသည် လုံလောက်ခြင်းမရှိသေးပါ။ ယေရှုသည် နိကောဒင်ကို မထင်မှတ်သောစကားကိုပြောခဲ့သည်။ နိကောဒင်သည် ဣသရေလအမျိုးတွင် ဆရာ၊ အုပ်ချုပ်ရေးမှူးဖြစ်သည်။ တစ်ဖန် ပြန်၍မွေးဖွားရမည်ဟုဆိုခဲ့သည်။

ထိုနောက်မှာ ယေရှုသည် နိကောဒင်နှင့် ထိပ်တိုက်စကားဆိုကာ ဝိညာဉ်ရေးလျစ်လျူရှုခြင်းအကြောင်းကိုပြောသည်။ “သင်သည် ဣသရေလလူတို့တွင် ဓမ္မဆရာဖြစ်လျက်ပင် ဤအမှုအရာကိုမသိသလော” (ယော၊ ၃း၁၀)။ သင်သည် ဆရာတစ်ယောက်ဖြစ်၍ ချီးမြှောက်ခြင်းလည်းခံရသောသူဖြစ်သည်။ ဘာကြောင့် ဤအရာကို မသိနားမလည်သနည်း။ ကိုယ်တော်၏ဆုံးမစကားသည် နိကောဒင်ကို စိတ်ထိခိုက်သွားစေနိုင်သည်။



နိကောဒင်သည် ယေရှုရှင်မည်သို့ပင်ဆိုပါစေ ကိုယ်တော်ကိုသာ အာရုံစိုက်နေသည်။ နောက်ပိုင်းအသက်တာ၌ နိကောဒင်သည် ယေရှုရှင်၏နောက်လိုက်ဖြစ်လာခဲ့သည် (ယော၊ ၁၉း၃၉)။

အသစ်တစ်ဖန်မွေးဖွားရမည်ဟုဆိုသောစကားသည် မည်သို့အဓိပ္ပာယ်သက်ရောက်သနည်း။ ယေရှုရှင်အဘယ်ကြောင့် ထိုစကားအလေးအနက်ကိုပြောရသနည်း။

**သောကြာနေ့ အောက်တိုဘာလ ၂၅ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, “Nicodemus,” pp. 167-177, in The Desire of Ages ကိုဖတ်ပါ။

နိကောဒင်သည် နှုတ်ကပတ်တော်ကို နည်းလမ်းအသစ်ဖြင့်လေ့လာခဲ့သည်။ သီအိုရီဆွေးနွေးငြင်းခုန်ခြင်းနည်းလမ်းကိုမသုံးပါ။ အသက်ဝိညာဉ်ကိုရလိုသောစိတ်ဖြင့် နှုတ်ကပတ်တော်ကိုလေ့လာသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားကိုပို့ဆောင်ခွင့်ပေးမှသာ ကောင်းကင်နိုင်ငံတော်ကိုမြင်ရမည်အကြောင်း နိကောဒင်သိထားသည်။”

ဘုရားရှင်၏ကရုဏာတော်ကို ကျွန်ုပ်တို့ယုံကြည်ခြင်းဖြင့်ရရှိနိုင်ပါသည်။ သို့သော် ယုံကြည်ခြင်းသည် ကယ်တင်ရှင်မဟုတ်ပါ။ ယုံကြည်ခြင်းကြောင့် အကျိုးမဖြစ်ထွန်းသေးပါ။ ယုံကြည်ခြင်းသည် ယေရှုရှင်၏လက်ကိုဆွဲကိုင်သောလက်တစ်စုံသာဖြစ်သေးသည်။ ကိုယ်တော်၏အကျင့်ကို ကျွန်ုပ်တို့လက်ခံခြင်း၊ အပြစ်ကိုကုစားခြင်း၊ ခွင့်လွှတ်ခြင်းအစစ်အမှန်ရရှိရန် ခရစ်တော်ထံသို့ နောင်တစိတ်နှင့်ကျွန်ုပ်တို့ပြန်လာရမည်။

“ကျွန်ုပ်တို့သည် မည်သို့ကယ်တင်ခြင်းရနိုင်မည်နည်း။” မောရှေသည် မြွေကိုတော၌မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်။

မြွေ၏လိမ်လည်ခြင်းခံရ၍ အကိုက်ခံရသူတိုင်းသည် မျှော်ကြည့်လျှင် အသက်ရှင်ရလိမ့်မည်။ "ယောဟန်သည်မြင်လျှင်၊ ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" (ယော၊ ၁း၂၉)။ ကပ်တိုင်တော်မှ အလင်းတန်းကြီးသည်လင်းလက်လျက် ဘုရားရှင်၏မေတ္တာတော်ကို ဖော်ပြနေသည်။ ကိုယ်တော်၏မေတ္တာတော်သည် ကျွန်ုပ်တို့ကို ကိုယ်တော်ထံသို့ဆွဲယူနေပါသည်။ ယင်းဆွဲယူနေခြင်းကို ကျွန်ုပ်တို့မငြင်းပယ်မိလျှင် ကျွန်ုပ်တို့သည် ကပ်တိုင်တော်ခြေတော်ရင်းသို့ ရောက်ရှိပါမည်။ အပြစ်ကို နောင်တရဝန်ချနိုင်မည်။ ကယ်တင်ရှင်ကိုသတ်ပစ်ခဲ့သောထိုအပြစ်ကို ကျွန်ုပ်တို့ငြင်းပယ်နိုင်မည်။ ယုံကြည်ခြင်းဖြင့် ဘုရားရှင်၏ဝိညာဉ်တော်သည် အသစ်သောအသက်တာကို ဆက်လက်ဖြစ်ပေါ်စေပါမည်။ အတွေးအခေါ်တိုင်း၊ အလိုဆန္ဒတိုင်းသည် ခရစ်တော်၏အလိုတော်ကိုဝန်ခံရန် နားထောင်မှုစွမ်းအားကိုပေးဝေနိုင်စေပါမည်။ စိတ်နှလုံးသားအတွေးအခေါ်သည် ကိုယ်တော်ရှင်၏ပုံသဏ္ဍာန်ကို အသစ်ဖြစ်စေလာပါမည်။ သို့ဖြစ်၍ ဘုရားရှင်၏ပညတ်တော်သည် ကျွန်ုပ်တို့၏စိတ်တွင်း၌ နှလုံးသားတွင်း၌ ရေးထားပေးပြီး ခရစ်တော်နှင့်အတူ "ကိုယ်တော်၏အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏" ဟုဆိုနိုင်လိမ့်မည် (ဆာ၊ ၄၀း၈)။ (The Desire of Ages, pp. 175, 176).

–၀–



## သင်ခန်းစာ (၅)
## ရှမာရိလူတို့၏သက်သေခံချက်
### အောက်တိုဘာလ ၂၆ – နိုဝင်ဘာလ ၁

**ဥပုသ်နေ့မွန်းလွဲပိုင်း** **အောက်တိုဘာလ ၂၆ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယော၊ ၄း၁–၄၂။ ယော၊ ၃း၂၆–၃၀။ ယေရမိ၊ ၂း၁၃။ ဇာခရိ၊ ၁၄း၈။ ယေဇကျေ၊ ၃၆း၂၅–၂၇။

### အလွတ်ကျမ်းချက်

**"ထိုမိန်းမအား၊ ယခုမြင်လျှင် ငါတို့သည် သင်၏စကားကြောင့်သာ ယုံကြည်သည်မဟုတ်၊ စကားတော်ကို ကိုယ်တိုင်ကြားနာရ၍ ဤသူသည် လောကီသားတို့ကို ကယ်တင်တော်မူသောသခင်တည်းဟူသော ခရစ်တော်အစစ်အမှန်ဖြစ်တော်မူကြောင်းကို သိသည်ဟုဆိုကြ၏" (ယော၊ ၄း၄၂)။**

ရှမာရိလူဟုဆိုသူတို့သည် မည်သူတို့ဖြစ်သနည်း။ ဣသရေလမြောက်ပိုင်းနိုင်ငံတော်တစ်ခြမ်းလုံးကို အာရှုရိလူမျိုးများမှ ဘီစီ ၇၂၂ တွင် တိုက်ခိုက်သိမ်းပိုက်၍ သုံ့ပန်းအဖြစ်ဖမ်းဆီးသွားသည်။ နိုင်ငံရေးတည်ငြိမ်မှုရှိစေရန် သုံ့ပန်းများကို တစ်စုတစ်ဝေးတည်းမထားဘဲ သူတို့၏နိုင်ငံအနှံ့ခွဲထားပြီး ဖမ်းဆီးထားသည်။ ထိုနည်းအတိုင်း အခြားနိုင်ငံမှသုံ့ပန်းများကို မြောက်ပိုင်းဣသရေလပြည်အတွင်းသို့ များစွာရောက်လာကြသည်။ ဤသို့ဖြင့် ရှမာရိလူမျိုးများဟူ၍ ပေါ်လာခြင်းဖြစ်သည်။ ထိုသူတို့သည် ယုဒဘာသာရေးကို မိမိတို့နည်းဟန်ဖြင့် ပုံစံပြုချမှတ်ကြသည်။

ယုဒလူတို့နှင့် ပြေပြစ်သောဆက်ဆံရေးမျိုးမရှိခဲ့ပါ။ ဗာဗုလုန်မှ ပြန်လာကြသောယုဒလူတို့သည် ယေရုရှလင်မြို့၌ ဗိမာန်တော်တည်ဆောက်ခြင်းအလုပ်ကို ရှမာရိလူတို့မှ ဆန့်ကျင်နှောင့်ယှက်ခဲ့ကြသည်။ မိမိတို့၏ကိုယ်ပိုင်

ဗိမာန်တော်ကို ဂရဇိမ်တောင်ပေါ်၌ တည်ဆောက်ကြသည်။ သို့သော် ထိုဗိမာန်တော်ကို ယုဒလူမျိုးအုပ်ချုပ်သူတစ်ဦးဖြစ်သော "ဂျွန်ဟိုက်ရခါးနပ်" (John Hyrcanus)က ဘီစီ ၁၂၈ တွင် ဖြိုချပစ်ခဲ့သည်။

ခရစ်တော်လောက၌ရှိစဉ်အချိန်တွင်လည်း ထိုသို့စိတ်ထားမျိုးရှိနေသည်။ ဂျူးလူမျိုးတို့သည် ရှမာရိလူတို့ကို အဖက်မလုပ်ချင်ကြ။ စီးပွားရေးသဘော သဘာဝအရအဆက်အသွယ်ပြုရသည့် သဘောရှိနေသည့်တိုင် ဂျူးတို့သည် ရှမာရိလူမျိုးဆိုလျှင် ပိုက်ဆံမချေး။ ဒုက္ခရောက်ပါစေ ရှမာရိလူတို့ထံအောက်ကျို့ မခံ။ ထိုသဘောမျိုးဖြင့် ရှိနေကြသည်တိုင် ယောဟန်သည် ယေရှုရှင်၏ စိတ်သဘောကို မှတ်တမ်းပြုထားသည်။ ရေတွင်း၌ ရှမာရိအမျိုးသမီးနှင့် လည်းကောင်း၊ ရှမာရိမြို့သူမြို့သားများနှင့်လည်းကောင်း တွေ့ဆုံရင်းနှီးသည့် အကြောင်းကို ယောဟန်မှမှတ်တမ်းတင်ခဲ့သည်။

## **တနင်္ဂနွေနေ့ — အောက်တိုဘာလ ၂၇ ရက်**

## **ပက်ပင်းရင်ဆိုင်ရပုံ**

ယော၊ ၄း၁–၄ ကိုဖတ်ပါ။ ယေရှုရှင်သည် ရှမာရိမြို့နယ်ကို ဖြတ်သွား ရခြင်းအကြောင်း မည်သို့ရှိခဲ့သနည်း။

---------------------------------------------

---------------------------------------------

ယေရှုရှင်၏တပည့်တော်များသည် ယောဟန် (နှစ်ခြင်းဆရာ) ၏ တပည့်များထက် လူများတို့ကို ပို၍နှစ်ခြင်းမင်္ဂလာပေးရကြောင်းကို ဖာရိရှဲတို့ သိရှိကြသည်။ ယင်းကဲ့သို့ဖြစ်လာသည့်အခြေအနေအတွက် နှစ်ဖက်သော တပည့်တော်တို့အကြား တင်းမာမှုကြီးရှိလာနိုင်သည်။ နှစ်ခြင်းဆရာယောဟန်၏ တပည့်တော်တို့သည် မိမိတို့၏ဆရာသည် အေးဆေးတည်ငြိမ်စွာ မပြောမဆို ဖြစ်နေခြင်းကြောင့် မိမိတို့ဆရာအတွက် မနာလိုဝန်တိုခြင်းဖြစ်နေကြသည် (ယော၊ ၃း၂၆–၃၀ ကိုနှိုင်းယှဉ်ဖတ်ပါ)။ ယောဟန်အနေဖြင့် အေးဆေး



တည်ငြိမ်စွာပင် "ထိုသခင်သည် တိုးပွားရမည်၊ ငါမူကား ဆုတ်ယုတ်ရမည်" (ယော၊ ၃း၃၀) ဟူ၍ အေးဆေးစွာပင် တုံ့ပြန်ပြောဆိုသည်။ အခြေအတင် အခြေအနေကို ရင်ဆိုင်ရမည်ကို ရှောင်ရှားခြင်းသဘောဖြစ်မည်။ ယေရှုရှင် သည် ယုဒပြည်ကိုချန်ထားပြီး ဂါလိလဲနယ်ဘက်သို့ ခရီးထွက်လာတော့သည်။ ယုဒပြည်နယ်နှင့် ဂါလိလဲပြည်နယ်ကြားတစ်လျှောက် ဆက်စပ်ပေးသော ဒေသမှာ ရှမာရိပြည်နယ်ပင်ဖြစ်သည်။ ခရီးသွားရာ၌ ယေရှုရှင်သည် ခရီး လမ်းသက်သက်သဘောမျိုးမထားပါ။ ထိုကြောင့် ဟိုဝင်ဒီထွက်လှည့်ပတ် သွားလာခဲ့သည်။ ယုဒပြည်မှ ဂါလိလဲပြည်သို့သွားရာတွင် ရှမာရိပြည်ကို မဖြတ်ဘဲ အခြားလမ်းလည်းရှိပါသည်။ ဂျူးစစ်စစ်တို့သည် ရှမာရိပြည်ကို မဖြတ်ဘဲ ပီရိ (Perea) ဘက်မှပတ်၍ ခရီးသွားကြသည်။ ယေရှုမှာမူ ရှမာရိပြည်၌ အမှုတော်ထမ်းရွက်ရန် တမင်ဝင်ရောက်ခဲ့သည်။

ယော၊ ၄း၅–၉ ကိုဖတ်ပါ။ ရေတွင်း၌ တွေ့ဆုံရသောအမျိုးသမီးကို ယေရှုရှင်မည်သို့စတင်စကားဆိုခဲ့သနည်း။

---------------------------------------------

---------------------------------------------

ယာကုပ်ရေတွင်းသည် ရှခင်မြို့နား၌ရှိနေသည်။ ထိုရှမာရိအမျိုးသမီး နေထိုင်သောမြို့နှင့် တစ်မိုင်ခန့်ရှိသည်။ ယေရှုရှင်သည် တပည့်တော်များ စားစရာဝယ်ယူရန် မြို့သို့ဝင်ရောက်ဝယ်ခြမ်းနေစဉ် ထိုရေတွင်း၌ကျန်နေ၍ ထိုင်နေတော်မူခဲ့သည်။ ရေတွင်းထဲမှ အေးမြကြည်လင်နေသောရေကို ခပ်၍ သောက်ရန်ခွက်မရှိ၊ ပုံးမရှိ၊ မည်သည့်အရာမျှမရှိပါ။ ကိုယ်တော်သည် ရှမာရိ အမျိုးသမီးတစ်ဦးရေခပ်လာသည်ကို တွေ့ခဲ့သည်။ ထိုအမျိုးသမီးထံမှရေတိုက်ရန် တောင်းဆိုခဲ့သည်။

ယော၊ ၃ ၌ ဂျူးတို့ကိုအုပ်ချုပ်ရသူ ရာဘိဆရာကြီးနိကောဒင် အကြောင်း ထူးဆန်းစွာဖတ်ရှုရသည်။ သူသည် မိမိကိုယ်ကိုနှိမ့်ချလျက် ယေရှုရှင်ထံသို့လာခဲ့သည်။ လူတွေ့မှာစိုးရိမ်၍ ညအမှောင်ထုလွှမ်းသောအချိန်မှ

လာခဲ့ရသည်။ သို့သော် ယော၊ ၄ ၌ နေပူသောအချိန်ကိုရွေးပြီး လူသူကို ရှောင်ရှားရန် အခြားမိန်းမများရေလာခပ်သောအချိန်နှင့် မဆုံမိရန်နေ၏ အလင်းဆုံး၊ အပူဆုံးအချိန်ကိုရွေးပြီး တိတ်တဆိတ်ရေလာခပ်ရသည်။ အခြားသူများမနက်နေအေးချိန်၊ ညနေအေးချိန်တွင် ရေလာခပ်တတ်သည်။ အဘယ်ကြောင့် နေပူကြဲကြဲအချိန်ကိုမှ တစ်မိုင်ဝေးသောခရီးကို ရေလာခပ်ရသနည်း။ ထိုအချိန်၌သာ လူရှင်း၍ မိမိကိုလူအများမမြင်နိုင်မှာဖြစ်သည်။ သို့သော်လည်း ယေရှုရှင်နှင့်မှ ပက်ပင်းသွားတိုးမိခဲ့သည်။ ယေရှုသည် သူမ၏ ဘဝအသက်တာကို ပြောင်းလဲပေးခဲ့သည်။ နောက်ထပ်ဖြစ်လာသောအကြောင်း မည်သို့ရှိသနည်း။ ဂျူးလူမျိုး၏ရာဘိဆရာသည် ယင်းနာမည်ပျက်သော ရှမာရိအမျိုးသမီးနှင့် နှိုင်းယှဉ်ကြည့်လျှင် အလွန်ခြားနားလှသည်။ သို့သော် မှတ်သားဖွယ်တွေ့ဆုံခြင်းဖြစ်ခဲ့သည်။

သင်၏ပတ်ဝန်းကျင်ထုံးစံဓလေ့နှင့်ဆိုင်၍ တစ်ပါးသူကို သက်သေခံနိုင်သောအခွင့်အရေး မည်သို့ရှိသနည်း။ သနားစရာကောင်းသောသူများကို ကျွန်ုပ်တို့မည်သို့အသက်တာပြောင်းလဲပေးနိုင်မည်နည်း။ ဥပုသ်နေ့ရောက်လျှင် သင်၏အတန်းသားများကို အဖြေပေးနိုင်ရန် ကြိုတင်လေ့လာပြီး ဆွေးနွေးဖြေဆိုပေးပါ။

**တနင်္လာနေ့** **အောက်တိုဘာလ ၂၈ ရက်**

**ရေတွင်း၌တွေ့သောအမျိုးသမီး**

ယော၊ ၄း၇–၁၅ ကိုဖတ်ပါ။ ယေရှုသည် မိမိနှင့်ပက်ပင်းတိုးခဲ့သော အမျိုးသမီးကို မည်သို့စတင်သက်သေခံစကားပြောကြားသနည်း။

---------------------------------------------

---------------------------------------------



"ဂျူးနှင့်ရှမာရိတို့၏ အာကာတအမုန်းတရားကြောင့် မိန်းမသည် ယေရှုကို ကြင်နာသနားခြင်းပြသရန် အခွင့်မသာခဲ့ပါ။ သို့သော် ကယ်တင်ရှင်သည် ထိုမိန်းမ၏နှလုံးသားကိုဖွင့်နိုင်သောသော့တစ်ချောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။ ယေရှုသည် ကြင်နာမှုတစ်ခုခုကို ကမ်းလှမ်းမည်ဆိုပါက ငြင်းပယ်ခြင်းခံရနိုင်သည်။ ထိုကြောင့် ကမ်းလှမ်းမှုမလုပ်ဘဲ တောင်းဆိုမှုကိုပြုလုပ်ခဲ့သည်။ ယုံကြည်မှုသည် ယုံကြည်မှုကိုနိုးထစေသည်။" (Ellen G. White, The Desire of Ages, p. 184).

နိကောဒင်နှင့် ကိုယ်တော်ဆုံတွေ့ခိုက်မှာ ယေရှုရှင်သည် လူတစ်ဦး၏စိတ်ကို သိရှိနားလည်ထားပြီးသားဖြစ်သည်။ ထိုနည်းတူစွာ အမျိုးသမီး၏စိတ်ကိုလည်း နားလည်သည်။ ရေတွင်း၌ ထိုမိန်းမကိုဆုံသောအခါမှာ ဂျူးတစ်ဦးဖြစ်နေသော်လည်း ရှမာရိအမျိုးသမီးကြီးကို ယဉ်ကျေးစွာတောင်းဆိုမှုပြုခဲ့သည်။ ယေရှုသည် ဆိုလိုရင်းတည့်တည့်ပင် ပြောချလိုက်တော့သည်။ "ငါသောက်ဖို့ရေပေးပါဟုဆိုသောသူကား အဘယ်သူဖြစ်သည်ကို သင်သည်သိလျှင် ထိုသူကိုတောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကိုပေးလိမ့်မည်ဟု မိန့်တော်မူ၏" (ယော၊ ၄း၁၀)။

မိန်းမသည်လည်း နိကောဒင်စကားမျိုးကဲ့သို့ပင် လူသည် အမိဝမ်းပြန်ဝင်၍ တစ်ဖန်မွေးဖွားရမည်ဆိုလျှင် မည်သို့ဖြစ်နိုင်မည်နည်း (ယော၊ ၃း၉)။ ရှမာရိအမျိုးသမီးသည်လည်း ယင်းစကားမျိုးအတိုင်းပင် တုံ့ပြန်လာသည်။ "မိန်းမက သခင်၌ရေခပ်စရာမရှိ၊ ရေတွင်းလည်းနက်သည်ဖြစ်၍ အသက်ရေကို အဘယ်သို့ရပါမည်နည်း" (ယော၊ ၄း၁၁)။ ပြဿနာနှစ်ရပ်လုံး၌ ယေရှုရှင်သည် ဂျူးတို့၏ရာဘိဆရာနှင့် ရှမာရိမိန်းမတို့နှစ်ဦးလုံးကို တူညီသောညွှန်ပြချက်တစ်ခုကိုပြုခဲ့သည်။ သူတို့နှစ်ဦးလုံးသည် ဝိညာဉ်ရေးသမ္မာတရားလမ်းအကြောင်းကို ကြားသိနားလည်သွားရန် လိုအပ်နေသည်။ ပြဿနာတစ်ခုစီတိုင်း၌ ယေရှုရှင်သည် အခြေခံကျသောအကြောင်းကို တသမတ်တည်း ပြောကြား

ပေးခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ သူတို့၌ပြောင်းလဲနိုင်ရန်လိုအပ်ကြောင်း သွန်သင်ပေးခြင်းဖြစ်သည်။

ယေရှုရှင်ပြောကြားသောအသက်ရေနှင့်ပတ်သက်သည့် ဓမ္မဟောင်းကျမ်းမှတ်တမ်း မည်သို့ရှိသနည်း (ယေရမိ၊ ၂း၁၃။ ဇာခရိ၊ ၁၄း၈)။

---

---

သတ္တဝါတိုင်းအသက်ရှင်နိုင်ရန် ရေသည် မရှိမဖြစ်ပါ။ ထိုနည်းအတိုင်းပင် ထာဝရအသက်ရှင်နိုင်ရန် အသက်ရေသည် အထူးအရေးကြီးသည်။ ယေရှုရှင်မိန့်တော်မူသောစကားမှာ "ငါပေးသောရေကိုသောက်သောသူမူကား၊ ရေငတ်ခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်ရှင်ခြင်းအလိုငှာ ထွက်သောစမ်းရေဖြစ်လိမ့်မည် (ယော၊ ၄း၁၄)။

ယော၊ ၇း၃၇–၃၈ ကိုဖတ်ပါ။ ယေရှုရှင်မည်သို့ဆိုသနည်း။ မည်သည့်ကတိတော်ကို ကျွန်ုပ်တို့မြည်းစမ်းနေရပါသနည်း။

**အင်္ဂါနေ့ အောက်တိုဘာလ ၂၉ ရက်**

**သခင်၊ ထိုရေကိုကျွန်ုပ်အားပေးပါ**

"သင်တို့အပေါ်သို့ သန့်ရှင်းသောရေကိုဖျန်းသဖြင့်၊ သင်တို့ကို ခပ်သိမ်းသောအညစ်အကြေးမှစ၍ ခပ်သိမ်းသောရုပ်တုတို့နှင့် ကင်းစင်စေမည်။ စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကိုသွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲကကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကိုပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့သွင်းပေးသဖြင့်၊ သင်တို့သည် ငါ၏တရားလမ်းသို့လိုက်၍၊ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည် (ယေဇကျေ၊ ၃၆း၂၅–၂၇)။

ယေဇကျေ၊ ၃၆း၂၅–၂၇ သည် နိကောဒင်နှင့် ရေတွင်းသို့ရောက်လာသောမိန်းမတို့၏စိတ်နှလုံးအတွင်းသို့ ယေရှုရှင်မှ မည်သို့သောအမှန်တရားကို သွင်းပေးသနည်း။





---

---

ကိစ္စနှစ်ရပ်လုံး၌ ယေရှုရှင်သည် ထိုလူများကို ဝိညာဉ်ရေးရာသမ္မာတရားအစစ်အမှန်ကို သွတ်သွင်းပေးနေသည်။ လောကသဘာဝတရားနှင့်စပ်လျဉ်းသောပုံပမာကို ကိုယ်တော်အသုံးပြုနေသည့်တိုင် ဝိညာဉ်ရေးရာသမ္မာတရားကိုသွင်းပေးနေပါသည်။

ပုဂ္ဂိုလ်နှစ်ဦးလုံးသည် နားမလည်နိုင်ခဲ့ပါ။ ပထမပုဂ္ဂိုလ်နိကောဒင်သည် အမိဝမ်းသို့ပြန်ဝင်၍ တစ်ဖန်မွေးဖွားရမည့်ကိစ္စ ယေရှုရှင်ပြောသောစကားကို လုံးဝအဓိပ္ပာယ်နားမလည်ပါ။ လူသည် တစ်ဖန်မွေးဖွားနိုင်မည်လား။ နိကောဒင်သည် လူသားပုထုဇဉ်တို့၏ အတွေးရိုးရိုးဖြင့်သာ တွေးတောနေသည်။ ယေရှုရှင်အနေဖြင့် ဝိညာဉ်ရေးရာသမ္မာတရားကို ညွှန်ပြပေးနေသည့်တိုင် နိကောဒင်လုံးဝနားမလည်ပါ။ ထိုနည်းတူ ရေတွင်း၌တွေ့သောအမျိုးသမီးသည်လည်း ရေအကြောင်းဖြင့် ယေရှုရှင်သည် ဝိညာဉ်ရေးရာသမ္မာတရားကို ယှဉ်တွဲပြသော်လည်း ရိုးရိုးဟုပင်စိတ်အထင်ရောက်နေသည်။

အမျိုးသမီးသည် ယေရှုရှင်ကိုတုံ့ပြန်ရာ၌ "အကျွန်ုပ်ကို ထိုရေအားပေးပါ။" ထာဝရအသက်ရေမှန်းကိုမသိ။ "မိန်းမကလည်း သခင်၊ အကျွန်ုပ်သည် ရေငတ်ခြင်းနှင့်လည်းကောင်း ကင်းလွတ်မည်အကြောင်း ထိုရေကိုပေးပါဟု တောင်း၏ (ယော၊ ၄း၁၅)။ သူမ၏စိတ်၌ ကိုယ်တော်ရှင်ယေရှုပေးမည့်ရေသည် ရေတွင်းထဲ၌ ခပ်ယူဆွဲတင်ရမည့်ရေမျိုးဟု ယုံကြည်နေသည်။ လူများနှင့်လည်း မျက်နှာချင်းဆိုင်မြင်တွေ့နေရန်မလိုတော့ပါ။ ယေရှုရှင်သည် မိန်းမနှင့်စကားပြောဆိုရာ ချက်ချင်းဆိုသလို မိန်းမသည် ကိုယ်တော်ထံမှရေတစ်မှတ်ကို တောင်းခံလေတော့သည်။

ယော၊ ၄း၁၆ ကိုဖတ်ပါ။ ယေရှုသည် မိန်းမ၏တောင်းဆိုခြင်းကို မည်သို့တုံ့ပြန်ခဲ့သနည်း။

---

---

ယေရှုသည် ရုတ်တရက်စကားလမ်းကြောင်းကို ပြောင်းပစ်လိုက်သည်။ ထိုအမျိုးသမီးအားအိမ်ကိုပြန်စေပြီး ခင်ပွန်းသည်ကိုခေါ်လာခိုင်းသည်။ ပြောဆိုနေသောအကြောင်းအရာကို အဘယ်ကြောင့်စကားလမ်းလွှဲပစ်သနည်း။ အမျိုးသမီး၏အမူအရာမှာ ကိုယ်တော်၏စကားကိုကြားရသည်နှင့် အင်တင်တင်ဖြစ်သွားသည်။ ယေရှုရှင်သည် သူမ၏စိတ်ကိုထိုးထွင်းသိမြင်နိုင်သည်။ သူမ၏အခြေအနေမှာ ကုသမှုခံယူစရာအခြေအနေရှိနေပါသည်။ ကိုယ်တော်ပေးမည့်ဆုကျေးဇူးလက်ခံရရှိနိုင်ရန် သူမသည် အပြစ်ကိုဝန်ခံရမည်။ ကယ်တင်ရှင်ကိုလည်း လက်ခံရမည်။ ထိုမှသာ ဆုကျေးဇူးအပြည့်အဝခံစားရရှိနိုင်မည်ဖြစ်သည်။ (Ellen G. White, The Desire of Ages, p. 187).

**ဗုဒ္ဓဟူးနေ့** **အောက်တိုဘာလ ၃၀ ရက်**

**ယေရှုရှင်၏ဖော်ပြချက်**

ယော၊ ၄း၁၆–၂၄ ကိုဖတ်ပါ။ ကိုယ်တော်သည် ထိုမိန်းမ၏လျို့ဝှက်နက်နဲဖုံးကွယ်ထားသမျှကို သိရှိထားကြောင်း မည်သို့ဖော်ပြသနည်း။ သူမကလည်း မည်ကဲ့သို့တုံ့ပြန်ခဲ့သနည်း။

---

---

အလင်းကိုတည့်တည့်ကြည့်လျှင် မခံနိုင်ပါ။ မိန်းမသည် ယေရှုကိုပုရောဖက်အဖြစ်လက်ခံစဉ်အတွင်းမှာပင် အင်တင်တင်ဖြစ်သွားပြန်သည်။ ယေရှုရှင်ကို ဂျူးနှင့်ရှမာရိအကြား ကွာဟနေသောဘာသာရေးအတိုက်အခံကိစ္စအကြောင်းကို မေးမြန်းပြန်သည်။ မည်သည့်နေရာ၌ ဝတ်ပြုကိုးကွယ်ရန်ကောင်းမည်အကြောင်း မေးမြန်းခဲ့သည်။



ယေရှုရှင်ပြန်၍တုံ့ပြန်ချက်အရ၊ ရှမာရိလူတို့သည် မည်သည့်အရာကိုကိုးကွယ်နေကြောင်း မသိကြပါ။ သူတို့ကိုးကွယ်နေသောအရာသည် ယုဒလူတို့နှင့် တစ်ပါးအမျိုးသားတို့ကိုးကွယ်ခြင်းများရောပွန်းနေသည်။ ယုဒလူတို့ကိုးကွယ်သောဘုရားရှင်ထာဝရဘုရားသည် မိမိကိုယ်ကိုထင်ရှားပြသသောဘုရားဖြစ်သည်။ ရှမာရိလူအတွက် အလွန်အရေးကြီးသော နောက်ထပ်ဝန်ခံမှုတစ်ရပ်ဖြစ်သည်။

စစ်မှန်သောဘုရားကိုကိုးကွယ်ခြင်းဆိုရာ၌ နေရာဒေသအစွဲထားရန်မလိုပါ။ ထိုကြောင့် အချေအတင်အပြန်အလှန်ဆွေးနွေးပြောဆိုရာ၌ ဝတ်ပြုကိုးကွယ်ခြင်းသည် နေရာဒေသအဓိကမဟုတ်ကြောင်းနှင့် ထာဝရဘုရားသည်နာမ်ဝိညာဉ်သာဖြစ်ကြောင်းသွန်သင်သည်။ ထိုကြောင့် ထာဝရဘုရားကိုကိုးကွယ်သူသည် ဝိညာဉ်ရေးနှင့်သမ္မာတရားအတိုင်း ကိုးကွယ်ရန်သာဖြစ်သည်။ အမျိုးသမီးသည် ယေရှုရှင်သွန်သင်သောစကားတော်ကို ရှင်းရှင်းလင်းလင်းလက်ခံသွားသည်။ ဆက်လက်၍ကိုးကွယ်ယုံကြည်ရန် အဆင်သင့်ရှိသည်။

ယော၊ ၄း၂၅၊ ၂၆ ကိုဖတ်ပါ။ ယေရှုရှင်သည် အမျိုးသမီး၏ရှေ့၌ မိမိကိုယ်ကို မည်သို့ဖော်ပြခဲ့သနည်း။

---

---

ခရစ်ဝင်ကျမ်းလေးကျမ်းလုံး၌ ဖော်ပြပါစကားကို ယေရှုရှင်သည် စုံစမ်းစစ်ဆေးခြင်းမခံရမီ မိမိကိုယ်ကိုမေရှိယဟု ပေါ်တင်ကြေညာခဲ့သောစကားဖြစ်၍ တစ်ကြိမ်သာလျှင်ဖော်ပြထားသည်။ လူထုရှေ့၌လည်း ကိုယ်တော်မပြောခဲ့၊ အရေးကြီးပုဂ္ဂိုလ်တစ်ဦးဦးကိုလည်း ပြောဆိုခဲ့ခြင်းမျိုးမလုပ်ပါ။ အမည်မသိရသောရှမာရိအမျိုးသမီးကိုသာ ယေရှုရှင်ပြောပြခဲ့သည်။ ယာကုပ်ရေတွင်း၌ဖြစ်သည်။ ကိုယ်တော်သည် အထီးကျန်ခံစားရသူ၊ တစ်ကိုယ်တည်းအဖော်ကွဲနေသူကို စိတ်ဝင်စားတော်မူသည်။

သို့ဖြင့် ယင်းအမျိုးသမီးသည် ယဉ်ကျေးမှုနှင့်မညီ စာရိတ္တမမြင့်မြတ်သော်လည်း ယေရှုရှင်သည် မိမိကိုယ်ကိုမည်သူမည်ဝါဖြစ်ကြောင်း အသိပေးဖွင့်ပြောခဲ့သည်။ သူမဝှက်ထားသောဘဝ၏အမှောင်ခန်းဇာတ်လမ်းကိုပင် ယေရှုရှင်သည် ပညာသမာအသိဖြင့် ဖွင့်ပြပေးတော်မူခဲ့သည်။ ယင်းအမျိုးသမီးအားလည်း ယေရှုရှင်သည် မိမိကိုယုံကြည်ရန် အခိုင်လုံဆုံးသောအကြောင်းပြချက်အတိအကျကိုပေးခဲ့သည်။

ဧဝံဂေလိလုပ်ဆောင်ချက်သည် ကြား၌ထားသောအကာအရံကို ဖြိုချပစ်၍ လူတို့ဖန်တီးထားသမျှ အကာအကွယ်ကိုရှင်းလင်းပစ်နိုင်ကြောင်း ကျွန်ုပ်တို့ကိုသွန်သင်ပေးထားပါသလား။

## ကြာသပတေးနေ့ — အောက်တိုဘာလ ၃၁ ရက်

## ရှမာရိလူတို့၏သက်သေခံချက်

ယောၢ ၄း၂၇–၂၉ ကိုဖတ်ပါ။ ထိုမိန်းမသည် မည်သည့်အံ့ဖွယ်လုပ်ရပ်ကိုပြုခဲ့သနည်း။

________________________________________________

________________________________________________

တပည့်တော်တို့ပြန်ရောက်လာကြသောအခါ ယေရှုရှင်နှင့်အမျိုးသမီးတို့ပြောဆိုနေသောအကြောင်းအရာများ စကားစပ်ပြတ်သွားသည်။ ရှမာရိမိန်းမနှင့် စကားလက်စုံပြောနေသည်ကို တပည့်တော်တို့အံ့သြကြသော်လည်း မည်သည့်အပြစ်တင်အတွန့်တက်စကားမျိုးကိုမျှ တပည့်တော်တို့မဆိုဘဲ ကိုယ်တော်ကိုသာအစာစားရန် တိုက်တွန်းတော်မူခဲ့ကြသည်။

ထိုမိန်းမသည် မိမိ၏ရေအိုးကိုချထားခဲ့ပြီး မြို့တွင်းသို့အလျင်အမြန်ပြေးကာ ယေရှုရှင်နှင့်ဆုံတွေ့ခဲ့ရသည်အကြောင်းကို မြို့ရှိလူတို့အား ပြောပြသက်သေခံတော့သည်။



ယောၢ ၄း၃၀–၄၂ ကိုဖတ်ပါ။ ရုတ်တရက်မထင်မှတ်ဘဲတွေ့ဆုံခဲ့ကြသော်လည်း နောက်ဆက်တွဲဖြစ်ရပ်ကြောင့် ဧဝံဂေလိလုပ်ဆောင်ဖြန့်ချိရာတွင် မည်သည့်သင်ခန်းစာရရှိနိုင်သနည်း။

________________________________________________

________________________________________________

ဝင်းမှည့်သောစပါးခင်းကို ရိတ်သိမ်းခြင်းအကြောင်းသွန်သင်သောယေရှုရှင်၏စကားကို မြို့သူမြို့သားများ၏ပြောင်းလဲခြင်းအကြောင်းမှ အဆက်ပြတ်စေခဲ့သည်မှာ မဖြစ်သင့်သကဲ့သို့မြင်ရနိုင်သည်။ သို့သော် ယောဟန်သည် ယေရှုရှင်ကြိုသိထားနှင့်သောအရာကို ကျွန်ုပ်တို့အားသိစေလိုပါသည်။ ရှမာရိအမျိုးသမီးကို ကယ်တင်ခြင်းစီမံကိန်းအကြောင်းဝေငှပြောကြားရာ၌ ကိုယ်တော်သည် အစာကိုစားသောက်ရန်ထက်ပို၍ တန်ဖိုးထားသည်။ ကိုယ်တော်၏ရည်ရွယ်ချက်မှာ ဝိညာဉ်ကိုကယ်တင်ရန်အတွက်ဖြစ်သည်။ ယင်းအခြေအနေမျိုးကို အမိအရကိုယ်တော်ဆွဲယူပြီး အလျင်အမြန်ဧဝံဂေလိဖြန့်ချိရန်လိုအပ်ကြောင်းအား တပည့်တော်တို့ကိုသင်ကြားပေးခြင်းဖြစ်သည်။ မိမိတို့နှင့်လူမျိုးမတူ၊ ယဉ်ကျေးမှုမတူသူများဖြစ်သော်လည်း ကယ်တင်ခြင်းစီမံကိန်းကိုဝေငှဟောပြောပေးရမည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ အလွန်မှပင်ကြီးမြတ်သောအကြောင်းအချက်ကိစ္စများပါရှိနေပါသည်။ ထိုအထဲတွင် ယောၢ ၄း၃၉–၄၁ သည်လည်းပါဝင်နေသည်။ ရေတွင်း၌တွေ့သောအမျိုးသမီး၏သက်သေခံချက်ကြောင့် မြို့သူမြို့သားများတို့ယုံကြည်သက်ဝင်မှုရှိလာကြသည်။ ရှမာရိအမျိုးသမီး၏သက်သေခံချက်စကားမှာ “အကျွန်ုပ်ပြုဖူးသမျှသောအမှုအရာတို့ကို ထိုသူသည်ထုတ်ဖော်ပြီး” (ယောၢ ၄း၃၉)။

ရှမာရိလူတို့သည် ယေရှုကို သူတို့နှင့်အတူနေရန် သွန်သင်ပေးရန်ဖိတ်ခေါ်ခဲ့ကြသည်။ ရလဒ်မှာ များစွာသောသူတို့ထပ်မံ၍ ယုံကြည်သက်ဝင်လာကြပြန်သည်။ ယေရှုရှင်ပြောသမျှကိုလက်ခံကြသည်။ “ထိုမိန်းမအား ယခု

ဖြစ်လျှင် ငါတို့သည် သင်၏စကားကြောင့်သာ ယုံကြည်သည်မဟုတ်၊ စကားတော်ကို ကိုယ်တိုင်ကြားနာရ၍၊ ဤသူသည် လောကီသားတို့ကို ကယ်တင်တော်မူသောသခင်တည်းဟူသော ခရစ်တော်အမှန်စင်စစ်ဖြစ်တော်မူကြောင်းကို သိသည်ဟု ဆိုကြ၏” (ယော၊ ၄း၄၂)။

အထက်ပါအကြောင်းအရာမှ ကျွန်ုပ်တို့ရရှိနိုင်သောသင်ခန်းစာမှာ လူတစ်ဦးတည်း၏သက်သေခံခြင်းဖြစ်သော်လည်း မည်မျှအားကောင်းပြီး သက်ရောက်မှုကြီးကြောင်းကို ညွှန်ပြပေးသည်မျိုးဖြစ်ပါသလား။ သင်၏အသက်တာတစ်လျှောက် အားကြီးသောသက်သေခံခြင်းမျိုးဖြစ်လာရန် ယေရှုရှင်သည် သင့်ကိုမည်သို့ကူညီခဲ့ဖူးသနည်း။

## သောကြာနေ့ နိုဝင်ဘာလ ၁ ရက်

## ဆက်လက်လေ့လာရန်။

Ellen G. White, “At Jacob’s Well,” pp. 183-195, in The Desire of Ages ကိုဖတ်ပါ။

ရှမာရိအမျိုးသမီးသည် ကယ်တင်ရှင်ကိုတွေ့ရှိပြီးသည်နှင့် အခြားသူများကိုလည်း ကိုယ်တော်ထံသို့ခေါ်ဆောင်လာတော့သည်။ မိမိသည် ထိရောက်သောသာသနာပြုတစ်ဦးကဲ့သို့ တပည့်တော်များထက်ပင် သာလွန်ကြောင်း လက်တွေ့ပြသနိုင်သည်။ တပည့်တော်တို့သည် ရှမာရိပြည်၌ သာသနာလုပ်ဆောင်ရန်အတွက် မမြင်မတွေ့ခဲ့ကြပါ။ သူတို့၏အတွေး၌ လာမည့်အနာဂတ်အချိန်အမှုတော်ကို ကြီးကြီးကျယ်ကျယ်မည်သို့လုပ်ဆောင်မည်အကြောင်းကိုသာ စဉ်းစားကြသည်။ သူတို့ပတ်လည်၌ ဝင်းမှည့်နေသောစပါးခင်းကို ချက်ချင်းရိတ်သိမ်းရန်ကိုမူ သတိမထားကြပါ။ သို့သော် သူတို့အထင်အမြင်သေးခဲ့သောမိန်းမသည် တစ်မြို့လုံးရှိလူထုကြီးကို ကယ်တင်ရှင်ထံခေါ်ဆောင်လာပေးနိုင်ခဲ့သည်။ သူမ၏မြို့သူမြို့သားအပေါင်းအတွက် အလင်းတရားကို ချက်ချင်းသယ်ဆောင်လာပေးနိုင်ခဲ့သည်။



“ထိုမိန်းမသည် ခရစ်တော်ကိုယုံကြည်သည့်အရာ၌ လက်တွေ့ပြသသူတစ်ဦးအဖြစ် ကိုယ်စားပြုသပေးနိုင်ခဲ့သည်။ စစ်မှန်သောတပည့်တော်တိုင်း ဘုရားရှင်၏နိုင်ငံတော်တည်ဆောက်ရေးအတွက် မွေးဖွားလာခြင်းဖြစ်သည်။ သာသနာပြုတစ်ဦးကဲ့သို့မွေးဖွားလာသည်။ အသက်ရေကို သောက်သုံးမိသူတိုင်း အသက်စမ်းရေတွင်းဖြစ်လာတော့သည်။ တစ်ချိန်၌ ခံယူသူဖြစ်သော်လည်း ပေးဝေသူဖြစ်လာတော့သည်။ ဝိညာဉ်များအတွက် ခရစ်တော်၏ကရုဏာတော်သည် ကန္တရခြောက်သွေ့သောအရပ်၌ ထွက်သောစမ်းရေနှင့်တူသည် အားလုံးအတွက်လန်းဆန်းမှုပေးစေပါသည်။ သေလုမျောပါးနေသူများသည် အသက်စမ်းရေကိုသောက်မိလျှင် ချက်ချင်းပြန်လည်လန်းဆန်းအသက်ရှင်ရသောအခွင့်ရရှိတော့သည်။” (Ellen G. White, The Desire of Ages, p. 195).

–ဝ–

## သင်ခန်းစာ (၆)
# ယေရှုအကြောင်းပို၍သက်သေခံချက်များပြားလာခြင်း
## နိဝင်ဘာလ ၂ – ၈

**ဥပုသ်နေ့မွန်းလွဲပိုင်း** **နိုဝင်ဘာလ ၂ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယော၊ ၃း၂၅–၃၆။ ယော၊ ၁း၃၂–၃၆။ ဒံ၊ ၇း၁၈။ ယော၊ ၆း၅၁–၇၁။ ယော၊ ၅း၁၆–၃၈။ ယော၊ ၇း၃၇–၅၃။

**အလွတ်ကျမ်းချက်**

**"ငါသည်လည်း မြေကြီးနှင့်ခွာ၍ မြှောက်ထားခြင်းကိုခံရလျှင်၊ လူအပေါင်းတို့ကို ငါ့ထံသို့ငါဆွဲမည်ဟုမိန့်တော်မူ၏" (ယော၊ ၁၂း၃၂)။**

ယေရှုရှင်သည် မိမိအကြောင်းနှင့်ပတ်သက်၍ ကိုယ်တော်သည် မိမိ မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သူကစေလွှတ်ကြောင်း၊ မည်သည့်အရပ်မှ လာကြောင်းကို ပြောနေရုံမျှတင်မဟုတ်ပါ။ မိမိကိုယ်တိုင်ပြသသောနိမိတ် လက္ခဏာများဖြင့် မိမိသည် မည်သူဖြစ်ကြောင်းကို လက်တွေ့ပြသသည်။ အချို့သူတို့မှ ပွင့်ပွင့်လင်းလင်းဖြင့် ယေရှုရှင်သည် မည်သူဖြစ်ကြောင်းကို သက်သေခံခဲ့သည်။ "ခရစ်တော်သည် ကြွလာတော်မူသောအခါ ဤသူပြသော နိမိတ်လက္ခဏာထက်သာ၍ များသောနိမိတ်လက္ခဏာကိုပြတော်မူမည်လောဟု ဆို၏" (ယော၊ ၇း၃၁)။

ကိုယ်တော်သည် မိမိဆိုသောစကားကို မှန်ကန်ကြောင်းကို အလုပ်ဖြင့် သက်သေပြသည်။

သို့သော် အကြောင်းကြောင်းကြောင့် လူထုကြီးအကြား အကွဲအပြဲ၊ သဘောထားမညီညွတ်ခြင်းများ စတင်ဖြစ်ပေါ်လာသည်။ ဗေသေသဒရေအိုင် နားရှိ ခြေလက်သေသူကိုကုစားပေးပြီး ပျောက်ကင်းသွားစေသောအမှုအတွက်



ယုဒခေါင်းဆောင်တို့ကို ဒေါသထစေပါသည်။ ကပေရနောင်၌ ဆွေးနွေးပွဲ ပြီးဆုံး၍ လူငါးထောင်ကို ယေရှုရှင်ကျွေးမွေးခြင်း နိမိတ်လက္ခဏာအတွက် ကြောင့်လည်း ယေရှုကို လူထုကြီးမှ သိပ်လက်မခံလိုတော့သောရလဒ်ထွက်ပေါ် လာသည်။ လာဇရု၏ရှင်ပြန်ထမြောက်ခြင်းကိစ္စသည် အချို့လူကိုယုံကြည်ခြင်း အားကောင်းလာစေသည်မှန်သော်လည်း အချို့လူတို့သည် သခင်ယေရှုကို နှိပ်စက်ရန်၊ ညှဉ်းပန်းရန်၊ ဖမ်းဆီးအသေသတ်ပစ်ရန်အထိ စိတ်ရိုင်းများဝင် လာစေသည်။

ယခုအပတ်သင်ခန်းစာမှာ ယေရှုရှင်အကြောင်းကို သက်သေခံသောသူ အချို့တို့၏ရာဇဝင်အကြောင်းကို လေ့လာရပါမည်။ အကြောင်းအရာတစ်ခု ချင်း၌ ယေရှုရှင်သည် အမှန်တစ်ကယ်မည်သူဖြစ်ကြောင်းကို ဖော်ပြကြသည်။ အကြောင်းအရာအားလုံးကို ပေါင်းလိုက်သည့်အခါ ပို၍လေးနက်သောအမြင်ဖြင့် ယေရှုသည် မေရှိယဖြစ်ကြောင်းကို သိရှိနားလည်နိုင်သည်။

**တနင်္ဂနွေနေ့** **နိုဝင်ဘာလ ၃ ရက်**

**နှိမ့်ချသောသဘောထားကို နှစ်ခြင်းဆရာယောဟန်မှ တစ်ဖန်ထပ်မံ ပြသသည်**

သင်ခန်းစာ ၂ ၌ ယောဟန်သည် နှိမ့်ချလျက် သက်သေခံခြင်း ကြောင့် ပထမဦးဆုံး အန္ဒြေနှင့်ယောဟန်၊ ပေတရု၊ ဖိလိပ္ပုနှင့် နာသနေလတို့ ယေရှု၏အထံတော်သို့ လာရောက်တပည့်ခံကြသည်။ သက်သေခံခဲ့ပြီးဖြစ်သော ကြောင့် နှစ်ခြင်းဆရာယောဟန်အကြောင်း ထပ်၍ပေါ်လာစရာမလိုအပ်တော့ ဘူးဟူ၍ ယူဆနိုင်သော်လည်း ယောဟန်၏အကြောင်းသည် ခရစ်ဝင်ကျမ်းတွင် ထပ်ခါထပ်ခါပြန်၍ပေါ်လာပါသည်။

ယော၊ ၃း၂၅–၃၆ ကိုဖတ်ပါ။ နှစ်ခြင်းဆရာယောဟန်သည် မိမိ ကိုယ်ကို ယေရှုရှင်နှင့် မည်သို့နှိုင်းယှဉ်ထားသနည်း။

____________________________________________

____________________________________________

ယောဟန်၏တပည့်များအချင်းချင်းနှင့် နာမည်မဖော်ပြသောယုဒလူတစ်ဦးတို့သည် ထုံးစံဓလေ့အရ သန့်ရှင်းဖြူစင်ဆေးကြောခြင်းကိစ္စကို ငြင်းခုန်ကြသည်။ အထူးသဖြင့် နှစ်ခြင်းမင်္ဂလာခံယူခြင်းအကြောင်းဖြစ်ဟန်ရှိသည် (မာ၊ ၁း၄၊ ၅)။

စိတ်ဝင်စားစရာအကြောင်းမှာ ယောဟန်၏တပည့်များသည် ထိုအငြင်းအပွားကိစ္စ၏အဖြေတောင်းခံရန် မိမိတို့၏ဆရာဆီပြန်လာပြီး ယေရှုအကြောင်းကိုပါ အစီရင်ခံကြသည်။ "ကိုယ်တော်သက်သေပေးသောသူသည် ဗတ္တိဇံကိုပေးလျက်နေ၏။ ထိုသူထံသို့ လူအပေါင်းတို့သည် ရောက်ကြပါ၏" (ယော၊ ၃း၂၆) ဟု မနာလိုသောသဘောဖြင့် တင်ပြကြသည်။ ယေရှုရှင်ကို မနာလိုသောသဘောပင်ဖြစ်သည်။ မိမိတို့၏ဆရာသခင်အတွက်ကိုယ်စား မနာလိုပေးခြင်းဖြစ်သည်။ မိမိတို့ကိုယ်တိုင်အတွက်လည်း မနာလိုမရှုစိမ့်ဖြစ်နေကြသည်။

ထိုမနာလိုမှုအတွက် ယောဟန်သည် မကျေနပ်သောစကားကိုလိုက်လျော၍ ပြောဆိုရန်လည်း မခက်ခဲပါ။ သို့သော် ယောဟန်ထိုသို့မလုပ်ပါ။ ယောဟန်သည် မိမိ၏ကဏ္ဍတာဝန်အပိုင်းကို ကောင်းစွာနားလည်ထားသည်။ မိမိ၏တပည့်တော်တို့ကိုပင် မိမိသည် ခရစ်တော်လုံးဝမဟုတ်ကြောင်းကို သတိပေးလိုက်သေးသည်။ သေချာစဉ်းစားဆင်ခြင်တတ်၍ သူသည် မည်သည့်တာဝန်ကိုယူနေရသည့်အကြောင်းကို ကောင်းစွာသိရှိထားသောကြောင့် ကိုယ်တော်အတွက် မေရှိယကယ်တင်ရှင်အတွက် ရှေ့ပြေးလမ်းခရီးပြင်ဆင်ပေးရသူသာဖြစ်ကြောင်း၊ ယေရှုရှင်အတွက် သက်သေခံပေးရန်အတွက်သာဖြစ်ကြောင်း အတိအကျနားလည်ထားသောကြောင့်ဖြစ်သည် (ယော၊ ၁း၆–၈)။

မင်္ဂလာဆောင်ပွဲကိုပုံပမာပြု၍ ဥပမာစကားပြောကြားရာ၌လည်း သူသည် မိမိကိုယ်ကို သတို့သား၏မိတ်ဆွေသာဖြစ်ကြောင်းနှင့် ယေရှုသည် သတို့သားဟု တင်စားထားသည်။ သတို့သမီးသည် ဘုရားရှင်၏လူများဖြစ်သည် (ဟော၊ ၂း၁၆–၂၃။ ဟေ၊ ၆၂း၁–၅)။ ယောဟန်သည် ယေရှုကိုရည်ရွယ်၍ "သူသည်



တိုးပွားလိမ့်မည်။ ငါမူကား၊ ဆုတ်ယုတ်သွားမည်" ဟုဆိုရာ၌ သူ၏ကြီးစွာသောသဘောထားကို ကွက်ကွက်ကွင်းကွင်းတွေ့မြင်နေရသည် (ယော၊ ၃း၃၀)။ ထိုသို့ဆိုရာ၌ ယောဟန်၏အမှန်တကယ်ကြီးမြတ်ခြင်းကို ပြသသည်။

ယော၊ ၃း၃၁–၃၆ ၌ ယေရှုရှင်နှင့် နှစ်ခြင်းဆရာယောဟန်တို့ကို နှိုင်းယှဉ်ပြထားသေးသည်။ မေရှိယသည် သူ၏ရှေ့၌ပြေးရသောလမ်းခရီးပြင်ဆင်ပေးသူထက် ကြီးမြတ်ကြောင်းကို ဖော်ပြထားသည်။ နှစ်ခြင်းဆရာယောဟန်မှ ယေရှုရှင်၏အကြောင်းကို သက်သေခံခြင်း၌ တစ်ဖန်ပြန်၍ရှင်းလင်းပြတ်သားမှုကိုမြင်ရသည်။ ယေရှုရှင်၏သက်သေခံချက်နှင့် ယုံကြည်ချက်ကို လက်ခံရရှိသောသူမည်သူမဆို ထာဝရအသက်ကိုရပြီဟုဆိုထားသည်။ ကိုယ်တော်ကိုမရသောသူမူကား ဘုရားသခင်၏အမျက်တော်ဖလား၌ လောင်းချသောအမျက်တော်စပျစ်ရည်ကိုသောက်ရလိမ့်မည်။ ထိုကြောင့် ကျမ်းစာချက်လာသည်အတိုင်း "ဘုရားသခင်သည် လောကသားတို့ကိုချစ်၍ မိမိ၏သားတော်ကို စေလွှတ်ပြီး လောကီသားများကို ကယ်တင်စေပါသည်" (ယော၊ ၃း၁၆၊ ၁၇)။ သို့သော် ထိုသားတော်ကိုလက်မခံသောသူအပေါင်းတို့သည် မိမိတို့၏အပြစ်အလျောက် ထာဝရသေခြင်းလမ်းသို့ ဧကန်မုချသက်ဆင်းသွားရမည်။

ဘုရားရှေ့လူတို့ရှေ့၌ နှိမ့်ချခြင်းသဘောကို ကျွန်ုပ်တို့မည်သို့သင်ယူနိုင်မည်နည်း။ နှစ်ခြင်းဆရာယောဟန်၏နှိမ့်ချတတ်သောစိတ်ထားကို ကျွန်ုပ်တို့ပုံပမာယူနိုင်မည်လား။

**တနင်္လာနေ့ နိုဝင်ဘာလ ၄ ရက်**

**မေရှိယအကြောင်းနားလည်မှုအသစ်**

ယော၊ ၁း၃၂–၃၆ ကိုဖတ်ပါ။ နှစ်ခြင်းဆရာယောဟန်အနေဖြင့် လူတို့ကြာမြင့်စွာစောင့်နေရသော မေရှိယအရှင်ကိုမစောင့်ကြကြောင်း မည်သို့ပြောကြားသနည်း။

---

---

ဂျူး (ယုဒ) လူမျိုးများသည် မေရှိယအရှင်ကိုစောင့်နေခြင်းမှာ သူတို့ကိုဖိနှိပ်နင်းပြားထားသော ရောမလူမျိုးတို့၏လက်မှ ကယ်တင်ပေးမည်ဟု မျှော်လင့်နေခဲ့ခြင်းဖြစ်သည်။ ရောမတို့အချိန်ကြာမြင့်စွာအနိုင်ကျင့်ထားခြင်းခံနေရသည်။ ယုဒလူတို့သည် မေရှိယကိုမျှော်လင့်နေရသည့်အကြောင်းမှာ ရောမ၏လက်အောက်မှ လွတ်မြောက်အောင်လုပ်ဆောင်ပေးမည့်အပြင် အင်အားကြီးသောနိုင်ငံတော်ကို တည်ထောင်ပေးမည်ဟု ယုံကြည်နေသောကြောင့်ဖြစ်သည်။ ယောဟန်၏စကားအရ ယေရှုရှင်ကို "ဘုရားသခင်၏သိုးသငယ်တော်" ဟုခေါ်ဝေါ်ခဲ့သည်။ အပြစ်ဖြေရန်ပူဇော်ခံရမည်ဟု တိုက်ရိုက်အဓိပ္ပာယ်ပေါက်နေသော်လည်း လူအများစုက နားလည်မှုလွဲနေကြသည်။ အဓိပ္ပာယ်အလုံးစုံကို သူတို့မသိနိုင်ပါ။

သို့ဖြင့်ယောဟန်သည် မိမိ၏ခရစ်ဝင်ကျမ်းအားဖြင့် ထိုသူတို့၏ မေရှိယအကြောင်းနားလည်ခြင်းသဘောကို ပြောင်းလဲပေးချင်သည်။ သို့မှသာ ယေရှုရှင်သည် အနာဂတ္တိဟောကြားချက်ကို ပြည့်စုံစေသူကြွလာသောဘုရင်မင်းကြီး၊ မည်သည့်အလုပ်ကိုလုပ်ဆောင်ရမည်အကြောင်း စသည်တို့ကို လက်ခံလာနိုင်ရန်အတွက်ဖြစ်သည်။ ကိုယ်တော်သည် နိုင်ငံရေးခေါင်းဆောင်တစ်ဦး၊ စစ်တပ်ကိုဦးဆောင်မည့်သူတစ်ဦးအဖြစ် ကြွလာခြင်းမဟုတ်။ မိမိကိုယ်ကို အပူဇော်ခံအသေခံ၍ လောက၏အပြစ်ကို ပြစ်ကြွေးဆပ်ပေးရန် ကြွလာခြင်းသာဖြစ်သည်။ ဖော်ပြသောကိစ္စများအားလုံးပြီးစီးပြီးမှသာ ကိုယ်တော်သည် နိုင်ငံတော်ကိုတည်ထောင်လိမ့်မည် (ဒံ၊ ၇း၁၈)။

"ယေရှုရှင်ဗတ္တိဇံခံယူတော်မူစဉ် ယောဟန်က သူ့အားဘုရားသခင်၏သိုးသငယ်ဟု လူတို့နှင့်မိတ်ဆက်ပေးခဲ့သည်။ ရောင်ခြည်အလင်းတန်းအသစ်တစ်ခု မေရှိယအရှင်၏အမှုတော်ကို ဖြာဆင်းထွန်းလင်းပေးခဲ့သည်။ ပုရောဖက်၏



အသိစိတ်သည် ဟေရှာယ၏စကားကို ထောက်ပြပေးခဲ့သည်။ 'အသေသတ်ခြင်းငှာ ဆောင်သွားသောသိုးသူငယ်ကဲ့သို့ သူ့ကိုဆောင်သွားလေ၏' (ဟေရှာ၊ ၅၃း၇)။" (Ellen G. White, The Desire of Ages, p. 136).

ယော၊ ၁း၃၁ ၌ နှစ်ခြင်းဆရာယောဟန်၏စကားတွင် "အစကထိုသူကို ငါမသိ" ဟူ၍ဆိုထားခဲ့သည်။ ယေရှုသည် မေရှိယဖြစ်ကြောင်း ယောဟန်မည်ကဲ့သို့သိရှိလာသနည်း။ အဖြေမှန်မှာ ယောဟန်ကို ကြိုတင်စေလွှတ်ပေးသောဘုရားရှင်မှ မိန့်တော်မူချက်၌ "အကြင်သူ၏အပေါ်၌ ဝိညာဉ်တော်ဆင်းသက်၍ နားတော်မူသည်ကိုသင်မြင်လျှင် ထိုသူကား သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကိုပေးသောသူပေတည်း" (ယော၊ ၁း၃၃)။ "ငါသည်မြင်၍ ဤသူသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်းကို သက်သေခံသည်ဟု ယောဟန်ဆိုလေ၏" (ယော၊ ၁း၃၄)။ တစ်နည်းဆိုရသော် ဘုရားရှင်သည် ယောဟန်အား ယေရှုသည်မေရှိယဖြစ်ကြောင်းကို ဖော်ပြပေးခြင်းဖြစ်သည်။

"ဘုရားသခင်၏တန်ခိုးတော်နှင့် ဘုရားသခင်၏ပညတ်တော်တည်းဟူသော ခရစ်တော်" (၁ကော၊ ၁း၂၄) ယေရှုကို ဘိသိက်ခံခရစ်တော်ဟု သိနိုင်သောဉာဏ်ပညာကို သန့်ရှင်းသောဝိညာဉ်တော်၏ပဲ့ပြင်ခြင်းတန်ခိုးကြောင့် ဘုရားရှင်ချပေးသောအသိဉာဏ်ဖြစ်သည်။ ယင်းအဓိကအကြောင်းအရာကို ရှင်ယောဟန်ရေးသားထားသောခရစ်ဝင်ကျမ်း၌ မကြာခဏမြင်တွေ့နေရသည်။ ကယ်တင်ခြင်းသည် လောကအတွေးအခေါ်ပညာမှလာသည်မဟုတ်။ သိပ္ပံပညာမှမရရှိနိုင်၊ မြင့်မားသောသင်ယူခြင်းမျိုးမှလည်း မရရှိနိုင်ပါ။ ယုံကြည်ခြင်းဖြင့် မိမိတို့၏စိတ်နှလုံးကို ဘုရားရှင်အား ပူဇော်ဆက်ကပ်ပေးအပ်ခြင်းနှင့် ယေရှုရှင်၏စကားတော်ကိုနာခံခြင်းဖြင့် ကယ်တင်ခြင်းကိုရရှိသည်။

ယေရှုရှင်သည် ကျွန်ုပ်တို့အတွက် အပြစ်ကြွေးအားလုံးကို ဆပ်ပေးကြောင်းဟူသောအမှန်တရားကို ထုတ်ဖော်ပြသခြင်းမရှိလျှင် ကျွန်ုပ်တို့မည်သို့

သိနိုင်မည်နည်း။ ကျမ်းစာကိုသိနားလည်ပြီး ယင်းကျမ်းစာက ယေရှုအကြောင်းကို သွန်သင်ပေးနေကြောင်းသိရှိထားရန် အဘယ်ကြောင့်အလွန်အရေးပါသနည်း။

**အင်္ဂါနေ့** **နိုဝင်ဘာလ ၅ ရက်**

**လက်ခံခြင်းနှင့်ငြင်းဆန်ခြင်း**

သင်ခန်းစာ (၂) တွင် ယောဟန် ၆ ၌ပါရှိသော လူ ၅,၀၀၀ ကို ကျွေးမွေးခြင်းအကြောင်းလေ့လာခဲ့ရသည်။ သို့သော် ၎င်းအကြောင်းအရာ၏ အဆုံးသတ်ပိုင်းကိုတော့ မလေ့လာခဲ့ကြပါ။ ထိုအကြောင်းအရာကို ယနေ့ လေ့လာသွားမည်ဖြစ်သည်။

ယော၊ ၆း၁၅–၇၁ ကိုဖတ်ပါ။ ယေရှုရှင်မှ လူများတို့သည်လက်ခံရန် ခက်ခဲကြသည်ဟု အဘယ်သို့ယေရှုမိန့်ခဲ့သနည်း။

---

---

ယေရှုရှင်၏အံ့ဩဖွယ် လူတို့ကိုကျွေးမွေးသောကိစ္စ၏နောက်ဆက်တွဲကိစ္စ၌ ကိုယ်တော်ကိုဘုရင်တင်မြှောက်ရန် လူများအသင့်ရှိနေကြသည် (ယော၊ ၆း၁–၁၅)။ သို့သော် ကိုယ်တော်သည် ကပေရနောင်မြို့ရှိ တရားဇရပ်၌ သူတို့နှင့်ပြောဆိုရာ၌ ဝိညာဉ်ရေးသဘောအရ ကိုယ်တော်ပြုတော်မူသော နိမိတ်လက္ခဏာအကြောင်းကို ရှင်းပြတော်မူခဲ့သည်။ "ငါသည် အသက်မုန့်ဖြစ်၏" (ယော၊ ၆း၃၅)။ ထပ်ဆင့်၍ အသေးစိတ်ကိုယ်တော်မိန့်တော်မူသည်မှာ ကိုယ်တော်၏အသားသည် အသက်မုန့်ဖြစ်၍၊ လောကသားများအတွက် ကိုယ်တော်ပေးတော်မူ၏" (ယော၊ ၆း၅၁)။

ထိုစကားသည် လူထုကြီး၏မျက်စိကို ဖွင့်ပေးလိုက်သလိုဖြစ်ပြီး ယေရှုရှင်သည် လောက၏ရှင်ဘုရင်ဖြစ်ရန်မဟုတ်ကြောင်းကို နားလည်သွားသည်။ ကိုယ်တော်သည် လောက၏ရှင်ဘုရင်ဖြစ်ရန် ရည်ရွယ်ချက်မရှိ။ လူထုကြီးသည် မိမိတို့အဆိုသွင်းခဲ့သောယေရှုရှင်ကို ဘုရင်မြှောက်ရန် စကားကို



ရုတ်သိမ်းပြီး ကိုယ်တော်ကိုမေရှိယအဖြစ် လက်ခံလာကြရန်၊ အသိအမှတ်ပြုလာကြရန် စဉ်းစားလာကြသည်။ ထိုကြောင့် များစွာသောတပည့်တပန်းများက ကိုယ်တော်ကိုစွန့်ခွာထွက်သွားခဲ့ကြသည် (ယော၊ ၆း၆၆)။

လူသားတို့၏အတွေးအမြင်အရ ယေရှုရှင်အတွက် အလွန်ခက်ခဲသော အချိန်ဖြစ်လာမည်။ လူထုကြီး၏စိတ်အလိုအတိုင်းမဖြစ်လာသဖြင့် သူတို့လိုချင်သောပုဂ္ဂိုလ်မျိုးဖြစ်မလာသောအခါ ကိုယ်တော်ကိုစွန့်ခွာထားရစ်ခဲ့ကြသည်။ လူသားတစ်ယောက်အနေဖြင့် စိတ်ဓာတ်ကျစရာကောင်းသော အခိုက်အတန့်ဖြစ်သည်။ လူထုကြီးသည် ယေရှုကိုချန်ရစ်၍ ထွက်ခွာသွားကုန်သည်။ ကိုယ်တော်၏အနီးဆုံးလူတပည့်တော်များသာ ကျန်ရစ်ကြသည်။ ၁၂ ပါးသော တပည့်တော်တို့ကိုလည်း ကိုယ်တော်မှ မိမိနှင့်ခွဲခွာထွက်သွားချင်သလားဟု မေးခဲ့သည်။

ထိုအချိန်မှာပင် ရှင်ပေတရုသည် အံ့ဖွယ်ဖြောင့်ချက်ထွက်ဆိုမှုကို ပြု၍၊ ယေရှုရှင်သည် မည်သူဖြစ်ကြောင်း၊ ယေရှုရှင်၌ မည်သို့သောပိုင်ဆိုင်မှုမျိုးရှိကြောင်း သက်သေပြုစကားဆိုလာသည်။ "ထာဝရအသက်နှင့်ယှဉ်သော စကားသည် ကိုယ်တော်၌တည်ပါ၏။ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို အကျွန်ုပ်တို့ ယုံကြည်သိမှတ်ကြပါသည်ဟု လျှောက်လေ၏" (ယော၊ ၆း၆၈၊ ၆၉)။

တပည့်တော်တို့သည် ယေရှုရှင်နှင့်အတူ နှစ်နှစ်ခန့်ရှိနေခဲ့သည်။ ကိုယ်တော်နှင့်အတူ ခရီးသွားလာခဲ့သည်။ ကိုယ်တော်ပြုတော်မူသောနိမိတ်လက္ခဏာတို့ကိုမြင်ရသည်။ ကိုယ်တော်၏ဟောပြောသွန်သင်ချက်ကို ကြားခဲ့ရသည်။ ကိုယ်တော်နှင့်ယှဉ်နိုင်သူတစ်ဦးမျှမရှိကြောင်းကို သူတို့စိတ်ထဲ၌ ခံစားနေရသည်။ ကိုယ်တော်အပေါ်လက်ခံထားသောစိတ်သဘောမှာ တထစ်ချတည်းမဟုတ်ခဲ့သည့်တိုင် ရံဖန်ရံခါ ကိုယ်တော်သည် မေရှိယအမှန်ပင်ဖြစ်သည်ဟု စွဲမှတ်ကြသည်။ ကိုယ်တော်ကြွလာခြင်း၏အကြောင်းရင်းကို နားမလည်ခြင်းသည်သာ ပြဿနာဖြစ်ခဲ့သည်။ ကိုယ်တော်အသေခံပြီး ပြန်လည်ရှင်ပြန်

ထမြောက်မှသာ နားလည်စပြုလာကြသည်။ ယေရှုအဘယ်ကြောင့်ကြွလာရခြင်း အကြောင်းကို စတင်သိမြင်လာကြသည်။

ကျွန်ုပ်တို့လေ့လာခဲ့သောအကြောင်းမှာ လူအများစုသည် အဘယ်ကြောင့် မှားယွင်းခဲ့ရကြောင်း မည်သို့သင်ခန်းစာယူနိုင်သနည်း။ ယင်းအကြောင်းကို ကျွန်ုပ်တို့အဘယ်ကြောင့် အထူးသတိရှိရမည်နည်း။ အထူးသဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ဆိုင်သောမျှော်လင့်ချက်သည် အခြားလူအများနှင့်မတူညီသောအခါ၊ အများစုသောခရစ်ယာန်တို့နှင့် ကွဲပြားနေသောအခါ ကျွန်ုပ်တို့မည်သို့ခံယူချက်ထားနိုင်မည်နည်း။

**ဗုဒ္ဓဟူးနေ့** **နိုဝင်ဘာလ ၆ ရက်**

## ခမည်းတော်၏သက်သေ

ယောဟန်ခရစ်ဝင်ကျမ်းကို “နှုတ်ကပတ်တော်” ဟူသောစကားလုံးဖြင့် အစပြုထားပြီး ထိုနှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိတော်မူကြောင်း၊ ခမည်းတော်ဘုရားနှင့်အတူရှိကြောင်းကို ရေးသားထားသည် (ယော၊ ၁း၁)။ ထိုနှုတ်ကပတ်တော်သည် လူဇာတိကိုခံယူလျက် လူသားဖြစ်လာသောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် သက်သေပြုလျက် ယေရှုရှင်ဗတ္တိဇံခံယူတော်မူစဉ် ကိုယ်တော်အပေါ်၌ ဆင်းသက်နားနေတော်မူသည် (ယော၊ ၁း၃၂–၃၄)။ ခမည်းတော်ဘုရားသည်လည်း ယေရှုရှင်လောက၌အမှုတော်ဆောင်ရွက်စဉ်မှာ သက်သေပြုထောက်ခံချက်ပေးခဲ့သည်။

ယော၊ ၅း၃၆–၃၈ ကိုဖတ်ပါ။ ယေရှုရှင်မှ ခမည်းတော်၏အကြောင်းကို မည်သို့ပြောကြားခဲ့သနည်း။

---------------------------------------------------------------

---------------------------------------------------------------

ယေရှုရှင်သည် အမှုတော်ဆောင်ရာ၌လည်းကောင်း၊ နိမိတ်လက္ခဏာပြသရာ၌လည်းကောင်း ခမည်းတော်နှင့်ဆက်သွယ်သည်။ ခမည်းတော်သည်





ကိုယ်တော်ကိုစေလွှတ်ကြောင်း၊ ကိုယ်တော်ကိုထောက်ခံသက်သေပြုပေးကြောင်း လုံးဝရှင်းလင်းနေပါသည်။

မဿဲ၊ ၃း၁၇။ မဿဲ၊ ၁၇း၅။ မာ၊ ၁း၁၁ နှင့် လုကာ၊ ၃း၂၂ ကိုဖတ်ပါ။ (၂ပေ၊ ၁း၁၇၊ ၁၈ ကိုလည်းကြည့်ပါ)။ ယေရှုရှင်အကြောင်းကို ခမည်းတော်မည်သို့ပြောကြားခဲ့သနည်း။

---------------------------------------------------------------

---------------------------------------------------------------

ယေရှုဗတ္တိဇံခံနေစဉ် ခမည်းတော်ဘုရားနှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားတို့ အတူတကွသားတော်နှင့်ပေါင်းစည်းကာ ထင်ရှားခဲ့သည့်မြင်ကွင်းသည် အလွန်အရေးကြီးသည်။ ယေရှုရှင်၏အမှုတော်ကို ထောက်ခံပေးခြင်းသဘောဖြစ်သည်။ ခမည်းတော်သည် ယေရှုရှင်ကို ချစ်သားဟုကြေညာသည့်အပြင် ကိုယ်တော်ကို စိတ်တွင်း၌နှစ်သက်မြတ်နိုးနေကြောင်းလည်း ကြေညာခဲ့သည်။ ခရစ်တော်အမှုတော်ကိုဆောင်ရွက်စဉ်ကာလအတွင်း ထိုစကားကို ခမည်းတော်ပြန်၍မြွက်ဆိုပြန်သည်ကို ယောဟန်ခရစ်ဝင်ကျမ်းမှ မှတ်တမ်းပြုထားသည်။

ကိုယ်တော်၏အမှုတော်သည် နောက်ဆုံးပိတ်နေ့ရက်သို့ရောက်ရှိလာခဲ့သည်။ ဘာသာရေးခေါင်းဆောင်များတို့သည် ကိုယ်တော်၏လုပ်ရပ်ကို ရပ်တန့်အောင် မစွမ်းဆောင်နိုင်တော့ပါ (ယော၊ ၁၂း၁၉)။ ကိုယ်တော်ကို သတ်ပစ်ချင်ကြသည်။ ပို၍စိတ်ဆိုးအမျက်ထွက်ကြသည်။ အထူးသဖြင့် လာဇရုကို သေခြင်းမှထမြောက်စေသောအကြောင်းကြောင့် ကိုယ်တော်ဝန်းကျင်ပတ်လည်၌ လူထုကြီးများအုံခဲလျက် လူထုကြီးသည် ပို၍ပို၍များများလာတော့သည် (ယော၊ ၁၂း၁၇၊ ၁၈)။ ဂရိလူမျိုးများပင်ကျင်းပပြုလုပ်လျက်ရှိသောပွဲတော်နေ့၌ ယေရှုကိုမြင်တွေ့လိုကြ၍လာကြသည်။

ယင်းအချက်ကြောင့်ပင် ယေရှုရှင်သည် ယော၊ ၁၂း၂၈ ၌ တုံ့ပြန်စကားပြောဆိုခဲ့သည်။ “အဘ၊ ကိုယ်တော်၏နာမတော်ကိုချီးမြှောက်တော်မူပါ” ခမည်းတော်သည် ကောင်းကင်မှနေ၍ တစ်ဖန်မိန့်တော်မူသောစကားမှာ “ထိုအခါ

ကောင်းကင်မှစကားသံကား၊ ငါချီးမြှောက်ခဲ့ပြီ၊ တစ်ဖန်ချီးမြှောက်အံ့မည်ဟု လာ၏" (ယော၊ ၁၂း၂၈)။

ကျွန်ုပ်တို့အားလုံးသိရှိပြီးကြသည့်အတိုင်း ယေရှုရှင်၏ဘုန်းထွန်းပသော အချိန်နာရီသည် ကပ်တိုင်တော်ပေါ်၌ဖြစ်သည်။ လောကသားများအတွက် ဘုရားသခင်၏သိုးသငယ်တော်တည်းဟူသော ယေရှုသည် ကပ်တိုင်ထက်၌ အသက်အသေခံကာ ခမည်းတော်၏ဘုန်းတော်ကို ချီးမြှင့်သက်သေပြခဲ့သည်။ ကိုယ်တော်၏လောကအမှုတော်ကို အဆုံးသတ်ပေးခြင်းပင်ဖြစ်သည်။ ကိုယ်တော်၏အသေခံခြင်းသည် ကျွန်ုပ်တို့ခံရမည့်အပြစ်အကြွေးကို ကိုယ်စားဆပ်ပေးခြင်းဖြစ်သည်။ ကိုယ်တော်ကိုယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့ပြုသောအပြစ်၏ရလဒ်ကို ခံရစရာအကြောင်းမရှိတော့ပါ။

**ကြာသပတေးနေ့** **နိုဝင်ဘာလ ၇ ရက်**

## လူထုကြီး၏သက်သေခံချက်

"ထိုပွဲကိုခံ၍ နောက်ဆုံးဖြစ်သောနေ့မြတ်၌ ယေရှုသည်ရပ်၍ ကြွေးကြော်တော်မူသည်ကား၊ ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍သောက်လော့။ ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည့်အတိုင်း အသက်ရေထွက်ရာစမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏" (ယော၊ ၇း၃၇၊ ၃၈)။

ရှင်ယောဟန်၏မှတ်တမ်း၌ ယေရှုရှင်သည် ရဲရင့်စွာဖြင့် မိမိကိုယ်ကို ကြေညာသောအချိန်အခါပေါင်းများစွာရှိသည်။ မိမိသည်မည်သူဖြစ်ကြောင်း၊ မိမိမည်သည့်အတွက်ကြွလာသည့်အကြောင်းကို ထင်ထင်ရှားရှားကြေညာလေ့ရှိသည်။

ယော၊ ၇း၃၇၊ ၃၈ ကိုကိုးကားပြီး ယေရှုရှင်သည် မိမိမည်သူဖြစ်ပါကြောင်း၊ မိမိရောက်လာခြင်း၏ရည်ရွယ်ချက်မည်သို့ရှိသည်ကိုလည်းကောင်း တအံ့တသြသိရစေရန် ကိုယ်တော်ကြွေးကြော်ခဲ့သည်။



တဲတော်ထိုးပွဲကျင်းပရာအစီအစဉ်တွင် ယေရှုရှင်သည် ယုဒလူတို့ကို စကားပြောဆိုသောအခါ၌ လူထုကြီးမှ မည်သို့တုံ့ပြန်လာခဲ့သနည်း (ယော၊ ၇း၃၇–၅၃)။

____________________________________________________

____________________________________________________

အချို့လူတို့က ယေရှုကိုမောရှေကဲ့သို့သောပရောဖက်တစ်ပါးဖြစ်၍ မောရှေမှကြိုတင်ဟောကြားထားသော ပေါ်ထွက်လာမည့်ပရောဖက်ဖြစ်သည် (တရား၊ ၁၈း၁၅–၁၉) ဟုဆိုကြသည်။ အချို့သောသူက ယေရှုသည် ခရစ်တော်ဖြစ်သည်ဟုဆိုကြသည်။ သို့သော်လည်း မေရှိယသည် မည်သည့်နည်းနှင့်မျှ ဂါလိလဲပြည်မှထွက်ပေါ်လာမည်မဟုတ်ဟူသော သဘောထားများရှိနေကြသည်။ ဒါဝိဒ်မင်း၏အနွယ်မှသာ ဆင်းသက်လာရမည်၊ ဗက်လင်မြို့၌ မွေးဖွားရမည်။ ထိုသတ်မှတ်ချက်အားလုံးသည် ယေရှုရှင်၌ အပြည့်အဝရှိခဲ့ကြောင်း ယေရှုရှင်ပင်အမှန်ဖြစ်ကြောင်း (မဿဲ၊ ၁–၂) ကိုဖတ်ခြင်းဖြင့်သိရသည်။ သို့သော် လူတို့သည် အမှန်တကယ်သိပုံမပေါ်ပါ။

သူ့အားဖမ်းဆီးစစ်ဆေးခဲ့သောအရာရှိများပင် ကိုယ်တော်၏စကားတော်၌ မှိုင်ကျခဲ့ရသည်။ ဖာရိရှဲတို့က အရာရှိတို့ကို အခြားသောမေးခွန်းဖြင့် မေးခဲ့သည်။ "မင်းများ၊ ဖာရိရှဲများတို့တွင် သူ့ကိုယုံကြည်သောသူတစ်စုံတစ်ယောက်မျှရှိသလား" (ယော၊ ၇း၄၈)။ ယင်းမေးခွန်းကိုကြားရသည်နှင့် ယောဟန်အဖို့မှာ နိကောဒင်ကိုပြေး၍ သတိရစေပါသည်။ နိကောဒင်သည် ယေရှုရှင်၏ဟောပြောသွန်သင်ရာနေရာသို့ ယုံကြည်စွာရောက်လာသူဖြစ်သည်။ ကိုယ်တော်နှင့်တွေ့ဆုံပြီးနောက် ယေရှုရှင်ကို ကာကွယ်မှုအမြဲပေးတတ်သူဖြစ်သည်။ ကိုယ်တော်ကို အပြစ်ဒဏ်ချမှတ်မည်ဟုဆုံးဖြတ်လျှင် အစည်းအဝေး၌ နိကောဒင်ကာကွယ်ပြောသောစကားမှာ "ငါတို့တရားသည် လူကိုမစစ်၊ သူ့အမှုကိုမသိမီကပင် ရှေးမဆွကဆုံးဖြတ်တတ်သလော" (ယော၊ ၇း၅၁) ဟု ကာကွယ်ပေးသည်။

နိကောဒင်သည် ယေရှုရှင်ကို မေရှိယအဖြစ် လက်ခံခဲ့သလား။ အသေအချာမပြောနိုင်သော်လည်း ကိုယ်တော်အသေခံတော်မူပြီး နိကောဒင်၏ လုပ်ရပ်၌ ပေါ်လွင်နေသည် (ယော၊ ၁၉း၃၉၊ ၄၀)။ သမ္မာကျမ်းစာမှ တိကျသောအဖြေကိုပေးခဲ့ပါသည်။ နိကောဒင်၏လုပ်ရပ်သည် ယေရှုရှင်ကို ယုံကြည်ကြောင်းသက်သေပြနေပါသည်။

ထိုကြောင့် ဖာရိရှဲတို့၏မေးခွန်းကို ပြန်၍ဖြေရသော "ရှိသည်" ယေရှုကိုယုံကြည်သောဖာရိရှဲ "ရှိသည်" ဟုအသေအချာဖြေပေးရပါမည်။

ယော၊ ၇း၄၉ ကိုဖတ်ပါ။ ယေရှုရှင်၏နောက်တော်သို့လိုက်နေသော လူထုကြီးကိုမြင်သောအခါ ယုဒလူခေါင်းဆောင်များက မည်သို့သဘောရှိသနည်း။ ကျွန်ုပ်တို့အတွက် မည်သည့်သင်ခန်းစာရသနည်း။

**သောကြာနေ့** **နိုဝင်ဘာလ ၈ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, "The Crisis in Galilee," pp. 383-394; "In the Outer Court," pp. 621-626, in the Desire of Ages ကိုဖတ်ပါ။

"မည်သူ့ထံသို့ကျွန်ုပ်တို့သွားရမည်နည်း။" မည်သူကိုဆရာတင်ရမည်နည်း။ ကျမ်းသရေလဆရာတို့သည် ရှေးရိုးစွဲအယူကိုသာစွဲကိုင်ထားကြသည်။ ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့သည် စိတ်ကြီးဝင်နေကြသည်။ ယေရှုရှင်နှင့်ပတ်သက်လာလျှင် ဝိနည်းထုံးစံ၊ ဓလေ့ဖြင့်သာလှည့်ပတ်ပြောပြီး မိမိတို့ကိုယ်ကို အမွန်းတင်ချင်ကြသည်။ တပည့်တော်တို့ကမူ ယေရှုနှင့်တွေ့ဆုံပြီးနောက် မိမိတို့၏ အသက်တာသည် ငြိမ်းချမ်းငြိမ်သက်ခြင်း ပိုမိုရရှိလာကြသည်။ အပြစ်လုပ်မိသူကို ဆဲဆိုကြိမ်းမောင်း၊ နှိပ်စက်ညှဉ်းပန်းသူများဆီသို့ပြန်ရန် စိတ်ရှိအုံးမည်လား။ မေရှိယကိုကြာမြင့်စွာစောင့်မျှော်နေရသူများဖြစ်ခဲ့သည်။ ယခုမေရှိယလာပြီ။ ထိုမေရှိယအနား၌ရှိနေရပြီ။ ခွဲခွာမသွားလိုတော့ပါ။ ကိုယ်တော်၏ အသက်တာကိုမြင်တွေ့၍ ငြိမ်းချမ်းမှုပေးနေပြီ။ ကိုယ်တော်ကိုသတ်ရန် ကြံစည်



သူများနှင့် ကိုယ်တော်၏နောက်တော်သို့လိုက်သူများကို နှိပ်စက်ညှဉ်းပန်းသူများဆီသို့ မပြန်သွားလိုတော့ပါ။

"မည်သူဆီသို့ကျွန်ုပ်တို့သွားရမည်နည်း။" ယေရှုရှင်၏သွန်သင်ခြင်း၊ ကိုယ်တော်၏မေတ္တာတော်ကရုဏာတော်သည် မယုံကြည်သူအမှောင်ကမ္ဘာအတွင်းရှိနေသူများ၊ လောကသားလူဆိုးများအတွက်သာမဟုတ်ပါ။ ကိုယ်တော်ကိုစွန့်ပယ်၍ ထွက်ခွာသည့်ပေတရုသည် တပည့်တော်တို့၏ယုံကြည်ခြင်းကို ထုတ်ဖော်ခဲ့သည်။ "ကိုယ်တော်သည် ခရစ်တော်ဖြစ်သည်။" ယုံကြည်ခြင်းဝိညာဉ်ကျောက်ဆူးပြုတ်ထွက်သွားသည်ဟု ထင်ရသောအချိန်၌ လူတို့သည် ကြောက်ရွံ့နာကျင်စွာခံစားကြရသည်။ ကယ်တင်ရှင်ကိုဆုံးရှုံးရခြင်းဟု ခံစားချက်သည် မုန်တိုင်းပြင်းသောအမှောင်ညအတွင်းပင်လယ်၌ မျောနေသည့်အဖြစ်မျိုးနှင့် တူညီနေသည်။ (Ellen G. White, The Desire of Ages, p. 393).

–၀–

## သင်ခန်းစာ (၇)
# ယုံကြည်သောသူတို့သည် မင်္ဂလာရှိ၏
### နိဝင်ဘာလ ၉ – ၁၅

**ဥပုသ်နေ့မွန်းလွဲပိုင်း** **နိုဝင်ဘာလ ၉ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယော၊ ၈း၅၄–၅၈။ က၊ ၁၂း၃။ ရောမ၊ ၄း၁–၅။ ယော၊ ၁၂း၁–၈။ ယော၊ ၁၉း၄–၂၂။ ယော၊ ၂၀း၁၉–၃၁။ ဒံ၊ ၂။ ဒံ၊ ၇။

**အလွတ်ကျမ်းချက်**

**"ယေရှုကလည်း၊ သင်သည် ငါ့ကိုမြင်သောကြောင့် ယုံကြည်ခြင်းရှိ၏။ ငါ့ကိုမမြင်ပဲ ယုံသောသူတို့သည်မင်္ဂလာရှိကြ၏ဟု မိန့်တော်မူ၏" (ယော၊ ၂၀း၂၉)။**

ရှင်ယောဟန်ရေးသားသောခရစ်ဝင်ကျမ်း၌ လူမျိုးစုံအကြောင်း၊ နောက်ခံသမိုင်းကြောင်းမတူသူများ၊ ယုံကြည်မှုမတူ၊ တွေ့ကြုံခဲ့ရမှုမတူညီသူများအကြောင်း ပါဝင်သည်။ ထိုသူအားလုံးသည် ယေရှုရှင်မည်သူဖြစ်ကြောင်းကို သက်သေခံပေးကြသည်။ "ဘုရားသခင်၏သိုးသငယ်ကို ကြည့်ရှုလော့" (ယော၊ ၁း၃၆)။ "ငါတို့သည် မေရှိယကိုတွေ့ပြီ" (ယော၊ ၁း၄၁)။ "မောရှေရေးသားထားသောသူကို ကျွန်ုပ်တို့ယခုမြင်ရပြီ" (ယော၊ ၁း၄၅)။ ရာဘိ၊ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဣသရေလတို့၏ဘုရင်ဖြစ်တော်မူ၏ (ယော၊ ၁း၄၉)။ "ထိုသူသည် ခရစ်တော်မှန်လိမ့်မည်လော" (ယော၊ ၄း၂၉)။ "စကားတော်ကို ကိုယ်တိုင်ကြားရ၍၊ ဤသူသည် လောကီသားတို့ကို ကယ်တင်တော်မူသောသခင်တည်းဟူသော ခရစ်တော်အမှန်စင်စစ်ဖြစ်တော်မူကြောင်းကို သိမည်ဟုဆို၏ (ယော၊ ၄း၄၂)။ "အကျွန်ုပ်တို့သည် အဘယ်သူထံသို့သွားရမည်နည်း၊



ထာဝရအသက်နှင့်ယှဉ်သောစကားသည် ကိုယ်တော်၌တည်ပါ၏ဟု လျှောက်လေ၏" (ယော၊ ၆း၆၈)။ "ကိုယ်တော်သည် ခရစ်တော်တည်းဟူသော ဤလောကသို့ကြွလာတော်မူသောဘုရားသခင်၏သားတော်ဖြစ်သည်ကို ကျွန်မယုံပါသည်ဟုလျှောက်၏" (ယော၊ ၁၁း၂၇)။ ကျွန်ုပ်သည် အထက်ကမျက်စိကန်း၍ ယခုမျက်စိမြင်သည်အကြောင်းကို အကျွန်ုပ်သိသည်ဟုဆို၏ (ယော၊ ၉း၂၅)။ "သင်တို့၏ရှင်ဘုရင်ကိုကြည့်ကြလော့" (ယော၊ ၁၉း၁၄)။ "ငါသည်သူ၌အပြစ်ကိုမတွေ့" (ယော၊ ၁၉း၆)။ "အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်" (ယော၊ ၂၀း၂၈)။

အထက်ပါစကားများကိုပြောကြသောသူတို့သည် မည်သူများဖြစ်ကြသနည်း။ ယေရှု၏လုပ်ဆောင်ချက်အပေါ် ထိုသူများမည်သို့သက်သေပြုကြသနည်း။

**တနင်္ဂနွေနေ့** **နိုဝင်ဘာလ ၁၀ ရက်**

**အာဗြဟံကိုမြင်ယောင်ကြားယောင်ပါ**

ယေရှုရှင်သည် မိမိမည်သူမည်ဝါဖြစ်ကြောင်းကိုကြေညာရလျှင် မရှက်ပါ။ မိမိကိုယ်ကိုသက်သေခံပေးမည့်သူခေါ်ရန်လည်း မရှက်ပါ။ မိမိအတွက် ရှေးပဝေသဏီအချိန်ကပင် သက်သေခံခဲ့သူကို ပြန်၍ထုတ်ဖော်တတ်သည့် အာဗြဟံအပါအဝင်ဖြစ်သည်။ "သင်တို့အဘအာဗြဟံသည် ငါကြွလာမည့်အချိန်ကာလကို မျှော်မြင်ခြင်းငှာ အလွန်အလိုရှိ၏။ မြင်ရသောအခါ ဝမ်းမြောက်ခြင်းသို့ရောက်သည်ဟု မိန့်တော်မူ၏" (ယော၊ ၈း၅၆)။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ အာဗြဟံ၏သက်သေပြုချက်ကို ထည့်သွင်းရေးရခြင်းသည် အဘယ်ကြောင့်အလွန်အရေးကြီးသနည်း။ က၊ ၁၂း၃။ က၊ ၁၈း၁၆–၁၈။ က၊ ၂၆း၄။ မဿဲ၊ ၁း၁။ တ၊ ၃း၂၅။

---------------------------------------------

---------------------------------------------

နည်းပုံစံအမျိုးမျိုးနှင့်သော်လည်းကောင်း၊ ကတိတော်တစ်မျိုးမျိုးဖြင့် ဘုရားရှင်သည် ဧဝံဂေလိသတင်းကို အာဗြဟံအချိန်၌ ဘုရားရှင်ဟောပြော ခဲ့သည် (ဂလာတိ၊ ၃း၈)။ ဘိုးဘေးတော်အာဗြဟံသည်လည်း ကယ်တင်ရှင် ကြွလာမည့်အကြောင်းကို မျက်ခြေမပြတ်ခဲ့ပါ။ ယုဒလူတို့ကို ခရစ်တော် ဆိုခဲ့သည့်စကားမှာ "သင်တို့အဘအာဗြဟံသည် ငါကြွလာမည့်အချိန်ကာလကို မြော်မြင်ခြင်းငှာ အလွန်အလိုရှိ၏။ မြင်ရသောအခါ ဝမ်းမြောက်ခြင်းသို့ရောက် သည်ဟု မိန့်တော်မူ၏" (ယော၊ ၈း၅၆)။

ကွဲဇာက်၏နေရာ၌ဝင်ရောက်အပူဇော်ခံရသောသိုးထီးသည် ယေရှု ခရစ်တော်ကိုပုံဆောင်ပါသည်။ ဘုရား၏သားတော်သည် ကျွန်ုပ်တို့ကိုယ်စား အပူဇော်ခံခဲ့ရသည်။ ဘုရားရှင်၏ပညတ်တော်ကို လွန်ကျူးချိုးဖောက်ခဲ့သော ကြောင့် လူသားများသည် သေခြင်းကိုခံရမည့်အချိန်၌ ခမည်းတော်ဘုရားသည် သားတော်ကိုကြည့်လျက် အပြစ်သားများကိုဆိုသောစကားမှာ "သင်တို့အသက်ရှင် ရဖို့ ငါသည်ကယ်တင်နိုင်သောလမ်းကိုတွေ့ပြီ။" (Ellen G. White, Patriarchs and Prophets, p. 154).

အာဗြဟံသည် ဂျူးလူမျိုးတို့၏ဖခင်ကြီးဖြစ်သည်။ သူ့အားဖြင့် လူမျိုး တစ်မျိုးလုံးကောင်းချီးမင်္ဂလာရရှိရန် ကတိတော်ထားတော်မူခဲ့သည်။ ထိုကတိ တော်မှာ မေရှိယအရှင်အားဖြင့် ရောက်လာခဲ့သည်။ ထိုမေရှိယအရှင်သည် အာဗြဟံ၏အနွယ်မှ မွေးဖွားလာခဲ့သည်။

အာဗြဟံသည်လည်း ဘုရားရှင်ကိုယုံကြည်ခြင်းအရာ၌ အလွန်ခိုင်မြဲ ခဲ့သည် (ဟေဗြဲ၊ ၁၁း၈၊ ၁၇–၁၉)။ မိမိသားကွဲဇက်ကို ယဇ်ပူဇော်ရန် ယဇ်ကောင်အဖြစ်ပေးရန် ဆန္ဒရှိခဲ့သည် (က၊ ၂၂)။ ကတိတော်နှင့်ယှဉ်သော သားဖြစ်သည်။ ယုံကြည်ခြင်းအကြောင်းသက်သက်မကပါ။ ကယ်တင်ခြင်း စီမံကိန်းကိုဖွင့်ပေးသောပြတင်းပေါက်ကြီးဖြစ်သည်။

သင်တို့၏အဘအာဗြဟံသည် ငါကြွလာမည့်နေ့ကို ဝမ်းမြောက်သော စိတ်နှင့်မြင်ချင်လှသည် (ယော၊ ၈း၅၆) ဟု ယေရှုရှင်ဆိုရာတွင် ယုဒ



ခေါင်းဆောင်များက "သင်၏အသက်သည် အနှစ်ငါးဆယ်မျှမရှိဘဲလျက် သင်သည် အာဗြဟံကိုမြင်လေပြီတကားဟု ဆိုကြ၏" (ယော၊ ၈း၅၇)။

ယေရှုရှင်၏တုံ့ပြန်ချက်အဖြေသည် အံ့ဖွယ်ထိရောက်လှသည်။ "ယေရှု ကလည်း ငါအမှန်အကန်ဆိုသည်ကား အာဗြဟံမဖြစ်မီငါဖြစ်သည်ဟု မိန့်တော် မူ၏" (ယော၊ ၈း၅၈)။

ယေရှုရှင်အသုံးပြုသောစကားမှ မောရှေအားမီးတောက်နေသော ချုံပုတ် ကြီးအတွင်းမှ ဘုရားရှင်မိန့်ဆိုခဲ့သောစကားပင်ဖြစ်သည်။ ကိုယ်တော်သည် ဘုရားဖြစ်ကြောင်း၊ မူလကပင်ရှိနေတော်မူကြောင်းကို အတည်ပြုသောစကား ဖြစ်သည်။ မေးရန်မလိုတော့ပါ။ ကိုယ်တော်ပြောသောစကား၏အဓိပ္ပာယ်ကို ယုဒခေါင်းဆောင်များသဘောပေါက်ပြီး ဆပ်ဆပ်ခါနာလျက် ကျောက်ခဲ ကောက်ပြီး ယေရှုကိုပေါက်သတ်ရန်ကြံစည်ကြသည် (ယော၊ ၈း၅၉)။

ရောမ၊ ၄း၁–၅ ကိုဖတ်ပါ။ အာဗြဟံကိုပုံပြုပြီး ကယ်တင်ခြင်းသည် ယုံကြည်ခြင်းကြောင့်သာရရှိမည်အကြောင်း ရှင်ပေါလုသည် မည်သို့ဆိုခဲ့ သနည်း။ ပညတ်စောင့်ထိန်းခြင်းကြောင့်မဟုတ်ပါ။ အဆိုပါကျမ်းချက်များမှ အာဗြဟံသည် ယုံကြည်ခြင်း၏ဖခင်ဟု အဘယ်သို့မှတ်ကျောက်တင်ပြီး ကျွန်ုပ်တို့ကိုသဘောပေါက်စေပါသနည်း။

**တနင်္လာနေ့ နိုဝင်ဘာလ ၁၁ ရက်**

**မာရိ၏သက်သေခံချက်**

ပသခါပွဲမတိုင်မီ ခြောက်ရက်အလိုတွင်ဖြစ်သည်။ ယေရှုရှင်သည် မာရိ၊ မာသနှင့် သူတို့၏မောင်လာဇရုတို့ထံသို့ရောက်လာသည်။ ထိုလာဇရု သည် ယေရှုရှင်သေခြင်းမှထမြောက်ပေးခဲ့သူလည်းဖြစ်သည်။ ရှိမုန်အမည်ရှိသော နူနာစွဲခဲ့ဖူးသူသည် မိမိ၏အိမ်၌ပွဲကျင်းပပြီး ယေရှုကိုဖိတ်ခေါ်သည်။ ယေရှု သည် သူ၏နူနာရောဂါကို ကုသပျောက်ကင်းပေးသောကြောင့်ဖြစ်သည်။ မာသ သည် ဧည့်သည်များကိုဧည့်ဝတ်ပြုရသည်။ လာဇရုသည် ဧည့်သည်တို့နှင့်အတူ စားပွဲ၌ထိုင်နေသည် (ယော၊ ၁၂း၁–၈)။

မာရိ၌ထူးခြားသောအပြုအမူမည်သို့ရှိနေသည်း။ သူမ၏သက်သေခံချက်သည် ယေရှုရှင်သည် မည်သူဖြစ်ကြောင်းကို ဖော်ပြနေသနည်း (ယော၊ ၁၂း၁–၃)။

-------------------------------------------------

-------------------------------------------------

သာမန်အလုပ်သမားတစ်ဦး၏တစ်နှစ်စာဝင်ငွေနှင့်ညီမျှသော ဆီမွှေးဘူးကိုယူဆောင်လာသည်။ အလွန်တန်ဖိုးကြီးသည်။ ကယ်တင်ရှင်ကိုဂုဏ်ပြုရန်အတွက် တမင်သက်သက်ကြိုတင်ဆောင်ထားသောဆီမွှေးဖြစ်မည်။ သူမပြုခဲ့သောအပြစ်ကို ခွင့်လွှတ်ပေးခြင်းကြောင့်လည်းကောင်း၊ သူမ၏မောင်လာဇရုကို ပြန်၍အသက်သွင်းပေးခြင်းအတွက်လည်းကောင်း ကျေးဇူးတင်သောလုပ်ရပ်ဖြစ်ဟန်တူလိမ့်မည်။ ယင်းသို့ပြုခြင်းသည် ယေရှုကို တစ်နေ့သင်္ဂြိုလ်ခြင်းအတွက်ပြုသောအမှုဖြစ်သည်။ သို့သော် သူမသည် ယေရှုရှင်ကို မကြာမီရှင်ဘုရင်ဘိသိက်မြှောက်တော့မည့်သတင်းကိုလည်း ကြားရသည်။ ထိုကြောင့် သူမသည်ကိုယ်တော်ကိုပထမဦးဆုံးဂုဏ်ပြုသူဖြစ်ချင်လာသည်။

မာရိသည် သူမပြုသောအပြုအမူအတွက် အခြားသူများမြင်သာအောင်လုပ်ခဲ့ခြင်းမဟုတ်ပါ။ သို့သော် ယောဟန်မှမှတ်တမ်းတင်ရာတွင် "ထိုဆီ၏အမွှေးသည် တစ်အိမ်လုံးသို့နံ့ပြား၏" (ယော၊ ၁၂း၃)။ ယုဒသည် ချက်ချင်းအပြစ်ပြောလာသည်။ ထိုဆီမွှေးကိုရောင်း၍ ဆင်းရဲသားတို့အားကျွေးမွေးခြင်းကပို၍အကျိုးရှိသည်ဟု မှတ်ချက်ပေးသည်။ ယေရှုရှင်သည် မာရိဘက်မှနေ၍ချက်ချင်းပြန်၍တုံ့ပြန်ပေးသည်။ "ထိုမိန်းမကိုရှိစေတော့။ ငါ၏အလောင်းကိုသင်္ဂြိုလ်ခြင်းငှာပြင်ဆင်သောနေ့တိုင်အောင် သူသည် ဤဆီမွှေးကိုသိုထားပြီ။ ဆင်းရဲသားတို့ကား သင်တို့၌အစဉ်ရှိကြ၏။ ငါမူကား အစဉ်ရှိသည်မဟုတ်ဟုမိန့်တော်မူ၏ (ယော၊ ၁၂း၇၊ ၈)။

ခရစ်ဝင်ကျမ်း၌ အဓိကအကြောင်းရင်းပြန်၍ဖော်ပြထားသည်။ လူတို့စိတ်၌ မည်သို့ဖြစ်သည်ကို ယေရှုရှင်သိတော်မူ၏ (ယော၊ ၂း၂၄၊ ၂၅။



ယော၊ ၆း၇၀၊ ၇၁။ ယော၊ ၁၃း၁၁။ ယော၊ ၁၆း၁၉)။ ရှိမုန်၏ပွဲခံနေချိန်မှာပင် ယုဒ၏စိတ်ကို ယေရှုရှင်သိထားပြီးဖြစ်သည်။ ယောဟန်သည် ယုဒဆိုသူအကြောင်းကို အသေအချာထောက်ပြပေးသည်။ ကိုယ်ကောင်းစားရေးအတွက် သူခိုးကြီးဖြစ်သည် (ယော၊ ၁၂း၆)။

ယေရှုရှင်၏အလောင်းကို ဆီးမွှေးလူးမည့်အချိန်ကို ရည်မှတ်လျက်မာရိသည် ကိုယ်တော်အသက်ရှင်နေချိန်မှာပင် ဆီမွှေးနှင့်လူးခဲ့သည်။ ဆီမွှေးသည်သင်္ဂြိုလ်ချိန်၌ ဂူသင်္ချိုင်းကိုသာ အမွှေးနံ့ပျံ့သင်းစေနိုင်သည်။ သို့သော် ယခုတွင်ကိုယ်တော်၏စိတ်ကို သူမ၏ယုံကြည်ခြင်း၊ ချစ်ခြင်းဖြင့် ရွှင်ပျစေသည်။ ယေရှုရှင်သည် သူ၏နောက်ဆုံးနေ့ရက်များတွင် မှောင်မိုက်သောစုံစမ်းခြင်းအတွင်းသို့ သက်ဆင်းသွားရသော်လည်း မိမိကယ်တင်သောသူသည် မိမိကိုချစ်မြတ်နိုးကြောင်းသိ၍ ခွန်အားရရှိသည်။ (The Desire of Ages, p. 560).

ယေရှုရှင်သည် မာရိနှင့် ယုဒတို့၏သဘောထားကို ကောင်းစွာသိထားသည်။ သင်၏စိတ်ထဲတွင်ရှိနေသည့်အရာကိုလည်း ကိုယ်တော်သိနေတော်မူသည်။ ယင်းအကြောင်းကြောင့် ယေရှုရှင်ကို ကျွန်ုပ်တို့ဖြောင့်မတ်ခြင်းအတွက်နှင့် ပြောင်းလဲခြင်းအတွက်လိုအပ်ကြောင်းကို သိရှိရန်လိုအပ်ပါသလား။ ကျွန်ုပ်တို့၏အားနည်းချက်များဖုံးအုပ်ပေးရန်လည်းလိုနေသလား။

**အင်္ဂါနေ့** **နိုဝင်ဘာလ ၁၂ ရက်**

## ပိလတ်မင်း၏အမှတ်တမဲ့ဖြစ်သောသက်သေခံချက်

ယောဟန်သည် နောက်တစ်ကြိမ်မှတ်တမ်းရေးသားပြန်သည်။ ယုဒဘာသာရေးခေါင်းဆောင်များမှ ယေရှုရှင်ကိုဝိုင်းပြီး အမှုဖွင့်တိုင်ကြားသည်၊ စစ်ဆေးသည်၊ နောက်ဆုံးအသေသတ်ရန်အထိ ကြံစည်ကြသည်။ ယောဟန်ခရစ်ဝင်ကျမ်း၏အဓိကအချက်မှာ ယေရှုရှင်အကြောင်းကို အထူးမြင်သာအောင်ရေးသားခြင်းဖြစ်သည်။ ယေရှုရှင်သည် မိမိအချိန်နာရီမရောက်သေးဟု ခဏခဏပြောဆိုသည်။ ကိုယ်တော်ဆိုလိုသောအချိန်သည် ကပ်တိုင်၌အသေခံခြင်း

အချိန်ကို ဆိုလိုခြင်းဖြစ်သည် (ယော၊ ၂း၄။ ယော၊ ၇း၆၊ ၈၊ ၃၀။ ယော၊ ၁၂း၇၊ ၂၃၊ ၂၇။ ယော၊ ၁၃း၁။ ယော၊ ၁၇း၁)။

ယခုမှအချိန်နာရီရောက်လာပြီ။ ယေရှုရှင်သည် ဂေသရေမန်ဥယျာဉ်တော်အတွင်း အဖမ်းခံခဲ့ရပြီ။ ယဇ်ပုရောဟိတ်မင်းအန္နဆီသို့ခေါ်ဆောင်သွားခြင်းခံရသည်။ ထိုနောက် ကယာဖဆီသို့ခေါ်သွားသည်။ ထိုနောက်မှာ ပိလတ်မင်းဆီသို့ နှစ်ကြိမ်ခေါ်ဆောင်သွားခြင်းခံရသည်။

ယေရှုရှင်သည် ခရစ်တော်ဖြစ်ကြောင်းကို သက်သေပြရန်အတွက် ယောဟန်သည် လူတန်းစားအမျိုးမျိုးတို့ကို အသုံးပြုနေသည်။ ယခုတစ်ကြိမ်၌ ပိလတ်မင်းမှ သက်သေခံပေးခြင်းအကြောင်းကို ယောဟန်မှမှတ်တမ်းပြုသည်။ ပိလတ်မင်းသည် ယေရှုရှင်ကို စစ်ဆေးရသောအစိုးရမင်းဖြစ်သည်။ အထူးသက်သေခံချက်ဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် ပိလတ်မင်းသည် ရောမလူမျိုးဖြစ်နေသည်။ အစိုးရလူကြီးမင်းနှင့် တရားစီရင်သူဖြစ်သည်။ အခြားသောသက်သေများမှာ ယုဒလူများဖြစ်သည်။ အချို့မှာ သာမန်ပုဂ္ဂိုလ်များဖြစ်သည်။

အဘယ်သို့နည်းဖြင့် ပိလတ်မင်းသည် ယောဟန်၏ခရစ်ဝင်ကျမ်းတွင် အဓိကသတင်းစကားနေရာတွင် ပါဝင်လာရသနည်း (ယော၊ ၁၈း၃၈။ ယော၊ ၁၉း၄–၂၂)။

---

---

ယေရှုသည် ပိလတ်မင်းထံသို့ သောကြာနေ့မနက်စောစောတွင် ခေါ်သွားခြင်းခံရသည် (ယော၊ ၁၈း၂၈)။ အကြံအစည်မှာ ရာဇဝတ်သားကို အမြန်ဆုံးစီရင်ရန်ဖြစ်သည်။ သို့သော် ယေရှု၏အမူအရာသည် ပိလတ်မင်း၏ အာရုံကို ဆွဲဆောင်နိုင်သည်။ ပိလတ်မင်းသည် ယေရှုကိုနီးကပ်စွာမေးမြန်းစစ်ဆေးသည်။ ကိုယ်တော်၏နှုတ်မှထွက်သောစကားကိုကြားရသည်။ "ပိလတ်မင်းကလည်း သို့ဖြစ်လျှင် သင်သည် ရှင်ဘုရင်မှန်သလောဟုမေးသော်၊ ယေရှုက



မင်းကြီးမေးသည့်အတိုင်း ငါသည်ရှင်ဘုရင်မှန်၏။ သမ္မာတရားဘက်၌ သက်သေခံစေခြင်းငှာ ငါသည် မွေးဖွားခြင်းကိုခံ၍ ဤလောကသို့ကြွလာပြီ။ သမ္မာတရားနှင့်စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကိုနားထောင်ကြသည်ဟု မိန့်တော်မူ၏" (ယော၊ ၁၈း၃၇)။

ပိလတ်မင်းကြီးသည် ယေရှုကိုသေဒဏ်အမိန့်ချလိုက်သော်လည်း သူသည် သုံးကြိမ်တိုင်တိုင်ယေရှုအပြစ်မရှိကြောင်းကို ကြွေးကြော်ခဲ့သည် (ယော၊ ၁၈း၃၈။ ယော၊ ၁၉း၄၊ ၆)။ ကပ်တိုင်၏ထိပ်စီးအပေါ်၌လည်း "ယုဒဘုရင်၊ နာဇရက်သားယေရှုဟူ၍ စာပန်းထိုးရေးသားထားပေးသည်" (ယော၊ ၁၉း၁၉)။ ယေရှုရှင်သည် မည်သူဖြစ်ကြောင်းဝန်ခံပေးသည်။ ကိုယ်တော်၌ အပြစ်မရှိဘူးဟုလည်း သက်သေခံထားသည်။ သို့သော် ယေရှုရှင်ကို သေဒဏ်အမိန့်ချခဲ့သည်။

သမ္မာတရားကိုယ်တိုင်က ပိလတ်မင်း၏ရှေ့၌ထ၍နေခဲ့သည်။ လူထုကြီး၏ပျက်ယယ်ပြုခြင်းကိုလည်းကောင်း၊ အကျပ်ကိုင်ခြင်းကိုလည်းကောင်း ခံခဲ့ရ၍ ယေရှုကို သေဒဏ်ချမှတ်လိုက်ရသည်။ ဩတ္တပ္ပစိတ်မှ အမှန်တရားကိုသိ၍ သတိပေးခြင်းကို သင်၏စိတ်ထဲမှာခံစားရသော်လည်း ထိုအမှန်တရားအတိုင်း မလုပ်ဆောင်ခြင်းသည် မည်မျှဝမ်းနည်းဖွယ်ကောင်းသနည်း။

ပိလတ်မင်းထံမှ မည်သည့်သင်ခန်းစာကို ကျွန်ုပ်တို့ရနိုင်သနည်း။ လူတို့၏အကြိုက်လိုက်ရသော အပြစ်ဒဏ်စီရင်ခြင်းမျိုး၊ ဖိအားပေးခြင်းကြောင့် အမှန်ကိုဥပက္ခာပြုပြီး ကျွန်ုပ်တို့၏ယုံကြည်ချက်ကို ဆုံးရှုံးခံနိုင်မည်လား။

**ဗုဒ္ဓဟူးနေ့** **နိုဝင်ဘာလ ၁၃ ရက်**

**သောမ၏သက်သေခံချက်**

ယော၊ ၂၀း၁၉–၃၁ ကိုဖတ်ပါ။ သောမ၏အကြောင်းမှ သင်ခန်းစာမည်သို့ရရှိနိုင်သနည်း။ သံသယနှင့် ယုံကြည်မှုကိုမည်သို့သုံးသပ်နိုင်မည်နည်း။ သောမလုပ်မိသောမဟာအမှားကြီးသည် မည်သို့အချက်ဖြစ်သနည်း။

---

---

ခရစ်တော်သည် ရှင်ပြန်ထမြောက်လာပြီးနောက် တပည့်တော်တို့အား ကိုယ်ထင်ပြလာခဲ့သည်။ ကြောက်ရွံ့နေကြ၍ အထက်ခန်း၌ပုန်းနေပြီး တံခါးပိတ်ထားကြသည်။ သောမသည် သူတို့နှင့်အတူမရှိခဲ့ပါ။ နောက်မှ အခြားတပည့်တော်များ၏ပြောပြချက်အရ ကိုယ်တော်သည် ရှင်ပြန်ထမြောက်လာကြောင်းကိုကြားသည်။ သို့သော် သူမယုံ။ သူယုံကြည်သည့်နိုင်ငံတော်မျိုးနှင့် မကိုက်ညီသောကိစ္စဖြစ်သည်။ သူမရှိသောအချိန်နေရာတွင်မှ ယေရှုသည် မိမိကိုယ်ကိုအခြားသူများနှင့်တွေ့ပြီး ကိုယ်ကိုထင်ပြသည်အကြောင်းကို လုံးဝလက်မခံနိုင်ပါ။

သောမက "လက်တော်၌သံဒဏ်ချက်ကိုမမြင်၊ သံရိုက်ရာချက်ကို လက်ညိုးနှင့်မတို့မစမ်း၊ နံဘေးတော်၌လည်း လက်နှင့်မစမ်းမသပ်ရလျှင် ကျွန်ုပ်မယုံဟုဆို၏" (ယော၊ ၂၀း၂၅)။

သောမသည် မိမိ၏ယုံကြည်နိုင်မည့်အခြေအနေကိုချပြခဲ့သည်။ ထိုကဲ့သို့ယုံကြည်ခြင်းကို ချဉ်းကပ်နည်းမျိုးယောဟန်ကျမ်းတွင် ထပ်ခါထပ်ခါ ရေးသားထားသည်။ ဆင်ခြင်တွေးခေါ်တွက်ချက်မှု၊ ယုတ္တိရှိမှု၊ မျက်မြင်သက်သေရှိမှုကို အခြေခံသောယုံကြည်ခြင်းမျိုးဖြစ်သည်။ နိကောဒင်သည် ယေရှုကို ပြန်ဖြေသောစကား၌ "အသက်ကြီးသောသူသည် အဘယ်သို့မွေးခြင်းကိုခံနိုင်မည်နည်း" (ယော၊ ၃း၄)။ ရေတွင်း၌ ယေရှုရှင်နှင့်တွေ့သောမိန်းမသည် ယေရှုအား "သခင်၌ ရေခပ်စရာမရှိ၊ ရေတွင်းလည်းနက်သည်ဖြစ်၍ အသက်ရေကို အဘယ်သို့ရပါမည်နည်း" (ယော၊ ၄း၁၁)။ မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်အားဖြင့် ကျွေးမွေးခြင်းခံရသောလူထုကြီးက "အဘယ်နိမိတ်လက္ခဏာကို ပြတော်မူမည်နည်း" (ယော၊ ၆း၃၀)။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ "မြင်သောကြောင့် ယုံကြည်ခြင်းရှိ၏" ဆိုသည့်အမြင်ယူဆချက်မျိုးကို တန်ပြန်မှုများစွာပါဝင်သည်။ ယေရှုသည်



သောမနှင့်တွေ့ဆုံသောအခါ ကိုယ်တော်ရှင်ပြန်ထမြောက်လာတော်မူကြောင်းကို လက်တွေ့ပြသခဲ့သည်။ သောမအားလာကြည့်ပါ။ ရှင်ပြန်ထမြောက်လာသော ကိုယ်ခန္ဓာကို ထိတို့ကြည့်ပါ။ သို့သော် ကိုယ်တော်၏စကားမှာ "ငါ့ကို မမြင်ဘဲ ယုံကြည်သောသူသည် မင်္ဂလာရှိ၏" (ယော၊ ၂၀း၂၉)။

"ဘုရားရှင်သည် အတင်းအဓမ္မ ကျွန်ုပ်တို့ကိုယုံကြည်စေခြင်းမျိုး မပြုပါ။ ဘုရားရှင်၏တည်ရှိမှု၊ သူ၏စာရိတ္တတော်နှင့် သမ္မာတရားတို့သည် သက်သေသာဓကဖြင့်တည်ဆောက်ထားသည့်အတွက် ဆင်ခြင်သုံးသပ်နိုင်ပါသည်။ သက်သေသာဓကသည်လည်း အလျှံအပယ်ရှိနေပါသည်။ ဘုရားရှင်သည် လူတို့၏စိတ်၌ မသင်္ကါခြင်းစိတ်ကို မည်သောအခါမျှ အရမ်းကာရော ဖယ်ရှားခြင်းမျိုးလည်းမပြုပါ။ ကျွန်ုပ်တို့၏ယုံကြည်ချက်သည် တိကျခိုင်လုံသောအထောက်အထားပေါ်၌ရှိနေရမည်။ လက်တွေ့သရုပ်ပြမှုအပေါ်အခြေမပြုရပါ။ (Ellen G. White, Steps to Christ, p. 105).

နှုတ်ကပတ်တော်အလုံးစုံ၌ ဖန်ဆင်ခြင်းအကြောင်းအလုံးစုံ၌ ကိုယ်စီကိုယ်ငှအတွေ့အကြုံ၌ လုံလောက်ပြည့်စုံသောအချက်များစွာကို ကျွန်ုပ်တို့ရရှိနိုင်ပြီး ယေရှုကို ကျွန်ုပ်တို့ယုံကြည်နိုင်သောအချက်အလက်ကြီးများပင်ဖြစ်သည်။

လူတစ်ယောက်သည် သင့်ကိုဘာကြောင့် ယေရှုကိုယုံကြည်ရသနည်းဟု မေးလာခဲ့သော် သင်မည်သို့ဖြေမည်နည်း။

**ကြာသပတေးနေ့** **နိုဝင်ဘာလ ၁၄ ရက်**

## ယေရှုအကြောင်းကျွန်ုပ်တို့၏သက်သေ

ယေရှုအကြောင်းနှင့်ပတ်သက်၍ ရှင်ယောဟန်သည် ထပ်ခါထပ်ခါ သက်သေများကို ဖော်ပြခဲ့သည်။ သူ၏ပန်းတိုင်ရည်မှန်းချက်မှာ ကျွန်ုပ်တို့ကို အောက်ပါကျမ်းချက်၏သတင်းစကားအတိုင်းဖြစ်သည်။ "ဤကျမ်းစာ၌ရေး၍ မထားသော အခြားနိမိတ်လက္ခဏာအများတို့ကိုလည်း ယေရှုသည် တပည့်တော်တို့မျက်မှောက်၌ ပြတော်မူ၏။ ယေရှုသည် ခရစ်တော်တည်းဟူသော

ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည်ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း ဤမျှလောက်ရေးထားလျက်ရှိသတည်း” (ယော၊ ၂၀း၃၀၊ ၃၁)။

ကျွန်ုပ်တို့စဉ်းစားကြည့်ရအောင်။ ကျွန်ုပ်တို့သည် ယေရှုပြုခဲ့သမျှသော နိမိတ်လက္ခဏာများကို ကိုယ်တိုင်ကိုယ်ကျ ကိုယ်မျက်စိဖြင့်မြင်ခဲ့မည်ဆိုပါလျှင် အမှန်တကယ်ယုံကြည်လက်ခံပါလိမ့်မည်။ ဟုတ်တယ်မဟုတ်လား။ ကျွန်ုပ်တို့သည် ကိုယ်တိုင်မြင်မှသာလျှင် ယုံကြည်မည်ဟု ဆိုတတ်ကြသည်။ သို့သော် ကိုယ်တိုင်မြင်သည်ထက် ပို၍များစွာသောအကြောင်းအရင်းများ ကျွန်ုပ်တို့၌ ရှိနေပါသည်။

အဘယ်ကြောင့်နည်း။

ယုံကြည်ခြင်းရရှိနိုင်ရန် ခရစ်တော်အချိန်၌ရှိသောသူများမရှိသော်လည်း ကျွန်ုပ်တို့အချိန်အခါ၌ရှိနေသည့်အရာများမှာ ဘယ်အရာများဖြစ်သနည်း (မဿဲ၊ ၂၄း၂။ မဿဲ၊ ၂၄း၁၄။ မဿဲ၊ ၂၄း၆–၈)။

______________________________________________

______________________________________________

ယောဟန်ခရစ်ဝင်ကျမ်းမှအကြောင်းအရာကိုသိရ၍ ကျွန်ုပ်တို့အတွက် ယုံကြည်စရာရှိနေသည့်အပြင် အခြားသောကျမ်းရေးသူများ၏ဟောထားသည့် အချက်များ ပြည့်စုံလာခြင်းများလည်း တွေ့ရှိရသည်။ ယေရုရှလင်မြို့ကြီး ပျက်စီးမည့်အကြောင်းသည် ဟောကြားသည့်အတိုင်း ဖြစ်လာခဲ့သည် (မဿဲ၊ ၂၄း၂)။ လောကီနိုင်ငံအရပ်ရပ်သို့ ဧဝံဂေလိတရားပျံ့နှံ့ခြင်း (မဿဲ၊ ၂၄း၁၄)၊ ဖောက်ပြန်သင်းကွဲခြင်း (၂သက်၊ ၂း၃)၊ ကမ္ဘာ့အခြေနေသည် မတရားမှု၊ ပျက်စီးမှုများဆက်လက်များပြားခြင်း (မဿဲ၊ ၂၄း၆–၈) စသည်တို့လည်း ပြည့်စုံလျက်ရှိသည်။ ယေရှုရှင်၏အသက်တာနှင့် အမှုတော်ဆောင်ရွက်စဉ်ကာလ တစ်လျှောက် ကိုယ်တော်၏နောက်တော်သို့လိုက်သူများမှာ အကျန်အကြွင်း လူနည်းစုသာဖြစ်သည်။ လူသားတို့၏သတ်မှတ်ထားသည့် စံနှုန်းအတိုင်းသာဆိုလျှင် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ကမ္ဘာ့သမိုင်းမှ





ပျောက်ကွယ်ခဲ့ကြသင့်သည်။ သို့သော် ယေရှုရှင်၏အနာဂတ်ဟောကြားသမျှ အတိုင်း ဧဝံဂေလိတရားသည် ကမ္ဘာအနှံ့သို့ပျံ့နှံ့သွားရမည်။

ယနေ့အချိန်တွင် နှစ်ပေါင်းနှစ်ထောင်ကြာလာသည့်အခါ တပည့်တော် အနေဖြင့် ယေရှုရှင်အကြောင်းကို ကျွန်ုပ်တို့လည်းဟောပြောကြရမည်။ ကိုယ်တော် မည်သည့်အမှုကိုပြုပေးခဲ့ကြောင်းကို သက်သေပြုရကြမည်။ နာသနေလ၊ နိကောဒင်၊ ယာကုပ်ရေတွင်း၌တွေ့သော ရှမာရိအမျိုးသမီး၊ သို့မဟုတ် ဖာရိရှဲများ၏စဉ်းစားဆင်ခြင်မှုကြောင့်မဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ ပဲ့ပြင်ခြင်းကြောင့် နှုတ်ကပတ်တော်ကိုဖတ်ရှုသောအခါ ယေရှုကို လောကအား ကယ်တင်သူ၊ ကယ်တင်ရှင်အဖြစ်လက်ခံရပါမည်။

ကျွန်ုပ်တို့အယောက်စီတိုင်း၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဘုရားရှင်နှင့် ဆက်သွယ်ကြရပြီး ရရှိသောအတွေ့အကြုံကိုဝေငှသွားပါ။ ကျွန်ုပ်တို့ရရှိသော အတွေ့အကြုံသင်ခန်းစာသည် လူသေကိုထမြောက်စေခြင်း၊ မျက်စိကန်းသူကို ပြန်မြင်စေခြင်းမျိုးဖြစ်နေမှမဟုတ်ပါ။ ယေရှုရှင်ကိုသိရှိရ၍ ကိုယ်တော်အတွက် သက်သေခံရသောအခွင့်သည်သာ အဓိကဖြစ်သည်။ ရှင်ယောဟန်ခရစ်ဝင် ကျမ်း၏သက်သေခံချက်မျိုးဖြစ်သည်။

**သောကြာနေ့** **နိုဝင်ဘာလ ၁၅ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, “The Test of Faith,” pp. 145-155, in Patriarchs and Prophets; “In Pilate’s Judgement Hall,” pp. 723-740, in The Desire of Ages ကိုဖတ်ပါ။

သောမသည် ယေရှုရှင်၏ခြေရင်းတော်၌ မိမိကိုယ်ကိုပြပ်ဝပ်ပြီး “အကျွန်ုပ်၏သခင်၊ အကျွန်ုပ်၏ဘုရား” ဖြစ်ပါသည်ဟုဆိုခဲ့သည်။

ယေရှုရှင်သည် သောမကို ပြန်၍လက်ခံပါသည်။ သို့သော် ကိုယ်တော် မိန့်တော်မူသည်မှာ သောမ၊ သင်သည် ငါ့ကိုမြင်ရ၍ ယုံကြည်သည်။ ငါ့ကို

မမြင်ရဘဲယုံကြည်သူတို့သည် သာ၍မင်္ဂလာရှိကြသည်။ အခြားတပည့်တော်များ၏သက်သေခံချက်ကို သောမသည် ယုံကြည်လျှင် ယေရှုရှင်ပို၍ဝမ်းမြောက်လိမ့်မည်။ ယနေ့ကမ္ဘာသူကမ္ဘာသားများသည် သောမ၏နမူနာကိုလိုက်ကြမည်ဆိုလျှင် ကယ်တင်ခြင်းတရားကို လူတို့လက်ခံမည်မဟုတ်ပါ။ ခရစ်တော်ကိုရရှိပိုင်ဆိုင်သူတိုင်း အခြားသူများကိုသက်သေခံပေးရမည်။

"လူများစွာတို့က သောမကဲ့သို့ သက်သေအထောက်အထားတွေ့လျှင် ယုံကြည်နိုင်မည်ဟု ဆင်ခြေပေးကြသည်။ သူတို့သတိမထားမိသောအရာမှ သောမကဲ့သို့ အချက်အလက်များကြားရသည်ထက် ပိုသောအကြောင်းအရာကို သူတို့ကြားနေကြရပြီဖြစ်သည်။ လူများစွာတို့သည် သောမကဲ့သို့ သံသယအကြောင်းရှင်းသွားသည်အထိစောင့်ကြသည်။ မိမိတို့၏ဆန္ဒကို သတိမထားကြပါ။ မယုံကြည်မှုကိုတိုး၍တိုး၍ ရင်၌ပိုက်သိမ်းထားသည်။ အမှောင်ခြမ်းဘက်မှ မိမိတို့အမြင်ကိုထားရှိသူတို့သည် ငြီးငြူခြင်း၊ အပြစ်တင်ခြင်းများဖြင့် အချိန်တိုင်းပြည့်နှက်နေသည်။ မိမိတို့မည်သို့လုပ်ဆောင်နေသည်ကို မသိကြ။ သံသယမျိုးစေ့ကိုသာကြဲကြသည်။ သံသယအသီးအပွင့်ကိုသာ ရိတ်သိမ်းရန်ရှိသည်။ ယုံကြည်ခြင်းနှင့်စိတ်ချမှုလိုအပ်နေချိန် လူများစွာတို့သည် မျှော်လင့်ချက်အင်အားမရှိတော့ကြောင်းနှင့် ယုံကြည်နိုင်ရန်ခွန်အားမရှိတော့ကြောင်းကို သိလာကြမည်။ (Ellen G. White, The Desire of Ages, pp. 807, 808).

–၀–



## သင်ခန်းစာ (၈)
## ခမ္မပေါင်း၏အနာဂတ္တိစကားကိုပြည့်စုံစေခြင်း
နိုဝင်ဘာလ ၁၆ – ၂၂

**ဥပုသ်နေ့မွန်းလွဲပိုင်း** **နိုဝင်ဘာလ ၁၆ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယော၊ ၅း၁၇၊ ၂၀၊ ၃၆–၄၀၊ ၄၆၊ ၄၇။ ယော၊ ၁၃း၁၈။ ယော၊ ၁၇း၁၂။ ယေရမိ၊ ၂း၁၃။ ဇာခရိ၊ ၉း၉။ ယော၊ ၈း၁၂–၂၀။

### အလွတ်ကျမ်းချက်

**"ယောဟန်၏သက်သေထက်သာ၍ကြီးသောသက်သေသည် ငါ၌ရှိ၏။ အကြင်အမှုတို့ကိုပါ ပြီးစီးစေခြင်းငှာ ခမည်းတော်သည် ငါ့လက်သို့အပ်ပေးတော်မူ၍၊ ငါပြုသောထိုအမှုတို့သည်လည်း၊ ငါ့ဘက်၌နေ၍ ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည်အကြောင်းကို သက်သေခံကြ၏" (ယော၊ ၅း၃၆)။**

ရှင်ယောဟန်ခရစ်ဝင်ကျမ်းကိုဖတ်ရင်းဖတ်ရင်း သာ၍သာ၍သိရသောအကြောင်းမှာ ယေရှု၏စကားတော်များ၊ ယေရှုရှင်ပြုတော်မူသမျှများတို့သည် ကိုယ်တော်အား မေရှိယ၊ ခရစ်တော်၊ ဣသရေလလူမျိုးများသို့ ကြွလာသူဟု ပို၍ခိုင်လုံပါသည်။ ကိုယ်တော်သည် ယုဒအမျိုးတစ်ဦးအဖြစ် ဗက်လင်မြို့၌ မွေးဖွားလာခဲ့သည်။ နှုတ်ကပတ်တော်၏ကြိုတင်ပြောထားချက်အတိုင်းဖြစ်လာခဲ့သည်။

ရှင်ယောဟန်၏ရေးသားထားချက်၌ "ထိုသူသည် ဤလောက၌ရှိတော်မူပြီ။ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကိုမသိ" (ယော၊ ၁း၁၀)။ သူသည် ဤလောက၌ရှိတော်မူပြီ။ ဤလောကသည်လည်း သူကိုယ်တိုင်ဖန်ဆင်းခဲ့သည်။ သို့သော်

ဤလောကသည် သူ့ကိုမသိဖြစ်နေပါသလား။ အံ့သြစရာစကားဖြစ်နေသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌သော်လည်းကောင်း၊ အခြားခရစ်ဝင်ကျမ်း၌သော်လည်းကောင်း၊ ကျွန်ုပ်တို့ဖတ်ရသောအရာမှ များစွာသောသူတို့သည် ကိုယ်တော်ကိုသိသင့်ခဲ့ကြသော်လည်း မသိနားမလည်ကြပါ။ အထူးသဖြင့် ကိုယ်တော်ပြုတော်မူသောအမှုများကိုတွေ့မြင်သောအခါ၊ ကိုယ်တော်မိန့်တော်မူသောစကားများကို ကြားသောအခါသိခဲ့သင့်ပါသည်။ ထို့ပြင် ကိုယ်တော်၏အကြောင်းကို ရည်ရွယ်၍ ဓမ္မဟောင်းကျမ်းမှ ကြိုတင်ရေးထားခြင်းလည်းရှိခဲ့သည်။

ယခုအပတ်မှာ ရှင်ယောဟန်မှ ယေရှုသည် မေရှိယဖြစ်ကြောင်းကို ပို၍ထောက်ခံထားသောအချက်ကို လေ့လာကြရမည်။ အချို့သူများက ကိုယ်တော်ကိုအဘယ်ကြောင့်ငြင်းပယ်မှု ဆက်လက်လုပ်ဆောင်နေကြောင်းကိုလည်း လေ့လာရမည်။ ခိုင်လုံသောအကြောင်းများကိုမြင်ရကြားရသည့်တိုင် ကိုယ်တော်ကို ခရစ်တော်ဟုမခံယူနိုင်ကြ။

ထိုသူတို့၏အမှားကိုထောက်၍ ကျွန်ုပ်တို့မည်သို့သင်ခန်းစာယူနိုင်မည်နည်း။

**တနင်္ဂနွေနေ့** **နို့ဝင်ဘာလ ၁၃ ရက်**

**နိမိတ်လက္ခဏာ၊ ပြုတော်မူသောအံ့ဖွယ်ရာများ**

ထပ်မံ၍ရှင်ယောဟန်သည် နိမိတ်လက္ခဏာများကို သီးသန့်တင်ပြပြီး ယေရှုရှင်သည် မေရှိယဖြစ်ကြောင်းကို သက်သေထူသည်။ ကိုယ်တော်ပြုသောနိမိတ်လက္ခဏာအံ့ဖွယ်အရာများကို ရှင်ယောဟန်မဖော်ပြခဲ့သည်များလည်း ရှိသည်။ အကြောင်းမှာ မေရှိယနှင့်ဆိုင်၍ သက်သေပြသောအခါ အထင်မှားစရာဖြစ်လာနိုင်သောအကြောင်းကြောင့်ဖြစ်သည်။ ပုရောဖက်အတုအယောင်များစွာရှိသည်။ သူတို့သည်လည်း နိမိတ်လက္ခဏာထူးဆန်းဖွယ်များကိုပြသသည်။ ရှင်ယောဟန်မှတ်တမ်းမပြုသောနိမိတ်လက္ခဏာများမှာလည်း သာမန်လူတို့လုပ်လေ့ရှိသောနိမိတ်လက္ခဏာနှင့်ဆင်တူသောကြောင့်ဖြစ်သည်။ ထို့ကြောင့်



ယောဟန်သည် နိမိတ်လက္ခဏာများကိုစိစစ်ပြီးမှသာလျှင် ကိုယ်တော်သည် မေရှိယဖြစ်ကြောင်း ခမည်းတော်ဘုရားထံမှ အမှန်အကန်လာသူဖြစ်ကြောင်းကို သက်သေပြသည်။

ယော၊ ၅း၁၇–၂၀၊ ၃၆–၃၈ ကိုဖတ်ပါ။ ဖော်ပြပါကျမ်းချက်သည် ယေရှုရှင်နှင့် ခမည်းတော်ဘုရား၏ဆက်သွယ်ပတ်သက်ပုံကို မည်သို့ဖော်ပြထားသနည်း။ အထူးသဖြင့် နိမိတ်လက္ခဏာပြသခြင်း၌ ထင်ထင်ရှားရှားရှိပါသလား။

________________________________________________

________________________________________________

ယေရှုသည် နိမိတ်လက္ခဏာပြသ၍ ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်တော်မူကြောင်းကို သက်သေပြသည်။ တစ်လုံးတစ်ဝတည်း၊ နှစ်ကိုယ်တစ်စိတ်ဖြစ်ကြောင်းကို သက်သေပြသည်။ ပြုတော်မူသမျှအားလုံးသည် "ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကိုလည်းကောင်း၊ ငါသည် ခမည်းတော်၌ရှိတော်မူသည်ကိုလည်းကောင်း ယုံကြည်၍သိမှတ်ကြလိမ့်မည်" (ယော၊ ၁၀း၃၈။ ယော၊ ၁၄း၁၀၊ ၁၁ ကိုလည်းကြည့်ပါ)။

ယေရှုရှင်သည်ကြွလာ၍ အမှုတော်ဆောင်ရွက်ရာ၌ မိမိကိုစေလွှတ်တော်မူသောသူ၏အလိုတော်ကိုဆောင်ရန်အတွက်ဖြစ်သည်။ ပြုတော်မူသမျှအမှုအလုံးစုံသည်လည်း လောကီသားများအားလုံးမြင်တွေ့ရမည်။ ခမည်းတော်မှစေလွှတ်၍ ခိုင်းသမျှကိုလုပ်ဆောင်သွားရန်အတွက်ဖြစ်သည်။ ကိုယ်တော်ပြုတော်မူသမျှအလုံးစုံသည် ခမည်းတော်၏အထံတော်မှထွက်လာသူဖြစ်ကြောင်းကို ရှင်းလင်းစွာထင်ရှားစေရန်အတွက်ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ကိုယ်တော်ပြုသောအံ့ဖွယ်နိမိတ်လက္ခဏာကို မြင်ခဲ့ပြီ။ လူများသက်သေခံစကားကိုလည်း ကြားခဲ့ပြီဖြစ်သည့်တိုင် ယေရှုကို မယုံချင်ကြပါ။

ဘာသာရေးခေါင်းဆောင်များမှ ယေရှုကိုမေးခွန်းထုတ်ကြသည်။ "သင်သည် အဘယ်မျှကာလပတ်လုံး ငါတို့ကိုယုံမှားစေမည်နည်း။ ခရစ်တော်မှန်လျှင် အတည့်အလင်းပြောပါဟုဆို၏။ ယေရှုကလည်း ငါပြောပြီ။ သင်တို့သည်မယုံကြ။ ငါ့ခမည်းတော်၏အခွင့်နှင့် ငါပြုသောအမှုတို့သည် ငါ၏သက်သေဖြစ်ကြ၏" (ယော၊ ၁၀း၂၄၊ ၂၅)။

ယေရှုရှင်ကိုယ်တော်တိုင်နှုတ်မှ ငါသည်မေရှိယဖြစ်သည်ဟုဆိုလျှင်လည်း ဘာသာရေးခေါင်းဆောင်တို့သည် ယေရှုကိုဆန့်ကျင်အပြစ်ရှာနေဦးမည်ဖြစ်သည်။ ကိုယ်တော်ကို နည်းမျိုးစုံဖြင့် နှိပ်ကွက်ကြဦးမည်။ ယင်းအကြောင်းကို ယေရှုရှင်ကြိုသိတော်မူ၍၊ ကိုယ်တော်သည် မိမိ၏လုပ်ဆောင်မှုဖြင့် ပြသခဲ့သည်။ ယေရှုသည် မိမိမှာခရစ်တော်သာဖြစ်ကြောင်းကို ပြောလျှင်လည်း ထိုသူတို့သည် လွယ်လွယ်လေးဖြင့်ငြင်းပယ်ဆန့်ကျင်လာကြပါမည်။ ပြသသောနိမိတ်လက္ခဏာ၊ ပြုတော်မူသောအံ့ဖွယ်ကိစ္စများကိုမူ သူတို့မည်သို့ငြင်းပယ်နိုင်မည်နည်း။ ကိုယ်တော်သည် မည်သူ့အထံတော်မှ ဆင်းသက်လာကြောင်းကို ထိုအံ့ဖွယ်နိမိတ်လက္ခဏာများမှ တန်ခိုးအင်အားကြီးစွာဖြင့် သက်သေအထောက်အထားအခိုင်အလုံဖြစ်စေပြီ။

စိတ်နှလုံးခိုင်မာတတ်သောဘာသာရေးခေါင်းဆောင်များကဲ့သို့မဖြစ်စေရန် ကျွန်ုပ်တို့မည်သို့ကာကွယ်နေထိုင်မည်နည်း။ ကျွန်ုပ်တို့နေထိုင်သောအသက်တာ၌ ဘုရားရှင်ပြုတော်မူသောအံ့ဖွယ်နိမိတ်ကို ဆန့်ကျင်ခြင်းမည်သို့ပြုနေနိုင်သနည်း။

**တနင်္လာနေ့** **နိုဝင်ဘာလ ၁၈ ရက်**

**နှုတ်ကပတ်တော်၏တန်ခိုးတော်**

ယောဟန်သည် နိမိတ်လက္ခဏာပြသခြင်းဖြင့် ယေရှုရှင်သည် မေရှိယဖြစ်ကြောင်း သက်သေပြနေရုံမဟုတ်ဘဲ ဓမ္မဟောင်းကျမ်း၏ကြိုတင်ပုရောဖက်ပြုခြင်းများကိုအသုံးပြုကာ ယေရှုရှင်သည် မေရှိယဖြစ်ကြောင်းကိုဖော်ပြပေးသည်။



ရှင်ယောဟန်ခရစ်ဝင်ကျမ်းသာမဟုတ်၊ ဓမ္မသစ်ကျမ်းတစ်ကျမ်းလုံးသည် ဓမ္မဟောင်းကျမ်း၏ကြိုတင်ဟောထားသမျှကို ပြည့်စုံထောက်ခံကြောင်းရေးသားသည်။ ယေရှုရှင်သည် မည်သူဖြစ်ခဲ့သည်၊ မည်သည့်အရပ်ကလာသည်၊ ကိုယ်တော်ဘာလုပ်ခဲ့သည့်အကြောင်းကို ရေးသားပေးသည်။ ကိုယ်တော်ဘာဆက်လုပ်ဦးမည်ကိုလည်း ကြိုတင်ပြောပြန်သည်။ ယင်းအကြောင်းအရာအားလုံးကို နှုတ်ကပတ်တော်မှ အခြေခံထားသည်။ ဓမ္မဟောင်းကျမ်းစာမှစတင်အခြေခံထားသည်။

အောက်ပါကျမ်းချက်များကိုဖတ်ပါ။ ယော၊ ၅း၃၉၊ ၄၀၊ ၄၆၊ ၄၇ ကိုဖတ်ပါ။ ယေရှုရှင်၏သဘောထားသည် နှုတ်ကပတ်တော်အတိုင်းဖြစ်ကြောင်းကို မည်သို့သွန်သင်ပေးထားသနည်း။

---

---

ခရစ်ဝင်ကျမ်းအားလုံးတွင် ယေရှုရှင်သည် မိမိကိုယ်ကို ပြန်၍သက်သေခံရာတွင် နှုတ်ကပတ်တော်၏အခွင့်အာဏာကို အသုံးပြုမြွက်ကြားသည်။ မကြာမကြာယေရှုရှင်သည် ဓမ္မဟောင်းကျမ်းကိုကိုးကားပြီး မိမိကိုရည်ညွှန်းကြောင်း၊ ကိုယ်တော်မည်သည့်အမှုကိုလုပ်ဆောင်နေကြောင်းကို နှုတ်ကပတ်တော်မှ ထောက်ခံထားကြောင်းထောက်ပြသည်။ ဥပမာတစ်ခုအနေဖြင့် တရားဟော၊ ၂၁း၅–၉ ကို ယေရှုရှင်သည်ကောက်နုတ်၍ "မောရှေသည် တော၌မြွေကိုမြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်" (ယော၊ ၃း၁၄)။ ယေရှုသည် အဖြစ်အကြောင်းကိုသာဆိုနေခြင်းမဟုတ်။ မိမိကိုယ်တိုင်ထိုသို့ခံရမည်ကို ပြောနေခြင်းဖြစ်သည်။ အကြောင်းအရာ၏ဖြစ်လာမည့်အမှန်ကိစ္စကို အခြေခံကျကျ ယေရှုကကျမ်းကိုးကျမ်းကားဖြင့် ကြိုတင်ပြောခြင်းဖြစ်သည်။

ယေရှုရှင်သာမဟုတ် အခြားသူများလည်း ဓမ္မဟောင်းကျမ်းကိုအသုံးပြုပြီး ယေရှုကိုရည်ညွှန်းပြောဆိုကြသေးသည်။ ဥပမာ ရှင်ယောဟန်၏ရှေ့ပိုင်း

အရေးအသားတွင် ဖိလိပ္ပု၏စကားကိုမှတ်တမ်းပြုထားသည်။ “မောရှေသည် ပညတ္တိကျမ်းနှင့်လည်းကောင်း၊ ပုရောဖက်တို့သည် သူတို့ကျမ်း၌လည်းကောင်း အကြောင်းပြု၍ရေးထားသောသူ၊ နာဇရက်မြို့သားဖြစ်သော ယောသေ၏သား ယေရှုကို ငါတို့တွေ့ကြပြီဟုဆို၏” (ယော၊ ၁း၄၅)။

အောက်ပါကျမ်းချက်ကိုဖတ်ပါ။ ယော၊ ၃း၁၈။ ယော၊ ၇း၁၂။ ယော၊ ၁၉း၂၄၊ ၂၈၊ ၃၆။ နှုတ်ကပတ်တော်၏အခွင့်အာဏာကို ယေရှုနှင့် ယောဟန်တို့မှ နားလည်သကဲ့သို့ ကျွန်ုပ်တို့လည်း မည်ကဲ့သို့နားလည်ရမည်နည်း။ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ယုံကြည်ခြင်းအတွက် အဓိကလိုအပ်ချက်ဖြစ်ကြောင်း မည်သို့ဖော်ပြထားသနည်း။

-----------------------------------------------

-----------------------------------------------

နှုတ်ကပတ်တော်အတိုင်းမယုံကြည်စေရန် ယနေ့မည်သည့်အင်အားများကနှောင့်ယှက်နေသနည်း။ သင်၏အဖြေကို သင်၏အတန်းသားများဆီသို့ ဥပုသ်နေ့ရောက်လျှင် ယူလာပေးပါ။

**အင်္ဂါနေ့** **နိုဝင်ဘာလ ၁၉ ရက်**

**ဓမ္မဟောင်းမှယေရှုရှင်အကြောင်းပုရောဖက်ပြုချက်အပိုင်း (၁)**

ယေရှုသည် သူ၏ဇာတိမှန် (သူသည်မည်သူမည်ဝါဖြစ်ကြောင်း) ကို ဘာသာရေးခေါင်းဆောင်များတို့နှင့် ဆွေးနွေးစကားပြောဆိုရာတွင် နှုတ်ကပတ်တော်၏တန်ခိုးသြဇာကို အခိုင်အမာအတည်ပြုပြောလေ့ရှိသည်။ အမှန်မှာ ကိုယ်တော်သည် ထိုသို့ပြုရန်ပင်မလိုဟု ဆိုနိုင်စရာအကြောင်းရှိသည်။ အဘယ်ကြောင့်ဆိုသော် ဘာသာရေးခေါင်းဆောင်များသည် သမ္မာကျမ်းစာကို ယုံကြည်နေကြခြင်းကြောင့်ဖြစ်သည်။ မည်သို့ရှိနေပါစေ ထိုသူတို့နှင့်စကားပြောတိုင်း ယေရှုရှင်သည် နှုတ်ကပတ်တော်၏အခွင့်အာဏာတန်ခိုးအကြောင်းကို ပြောကြားလေ့ရှိသည်။ ထိုသို့ပြုရင်း ကိုယ်တော်သည် မိမိမည်သူဖြစ်ခဲ့ကြောင်း



ကို သက်သေပြသည်။ ထိုသူတို့၏စိတ်နှလုံးမည်မျှမာကျောနေပါစေ၊ ကိုယ်တော်ကိုမည်မျှကြိုးစား၍ ဆန့်ကျင်တိုက်ခိုက်နေပါစေ၊ ကိုယ်တော်အနေဖြင့် ပြောစရာစကားကို ပြောဆိုသည်။

ထိုနည်းတူ ယောဟန်သည် ဓမ္မဟောင်းကျမ်း၌ဖော်ပြသော ရောက်လာမည့်မေရှိယသည် ယေရှုရှင်ပင်ဖြစ်ကြောင်းကို တိုက်ရိုက်ကိုးကား၍သော်လည်းကောင်း၊ အရိပ်အမြွက်ဆိုခြင်းဖြင့်လည်းကောင်း မှတ်တမ်းရေးသားထားသည်။

ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်းစကားများသည် မည်သို့ဆက်နွယ်မှုရှိသနည်း။ ဓမ္မသစ်ကျမ်းမှဖော်ပြပါကျမ်းချက်များသည် မေရှိယကတိတော်အကြောင်း မည်သို့သက်သေခံရေးထားသနည်း။

ယော၊ ၁း၂၃။ ဟေရှာ၊ ၄၀း၃-----------------------------

-----------------------------------------------

ယော၊ ၂း၁၆၊ ၁၇။ ဆာ၊ ၆၉း၉---------------------------

-----------------------------------------------

ယော၊ ၇း၃၈။ ယေရမိ၊ ၂း၁၃----------------------------

-----------------------------------------------

ယော၊ ၁၉း၃၆၊ တော၊ ၉း၁၂----------------------------

-----------------------------------------------

ရှင်ယောဟန်တစ်ဦးတည်းသာမကပါ။ ပေတရု၊ ပေါလု၊ မဿဲ၊ မာကု၊ လုကာ အစရှိသော ဓမ္မသစ်ရေးသားသောသူအားလုံးသည် ဝိညာဉ်တော်ခံရ၍ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏တန်ခိုးတော်ဖြင့် ကျမ်းကို ရေးသားခဲ့ကြသည်။ နာဇရက်မြို့သားယေရှု၏အသက်တာမည်မျှခက်ခဲကြောင်းကို ရေးသားထားကြသည်။ အသေခံခြင်း၊ ရှင်ပြန်ထမြောက်လာခြင်း၊ ကောင်းကင်တက်ကြွသွားခြင်း၊ ခမည်းတော်၏ပလ္လင်တော်သို့ရောက်ခြင်းအကြောင်းတို့သည် ဓမ္မဟောင်းကျမ်းကို ပြည့်စုံသွားစေကြောင်း ဖော်ပြရေးသားကြသည်။

ယေရှုသည် တပည့်တော်တို့ကို မိမိ၏အမှုတော်အကြောင်း၊ အသေခံခြင်းနှင့်ထမြောက်ခြင်းအကြောင်းများကို နှုတ်ကပတ်တော်၏ရေးသားချက်ဖြင့် ပြသသွန်သင်သော်လည်း တပည့်တော်များမည်သည့်အချိန်မှာ သဘောပေါက်နားလည်သနည်း။ ကိုယ်တော်အသေခံပြီး ရှင်ပြန်ထမြောက်လာသည့်နောက် သူတို့နှင့်တွေ့ဆုံပြီးမှသာ ထိုအကြောင်းများကို တပည့်တော်တို့သိရှိနားလည်လာခဲ့သည်။ "ထို့ကြောင့်သေခြင်းမှထမြောက်တော်မူသည်နောက်၊ ထိုစကားတော်ကို တပည့်တော်တို့သည် မှတ်မိကြသဖြင့်၊ ကျမ်းစာကိုလည်းကောင်း၊ ယေရှု၏နှုတ်ကပတ်တော်ကိုလည်းကောင်း ယုံကြ၏" (ယော၊ ၂း၂၂။ ယော၊ ၂၀း၉)။

## ဗုဒ္ဓဟူးနေ့ | နိုဝင်ဘာလ ၂၀ ရက်

## ဓမ္မဟောင်းမှယေရှုရှင်အကြောင်းပုရောဖက်ပြုချက်အပိုင်း (၂)

ယေရှုသည် ဘာသာရေးခေါင်းဆောင်များကို ပြောသည့်စကားမှာ၊ "ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟုစိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်၏" (ယော၊ ၅း၃၉)။ ထိုသို့မိမိကိုယ်ကိုပြောဆိုခြင်းသည် မည်မျှအံ့ဖွယ်ဖြစ်နေပါသနည်း။

ကျမ်းစာလေ့လာသူများ၏အဆိုအရ ယေရှုရှင်သည် ဓမ္မဟောင်းကျမ်းပုရောဖက်ပြုချက်ပေါင်းရာချီ၍ ပြည့်စုံစေသည်ဟုဆိုကြသည်။ အဘယ်သို့ရှိသည်ဖြစ်စေ အံ့ဩရလောက်အောင် နှုတ်ကပတ်တော်ပြည့်စုံလာအောင် သူပြုနိုင်ခဲ့သည်။ ဥပမာအနေဖြင့်ပြောရလျှင် ငွေအကြွေစေ့များကို နှစ်ပေမြင့်သည်အထိ ရန်ကုန်တစ်မြို့လုံးပြည့်အောင် ထပ်ထားလိုက်ပါ။ ထိုနောက် အကြွေစေ့တစ်စေ့ကိုယူပြီး အပန်းရောင်ချယ်လိုက်ပါ။ ထိုနောက်တွင် အားလုံးရောသမလိုက်ပြီး မျက်မမြင်တစ်ယောက်ကိုခေါ်ပြီး အပန်းရောင်ချယ်သောအကြွေစေ့ကို ရွေးထုတ်ခိုင်းပါ။ သူရွေးချယ်နိုင်ပါမည်လား။

ခရစ်တော်၏မွေးဖွားခြင်းသက်တော်စဉ်နှင့် အသေခံတော်မူခြင်းအကြောင်းကို ဓမ္မဟောင်း၌ ကြိုတင်ဟောကြားပြီးသားဖြစ်သည်။ မေရှိယ



အဖြစ်ကြွလာလိမ့်မည့်အကြောင်း ကြိုတင်ရေးသားထားပေးသည်။ ရှင်ယောဟန်သည် ဓမ္မဟောင်းကျမ်းမှကျမ်းချက်များစွာကို ထပ်ခါထပ်ခါယေရှုရှင်သည် မည်သူဖြစ်ခဲ့ကြောင်း ကိုယ်တော်ကိုအဘယ်ကြောင့်ယုံကြည်သင့်ကြောင်းနှင့် ကိုယ်တော်ပေးမည့်ကယ်တင်ခြင်းကို လက်ခံသင့်ကြောင်းကို အကြိမ်ကြိမ်လှုပ်ဆော်သတိပေးသည်။

အောက်ပါကျမ်းချက်များမှ ယေရှုရှင်သည် အနာဂတ္တိဟောထားချက်အရ မေရှိယဖြစ်ကြောင်းကို မည်သို့ဖော်ပြပေးထားသနည်း။

ယော၊ ၁၂း၁၃။ ဆာ၊ ၁၁၈း၂၆-----------------------------

-----------------------------------------------

ယော၊ ၁၂း၁၄၊ ၁၅။ ဇာခရိ၊ ၉း၉---------------------------

-----------------------------------------------

ယော၊ ၁၃း၁၈။ ဆာ၊ ၄၁း၉------------------------------

-----------------------------------------------

ယော၊ ၁၉း၃၇။ ဇာခရိ၊ ၁၂း၁၀။ ဇာခရိ၊ ၁၃း၆------------------

-----------------------------------------------

သင်သည်သင့်ယုံကြည်ချက်အပေါ် မည်သို့ခိုင်ခံ့စွာအခြေချထားသနည်း။ အကယ်၍ တစ်ဦးတစ်ယောက်က သင်သည် ယေရှုကို မေရှိယအဖြစ်အဘယ်ကြောင့်လက်ခံရကြောင်းမေးလာလျှင် သင်မည်သို့အဖြေပေးမည်နည်း။ သင်မည်သည့်အရာကိုအားကိုး၍ သင်၏ယုံကြည်ခြင်းကို ရဲရင့်စွာခုခံကာကွယ်မည်နည်း။

## ကြာသပတေးနေ့ | နိုဝင်ဘာလ ၂၁ ရက်

## အောက်အရပ်မှ

ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ကျွန်ုပ်တို့လေ့လာရာတွင် ရှင်ယောဟန်သည် ယေရှုကို အမှန်တကယ်မေရှိယဖြစ်၍ ယုဒလူတို့မျှော်လင့်သောကတိတော်

ရှိထားသူဖြစ်ကြောင်း လေးလေးနက်နက်တင်ဆက်ထားကြောင်းကို လေ့လာထားပြီးဖြစ်သည်။

ဘာသာရေးခေါင်းဆောင်များသည် သူတို့ကိုဝိညာဉ်ရေးလမ်းသို့ပို့ဆောင်ရာ၌ မိမိတို့ကိုယ်တိုင်သည် အကြီးမားဆုံးရန်သူကြီးဖြစ်နေသည်။

အဘယ်ကြောင့်နည်း။

ယော၊ ၈း၁၂–၃၀ ကိုဖတ်ပါ။ ယေရှုရှင်နှင့် ဘာသာရေးခေါင်းဆောင်များ မည်ကဲ့သို့အကြီးအကျယ်ဆန့်ကျင်မှုဖြစ်ခဲ့ရသနည်း။ ယေရှုကိုငြင်းပယ်ရခြင်းအကြောင်းကို မည်သည့်ကျမ်းချက်ဖြင့် အကောင်းဆုံးပြ၍ ရှင်းပြပေးနိုင်မည်နည်း။

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

ယေရှုရှင်က ထိုသူတို့သည် မိမိကိုလည်းမသိ၊ ခမည်းတော်ကိုလည်း မသိကြဟုဆိုသည် (ယော၊ ၈း၁၉)။ အမှန်မှာ နှစ်ပါးလုံးကို သူတို့သိသင့်ကြသည်။ သို့သော် ထိုသူတို့သည် မိမိကိုယ်ကိုပြန်၍လိမ်လည်နေသူများဖြစ်ကြသည်။ မိမိတို့မိရိုးဖလာထုံးစံဓလေ့များနှင့် အတွေးအခေါ်ကိုသာ စွဲလန်းနေကြသူများဖြစ်ကြသည်။ ယေရှုရှင်သူတို့၏မျက်စိရှေ့ရောက်နေသည့်တိုင် ငြင်းပယ်နေကြသည်။ ကိုယ်တော်ပြုသမျှ၊ ပြောသမျှတို့သည် ခမည်းတော်ကို ဖော်ပြနေသော်လည်း သူတို့သည် ကိုယ်တော်ကိုငြင်းပယ်နေကြဆဲဖြစ်သည်။

ဒုတိယအကြိမ်ယေရှုပြောပြန်သည်။ "သင်တို့သည် အောက်သားဖြစ်ကြ၏" (ယော၊ ၈း၂၃)။ တစ်နည်းဆိုရသော် သူတို့သည် ဘာသာရေးကို မည်သို့ပင်လိုက်လုပ်နေသော်လည်း ဝိညာဉ်ရေးမရှိ၊ ဘုရားတရားရှိသူမဟုတ်ကြ။ "မွေ့လျော်ခြင်းတန်ခိုးကိုငြင်းပယ်သူ" (၂တိ၊ ၃း၅) ဖြစ်ကြ၏။ ထိုမျှသာမက၊ သူတို့သည် အပြင်ပန်းသနားတတ်သည်ဟု ဟန်ဆောင်ကောင်း၍ အတွင်းသဘောမှာ ဘုရားကိုယုံကြည်ခြင်းမရှိကြပါ။



ထိုကိစ္စသည် အသစ်အဆန်းမဟုတ်ပါ။ "ဤလူမျိုးသည် နှုတ်နှင့်ငါ့ထံသို့ချဉ်းကပ်၍ နှုတ်ခမ်းနှင့်ငါ့ကိုရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏။ လူတို့စီရင်သောပညတ်တို့ကိုအမှီပြု၍ ငါ့ကိုကြောက်ရွံ့ကြ၏ (ဟေရှာ၊ ၂၉း၁၃)။ ယင်းစကားအဆိုသည် နောက်နှစ်ပေါင်းရာများစွာကြာမှ ယေရှုရှင်အချိန်တွင် ပြည့်စုံလာသည်။ ကိုယ်တော်မိန့်တော်မူခဲ့သည့်စကားမှာ "လူတို့စီရင်သောပညတ်တို့ကိုသွန်သင်၍ နည်းဥပဒေပေးလျက်ပင် ငါ့ကိုအချည်းနှီးကိုးကွယ်ကြ၏ဟု၊ နောက်ဖြစ်လတ္တံ့သောအရာကို လျောက်ပတ်စွာဟောခဲ့ပြီ" (မာကု၊ ၇း၇)။ လူသားတို့၏သွန်သင်ချက်များ၊ လူသားတို့၏ပညတ်ချက်များတို့သည် "လောကီသားဖြစ်ကြ၏" (ယော၊ ၈း၂၃)။ ထိုနောက် တစ်ဖန်ယေရှုရှင်မိန့်တော်မူသောစကား၌ "ငါမူကား၊ လောကီသားမဟုတ်" (ယော၊ ၈း၂၃)။ အလွန်ဆိုးနေသောကိစ္စမှာ ထိုလူတို့သည် မိမိတို့ကိုယ်ကိုပြန်၍လိမ်နေခြင်းပင်ဖြစ်သည်။ အလွန်အန္တရာယ်ကြီးသောထောင်ချောက်ကြီးထဲရောက်သွားစေသည်မှာ အခြားသူများအားလည်း လမ်းလွဲစေသည်။ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ယောဟန်၏ရေးသားထားချက်၌ ယေရှုရှင်၏ဆိုဆုံးမသောစကားကို ယုံကြည်သူများစွာလည်းရှိ၏။ "ကိုယ်တော်ကိုယုံကြည်ကြ၏" (ယော၊ ၈း၃၀)။

ဆိုးသောခေါင်းဆောင်များ ကာဆီးကာဆီးလုပ်နေသော်လည်း ယုဒလူများအထဲမှ ယေရှုသည် မည်သူဖြစ်ကြောင်းကို တွေးမြင်သဘောပေါက်နားလည်လာသူများစွာရှိခဲ့သည်။

ယေရှုရှင်မှ ယုဒဘာသာရေးခေါင်းဆောင်များနှင့် ပြောဆိုသည့်စကားတွင် သင်မည်သည့်သင်ခန်းစာရရှိနိုင်သနည်း။ ကျွန်ုပ်တို့သည်လည်း "အထက်သားများ" ဖြစ်၍ "အောက်သားများ" မဖြစ်ရေးကို မည်သို့လုပ်မည်နည်း။ မည်သို့ခြားနားကြောင်းကို ကျွန်ုပ်တို့နားလည်နိုင်မည်နည်း။

**သောကြာနေ့** **နိုဝင်ဘာလ ၂၂ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, "Let Not Your Heart Be Troubled," pp. 662-680, in The Desire of Ages ကိုဖတ်ပါ။

"ရွှေငွေရတနာကဲ့သို့ အဖိုးထိုက်သောသမ္မာတရားကို ဟေဗြဲလူတို့အား ဘုရားရှင်ပေးသနားခဲ့သည်။ ယုဒလူမျိုးတို့၏စီးပွားရေး၊ ကောင်းကင်မှလာသော အမှတ်လက္ခဏာများကို ယူဆောင်ရခြင်းအခွင့်စသည်တို့သည် သခင်ခရစ်တော်ကိုယ်တိုင်တည်ထောင်ချမှတ်ပေးခဲ့သည်။ ပုံစံနမူနာသဘောမျိုးဖြင့်ချပြ၍ ကြီးမြတ်သောအမှန်တရား၊ သမ္မာတရားကို ကန့်လန့်ကာဖြင့်ခြားပေးထားသည်။ ခရစ်တော်လာသောအချိန်၌ ယုဒလူတို့သည် မိမိတို့ကျင့်စောင့်ခဲ့သော ပုံပမာနမူနာဆောင်ထားသည့်အရာအလုံးစုံသည် ယေရှုရှင်ကိုယ်တော်တိုင်ကို ရည်ညွှန်းကြောင်းကို သူတို့တစ်ခုမျှလက်မခံကြတော့ပါ။ သူတို့သည် လက်အားဖြင့်သာ ဘုရားရှင်၏နှုတ်ကပတ်တော်ကိုခံယူထားသည်။ သို့သော် ခေတ်အဆက်ဆက်မှ လက်ဆင့်ကမ်းလာသောထုံးစံဓလေ့ကိုမူ အစွဲထားပြီး လူတို့အဓိပ္ပာယ်ဖော်ပေးသောနှုတ်ကပတ်တော်ကိုသာ ယုံကြည်လိုက်လျှောက်ကြသည်။ ယေရှုရှင်၌ အမှန်ရှိသောသမ္မာတရားကို ဝှက်ထားကြသည်။ ဝိညာဉ်ရေးရာသွတ်သွင်းပေးသော သန့်ရှင်းသည့်အရာများအားလုံးပျောက်ဆုံးနေသည်။ ရတနာတိုက်ကြီးကို သူတို့၏အသိဉာဏ်အတွင်းသို့ ဖွင့်ပြပေးသော်လည်း ထိုသူတို့သည် မသိနားမလည်ခဲ့ကြ။"

"ထာဝရဘုရားသည် မိမိ၏သမ္မာတရားကို လူတို့ထံမှဝှက်ထားခြင်းမဟုတ်။ လူတို့သည် မိမိတို့၏စိတ်ထင်အတိုင်းလုပ်ဆောင်သောကြောင့် မသိနိုင်ခြင်းဖြစ်သည်။ ခရစ်တော်သည် ယုဒလူများကို အချက်အလက်ပေါင်းများစွာပေး၍ မိမိသည် မေရှိယဖြစ်ကြောင်းကို သက်သေပြခဲ့သည်။ သို့သော်



ကိုယ်တော်၏သွန်သင်ခြင်းသည် ထိုသူတို့၏ကိုယ်ပိုင်စိတ်ဆုံးဖြတ်ခွင့်ကိုပေးသည်။ ပြောင်းလဲခွင့်ပေးသည်။ မိမိတို့အသက်တာကိုပြောင်းလဲရန် ကိုယ်တော်ခေါ်တော်မူသည်။ သူတို့အနေဖြင့် ခရစ်တော်ကိုလက်ခံလျှင် ရှိသမျှပျော်ရွှင်မှုနှင့် မိရိုးဖလာထုံးစံများကိုစွန့်ရမည်ဟု မြင်ထားကြသည်။ တစ်ကိုယ်ကောင်းစိတ်များ၊ ဘုရားဝတ်နှင့်မကိုက်ညီသောအရာအားလုံးကို ပြောင်းလဲပစ်ရမည်။ ထာဝရသမ္မာတရားကိုရရှိ၍ ပြောင်းလဲပစ်ရမည်။ ထာဝရသမ္မာတရားကိုရရှိ၍ ယင်းသို့သောအရေးကိုပြုရမည်။ ထိုကြောင့် ခရစ်တော်ကိုယုံကြည်ရန် ဘုရားရှင်စေခိုင်းသည့်အချက်ကို သူတို့စိတ်မဝင်စားတော့ပါ။ ဓမ္မဟောင်းကျမ်းကို သေသေချာချာယုံကြည်ကြသည်။ သို့သော် ထိုကျမ်းအတိုင်း အသက်တာကို သက်သေပြနေသောခရစ်တော်ရှင်၏အသက်တာနှင့် စာရိတ္တတော်ကိုမူ လက်ခံရန် ငြင်းပယ်ကြသည်။ မိမိတို့ခံယူထားသောကနဦးအယူအဆကို စွန့်လွှတ်ရမည့်အကြောင်း အလွန်ကြောက်ရွံ့နေကြသည်။ ဧဝံဂေလိ၏ရတနာကြီး၊ လမ်းခရီး၊ သမ္မာတရားနှင့် အသက်သည် သူတို့နှင့်အတူရှိနေပါသည်။ သို့သော် ကောင်းကင်မှပို့လိုက်သောအကြီးမြတ်ဆုံးလက်ဆောင်တော်ကြီးကို သူတို့ခံယူခြင်းမရှိ၊ ငြင်းထုတ်ပစ်လိုက်သည်။" (Ellen G. White, Christ Object Lessons, p. 105).

–o–

## သင်ခန်းစာ (၉)
# အသက်၏မူလအစအရင်းအမြစ်
### နိုဝင်ဘာလ ၂၃ – ၂၉

**ဥပုသ်နေ့မွန်းလွဲပိုင်း** **နိုဝင်ဘာလ ၂၃ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယော၊ ၁း၄။ ယော၊ ၁၀း၁၀။ ယော၊ ၁း၁၂၊ ၁၃။ ယော၊ ၆း၆၁–၆၈။ တော၊ ၁၃း၂၃–၃၃။ မဿဲ၊ ၄း၁–၄။

### အလွတ်ကျမ်းချက်

**"ယေရှုကလည်း၊ ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ" (ယောဟန်၊ ၁၄း၆)။**

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ ကိုယ်တော်ကိုမည်သူဖြစ်သည်ဟု ကိုယ်တော်အားမေးသောအခါ ယေရှုရှင်က ဘုရားဇာတိသဘောနှင့်သက်ဆိုင်သောစကားလုံးမျိုးဖြင့် ပြန်၍ဖြေဆိုခဲ့သည်။ "ငါသည်" ဟုဆိုရာ၌ သခင်သည် မိမိကိုယ်ကိုရည်ညွှန်းပြောဆိုနေကြောင်း အထင်မှားစရာအကြောင်းမရှိနိုင်ပါ။ မီးတောက်သောချုံပုတ်အတွင်းမှ မောရှေနှင့်ဆုံတွေ့ခဲ့သောသူဖြစ်သည်။ "ငါဖြစ်သည်အတိုင်းငါဖြစ်၏" ဟုမောရှေကိုမိန့်တော်မူခဲ့သည် (ထွက်၊ ၃း၁၄)။ ထိုဘုရားသခင်ကပင် "ငါဖြစ်သည်" ဟူ၍ "နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိကိုခံယူ၍၊ ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်း ပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တစ်ပါးတည်းသောသားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည်မြင်ရကြပြီ" (ယော၊ ၁း၁၄)။

"ငါဖြစ်သည်" ဟူသော ရှင်ယောဟန်၏ရေးသားချက်ကျမ်းတွင် အဓိကအကြောင်းဖြစ်ပြီး တောက်လျှောက်ပါဝင်သည်။ ယခုအပတ်အလွတ်ကျမ်းချက်မှာ





ယင်းအဓိကအချက်ကို အထူးသတိပြုစေသည်။ "ငါသည်လမ်းခရီး၊ သမ္မာတရားနှင့် အသက်ဖြစ်၏" (ယော၊ ၁၄း၆)။ "ငါဖြစ်သည်" ဟုဆိုရာ၌ လောက၏အလင်း၊ အသက်၏မုန့်၊ သိုးခြံတံခါး၀၊ ကောင်းသောသိုးထိန်းနှင့် မှန်သောစပျစ်နွယ်ပင်ဖြစ်သည် စသည်ဖြင့်ဖော်ပြထားသည်။

ယခုအပတ်လေ့လာရမည်အကြောင်းမှာ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ ဘုရားရှင်မှ ကျွန်ုပ်တို့ကိုပေးထားသောဘုရားရှင်၏ ဗျာဒိတ်တော်ဖော်ပြချက်ဖြစ်သည်။ ရှုထောင့်စုံမှ အကြောင်းအရာများကို ပို၍နက်နက်နဲနဲလေ့လာကြရမည်။ ယေရှုရှင်သည် မေရှိယအရှင်ဖြစ်ကြောင်း သေချာသောအချက်အလက်များ၊ အချို့က ကိုယ်တော်ကိုငြင်းပယ်ခြင်းအကြောင်းများဖြစ်သည်။ ယင်းအကြောင်းကို အကြောင်းရင်းနှစ်ရပ်ကြောင့် လေ့လာပါမည်။ မှားယွင်းခဲ့သောအမှားမျိုးရှောင်နိုင်ရန်နှင့် မှားယွင်းနိုင်ခြေရှိနေသူများကို ကူညီထောက်ပံ့နိုင်ရန်ဖြစ်သည်။

**တနင်္ဂနွေနေ့** **နိုဝင်ဘာလ ၂၄ ရက်**

**ကိုယ်တော်၌အသက်ရှိ၏**

ယော၊ ၁း၁ ၌ တမန်တော်သည် ရှင်းလင်းပြတ်သားစွာပင် ယေရှုရှင်သည် ဘုရားဖြစ်ကြောင်း ဘုရားသားတော်ဖြစ်ကြောင်းကိုဖော်ပြသည် (ယော၊ ၁း၄)။ "ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏" ကျမ်းအရ ဖော်ပြသောယင်းအသက်သည် ဘုရားပေးသောအသက် ဘုရားနှင့်ဆိုင်သောအသက်ကိုဆိုခြင်းဖြစ်သည်။ ထာဝရအသက်ဖြစ်၍ မသေနိုင်သော၊ အစဉ်တည်ရှိနေခြင်းကိုဆိုလိုသည်။ အကြောင်းမှာ ကိုယ်တော်သည် ကိုယ်၌က အသက်ကိုပိုင်ဆိုင်ထားသည်။ သူ၏အသက်ကိုစွန့်နိုင်သည်၊ ပြန်၍တစ်ဖန်ယူနိုင်ပြန်သည် (ယော၊ ၁၀း၁၇)။ အကြောင်းမှာ ကိုယ်တော်၌ ထိုအသက်တည်ရှိနေခြင်းကြောင့်ဖြစ်သည်။ အသက်ပေးပိုင်သောအရှင်ဖြစ်တော်မူသည်။ ကိုယ်တော်ပေးလိုသူကို ထိုအသက်အားပေးနိုင်သည်။ ယော၊ ၅း၂၁ ကို ယော၊ ၁၄း၁၉ နှင့်နှိုင်းယှဉ်ဖတ်ပါ။

“အသက်” (zoe) ဟုအသုံးပြုထားသောဝေါဟာရစကားလုံးကို ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ (၃၆) ကြိမ်တွေ့ရသည်။ ဓမ္မသစ်ကျမ်းတစ်ကျမ်းလုံး၏အသုံးပြုထားသောအရေအတွက်၏ ၂၅ ရာခိုင်နှုန်းသည် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌တွေ့ရသည်။ ယော၊ ၁း၄၊ ၅ ၌ ကျွန်ုပ်တို့၏ ကမ္ဘာဂြိုလ်သို့ရောက်လာသောအသက်၏အရင်းအမြစ်ဟုခေါ်သော “အသက်” သည် ကယ်တင်ခြင်းနှင့်သက်ဆိုင်ပြီး ဆက်စပ်ထားသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတစ်ကျမ်းလုံးအတွက် “အသက်” ဟုရေးသားဖော်ပြသောစကားလုံးသည် ထာဝရအသက်ကိုရည်ညွှန်းသောစကားဖြစ်သည်။ ကယ်တင်ခြင်း၏ကတိတော်စကားဖြစ်သည် (ယော၊ ၃း၁၅၊ ၁၆၊ ၃၆။ ယော၊ ၄း၁၄၊ ၃၆။ ယော၊ ၆း၂၇၊ ၄၀၊ ၄၇၊ ၅၄၊ ၆၈။ ယော၊ ၁၀း၂၇၊ ၂၈)။ သို့ဖြစ်၍ ဖန်ဆင်းခြင်းအစမှ အသက်ကိုမှုတ်သွင်းပေးသောသူသည် ကျဆုံးသောလောကသားများကို ထာဝရအသက်ကိုပြန်ပေးသောသူပင်ဖြစ်သည်။

ယေရှုသည် အဘယ်ကြောင့် ဤလောကသို့ကြွလာခဲ့သနည်း။ ယော၊ ၁း၂၉။ ယော၊ ၃း၁၆။ ယော၊ ၆း၄၀။ ယော၊ ၁၀း၁၀။ ယော၊ ၁၂း၂၇။

_____________________________________________

_____________________________________________

“မောရှေသည် တော၌မြွေကိုမြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်။ အကြောင်းမူကား၊ ထိုသားတော်ကိုယုံကြည်သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရမည်အကြောင်းတည်း” (ယော၊ ၃း၁၄၊ ၁၅)။

မီးမြွေအကိုက်ခံရသောဣသရေလလူများအတွက် ကြေးဝါအရုပ်မြွေကိုမြှောက်ထားပြီး မျှော်ကြည့်သူတိုင်း မြွေဆိပ်ကျသလို ယေရှုရှင်သည် အပြစ်သားများအတွက် မိမိကိုယ်ကိုနှိမ့်ချ၍ ကြွဆင်းလာသည်။ ကျွန်ုပ်တို့ခံရမည့်သေခြင်း၏နေရာ၌ ကိုယ်တော်သည် ကိုယ်စားဝင်ရောက်ခံယူတော်မူခဲ့သည်။ ကိုယ်တော်ကိုယုံကြည်သူတိုင်းအား မိမိ၌ရှိသောထာဝရအသက်ကို ကိုယ်တော်ပေးတော်မူသည်။



ခရစ်တော်ရှင်သည် ကျွန်ုပ်တို့ကိုထာဝရအသက်ပိုင်ဆိုင်စေလိုသည်၊ ကြွယ်ဝပြည့်စုံခြင်းရှိသောထိုအသက်ကို ရရှိစေလိုသည် (ယော၊ ၁၀း၁၀)။ သို့ဖြစ်၍ “ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။ ထိုသားမူကား၊ လူမျိုးနှင့်စပ်ဆိုင်၍ ဖွားသောသားမဟုတ်။ မေထုန်သံဝါသအားဖြင့်ဖွားသောသားမဟုတ်။ လူအလိုအလျောက်ဖွားသောသားမဟုတ်။ ဘုရားသခင်ဖွားတော်မူသောသားဖြစ်သတည်း” (ယော၊ ၁း၁၂၊ ၁၃)။

ခရစ်တော်သည် ခမည်းတော်ကိုဖော်ပြရန်အတွက် ကျွန်ုပ်ဆီသို့ကြွလာခဲ့သည်။ “ဘုရားသခင်ကို အဘယ်သူမျှမမြင်စဖူးသော်လည်း၊ ခမည်းတော်၏ရင်ခွင်၌ရှိသော တစ်ပါးတည်းသောသားတော်သည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ” (ယော၊ ၁း၁၈)။ ယေရှုရှင်၏စာရိတ္တတော်ကိုမြင်ရသည်နှင့် ကျွန်ုပ်တို့သည် ခမည်းတော်၏စာရိတ္တတော်ကိုမြင်ရပြီ။

ယေရှုရှင်၏အသက်တာ၌ ခမည်းတော်၏စာရိတ္တတော်ကို ကျွန်ုပ်တို့မည်သို့တွေ့နိုင်သနည်း။ ယင်းဖော်ပြချက်သည် အဘယ်ကြောင့် သတင်းကောင်းဖြစ်နေသနည်း။

**တနင်္လာနေ့** **နိုဝင်ဘာလ ၂၅ ရက်**

**ထာဝရအသက်၏နှုတ်ထွက်စကားတော်**

ယော၊ ၆း၆၁–၆၈ ကိုဖတ်ပါ။ ယေရှုရှင်သည် တပည့်တော်များအားသူ့ထံမှထွက်ခွာကြမည်လားဟုမေးသောအခါ ပေတရု၏အဖြေမှာ မည်သို့အဓိပ္ပာယ်ရှိသနည်း။

_____________________________________________

_____________________________________________

ပေတရု၏စကား၌ ထာဝရအသက်အကြောင်းဖြစ်၍ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတစ်လျှောက် အဓိကထားရေးသားထားသောအချက်ဖြစ်သည်။

ထာဝရအသက်ဆိုသည့်စကား၏နက်နဲသောနားလည်မှုကို ယော၊ ၆ ၌ လူ ၅,၀၀၀ ကိုကျွေးမွေးခြင်းအကြောင်းတွင်တွေ့ရသည် (ယော၊ ၆း၂၇၊ ၄၀၊ ၄၇၊ ၅၄၊ ၆၈)။ ယေရှုသည် မိမိကိုယ်ကို အသက်မုန့်ဟူ၍ခေါ်သည် (ယော၊ ၆း၃၅)။ အဓိပ္ပာယ်မှာ ကိုယ်တော်၏သက်တော်စဉ်၊ ကိုယ်တော်၏ အသေခံတော်မူခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအကြောင်းအလုံးစုံသည် ထာဝရ အသက်လမ်းဖြစ်၏။

ထာဝရအသက်ဟုဆိုသောစကားသည် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ ၁၇ ကြိမ်ဖော်ပြရေးသားထားသည်။ ထိုစကားသည် ဝိညာဉ်တည်ရှိခြင်း သဘောကို ရည်ညွှန်းသည်မဟုတ်။ သို့မဟုတ် ထာဝရအသက်ရှင်နိုင်သော သတ္တဝါ၏အစိတ်အပိုင်းတစ်ခုအဖြစ်လည်း ဆိုလိုသည်မဟုတ်။ အခြား ခံယူချက်များလည်းမဟုတ်ပါ။ အသက်ကိုပေးနိုင်သောတန်ခိုး၊ ကယ်တင်ခြင်း ကိုယူဆောင်လာနိုင်သောတန်ခိုး၊ ယခုကျွန်ုပ်တို့ရှိနေသောအခြေအနေနှင့် သခင် ယေရှုပြန်ကြွလာသောအခါ အဆုံးမရှိသောအသက်ထာဝရကိုဆိုလိုပါသည်။ ယေရှုသည် လူ၏အသွေးအသားကို ခံယူခဲ့သကဲ့သို့ပင် ယေရှုရှင်ပြောသော ရှင်ပြန်ထမြောက်ခြင်းသည်လည်း အချိန်ကျရောက်လာသောအခါ၊ ဤလောက၌ ကိုယ်ကာယခန္ဓာဖြင့် ထမြောက်လာကြမည်ဖြစ်သည်။ သေခြင်းမှထမြောက်၍ အသစ်သောအသက်တာဖြင့် ဧဒင်ဥယျာဉ်တော်အတွင်း တစ်ဖန်ပြန်နေရမည့် အခွင့်အရေးဖြစ်သည်။

ကျွန်ုပ်တို့သည် ထာဝရအသက်ကို မည်သို့ရရှိမည်နည်း ယော၊ ၃း၁၅၊ ၁၆။ ယော၊ ၅း၂၄။ ယော၊ ၆း၄၀၊ ၄၇။ ယော၊ ၈း၃၁။ ယော၊ ၁၂း၄၆။ ယော၊ ၂၀း၃၁။

______________________________________________

______________________________________________

ယုံကြည်ခြင်းတစ်ခုတည်းဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်လောကသို့ ကြွလာ၍ ကျွန်ုပ်တို့ကိုယ်စားအသေခံကြောင်းကို ယုံကြည်ကြသည်။ ထို



ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အတွက်ဆုလာဘ်လက်ဆောင်ဖြစ်သည်။ သို့ပါ သော်လည်း ကျွန်ုပ်တို့ကိုယ်ကို ယေရှုရှင်ထံသို့ဆက်ကပ်အပ်နှံရန်လိုသည်။ နောင်တရရန်လိုသည်၊ ကိုယ်တော်၏အသွေးတော်သည် ခွင့်လွှတ်ခြင်းနှင့် အပြစ်ဖြေခြင်း၊ ဆေးကြောခြင်းကိုဖြစ်စေကြောင်း ခံယူရမည်။

ယေရှုသည် ပေတရုကိုမေးသောမေးခွန်း၌ ပေတရုမှ သူ့အားစွန့်ခွာ မည်လားဟူ၍ဖြစ်သည်။ ပေတရု၏အဖြေမှာ “ရှိမုန်ပေတရုက၊ သခင်၊ အကျွန်ုပ်တို့သည် အဘယ်သူ့ထံသို့သွားရမည်နည်း။ ထာဝရအသက်နှင့်ယှဉ် သောစကားသည် ကိုယ်တော်၌တည်ပါ၏” (ယော၊ ၆း၆၈)။ ကယ်တင်ခြင်းကို ကျွန်ုပ်တို့မည်ကဲ့သို့ထိန်းသိမ်းစောင့်ရှောက်ရမည်နည်း။ အတွေးအခေါ်၊ ရာဇဝင်၊ သိပ္ပံနှင့် လူတို့၏နည်းဥပဒေသမှလာသည်မဟုတ်။ ယေရှုရှင်ထံတော်မှလာ သည်။ ကိုယ်တော်သည် ထာဝရအသက်ကိုပိုင်ဆိုင်ထားသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏လုပ်ဆောင်ခြင်းကိုလက်ခံတုံ့ပြန်သူတိုင်းအား ထာဝရကယ်တင် ခြင်း၊ ထာဝရအသက်ကိုပေးနေပါသည်။

ယခုလတ်တလောအသက်ရှင်ရခြင်းနှင့် ထာဝရအသက်ရရှိမည့် ကတိတော်မည်သို့ရှိသနည်း။ ကျွန်ုပ်တို့၏အမြင်ကို မည်သို့သက်ဆိုင်မှုရှိနေ သနည်း။

**အင်္ဂါနေ့ — နိုဝင်ဘာလ ၂၆ ရက်**

## ယုံကြည်၍အသစ်မွေးဖွားခြင်း

ယော၊ ၁း၁၂၊ ၁၃ ကိုဖတ်ပါ။ ခရစ်ယာန်ဖြစ်လာရန်အတွက် အဆင့်ဆင့်မည်သို့ရှိရမည်နည်း။

______________________________________________

______________________________________________

ရှင်ယောဟန်သည် ခရစ်ဝင်ကျမ်း၌ရေးသားထားသည့်အတိုင်း ယေရှုရှင် ကို ကျွန်ုပ်တို့ယုံကြည်လျှင် ကိုယ်တော်၏နာမတော်၌ ထာဝရအသက်ကို

ကျွန်ုပ်တို့ပိုင်ဆိုင်ရလိမ့်မည် (ယော၊ ၂၀း၃၁။ ယော၊ ၁း၁၂၊ ၁၃)။ ယင်းဖြစ်စဉ်ကို အဆင့်နှစ်ဆင့်ဖြင့်ရှင်းပြထားသည်။ ပထမအချက်မှာ ကျွန်ုပ်တို့ ကိုယ်တော်ကိုပိုင်ဆိုင်ရမည်။ ကိုယ်တော်ကိုယုံကြည်ရမည်။ ဒုတိယအနေဖြင့် ကိုယ်တော်သည် မိမိ၏အခွင့်အာဏာအားဖြင့် ကျွန်ုပ်တို့ကို ဘုရားရှင်၏သားသမီးများဖြစ်လာရန် တန်ခိုးတော်ကိုပေးထားသည်။ အခန်း (၁၃) ၌ ဘုရားရှင်၏ တစ်ပါးတည်းသောသားတော်အကြောင်းကိုရေးထားသည်။ လူနှင့်ဘုရားရှင်ပေါင်းပြီး ခရစ်ယာန်ဖြစ်လာရေးကိုမျှော်လင့်သည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဖြင့် လုပ်ဆောင်၍ ကိုယ်တော်ကိုရယူပိုင်ဆိုင်ရမည်။ အလင်း၌လျှောက်လှမ်းနေရမည်။ သို့သော် ကိုယ်တော်တစ်ပါးတည်းသာ ကျွန်ုပ်တို့၏စိတ်ကို ပြန်၍ခွန်အားဖြည့်ဆည်းပေးနိုင်သည်။

ကိုယ်တော်၏နှုတ်ထွက်စကားတော်ကိုကြား၍ ယုံကြည်နိုင်ရန် ဘုရားရှင်မစတော်မူသည် (ရောမ၊ ၁၀း၁၇)။ "ခရစ်တော်၌ ယုံကြည်ခြင်းခိုင်မြဲနေစေရန် ကိုယ်တော်သည် နှုတ်ကပတ်တော်ကိုကိုယ်စားပြုထားကြောင်း ယုံကြည်လက်ခံထားရမည်။" (Ellen G. White, Christian Education, p. 433). "သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့၏စိတ်ကိုအလင်းပေးသည်။ ထာဝရဘုရားကိုယုံကြည်စေရန် ဖန်တီးပေးသည်။ (Ellen G. White, SDA Bible Commentary, vol. 7, p. 940).

သားတော်ကိုမေရှိယဟုလက်ခံသူတိုင်းသည် ထာဝရအသက်ရရှိ၏။ ရှင်ယောဟန်သည်လည်း ယေရှုမိန့်တော်မူသော "နှုတ်ကပတ်တော်" ကို ယုံကြည်လက်ခံခြင်းအကြောင်းကို အထူးပြောကြားသည် (ယော၊ ၅း၂၄၊ ၃၈၊ ၄၇)။ ၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်မှ စိတ်ပြောင်းလဲခြင်းကို ယူဆောင်လာပေးခြင်းဖြစ်သည် (ယော၊ ၁၆း၇၊ ၈ ကို ရောမ၊ ၈း၁၆ နှင့် နှိုင်းယှဉ်ဖတ်ပါ)။

ရောမ၊ ၈း၁၆ ကိုဖတ်ပါ။ ယေရှုရှင်၌ရှိသောကယ်တင်ခြင်းအကြောင်းကို မည်သို့တွေ့ရသနည်း။



\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

ယုံကြည်ခြင်း၊ ကျမ်းစာအတိုင်းဖော်ပြသောယုံကြည်ခြင်းသည် ကျွန်ုပ်တို့စိတ်အတွင်းသို့ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏လုပ်ဆောင်ချက် အခြေခံသဘောမှလာသည်။ ယင်းသည် ကျွန်ုပ်တို့အတွက် အခြေခံယုံကြည်ခြင်းဖြစ်သည်။

"ယုံကြည်ခြင်းသည် မျက်စိဖြင့်မြင်၍ နားဖြင့်ကြားရသော ကြီးမားသည့်ကောင်းချီးမင်္ဂလာဖြစ်သည်။" (Ellen G. White, In Heavenly Places, p. 104). လူသားအနေဖြင့် ယုံကြည်ခြင်းကိုချဉ်းကပ်နိုင်ရန် ဦးစွာအခြေအမြစ်ကို ရှာဖွေရမည်။ ယုံကြည်ခြင်းအတွက်စံ (သို့မဟုတ်) မှတ်ကျောက်သတ်မှတ်ရမည်။ ထိုနောက်မှ ယုံကြည်ရမည်ဟု ယူဆတတ်ကြသည်။ သို့သော် ကျမ်းစာအရ ယုံကြည်ခြင်းကိုချဉ်းကပ်သွားရာ၌ အခြေအမြစ်ကျသောအကြောင်းမှာ ဘုရားရှင်ထံမှ ဆုလာဘ်ကျေးဇူးဖြစ်သည် (ဧဖက်၊ ၂း၈။ ၁ကော၊ ၁း၁၇–၂၄။ ၁ကော၊ ၂း၁–၆)။ ထိုယုံကြည်ခြင်း၏အခြေအမြစ်မှ ကျွန်ုပ်တို့စတင်ရသည်။ ထိုနောက်မှ ကရုဏာတော်နှင့် နားလည်ခြင်းတို့၌ ကြီးထွားရင့်သန်လာကြသည်။

အကယ်၍ တစ်ဦးတစ်ယောက်မှ သင်၏ယုံကြည်ခြင်းသည် မည်သည့်အပေါ်အခြေခံကြောင်းမေးလာလျှင် သင်မည်သို့ဖြေဆိုမည်နည်း။

**ဗုဒ္ဓဟူးနေ့** **နိုဝင်ဘာလ ၂၇ ရက်**

**အသက်၏အရင်းအမြစ်ကိုငြင်းဆိုခြင်း**

ကျမ်းစာထဲ၌ ဝမ်းအနည်းရဆုံးအကြောင်းအရာတစ်ခုကို ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌တွေ့ရသည်။ "ထိုအလင်းသည် မှောင်မိုက်၌လင်း၍ မှောင်မိုက်သည် မခံမယူ။ (အလင်း) ထိုသူသည် လောက၌ရှိတော်မူ၏။ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကိုမသိ။

သူသည် မိမိဒေသအရပ်သို့ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကို လက်မခံပဲနေကြ၏” (ယော၊ ၁း၅၊ ၁၀၊ ၁၁)။ “ငါဖြစ်သည်” ဆိုသောသူကို မိမိလူတို့ကငြင်းပယ်ကြသည်။

နောက်တွင်ရှင်ပေါလုမှသတိပေးရခြင်းသည်လည်း အံ့ဖွယ်အကြောင်း မဟုတ်ပါ။ သင်တို့၏ရဲရင့်ခြင်းစိတ်ကိုမစွန့်ကြနှင့် (ဟေဗြဲ၊ ၁၀း၃၅)။ ကျွန်ုပ်တို့ သိမြင်ရသည်အတိုင်း ယေရှုသည် အကြိမ်ကြိမ်အခါခါငြင်းပယ်ခံခဲ့ရသည်။ မိမိ၏လူတို့သည် မိမိအားလက်မခံကြပါ။

“လူသားတို့၏အတွေးအခေါ်သည် သံသယစိတ်မှစတင်သည်။ မည်သည့်ကိစ္စမဆို အမှန်ကိုသိရှိရန်မေးခွန်းထုတ်တတ်ကြသည်။ တစ်ခုခုကို လက်ခံနိုင်ရန် ခိုင်လုံသောအချက်တွေ့ရန် လက်တွေ့မြင်ချင်ကြသည်။ အချို့နေရာများ၌ ယုံကြည်ခြင်းသည် နေရာပေးရန်လိုသည်။ အချို့လူတို့က ကျမ်းစာကိုလေ့လာသောအခါ ထိုသို့မျက်မြင်လက်တွေ့ကျသောအချက်အလက်ဖြင့် သိရှိလိုကြသောကြောင့် မေးခွန်းများစွာကို သိပ္ပံပညာ၊ ရာဇဝင်အထောက်အထား၊ စိတ်ပညာ၊ အတွေးအခေါ်၊ ရှေးဟောင်းသုတေသန သို့မဟုတ် ဘူမိဗေဒအမြင်ကိုစုစည်းကာ အမှန်ကိုရှာချင်ကြသည်။ ကျမ်းစာမှန်သည် မှားသည်ကို ထိုကဲ့သို့သောနည်းဖြင့် စိစစ်တတ်သည်။ ပထမဦးဆုံး နှုတ်ကပတ်တော်ကို စတင်ဖတ်ရှုလေ့လာသည်နှင့် သံသယစိတ်ကို မိမိတို့တည်ဆောက်ထားကြသည်။ ခရစ်တော်မေးသောမေးခွန်း၌ “သို့သော် လူသားသည် ကြွလာသောအခါ ယုံကြည်ခြင်းကို မြေကြီးပေါ်မှာတွေ့မည်လောဟု သခင်ဘုရားသည် မိန့်တော်မူ၏” (လု၊ ၁၈း၈)။ E. Edward Zinke and Roland Hegstad “သေချာသည့်ဒုတိယအကြိမ်ကြွလာခြင်း” စာအုပ် The Certainty of the Second Coming Soon, p. 96).

တောလည်ရာ၊ ၁၃း၂၃–၃၃ ကိုဖတ်ပါ။ ခါနာန်ပြည်ကိုသွားရောက်စုံစမ်းသောသူများ၏ကွဲပြားသောမတူညီသောသတင်းနှစ်မျိုးသည် အဘယ်သို့နည်း။



---------------------------------------------------

---------------------------------------------------

ကေဒေရှအရပ်၌ ဟေဗြဲလူများလုပ်သောအပြစ်သည် ဘုရားရှင်၏ စကားတော်ကို သံသယရှိခြင်းဖြစ်သည်။ ဘုရားရှင်က ချက်ချင်းထွက်၍ ပြည်ကိုသိမ်းခိုင်းသည်။ သူလျှို ၁၂ ဦးကို ခါနာန်ပြည်သို့ဝင်၍ ထောက်လှမ်းခိုင်းသည်။ သူတို့ပြန်လာသောအခါ အစီရင်ခံချက်နှစ်မျိုးပြန်ပါလာသည်။ အများစုသည် အနုတ်သဘောပါသော အစီရင်ခံချက်ကိုတင်ပြသည်။ ပြည်ထဲ၌ လူတို့သည် လူ့ဘီလူကြီးများဖြစ်သည်။ မြို့ရိုးအလွန်ခိုင်ခံ့သည်။ သူတို့၏ စစ်သည်တော်များကိုင်သောလက်နက်သည် ထူးဆန်း၍ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးကြပါ။ စစ်တပ်သည်လည်း စစ်ရည်ဝအောင်လေ့ကျင့်ထားသည်။ နှိုင်းယှဉ်ကြည့်လျှင် ကျွန်ုပ်တို့သည် ကျွန်သာဖြစ်ခဲ့ရဖူးသည်။ အဲဂုတ္တုပြည်၌နေရ၍ စစ်ရေးစစ်ရာ၌ အနည်းအကျဉ်းသာကြုံတွေ့ရဖူးသည်။ သူလျှို ၁၀ ယောက်၏အဖြေမှာ “မဖြစ်နိုင်ပါ” လူ၏အတွေး၊ လူ၏မျက်စိဖြင့်ဆုံးဖြတ်ကြသည်။ ကျန်သူလျှို ၂ ယောက်မှာမူ “ဖြစ်နိုင်သည်၊ တိုက်မည်” ဘုရားရှင်၏ စကားတော်ကိုယုံကြည်၍ ကိုယ်တော်၏တန်ခိုးတော်ကိုလည်း ယုံကြည်သည်။ အားကိုးသည်။

ထိုကဲ့သို့အမှားမျိုး ကျွန်ုပ်တို့ရှောင်ရှားနိုင်ရန် မည်သို့ပြုနိုင်မည်နည်း။ မဖြစ်နိုင်ဟုမြင်ရသောကိစ္စကို ဘုရားရှင်လုပ်ဆောင်ပေးမည်။ ထို့ကြောင့် မရှုံးရ၊ ဘုရားရှင်၏အလိုတော်အတိုင်းပြုလျှင် အောင်မြင်မည်အကြောင်းစိတ်ရှိပါသလား။

**ကြာသပတေးနေ့ နိုဝင်ဘာလ ၂၈ ရက်**

**အပြစ်စီရင်ခြင်း**

“သားတော်ကိုယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။ မယုံကြည်သောသူမူကား၊ ဘုရားသခင်၌ တစ်ပါးတည်းသောသားတော်ကို မယုံကြည်သောကြောင့် ယခုပင်အပြစ်စီရင်ခြင်းကိုခံရ၏။....ဆိုးယုတ်သော အကျင့်ကိုကျင့်သောသူအပေါင်းတို့သည် အလင်းကိုမြင်ပြင်း၍ မိမိတို့အကျင့်၌

အပြစ်ပါသည်ကို မထင်ရှားစေခြင်းငှာ အလင်းသို့မချဉ်းမကပ်ကြ။ သမ္မာတရားကိုကျင့်သောသူမူကား၊ မိမိအကျင့်တို့သည် ဘုရားသခင်၏အလိုတော်နှင့်ညီသည်ကို ထင်ရှားစေခြင်းငှာ အလင်းသို့ချဉ်းကပ်သည်ဟု ဟောတော်မူ၏” (ယော၊ ၃း၁၈–၂၁ ကို ယော၊ ၁း၁၀ နှင့်နှိုင်းယှဉ်ဖတ်ပါ)။

လူတို့သည် အဘယ်ကြောင့်တရားစီရင်ရာသို့လာကြသနည်း (ယော၊ ၃း၁၈၊ ၃၆။ ယော၊ ၅း၂၄၊ ၃၈။ ယော၊ ၈း၂၄။ ယော၊ ၁၂း၄၇)။

---------------------------------------------

---------------------------------------------

ယေရှုခရစ်ကိုငြင်းပယ်ခြင်းသည် လောက၏အလင်းဖြစ်သော ကိုယ်တော်ကိုငြင်းပယ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကို မသင်္ကာသံသယစိတ်ရှိစေပါသည်။ စုံစမ်းခြင်းကို အခွင့်ပေးစေပါသည်။ အလင်းမှအမှောင်သို့ ဝင်သွားခွင့်ပေးစေပါသည်။

ဧဝသည် ဒေင်ဥယျာဉ်အလယ်၌ရှိသော သစ်ပင်နှင့်ပတ်သက်၍ မည်သို့လုပ်ဆောင်ရမည့်အကြောင်းကို အပြည့်အဝအလင်းပေးထားခြင်းခံရသည်။ စာတန်သည် ထိုအခွင့်အရေးကိုယူ၍ စုံစမ်းခြင်းပြုခဲ့သည်။ ထိုအပင်နှင့်ပတ်သက်၍ မေးခွန်းထုတ်ခဲ့သည်။ သူမအနေဖြင့် ဘုရားရှင်၏နှုတ်တော်ထွက်စကားအပေါ် စူးစမ်းချင်စိတ်ရှိသည်။ မေတ္တာတော်အရှင်သည် မိမိဖန်ဆင်းထားသောသတ္တဝါကို ဖျက်ဆီးမည်ဆိုသည်မှာ ဟုတ်နိုင်မည်လား။ သူမသည် မိမိစိတ်ခံစားမှုအပေါ် အားကိုးမှုပြုခဲ့သည်။ မြွေသည် အသီးကိုစား၍ ယခုလူစကားပြောနိုင်သည်။ မတော် မြွေပြောသောစကားမှန်မည်။ အကယ်၍သာ ငါလည်း အသီးကိုစားလျှင်၊ ဘုရားလိုငါဖြစ်နိုင်သည်ဟုထင်ခဲ့သည်။ လိမ်လည်ခံရ၍ သူမသည် အလင်းမှထွက်သွားကာ စုံစမ်းခြင်းနောက်ပါသွားသည်။ သူ၏ခင်ပွန်းသည်လည်း ထိုလမ်းကိုပင်ရွေးချယ်သွားသည်။

မဿဲ၊ ၄း၁–၄ ကိုဖတ်ပါ။ ယေရှုသည် စာတန်ကိုရင်ဆိုင်ရသောအခါ စုံစမ်းခြင်းတိုင်းအပေါ် မည်သို့တုံ့ပြန်ခဲ့သနည်း။



---------------------------------------------

---------------------------------------------

ခရစ်တော်သည် လူသားဇာတိဖြစ်၍ အာဒံနှင့်ဧဝ၊ ရေမလွှမ်းမိုးမီနှင့်ဣသရေလတို့ ကာဒေရှအရပ်တွင်ထားသော စိတ်သဘောထားမျိုးရှိနေနိုင်သည်။ ခရစ်တော်သည်လည်း မေးစရာမေးခွန်းရှိနေနိုင်သည်။ ဘုရားသခင်သည် အဘယ်ကြောင့် သားတော်ကို တောခေါင်ခေါင်၌ အရက် ၄၀ နေ့/ည အစာမရှိ၊ ကာကွယ်ခြင်းမရှိထားရသည်နည်းဟု မေးနိုင်ပါသည်။ နှုတ်ကပတ်တော်လာသည်ကားဟု ဖြေမည့်အစား ကိုယ်တော်သည် သားတော်ဖြစ်ကြောင်းပြသရန် ရွေးချယ်နိုင်ပါသည်။ ကျောက်တုံးများကို မုန့်အဖြစ်ပြုလုပ်နိုင်ပါသည်။ သို့သော် ကိုယ်တော်သည် နှုတ်ကပတ်တော်အားဖြင့်သာပြန်လည်တုံ့ပြန်သည်။ လောကသားကဲ့သို့မဟုတ်ဘဲ ကောင်းကင်သားကဲ့သို့သာလှုပ်ရှားခဲ့ပါသည်။ ကိုယ်တော်သည်လည်း လူသားများကဲ့သို့ မှားယွင်းသောလုပ်ရပ်လုပ်ဆောင်မိရန် လွယ်ကူလှပါသည်။ ယုံကြည်ခြင်းအားကြီးသူတို့ပင်လျှင် မှားယွင်းတတ်သေးသည်မဟုတ်လော။

**သောကြာနေ့** **နိုဝင်ဘာလ ၂၉ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, “God With Us,” pp. 19-26; “Controversy,” pp. 601-609, in The Desire of Ages ကိုဖတ်ပါ။

လူ့ဇာတိသဘောအတိုင်းဖြစ်လာရန် စုံစမ်းခံရသော်လည်း ကိုယ်တော်သည် စာတန်၏စာရိတ္တသဘောကိုဆန့်ကျင်ကာ ဖော်ပြလိုက်သည်။ သို့သော်နှိမ့်ချလျက် ကိုယ်တော်သည် လျှောက်လှမ်းခဲ့သည်။ “လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်။ လက်ဝါးကပ်တိုင်မှာအသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏ (ဖိလိပ္ပိ၊ ၂း၈)။ ယဇ်ပုရောဟိတ်မင်းကြီးသည် မိမိ၏မြတ်သောဝတ်လုံတော်ကိုချွတ်၍

ချထားပြီး သာမန်ပိတ်ဖြူဖြင့်ယက်သော ပုရောဟိတ်ငယ်တို့၏ဝတ်ရုံကို ဝတ်ဆင်သကဲ့သို့ ကိုယ်တော်သည် နှိမ့်ချခြင်းကိုပြုတော်မူခဲ့သည်။ ထိုနည်းတူ ခရစ်တော်သည် အစေခံကျွန်တို့၏အရာကိုယူ၍ မိမိကိုယ်ကိုပူဇော်ခံခဲ့သည်။ မိမိကိုယ်ကိုပူဇော်ခံသိုးသငယ်ကဲ့သို့ထား၏။ "ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ငြိမ်သက်ချမ်းသာကိုဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏" (ဟေရှာ၊ ၅၃း၅)။

ခရစ်တော်သည် ကျွန်ုပ်တို့ခံရမည့်ဒုက္ခဆင်းရဲခြင်းအားလုံးကို ခံခဲ့ရသည်။ ကိုယ်တော်ခံရသကဲ့သို့ ကျွန်ုပ်တို့ခံစားကြရမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အပြစ်ကြောင့် ရှုတ်ချခြင်းခံရသည်။ သို့သော် ကိုယ်တော်တစ်ပါးတည်းသာခံခဲ့သည်။ ကိုယ်တော်၏ဖြောင့်မတ်ခြင်းကြောင့် ကျွန်ုပ်တို့သည်လည်း သန့်ရှင်းစင်ကြယ်ခြင်းရရှိသည်။ ကျွန်ုပ်တို့၌ဖြောင့်မတ်ခြင်းဟူ၍မရှိပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက်ကြောင့် အသက်အသေခံခဲ့ရသည်။ ကိုယ်တော်၌ရှိသောထာဝရအသက်ကို ကျွန်ုပ်တို့ရရှိရန်အတွက်ဖြစ်သည်။ ကိုယ်တော်၏ခံရသောကြိမ်ဒဏ်ကြောင့် ကျွန်ုပ်တို့အနာများပျောက်ကင်းခွင့်ရသည်။" (Ellen G. White, The Desire of Ages, p. 25).

–ဝ–



## သင်ခန်းစာ (၁၀)
## လမ်းခရီး၊ သမ္မာတရားနှင့် အသက်
### နိုဝင်ဘာလ ၃ဝ – ဒီဇင်ဘာလ ၆

**ဥပုသ်နေ့မွန်းလွဲပိုင်း** **နိုဝင်ဘာလ ၃ဝ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယော၊ ၁၃း၁–၂ဝ။ ယော၊ ၁၄း၁–၃။ ဒံ၊ ၇း၂၇။ ယော၊ ၁၄း၅–၁၁။ ယော၊ ၁း၁၄။ ကောလောသဲ၊ ၁း၁၆၊ ၁၇။ ယော၊ ၅း၃၈–၄ဝ။

**အလွတ်ကျမ်းချက်**

**"ဘုရားသခင်ကို အဘယ်သူမျှမမြင်စဖူးသော်လည်း ခမည်းတော်၏ရင်ခွင်၌ရှိသော တစ်ပါးတည်းသောသားတော်သည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ" (ယော၊ ၁း၁၈)။**

ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို အပိုင်း (၄) ပိုင်းခွဲ၍ ရေးသားထားသည်။ အစပျိုးခြေဆင်းကနဦးစကားချီး (ယော၊ ၁း၁–၁၈) နိမိတ်လက္ခဏာအပိုင်း (ယော၊ ၁း၁၉–၁၂း၅ဝ)၊ ဘုန်းတော်အကြောင်း (ယော၊ ၁၃း၁–၂ဝး၃၁) နှင့် ကျမ်း၏အဆုံးပိုင်းနိဂုံး (ယော၊ ၂၁း၁–၂၅)။ ယခုထိလေ့လာခဲ့သမျှတို့သည် နိဒါန်းပိုင်း (ပထမပိုင်း) နှင့် နိမိတ်လက္ခဏာ (ဒုတိယပိုင်း) ဖြစ်သည်။ ယေရှုရှင်သည် မိမိ၏နိမိတ်လက္ခဏာကို မည်သို့ပြုလုပ်ကြောင်း၊ လူတို့နှင့် မျက်နှာခြင်းဆိုင်တွေ့ဆုံဆွေးနွေးခြင်းနှင့် သွန်သင်ချက်များဖြစ်သည်။ ယခုသင်ခန်းစာ၌ အထူးသဖြင့် တတိယပိုင်း ကိုယ်တော်၏ဘုန်းတော်အကြောင်းဖြစ်သည်။

စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ အလွန်ကျော်ကြားသောစကား "ငါဖြစ်၏" ခုနစ်ကြိမ်ပြောခဲ့ခြင်းအကြောင်းသည် နိမိတ်လက္ခဏာပိုင်းနှင့် ဘုန်းတော်

အကြား ပေါင်းကူးပေးထားသောအရာဖြစ်သည်။ ထိုအရာများမှာ "အသက်မုန့်" (ယော၊ ၆း၃၅၊ ၄၁၊ ၄၈၊ ၅၁)၊ လောက၏အလင်း (ယော၊ ၈း၁၂။ ယော၊ ၉း၅။ တံခါး၀ (ယော၊ ၁၀း၇၊ ၉)၊ ကောင်းသောသိုးထိန်း (ယော၊ ၁၀း၁၁၊ ၁၄)၊ ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း (ယော၊ ၁၁း၂၅)၊ လမ်းခရီး၊ သမ္မာတရား၊ အသက် (ယော၊ ၁၄း၆) နှင့် မှန်သောစပျစ်နွယ်ပင်" (ယော၊ ၁၅း၁၊ ၅) တို့ဖြစ်သည်။

ယခုအပတ်သင်ခန်းစာတွင် စားသောက်ပွဲ၌ ယေရှုရှင်သည် တပည့်တော်တို့ခြေကိုဆေးခြင်းအကြောင်းဖြင့် စတင်လေ့လာပါမည်။ ထိုမှတစ်ဆင့်တက်၍ "ငါဖြစ်၏" စကားစုများအကြောင်းကို လေ့လာရပါမည်။ အခန်းကြီး ၁၄ တွင်ဖြစ်သည်။ (ငါသည် လမ်းခရီး၊ သမ္မာတရားနှင့် အသက်ဖြစ်၏)။

**တနင်္ဂနွေနေ့** **ဒီဇင်ဘာလ ၁ ရက်**

## ငါသည်သင်တို့ကိုပုံသက်သေပြခဲ့ပြီ

နှုတ်ဆက်ပွဲ၌ (ယော၊ ၁၃–၁၇) ယေရှုရှင်၏တပည့်တော်များကို သွန်သင်ချက်ပေးပြီး အနာဂတ်အချိန်အတွက် သတိပေးစကားများကိုပေးခဲ့သည်။ စာအသွားအလာသဘောတရားအရ တရားဟောရာကျမ်း၌ မောရှေ၏ နှုတ်ဆက်ပွဲ၌ နောက်ဆုံးသွန်သင်သောစကား၊ ယာကုပ်သည် သူ၏သားသမီးများကို ကောင်းချီးပေးသောစကားများနှင့် အလားသဏ္ဍာန်တူသည် (က၊ ၄၇–၄၉)။ သို့မဟုတ် ဒါဝိဒ်သည် သေဆုံးခါနီး ရှောလမုန်အားမှာကြားခဲ့သောစကား (၁ရာ၊ ၂၈–၂၉) ကဲ့သို့ဖြစ်သည်။ ယေရှုရှင်သည် တပည့်တော်တို့ကို မိမိထွက်ခွာသွားတော့မည့်အကြောင်းကို အသိပေးခဲ့သည်။ မိမိကိုယ်စားလူတစ်ယောက်ကိုစေလွှတ်ရန်လည်း ကတိပေးသည် (ယော၊ ၁၄–၁၆)။ ကျရောက်လာမည့်ကြေကွဲဖွယ်ကိစ္စအကြောင်းကို ကြိုတင်ဟောထားသည် (ယော၊ ၁၅–၁၆)။ တပည့်တော်တို့ကိုလည်းသစ္စာရှိရန် မှာကြားခဲ့သေးသည် (ယော၊ ၁၅)။



ယော၊ ၁၃း၁–၂၀ ကိုဖတ်ပါ။ မည်သို့ဖြစ်သနည်း။ ယင်းအကြောင်းအရာသည် အဘယ်ကြောင့်အရေးကြီးနေသနည်း။ ယေရှုရှင်သည် မည်သည့်သင်ခန်းစာကို သွန်သင်ပေးသနည်း။

____________________________________________

____________________________________________

ထိုခေတ်ထိုအချိန်ယေရှုရှင်ရှိသောနေရာတွင် လူတို့သည် ဖိနပ်စီးသူရှိသလို၊ ခြေဗြောင်ဖြင့် ဖိနပ်မပါဘဲ လမ်းလျှောက်သူလည်းရှိသည်။ ခြေထောက်များသည် ရွံ့နှင့်ဖုန်နှင့် ပေကျံနေလိမ့်မည်။ အစာစားပွဲသို့လာသောဧည့်သည်များကို အစေခံများ သို့မဟုတ် ကျွန်များကခြေဆေးပေးရန် တာဝန်ပေးခြင်းခံကြရသည်။ သို့သော် ယေရှုသည် အဖမ်းမခံရခင် ညစာစားပွဲ၌ တပည့်တော်တို့နှင့်အတူရှိနေသည်။ အစေခံတစ်ယောက်မှလည်းမရှိပါ။

ယေရှုသည် အံ့သြဖွယ်ကိစ္စတစ်ခုကို ရုတ်တရက်ထ၍ ပြုတော်မူသည်။ ကိုယ်တော်သည်ထ၍ တပည့်တော်တို့ခြေကိုဆေးတော်မူသည်။ ယော၊ ၁၃း၄၊ ၅ သည် ယေရှုရှင်ပြုတော်မူသောအမှုအရာကို တစ်ဆင့်ချင်းစီဖော်ပြပေးသည်။ မယုံကြည်နိုင်လောက်အောင် စိတ်နှိမ့်ချခြင်းအမှုဆောင်ရွက်နေခြင်းကို အသေးစိတ်တင်ပြပေးထားသည်။

ပေတရု၏တုံ့ပြန်ချက်ကိုပြောရာ၌ ယော၊ ၁၃း၈–၁၁ တွင် ယေရှုရှင်၏အပြုအမူအတွက် တပည့်တော်တို့စိတ်ခံစားရခြင်းကို ရေးသားပေးထားသည်။ ယေရှုရှင်၊ သခင်၊ မေရှိယဖြစ်၍ အဘယ်ကြောင့် နှိမ့်ကျသောအလုပ်ကို လုပ်ရသနည်း။ ပေတရုသည် မိမိခြေကိုယေရှုဆေးမည်ကို ငြင်းဆန်ကန့်ကွက်သည်။ ခြေမဆေးရလျှင် ကိုယ်တော်နှင့်မသက်ဆိုင်ကြောင်းကိုလည်း ယေရှုရှင်ပြန်ပြောခဲ့သည်။ ပေတရုသည် မိမိ၏သဘောဆန္ဒကိုပြ၍ ကိုယ်တော်နှင့်တောက်လျှောက်ဆက်သွယ်နိုင်ရန် မိမိ၏ဆန္ဒကိုပြသည်။

ယေရှုရှင်၏လုပ်ဆောင်ချက်သည် မိမိကိုယ်တိုင်မည်သူဖြစ်နေကြောင်းကို သက်သေပြနေသည်။ ယော၊ ၁၃း၁၃ ၌ ကိုယ်တော်သည် မိမိသည်

သခင်၊ မိမိသည်ဆရာဖြစ်ကြောင်းပြောခဲ့သည်။ တပည့်တော်တို့သည်လည်း ကိုယ်တော်ကို ထိုသို့ခေါ်သည်။ အမှန်မှာလည်း ထိုကဲ့သို့ပင်ဖြစ်လာသည်။ ထိုသို့တလေးတစားခေါ်ဆိုခြင်းသည် ကိုယ်တော်၌ အာဏာနှင့်တန်ခိုးရှိကြောင်းကိုပြသည်။

ယေရှုရှင်သည် ထိုအာဏာနှင့်တန်ခိုးများကို သူတစ်ပါးအားကူညီရန်မှာ အသုံးပြုဖို့သွန်သင်ပေးသည်။ မိမိကောင်းစားရေးအတွက်မဟုတ်။ မြော်လင့်ခြင်းအသင်းတော်သည် ထိုစိတ်သဘောထားမျိုးကို ခံယူထားသည်။ စိတ်နှိမ့်ချခြင်းကိုပြလျက် သခင်၏ညစာစားပွဲအတွက် မိမိကိုယ်ကိုပြင်ဆင်ကြသည်။ ခြေဆေးမင်္ဂလာကျင်းပ၍ ပါဝင်ကြသည်။

နှိမ့်ချခြင်းသဘောပြသောခြေဆေးခြင်းကို သင်သည်ပြုလုပ်ခြင်းဖြင့် ယေရှုရှင်၏ခြေရာတော်အတိုင်းလိုက်လျှောက်၍ သင်သည် မည်သို့နှိမ့်ချလျက် လူတို့ကိုကူညီနိုင်မည်နည်း။

## တနင်္လာနေ့ ဒီဇင်ဘာလ ၂ ရက်

## ငါသည်အသေအချာပြန်လာမည်

ယော၊ ၁၄း၁–၃ ကိုဖတ်ပါ။ ယေရှုသည် မည်သည့်အကြောင်းကြောင့် ထိုစကားကိုပြောခဲ့သနည်း။

---------------------------------------------------

---------------------------------------------------

ယော၊ ၁၃ အဆုံး၌ အဝေးသို့ထွက်သွားမည်ဟုဆိုသည် (ယော၊ ၁၃း၃၃)။ ထိုကိစ္စကြောင့် ပေတရုက ကိုယ်တော်မည်သည့်အရပ်သို့ထွက်သွားမည်ကို မေးခွန်းထုတ်ခဲ့သည် (ယော၊ ၁၃း၃၆)။ ယေရှုရှင်သည် မိမိ၏သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့တက်ကြွမည့်အကြောင်း ပြောနေသည်ကို တပည့်တော်တို့မသိနားမလည်ခဲ့ကြပါ။ ပေတရုက မိမိအနေဖြင့် ကိုယ်တော်အတွက်အသက်စတေးခံနိုင်သည်ဟု ဆိုခဲ့သည် (ယော၊ ၁၃း၃၇)။





ယင်းအချိန်မှာပင် ပေတရုသည် မိမိကိုငြင်းပယ်မည့်အကြောင်း ယေရှုထုတ်ဖော်ပြောခဲ့သည် (ယော၊ ၁၃း၃၈)။

ယင်းအကြောင်းနှင့်ပတ်သက်၍ ယေရှုရှင်သည် တပည့်တော်တို့အား စိတ်နှလုံးပူပန်ခြင်းမရှိကြရန် မိန့်မှာခဲ့သည် (ယော၊ ၁၄း၁)။ ပူပန်သည်ဟုဆိုသောစကားကို ဟေလသဘာသာမှ ဆီလျော်အောင်ပြန်ဆိုထားခြင်းဖြစ်သည်။ စိတ်ရှုတ်ထွေး၊ စိတ်အနှောင့်အယှက်၊ မတည်မငြိမ်၊ ဂနာမငြိမ်ဖြစ်ခြင်းသဘောကို ဆိုလိုသောဝေါဟာရစကားလုံးဖြစ်သည်။ ယေရှုရှင်၏ပြောစကားပေါ် တပည့်တော်တို့ရှုပ်ထွေးသောအတွေးများဖြစ်လာခြင်းသည် အထူးအဆန်းမဟုတ်ပါ။

သို့သော် တပည့်တော်တို့ကြောက်ရွံ့စိတ်မဖြစ်စေရန် ကိုယ်တော်သည် အဖ၏အိမ်တော်အကြောင်း၊ အခန်းများစွာရှိကြောင်း (ကြီးကျယ်ခမ်းနားသည့်စံအိမ်ကြီးမဟုတ်၊ တည်းခိုခန်း၌စီမံထားသောအခန်းမျိုးဖြစ်သည်) ကိုပြောပြသည်။ ကိုယ်တော်သည်သွား၍ နေစရာကိုပြင်ဆင်မည်ဖြစ်သည်။ ကိုယ်တော်၏စကားတော်မှ ကပ်တိုင်၌ရင်ဆိုင်ရမည်။ မုန်တိုင်းကြီးကိုကျော်လွှန်၍ သူ၏လူတို့ကို ပြန်လာ၍ခေါ်ဆောင်သွားမည့်အချိန်ကို ကြို၍ပြောနေခြင်းဖြစ်သည်။ ကိုယ်တော်သည် အပြစ်နှင့်တစ်ခါရင်ဆိုင်ပြီး အရာခပ်သိမ်းပြီးဆုံးသွားပြီးနောက် ထာဝရနန်း၌နေရမည်အကြောင်းကို ပြောဆိုထားခြင်းဖြစ်သည် (ဒံ၊ ၇း၂၇)။

ယေရှုရှင်မိန့်တော်မူချက်ကား "ငါသည်သွား၍….တစ်ဖန်လာပြန်၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်" (ယော၊ ၁၄း၃)။ ကိုယ်တော်သည် ဒုတိယအကြိမ်ကြွလာမည်ဟု ကတိပေးသည်မှာ ရှင်းနေပါသည်။

ထိုကတိတော်အတွက် စိတ်ချဖွယ်အခြေခံအကြောင်း မည်သို့ရှိသနည်း။ လူအများတို့သည် သမ္မာကျမ်း၏အနာဂတ္တိစကားပြည့်စုံကြောင်းပြောဆိုကြသည်။ အသေအချာပြည့်စုံမည်ကိုလည်း ကျွန်ုပ်တို့သိသည်။ သို့သော်၊ ယော၊ ၁၄း၃ သည် အခြေခံအားဖြင့် ကွဲပြားမှုရှိသည်။ ဤကျမ်းချက်မှာ ဂရိဘာသာအရ ငါလာနေပြီဟု ပစ္စုပ္ပန်အချိန်ကိုရည်ညွှန်းသည်။ ဖြစ်နေပြီးသောအချိန်ကိုဆိုလို

သည်။ ငါ့အသေအချာပြန်လာလိမ့်မည်ဟု ဘာသာပြန်ဆိုလျှင် ပိုမှန်ကန်နေလိမ့်မည်။

ယေရှုရှင်ပြန်၍ကြွလာခြင်းအကြောင်းနှင့်စပ်လျဉ်း၍ ကျမ်းစာအနာဂတ္တိကျမ်းပြည့်စုံစေရုံသက်သက်မဟုတ်ပါ။ ကတိစကားနှင့်ပတ်သက်၍ လူတို့အပေါ် မျှော်လင့်ချက်စိတ်ချခြင်းကိုလည်း ဖြစ်စေပါသည်။ ကိုယ်တော်သည် မိမိ၏လူတို့အတွက် အသေအချာအမှန်ပင်ပြန်လာမည်ဟု မိန့်တော်မူခဲ့သည်။ ထိုကတိစကားကို ကျွန်ုပ်တို့စိတ်ချနိုင်သည်မှာ ထိုကတိကိုပေးသောသူကြောင့်ဖြစ်သည်။

ကပ်တိုင်တော်မှ ကျွန်ုပ်တို့ကို ခရစ်တော်ဒုတိယအကြိမ်ကြွလာမည့်အကြောင်း မည်သို့သွန်သင်ချက်ပြုထားသနည်း။ ဒုတိယအကြိမ်ကြွလာခြင်းမရှိက၊ ယေရှုရှင်အသေခံတော်မူခြင်းနှင့် ပထမအကြိမ်ကြွလာခြင်းသည် အကျိုးမည်သို့ရှိမည်နည်း။

**အင်္ဂါနေ့** **ဒီဇင်ဘာလ ၃ ရက်**

**ငါသည်လမ်းခရီး၊ သမ္မာတရားနှင့်အသက်ဖြစ်၏**

ယော၊ ၁၄း၅၊ ၆ ကိုဖတ်ပါ။ ယေရှုရှင်သွားမည့်နေရာကို သောမမှမည်သို့စိစစ်မေးမြန်းခဲ့သနည်း။ ယေရှုမည်သို့တုံ့ပြန်ခဲ့သနည်း။

______________________________________________

______________________________________________

သောမစစ်ဆေးမေးမြန်းမှုသည် ယုတ္တိရှိပါသည်။ သင်သည် လူတစ်ယောက်မည်သည့်နေရာသို့သွားမည်ကိုမသိလျှင် ထိုသူ၏နောက်သို့ သင်မည်သို့လိုက်နိုင်မည်နည်း။ ယေရှုရှင်ကလည်း ထိုမေးမြန်းစုံစမ်းချက်ကို တုံ့ပြန်ရာ၌ ငါသည် လမ်းခရီးဖြစ်သည်ဟု မိမိကိုယ်ကိုမိတ်ဆက်ပြောဆိုသည်။ မည်သည့်နေရာသို့သွားသောလမ်းဖြစ်သနည်း။ ခမည်းတော်ဆီသို့သွားသောလမ်းဖြစ်သည်။ အစကနဦးပိုင်းမှာပင် (ယော၊ ၁း၁–၁၈) နှုတ်ကပတ်တော်ဖြစ်သောယေရှုခရစ်တော်နှင့် ခမည်းတော်တို့ဆက်စပ်မှုကို အထူးတင်ပြထားသည်။



ယော၊ ၁း၁၈ ၏ဖော်ပြချက်အရ တစ်ပါးတည်းသောသားတော်၊ ဘုရားရှင်သည် ခမည်းတော်ကိုဖော်ပြသည်။ "ဖော်ပြသည်" ဆိုသည့်စကားသည် ဟေလသဘာသာဖြင့် "exegeomai" ဖြစ်သည်။ အဓိပ္ပာယ်မှာ ရှင်းတမ်းပေးသည်၊ အနက်ပြန်သည်၊ ရှင်းလင်းတင်ပြသည်ဟု ဘာသာပြန်နိုင်သည်။ ထို့ကြောင့် ယေရှုဘုရားသည် ခမည်းတော်နှင့်ဆက်နွယ်ထားသည်။ ကိုယ်တော်သည် ခမည်းတော်အကြောင်းကို ကျဆုံးသောကမ္ဘာမြေပေါ်၌ ရှင်းလင်းပြပေးသူ၊ အနက်အဓိပ္ပာယ်ဖော်ပြပေးသူဖြစ်သည်။ ကိုယ်တော်သည် ခမည်းတော်ထံသို့သွားရာလမ်းဖြစ်သည်။ ကိုယ်တော်ဖြင့်သာမဟုတ်လျှင် ကျွန်ုပ်တို့အသိဉာဏ်သည် အားနည်းလွန်းလှသည်။

ယော၊ ၁၄း၇–၁၁ ကိုဖတ်ပါ။ ဖိလိပ္ပု၏နားလည်လွဲခြင်းကို ယေရှုမည်သို့ရှင်းပြခဲ့သနည်း။

______________________________________________

______________________________________________

ဖိလိပ္ပုသည် ခမည်းတော်ကိုမြင်တွေ့လို၍ တောင်းဆိုခဲ့သည်။ အပြစ်သားများ၊ လူသားများသည် ခမည်းတော်ကိုမြင်လျှင် အသက်ရှင်နိုင်စွမ်းမရှိ (ထွက်၊ ၃၃း၁၇–၃၄း၉။ ယော၊ ၁း၁၈)။ ယေရှုသည် လူတို့၏အသိဉာဏ်နည်းခြင်း၊ အသိမရှိခြင်းအကြောင်းကိုပြောပြီး ကိုယ်တော်ကိုမြင်ရလျှင် ခမည်းတော်ကိုမြင်ရခြင်းနှင့်တူညီနေကြောင်း မိန့်တော်မူခဲ့သည် (ယော၊ ၁၄း၉)။ အလွန်ရှင်းလင်းလှသောစကားပင်ဖြစ်သည်။ ယေရှုရှင်ကိုမြင်ရလျှင် ခမည်းတော်ကိုမြင်ရခြင်းသည် ကိုယ်တော်သည် လမ်းခရီးဖြစ်ကြောင်းကို ပြသသည်။ ကိုယ်တော်မပါလျှင် လမ်းခရီးသည် မှောင်မည်းနေ၍ ဆူးညှောင့်ခလုတ်ကသင်းများစွာကို နင်းမိတိုက်မိလိမ့်မည်။ ကိုယ်တော်သည် ခမည်းတော်ဘုရားထံသို့ ထွန်းလင်းပြသပေးသောအလင်းဖြစ်သည်။

ယေရှုသည် စကားလုံးသုံးလုံးကို စုပေါင်းပြောထားသည်။ လမ်းခရီး၊ သမ္မာတရား၊ အသက်ဟူ၍ဖြစ်သည်။ ခရီးလမ်းဟူသောစကားလုံးကို ယော၊ ၁း၂၃ မှာသာတွေ့ရပြီး ဗတ္တိဇံဆရာယောဟန်သည် ယေရှုရှင်၏လမ်းခရီးကို ပြင်ဆင်သူဟုရေးထားသည်။ ယခုမှ ယော၊ ၁၄း၆ တွင် အသုံးပြုထားပြန်သည်။ သို့သော် သမ္မာတရားနှင့်အသက်ဟူသောစကားလုံးတို့မှာ ခရစ်ဝင်ကျမ်းအတွက် အဓိကစကားလုံးများဖြစ်သည်။ ဗုဒ္ဓဟူးနှင့်ကြာသပတေးနေ့များတွင် ကျွန်ုပ်တို့လေ့လာရမည်အကြောင်း၌ သမ္မာတရားသည် အထူးခေါင်းစီးဖြစ်၍ ကမ္ဘာပေါ်၌ "သမ္မာတရား" ဟူသောအကြောင်းအရာကို မေးခွန်းပုစ္ဆာအဖြစ် လူတို့သုံးသပ်လေ့လာကြသည်။

ခရစ်တော်သည် အကောင်းဆုံးသောခမည်းတော်ဘုရားကို ဖော်ပြသူဖြစ်ကြောင်းကို ကျွန်ုပ်တို့အဘယ်ကြောင့် ကျေနပ်ရန်အလွန်ကောင်းသနည်း။

**ဗုဒ္ဓဟူးနေ့** **ဒီဇင်ဘာလ ၄ ရက်**

**ငါသည်သမ္မာတရားဖြစ်၏**

ယော၊ ၁း၁၄၊ ၁၇။ ယော၊ ၈း၃၂။ ယော၊ ၁၄း၆ နှင့် ယော၊ ၁၅း၂၆ ကိုဖတ်ပါ။ ရှင်ယောဟန်သည် ယေရှုရှင်ကို သမ္မာတရားနှင့် မည်သို့တိုက်ရိုက်ပြောဆိုရသနည်း။

---------------------------------------------

---------------------------------------------

ထပ်ခါထပ်ခါဖြင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ သမ္မာတရားကို ယေရှုရှင်နှင့် ဆက်စပ်ထားသည်။ ကိုယ်တော်၏ခမည်းတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားနှင့်လည်း ဆက်စပ်ထားသည်။ သမ္မာတရားသည် ယေရှုရှင်နှင့်ဆက်စပ်သည့် နှုတ်ကပတ်တော်ဟုခေါ်သည်၊ အလင်းနှင့်ပုံဆောင်သည်။ အမှောင်နှင့်ဆန့်ကျင်၍နှိုင်းယှဉ်သည် (ယော၊ ၁း၁–၁၄။ ယော၊ ၃း၁၉–၂၁) နတ်ဆိုးနှင့်အပြစ်တို့သည် မုသားနှင့်ဆက်စပ်ကြောင်းကိုလည်းဖော်ပြသည်



(ယော၊ ၈း၄၄–၄၆)။ ရှင်ယောဟန်ရေးသားထားသောသမ္မာတရားသည် ရိုးရိုးသာမန်ဆိုလိုသောအကြောင်းမဟုတ်။ သမ္မာတရား၌ပါဝင်သောအရာ၌ ဘုရားရှင်နှင့် ကိုယ်တော်၏အလိုတော်အပေါ် သစ္စာစောင့်သိသော မြင့်မြတ်သည့်သဘောထားပါဝင်သည်။

"ထာဝရအသက်ရှင်တော်မူသောဘုရားရှင်ကို အော်ဟစ်တောင်းလျှောက်သူများစွာရှိသည်။ ကိုယ်တော်၏ရှေ့တော်မှောက်သို့ ရောက်ရှိလိုကြသည်။ အတွေးအခေါ်ပညာရပ်နှင့် စာပေအရေးအသားများမည်မျှပင်ကောင်းမွန်နေပါစေ၊ လူ၏စိတ်နှလုံးသားကို ကျေနပ်အားရခြင်းမပြုနိုင်ပါ။ လူတို့၏ကြိုးပမ်းတီထွင်ကြံဆခြင်းအားလုံးသည် တန်ဖိုးထား၍မရ။ ဘုရားရှင်၏နှုတ်ထွက်စကားတော်ကို လူတို့အားပြောကြားစေပါ။ လူ၏အကြံအစည်နှင့် ထုံးစံဓလေ့ကိုသာကြားရသူနှင့် ကိုယ်တော်၏နှုတ်တော်ထွက်စကားကိုကြားရ၍ စိတ်နှလုံးဝိညာဉ်ကို အသစ်ပြောင်းလဲပေးပြီး ထာဝရအသက်ကိုရရှိစေပါ။" (Ellen G. White, Christ Object Lessons, p. 40).

ယေရှုသည် သမ္မာတရား မည်သို့ဖြစ်နိုင်ကြောင်း၏ အဓိပ္ပာယ်ကို စဉ်းစားပါ။ ယေရှုသည် နှုတ်ကပတ်တော်၊ ဘုရားသခင်နှင့်အတူရှိသောသူ၊ အစအဦးကပင် ဖန်ဆင်းရှင်ဖြစ်၍ အရာခပ်သိမ်းကိုဖန်ဆင်းတော်မူခဲ့သည် (ယော၊ ၁း၁–၄)။ ထာဝရကာလအစဉ်အဆက် ခမည်းတော်နှင့်အတူရှိတော်မူသောသူဖြစ်သည်။ ယေရှုရှင်သည် ခမည်းတော်၌ရှိသောစာရိတ္တတော်မျိုးအပြည့်အစုံရှိတော်မူသည်။ သို့ဖြင့် သူသည်လည်း "ငါဖြစ်၏" ဖြစ်တော်မူသည်။ ကိုယ်တော်၏ဇာတိတော်သည် အခြားသူ၊ အခြားအရာတစ်ခုခုကို မှီခိုရခြင်းမရှိပါ။ ကိုယ်တော်၌မရှိသောအရာမရှိပါ။ ဉာဏ်ပညာတော်အပါအဝင် အရာအားလုံးကိုယ်တော်၌ရှိတော်မူသည်။ ဖြစ်တည်သမျှအရာခပ်သိမ်းကိုလည်း ကိုယ်တော်ဖန်ဆင်းထားတော်မူသည်။ "ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသမျှသော ရူပအရာ၊ အရူပါအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊

အထွတ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူပြီ။ ထိုသခင်အားဖြင့်လည်းကောင်း၊ ထိုသခင်အဖို့အလိုငှာလည်းကောင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ သားတော်သည်လည်း ခပ်သိမ်းသောအရာမဖြစ်မီဖြစ်တော်မူ၏။ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏" (ကော၊ ၁း၁၆–၁၇)။

ယေရှုရှင်သည် သမ္မာတရား၏ပြယုဂ်မျှသာမဟုတ်။ ကိုယ်တော်သည် သမ္မာတရားဖြစ်သည်။ သမ္မာတရားဆိုရာတွင် ခံယူရရှိသောအတွေးအခေါ်လည်း မဟုတ်၊ တည်ဆောက်ယူရသောအရာလည်းမဟုတ်ပါ။ လူပုဂ္ဂိုလ်ဖြစ်သည်။

သမ္မာတရားဖြစ်သောယေရှုခရစ်တော်သည် ကမ္ဘာမြေကြီးကို အလင်းပေးသောနေမင်းကြီးနှင့်တူသည် (ယော၊ ၈း၁၂)။ C. S. Lewis (ဆရာကြီး စီအက်စ်လူးဝစ်) ပြောသောခရစ်ယာန်ကို နှိုင်းယှဉ်ပေးသောစကားနှင့်တူသည်။ "ကျွန်ုပ်သည် ခရစ်ယာန်ကိုယုံကြည်သည့်ကိစ္စ၌ နေထွက်လာခြင်းကို ကျွန်ုပ်ယုံကြည်သည်နှင့်တူသည်။ ထိုနေ့ကိုမြင်နေရ၍မဟုတ်၊ ထိုနေရောင်အလင်းကြောင့် ကျွန်ုပ်အရာအားလုံးကိုမြင်ရသောကြောင့်ဖြစ်သည်" ("Is Theology Poetry?" p. 15).

သမ္မာတရားဖြစ်သောယေရှုရှင်ကြောင့် ကျွန်ုပ်တို့ဝန်းကျင်ရှိ လောကအရာအားလုံးကို မှန်ကန်စွာနားလည်နိုင်ရသည်။

**ကြာသပတေးနေ့** **ဒီဇင်ဘာလ ၅ ရက်**

**နှုတ်ကပတ်တော်နှင့် သမ္မာတရား**

ခရစ်ဝင်ကျမ်းတွင် နှုတ်ကပတ်တော်သည် အရေးကြီးသောကဏ္ဍ၌ ပါရှိ၍ လမ်းခရီးတော်ဖြစ်သောသူတစ်ယောက်အကြောင်းကို ပြောကြားပေးသည်။ ထိုသူသည် သမ္မာတရားလည်းဖြစ်၊ အသက်လည်းဖြစ်တော်မူသည်။ ခရစ်ဝင်ကျမ်းတိုင်း၌လည်းကောင်း၊ ကျမ်းစာတစ်အုပ်လုံးမှာသော်လည်းကောင်း၊



ဓမ္မဟောင်း၊ ဓမ္မသစ်၊ နှုတ်ကပတ်တော်သည် သမ္မာတရားကိုဖော်ပြရာ အရေးကြီးသည့်အပိုင်းဖြစ်သည်။ အထူးသဖြင့် ယေရှုသည် မည်သူဖြစ်၍ အဘယ်အကြောင်းရှိ၍ လောကသို့ရောက်လာရခြင်းအကြောင်းစသည်တို့ကို ကျွန်ုပ်တို့အားသွန်သင်ပေးသည်။

ယော၊ ၅း၃၈–၄၀ ကိုဖတ်ပါ။ ယေရှုသည် နှုတ်ကပတ်တော်အကြောင်းမည်သို့ပြောခဲ့သနည်း။

________________________________________________

________________________________________________

ယေရှုနှင့်တပည့်တော်တို့သည် နှုတ်ကပတ်တော်ကိုညွှန်ပြပြီး ကိုယ်တော်သည် မေရှိယဖြစ်ကြောင်းကို ထပ်ခါထပ်ခါအတည်ပြုပြောကြားသည်။ ခရစ်တော်မိန့်တော်မူချက်ကား၊ "သင်တို့သည် မောရှေ၏စကားကိုယုံလျှင်၊ ငါ့စကားကို မယုံဘဲမနေနိုင်ကြ။ အကြောင်းမူကား၊ မောရှေသည် ငါ့အကြောင်းကိုရေးထား၏" (ယော၊ ၅း၄၆၊ ၄၇)။

လုကာ၊ ၂၄း၂၇ ကိုဖတ်ပါ။ ယေရှုသည် နှုတ်ကပတ်တော်ကို ထောက်၍ မိမိ၏အမှုတော်ကိုစတင်ရကြောင်း မည်မျှအရေးကြီးသောကြောင့်နည်း။

________________________________________________

________________________________________________

အခြားနေရာတွင် ယေရှုသည် ထွက်မြောက်ရာကျမ်းကိုမှီငြမ်းလျက် မိန့်တော်မူသောစကားတော်မှာ၊ "ဘုရားသခင်သည် သင်တို့အားမိန့်မြွက်တော်မူကြောင်းကို သင်တို့သည်မဖတ်ဖူးသလော" (မဿဲ၊ ၂၂း၃၂)။ ပုရောဖက်ဇာခရိသည် ဘုရားရှင်၏ကတိတော်အကြောင်းကို အတည်ပြုပြောကြားရာ၌ "အကြောင်းမူကား၊ ကမ္ဘာဦးမှစ၍ ပေါ်ထွန်းသောမိမိသန့်ရှင်းသောပုရောဖက်တို့နှုတ်ဖြင့် ဗျာဒိတ်ထားတော်မူသည်နှင့်အညီ...." (လုကာ၊ ၁း၇၀)။ ရှင်ပေတရုသည် ပင်တေကုတ္တေပွဲနေ့၌ ဟောကြားတော်မူသောတရားတော်၌ "သန့်ရှင်းသောဝိညာဉ်တော်သည် ဒါဝိဒ်မင်း၏နှုတ်ဖြင့် ဗျာဒိတ်ထားတော်မူနှင့်သော ကျမ်းစာချက်အတိုင်း မပြည့်စုံဘဲမနေရ" (တ၊ ၁း၁၆) ဟုဟောခဲ့သည်။

သမ္မာကျမ်းစာသည် သိပ္ပံပညာအတွက်ပြဋ္ဌာန်းထားသောစာအုပ်မဟုတ်။ သေးငယ်သောအက်တမ်တစ်ခုပေါက်ကွဲပွားများပုံ သို့မဟုတ် လူ၏ဦးနှောက်ခွဲစိတ်ခြင်းပညာများကို ရှင်းလင်းပေးသည့်မျိုးလည်းမဟုတ်ပါ။ ထိုကိစ္စများထက်ပို၍ အရေးကြီးသောအကြောင်းများရှိသည်။ စကြဝဠာ၌ဖြစ်နေသော အကြောင်းကိစ္စများကို အဓိပ္ပာယ်ဖော်ပြုစုထားသောစာအုပ်ဖြစ်သည်။ သမ္မာကျမ်းစာသည် တံခါးပေါက်ကိုဖွင့်နိုင်သောသော့၊ ရှင်းလင်းစွာမြင်နိုင်ရန် ပေါ်ထွက်လာသောအလင်းရောင်ဖြစ်သည်။ သမ္မာကျမ်းမရှိလျှင်၊ ကျွန်ုပ်တို့အမှောင်ထဲနေရပြီး ဘုရားရှင်ရှိတော်မူကြောင်းကို မသိရှိနိုင်ပါ။ စကြဝဠာနှင့်ယှဉ်၍၊ ကျွန်ုပ်တို့၏မူလအစဖြစ်တည်ရာ၊ အသက်တာ၏အဓိပ္ပာယ်နှင့် အနာဂတ်အချိန်ကိုလည်း ကျမ်းစာမရှိခဲ့လျှင် ကျွန်ုပ်တို့မသိရှိနိုင်ပါ။

သမ္မာကျမ်းစာ၌ သွန်သင်ထားသောအမှန်တရားအချို့ကို သိပ္ပံပညာနှင့် လူတို့တွေ့ရှိထားသောသီအိုရီများက လုံးဝသင်ကြားနိုင်ခြင်းမရှိသည်ကို သင်သိပါသလား။

**သောကြာနေ့** **ဒီဇင်ဘာလ ၆ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, "The Light of Life," pp. 463-475, in The Desire of Ages; E. Edward Zinke, "The Authority of the Bible and the Certainty of the Second Coming," The Certainty of The Second Coming (Hagerstown, MD: Review and Herald Publishing Association, 2000), pp. 23-36.

ယေရှုရှင်၏စကားတော်၌ "ငါသည် လောက၏အလင်းဖြစ်၏" ဟုပြောသောအချိန်သည် ကိုယ်တော်သည် ဗိမာန်တော်အတွင်းတွင်ရှိနေ၍ တဲထိုးပွဲတော်ကျင်းပရချိန်ဖြစ်သည်။ ပရဝဏ်အတွင်း၏ဗဟိုနေရာ၌ သီးသန့်ကျင်းပသောအရာနှစ်မျိုးရှိသည်။ ညဦးယံပူဇော်ခြင်းပြီးနောက် မီးတိုင်ကြီးများကို



ထွန်းညှိထားရသည်။ ယေရုရှလင်မြို့ကြီးတစ်မြို့လုံးကို အလင်းပေးထားသည်။ ယင်းပွဲစီစဉ်ကျင်းပရခြင်း၏အကြောင်းမှာ ဣသရေလလူများ တောခ၌လှည့်လည်စဉ် လမ်းပြပို့ဆောင်ပေးခဲ့သောတိမ်မီးတိုင်ကြီးကို သတိရအောက်မေ့ခြင်းအထိမ်းအမှတ်ဖြစ်သည်။ မေရှိယကြွလာမည့်နိမိတ်လက္ခဏာလည်းဖြစ်သည်။ ညနေပိုင်းတွင်မီးတိုင်များကိုထွန်းညှိသောအခါ ဝမ်းသာပျော်ရွှင်နေကြသောမြင်ကွင်းကို တွေ့ကြရသည်။

ယေရုရှလင်မြို့ကြီးကို အလင်းရောင်ပေးနေခြင်းသည် လူတို့၏စိတ်၌ မေရှိယအရှင်ကို မျှော်လင့်တောင့်တခြင်းကြောင့်ဖြစ်သည်။ မေရှိယသည် ရောက်လာ၍ ဣသရေလလူတို့အပေါ် ရောင်ခြည်လင်းလက်ပေးစေမည်ဟု ယုံကြည်သည်။ သို့သော် ယေရှုရှင်အဖို့မှာ သာ၍ကြီးသော၊ ကျယ်ပြန့်သောအဓိပ္ပာယ်ရှိနေသည်။ ဗိမာန်တော်မှထွန်းညှိထားသောမီးတိုင်၏အလင်းရောင်သည် ဣသရေလတို့အပေါ် လင်းထိန်နေခြင်းသည် ခရစ်တော်ကိုယ်တိုင်မှဝိညာဉ်အလင်းဖြစ်ကြောင်းကိုသိရမည်။ မှောင်မည်းနေသောလောကကြီးကိုအလင်းပေးခြင်းကိုဆိုလိုသည်။ သို့သော် ထိုသို့ပုံဆောင်ခြင်းသည် မပြည့်စုံသေးပါ။ ကိုယ်တော်လက်တော်ဖြင့် ကောင်းကင်၌ဖန်ဆင်းထားသောအလင်းကြီးသည် ကိုယ်တော်၏အမှုတော်၏ဘုန်းကို ကိုယ်စားပြုထားသောအလင်းတော်အမှန်ပင်ဖြစ်သည်။

"နံနက်အချိန်တွင် နေမင်းကြီးသည် သံလွင်တော်မှထွက်ပေါ်လာမြဲဖြစ်သည်။ သူ၏အလင်းရောင်ခြည်သည် ကျောက်ပသောကျောက်များအပေါ်သို့ သက်ဆင်းဖြာကျ၍ ရွှေဖြင့်မွမ်းထားသောဗိမာန်တော်၏နံရံကို ထိမိသောအခါ ရောင်ပြန်ဟပ်နေတော့သည်။ ယေရှုသည် ထိုလင်းလက်တောက်ပနေသောဗိမာန်တော်ကို လက်ညှိုးထိုးလျက် "ငါသည် လောက၏အလင်းဖြစ်၏" ဟုဆိုသည်။ (Ellen G. White, The Desire of Ages, 463, 464).

### သင်ခန်းစာ (၁၁)
## ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်
ဒီဇင်ဘာလ ၇ - ၁၃

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဒီဇင်ဘာလ ၇ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယောဟန်၊ ၁၄း၁၀၊ ၂၄။ က၊ ၃း၇-၉။ ယော၊ ၁၆း၂၇၊ ၂၈။ ယော၊ ၁၆း၇-၁၁။ ယော၊ ၁၇း၁-၂၆။

**အလွတ်ကျမ်းချက်**

**"ခမည်းတော်သည် ငါ့အတွက်ကြောင့်စေလွှတ်တော်မူသော ဥပဇ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသောစကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အားပေးတော်မူ၏" (ယော၊ ၁၄း၂၆)။**

ရှင်ယောဟန်သည် ခရစ်ဝင်ကျမ်းတွင် ခိုင်မာတိကျသောအကြောင်းရင်းများကို ရေးသားပေးထားသည်။ ယေရှုပြသောနိမိတ်လက္ခဏာအပေါင်းတို့သည် ပုရောဖက်များကြိုတင်ဟောပြောသည့် မေရှိယနှင့်ကိုက်ညီ၍ ယေရှုသည် မေရှိယဖြစ်ကြောင်းကို သက်သေပြသည်။ ယောဟန်သည် အချက်အလက်စုစည်းပြီး ယေရှုကို ခရစ်တော်ဖြစ်ကြောင်းသက်သေပြသည်။ ကိုယ်တော်ရှင်ကိုယ်တိုင်မှလည်း "ငါဖြစ်၏" ဟုဆိုသောစကားသည် မိမိ၏ဘုရားဇာတိတော်ကိုပြခြင်းဖြစ်သည်။

သုံးပါးပေါင်းထားသောဘုရား၏အကြောင်းကို (ယော၊ ၁း၁-၄၊ ၁၄၊ ၁၈၊ ၃၂-၃၄) တို့တွင်ဖော်ပြပေးထားသည်။ နှစ်ရာပေါင်းများစွာလူတို့သည် ဘုရားသုံးပါးတစ်ဆူဖြစ်ခြင်းအကြောင်းကိုနားလည်ရန် ကြိုးစားခဲ့ကြသည်။



သဘောချင်းမတိုက်ဆိုင်မှုများစွာလည်းရှိခဲ့သည်။ လူသားများအသိဉာဏ်နှင့်လိုက်၍ မမီသောအကြောင်းအရာကို ရှာဖွေလေ့လာကျေနပ်မှုမရှိ၍ ငြင်းပယ်လျှင် ရှုးသွပ်မှုပင်ဖြစ်သည်။

ရှင်ယောဟန်ဆိုထားသည်မှာ သင်သည် ဘုရားအကြောင်းကို နားလည်လိုလျှင် ယေရှုရှင်ကိုကြည့်ရမည်။ နှုတ်ကပတ်တော်မှ ဖော်ပြချက်အတိုင်းဖြစ်သည်။ ထိုသို့သောနည်းဖြင့် ကျွန်ုပ်တို့သည် ကမ္ဘာသစ်တစ်ခုလုံးကို ဆက်စပ်ရသောအခွင့်အရေးကို ဖွင့်ပေးနိုင်သည်။ ဘုရားသုံးပါးအကြောင်းတွင် လူတို့နှင့်ဆက်စပ်ပုံ၊ လူလူချင်းဆက်စပ်ပုံတို့ပါဝင်သည်။

ယခုအပတ်တွင် ရှင်ယောဟန်သည် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ဖော်ပြပေးသည်။ သို့သော် ယခုတွင် နှုတ်ဆက်ခြင်းအကြောင်းကိုအကြောင်းပြု၍ လေ့လာသွားကြမည် (ယော၊ ၁၃-၁၇)။

**တနင်္ဂနွေနေ့** **ဒီဇင်ဘာလ ၈ ရက်**

**ကောင်းကင်ခမည်းတော်**

ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ရေးသားထားရာမှာ သမ္မာကျမ်းအားလုံး၏အချုပ်ကိုပြုစုထား၍ မူလအစကနဦးအကြောင်းမှ စတင်ခဲ့သည်။ "အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏" (က၊ ၁း၁)။ သို့မဟုတ် အစအဦး၌ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။ သူတို့သည် အရာခပ်သိမ်း၏မူလအစဖြစ်သည်။ စကြဝဠာကိုဖန်ဆင်းခဲ့ကြသည်။ သက်ရှိသက်မဲ့သတ္တဝါအားလုံးပါဝင်သည်။ ကျွန်ုပ်တို့၏ကမ္ဘာဂြိုလ်ကြီး၌ အသက်ရှိသောသတ္တဝါကို အထူးဖန်ဆင်းသလို၊ လူသားသည် ဖန်ဆင်းခြင်းအားလုံး၏ အထူးမြတ်ဆုံးဖြစ်သည်။ ဘုရားရှင်သည် ကျွန်ုပ်တို့လူသားကိုဖန်ဆင်းရခြင်း၏ ရည်ရွယ်ချက်မှာ သူနှင့်အတူတစ်လုံးတစ်ဝတည်းနေထိုင်၍ အခြားသူတို့နှင့်လည်း အတူယှဉ်တွဲနေထိုင်ရန်အတွက်ဖြစ်သည်။

အကြောင်းမလှ၍ လူစီဖာသည် ကမ္ဘာကြီးဆီသို့ အပြစ်ကိုသယ်ဆောင်လာခဲ့သည်။ ကျွန်ုပ်တို့ဘုရားရှင်နှင့် အဆက်ပြတ်သွားစေရန် အပြစ်သည် ကြားဝင်လာခဲ့သည်။ ဘုရားရှင်ကို လူတို့မှားယွင်းစွာသဘောထားရန် အမျိုးမျိုးလှုံ့ဆော်ပေးသည်။ ထိုကြောင့် ယေရှုသည် လူသား၏ဇာတိကို လာရောက်ခံယူရသည်။ ဘုရားရှင်ကိုသိနိုင်သောအသိဉာဏ်နှင့် လူသားများကယ်တင်ခြင်းရရှိရန် ယေရှုရှင်ဆင်းကြွလာခဲ့ရသည်။

လောက၌ရှိစဉ် ယေရှုသည် မိမိ၏အသက်ကို ခမည်းတော်၏လက်သို့အပ်နှံထားသည်။ ခမည်းတော်၏ပို့ဆောင်ခြင်းအတိုင်း အသက်ရှင်နေထိုင်ခဲ့သည်။ "ငါသည် ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်၏" (ယော၊ ၁၀း၃၀)။ ခမည်းတော်သည် ငါနှင့်အတူရှိ၍ ငါသည် ခမည်းတော်နှင့်အတူရှိသည်" (ယော၊ ၁၀း၃၈)။ "ငါသည် ငါ့ခမည်းတော်၏အမှုကိုမပြုလျှင် ငါ့ကိုမယုံကြနှင့်" (ယော၊ ၁၀း၃၇)။

အောက်ပါကျမ်းချက်များမှ ခမည်းတော်၏အရေးကြီးသောကဏ္ဍသည် မည်သို့ရှိကြောင်းဖော်ပြသနည်း။

ယော၊ ၃း၁၆၊ ၁၇။ ယော၊ ၆း၅၇-----------------------------

--------------------------------------------------

ယော၊ ၅း၂၂၊ ၃၀----------------------------------------

--------------------------------------------------

ယော၊ ၆း၃၂။ ယော၊ ၁၄း၁၀၊ ၂၄----------------------------

--------------------------------------------------

ယော၊ ၆း၄၅--------------------------------------------

--------------------------------------------------

ယော၊ ၁၅း၁၆။ ယော၊ ၁၆း၂၃------------------------------

--------------------------------------------------



အထက်ပါကျမ်းချက်များသည် ခမည်းတော်နှင့် သားတော်ယေရှုခရစ်တော်တို့နီးကပ်စွာဆက်သွယ်ကြကြောင်းဖော်ပြသည်။ ခမည်းတော်သည် ကျွန်ုပ်တို့ကမ္ဘာမြေကို ဆက်သွယ်ရင်းနှီးမြှုပ်နှံမှုကြီးစွာပြုတော်မူသည်။ ကျွန်ုပ်တို့အတွက် ကယ်တင်ခြင်းပင်ဖြစ်သည်။ ဘုရားရှင်သည် ကျွန်ုပ်တို့ကို မည်မျှချစ်ကြောင်းထင်ရှားနေသနည်း။

**တနင်္လာနေ့** **ဒီဇင်ဘာလ ၉ ရက်**

## ယေရှုနှင့်ခမည်းတော်

ကျွန်ုပ်တို့သည် သုံးပါးပေါင်းဘုရား၏ဖန်ဆင်းခြင်းကိုခံရ၍ သူတို့နှင့် မိတ်သဟာယဖွဲ့ရန်ဖြစ်သည် (က၊ ၁း၂၆၊ ၂၇)။ အပြစ်ကြောင့် ထိုမိတ်သဟာယဖွဲ့ခြင်း ပျက်ခဲ့ရသည်။ ဧဒင်ဥယျာဉ်တော်မှဖြစ်စဉ်ကို ပြန်စဉ်းစားမိတိုင်း ဘုရားရှင်နှင့် ကျွန်ုပ်တို့ဝေးကွာသွားရသည့်အကြောင်းကို ပြန်ပြောင်းသတိရနိုင်သည်။

က၊ ၃း၇-၉ ကိုဖတ်ပါ။ အပြစ်၏ဆိုးကျိုးသည် မည်မျှအထိပြင်းထန်ခဲ့သနည်း။ ဘုရားမှ လူတို့ကိုပြန်၍ရှာရသည့်အဓိပ္ပာယ်သည် မည်သို့ဖြစ်သနည်း။ (လူမှဘုရားကိုရှာခြင်းမဟုတ်ပါ)။

--------------------------------------------------

----------------------------------------------

အပြစ်ကြောင့်ဖြစ်လာသောဆိုးကျိုးအားလုံးကို သုံးပါးပေါင်းဘုရားရှင်မှ ပြန်၍ကုစားပေးလိုကြသည်။ လူသားများအားလုံးခံယူခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘုရားရှင်မှ အပြစ်အကျိုးကိုကုစားပေးလိုသည်။

ပြန်၍ပေါင်းစည်းနိုင်ရေးလုပ်ဆောင်မှုကိုအောင်မြင်စေရန် သုံးပါးပေါင်းဘုရားထဲမှတစ်ပါးသည် လူကဲ့သို့ဖြစ်လာရသည်။ လူဇာတိကိုခံရသည်။ ဘုရားရှင်၏ဘုန်းတော်ကို ထင်ရှားပြသပေးရသည် (ယော၊ ၁း၁၄-၁၈)။ ရလဒ်အဖြစ် လူသားများသည် ပြည့်ဝသောကိုယ်တော်၏ကရုဏာတော်ကို ရရှိ

ခံစားရသည်။ ယေရှုသည်ကြွဆင်းလာ၍ ဘုရားရှင်၏ဘုန်းတော်ကို ထင်ရှားစေသည်။ သို့ဖြစ်၍ အပြစ်ကြောင့် ဖြတ်တောက်နေခဲ့ရသောပေါင်းစပ်မှုသည် ပြန်၍ပေါင်းစည်းသွားနိုင်သည်။ သို့ဖြစ်၍ ယုံကြည်ခြင်းနှင့် ဘုရားရှင်ကို လက်ခံရန်ဆန္ဒရှိသူတိုင်း ယေရှုရှင်ယူဆောင်လာသောပေါင်းစည်းခြင်းကို ရရှိခံစားနိုင်သည်။

အောက်ပါကျမ်းချက်များမှ ကျွန်ုပ်တို့အံ့ဖွယ်ကောင်းသောမျှော်လင့်ချက်ကို ရရှိနိုင်သနည်း။ ယော၊ ၁း၁၊ ၂။ ယော၊ ၅း၁၆–၁၈။ ယော၊ ၆း၆၉။ ယော၊ ၁၀း၁၀၊ ၃၀။ ယော၊ ၂၀း၂၈။

\---------------------------------------------

\---------------------------------------------

“ခရစ်တော်၌အသက်ရှိ၏။ မူလအရင်းခံဖြစ်၍ အခြားနေရာမှ အငှားယူရခြင်းမျိုးမဟုတ်ပါ” (Ellen G. White, The Desire of Ages, p. 530). လူ့ဇာတိကိုခံသောသားတော်အဖြစ် “မိမိအသရေကိုစွန့်၍” (ဖိလိပ္ပိ၊ ၂း၇) လူသားတို့အကြား လူတစ်ဦးကဲ့သို့နေထိုင်တော်မူသည်။ ဘုရားသခင်ထံမှ ဆုလာဘ်လက်ဆောင်အဖြစ် အသက်ကိုပိုင်ဆိုင်ခွင့်ရထားသည်။ “ခရစ်တော်၌ရှိသောဘုရားဇာတိတော်သည် ထာဝရအသက်ဖြစ်သည်ဟု ယုံကြည်သူတို့ကို အာမခံထားသည်။” (The Desire of Ages, p. 530).

လူသားများသည် ဘုရားရှင်ကို အသိအမှတ်ပြုခြင်းမရှိ (ယော၊ ၁၇း၂၅)။ သို့ဖြင့် ကိုယ်တော်သည် မိမိ၏သားတော်ကို စေလွှတ်တော်မူခဲ့သည် (ယော၊ ၉း၄။ ယော၊ ၁၆း၅)။ ထိုသို့ဖြင့် ခမည်းတော်ဘုရားကို လူတို့သိရှိနိုင်ရန်အတွက်ဖြစ်သည်။

ကမ္ဘာပေါ်၌ရှိသော ဘုရားမဲ့သူတို့၏ယူဆချက်မှာ “ကျယ်ပြောလှသော စကြဝဠာကြီး၌ ကျွန်ုပ်နားမလည်နိုင်သောအချက်သည် အပြင်မှအကူအညီတစ်ခုခု တစ်နေရာရာမှလာပြီး ကျွန်ုပ်တို့ကိုကယ်တင်မည့်အရိပ်အရောင်မတွေ့ရပါ။ ကျမ်းစာမှမည်သို့သွန်သင်သနည်း။ လူတို့၏အတွေးအခေါ်မည်မျှမှားယွင်းခြင်းဖြစ်နေသနည်း။



**အင်္ဂါနေ့** **ဒီဇင်ဘာလ ၁၀ ရက်**

## သားတော်ကိုသိခြင်းသည် ခမည်းတော်ကိုသိခြင်းဖြစ်သည်

ရှင်ယောဟန်ခရစ်ဝင်ကျမ်းတစ်လျှောက် တမန်တော်ကြီးသည် ယေရှုကို သားတော်ဟုဖော်ပြပြီး ခမည်းတော်၏အလိုတော်ကိုဆောင်လျက် အမှုတော်ဆောင်ရွက်သည်ဟု ဖော်ပြထားသည်။ ယေရှုရှင်သည် ခမည်းတော်အားဖော်ပြရာ၌ မည်သူဖြစ်ကြောင်းကိုပြသသည်။ ကျွန်ုပ်တို့ကမ္ဘာမြေနှင့် မည်သို့ပတ်သက်နေကြောင်းကိုလည်းပြသ၏။ ယော၊ ၁း၁၈ ၌ ခမည်းတော်၏အလိုအတိုင်း ခမည်းတော်အားသိကြစေရန် လုပ်ဆောင်သည်ဟုလာသည်။ ယေရှုသည် ထပ်ခါထပ်ခါထိုသို့ပြုလုပ်သည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတစ်ကျမ်းလုံး၌ ခမည်းတော်ဟု အကြိမ်ပေါင်း ၁၃၆ ကြိမ်ရေးသားထားပြီး အခန်း၊ ၁–၃ အထိအတွင်း အကြိမ်ပေါင်း ၁၈ ကြိမ်ရေးထားသည်။ ဓမ္မသစ်ကျမ်းတစ်ကျမ်းလုံး၌ ခမည်းတော်ဟူသောစကားလုံးသည် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ သုံးပုံတစ်ပုံအသုံးပြုရေးထားသည်။ ခမည်းတော်ကိုလူအများသိစေရန် ကိုယ်တော်ပြုတော်မူခြင်းသည် ခရစ်ဝင်ကျမ်း၏နှုတ်ဆက်စကားပြောသောအပိုင်းတွင် အဓိကပါဝင်သည်။

ယေရှုရှင်သည် ခမည်းတော်၏ကိုယ်စား လောကသို့ကြွလာသည်။ အသက်ရှင်နေထိုင်သည်။ လူ့ဇာတိကိုခံယူသည်။ ခမည်းတော်၏အလိုတော်အတိုင်းဖြစ်သည်။ ယေရှုရှင်မိန့်တော်မူသည်မှာ အရာခပ်သိမ်းကို ခမည်းတော်၏အလိုတော်အတိုင်းပြုတော်မူသည်။ မိမိအလိုအတိုင်းမဟုတ် (ယော၊ ၅း၃၀)။ စကားအားဖြင့်သာပြောနေသည်ဟု ထင်ဖွယ်ရှိသော်လည်း ယေရှုရှင်သည် မိမိကိုယ်ကို အပ်နှံဆက်ကပ်ခဲ့သည်။ လူသားတစ်ဦးကဲ့သို့နေထိုင်၍ ခမည်းတော်ကို ကိုယ်စားပြုခဲ့သည်။

မိမိကို ခမည်းတော်စေလွှတ်တော်မူကြောင်းကိုလည်း ယေရှုမိန့်တော်မူခဲ့သည်။ ခမည်းတော်၏အမှုကို ပြီးမြောက်အောင်ဆောင်ရွက်မည်။ လူသားများကိုကယ်တင်ရန်ဖြစ်ပြီး ခမည်းတော်သည်လည်း မိမိ၏အမှုတော်အတွက် သက်သေပြုပေးသည်ဟုဆိုသည် (ယော၊ ၅း၃၆–၃၈)။

ခမည်းတော်မှသူ့အားစေလွှတ်တော်မူကြောင်း ယေရှုရှင်ကြွေးကြော်ခဲ့သည်။ ကိုယ်တော်အားဖြင့်သာလျှင် လူသားတစ်ရပ်လုံး ခမည်းတော်ထံသို့ ပြန်လည်ရောက်ရှိအောင်ဆောင်ရွက်စေရန်အတွက်ဖြစ်သည် (ယော၊ ၆း၄၀၊ ၄၄)။ ယေရှုရှင်၌ လူတို့သည် ကယ်တင်ခြင်းကိုရှာဖွေတွေ့ရှိနိုင်ရန် ခမည်းတော် အလိုတော်ရှိသည်။ သေခြင်းမှ သူတို့ကိုထမြောက်စေမည်ဟု ကတိတော်ပေး ထားသောသူဖြစ်သည်။

အောက်ပါပေးထားသောကျမ်းချက်များမှ ယေရှုရှင်နှင့် ခမည်းတော် ဆက်သွယ်ထားခြင်းအကြောင်း မည်သို့ဆိုသနည်း။ ယော၊ ၇း၁၆။ ယော၊ ၈း၃၈။ ယော၊ ၁၄း၁၀၊ ၂၃။ ယော၊ ၁၅း၁၊ ၉၊ ၁၀။ ယော၊ ၁၆း၂၇၊ ၂၈။ ယော၊ ၁၇း၃။

---

---

ယေရှုသည် ခမည်းတော်နှင့်ဆက်သွယ်ထားကြောင်း ကြွေးကြော်မှုသည် အံ့သြစရာဖြစ်သည်။ ကိုယ်တော်၏သွန်သင်မှုအားလုံးသည် ခမည်းတော်၏ သွန်သင်ချက်ဖြစ်သည်ဟုဆို၏။ ပြောသမျှအရာအားလုံးသည်လည်း ခမည်းတော် ထံမှကြားခဲ့ရသောစကားများဖြစ်ကြောင်း၊ ကိုယ်တော်ကိုယုံကြည်လျှင် ခမည်းတော် ကိုယုံကြည်ခြင်းနှင့် အတူတူပင်ဖြစ်သည်။ ခမည်းတော်၏နှုတ်ထွက်စကားသည် ကိုယ်တော်၏နှုတ်ထွက်စကားနှင့်အတူတူပင်ဖြစ်သည်။ ကိုယ်တော်နှင့် ခမည်းတော်သည်ပေါင်းစည်း၍ ချစ်ခြင်းဖြင့် လူသားတို့ကိုကယ်တင်သောအမှုကို ဆောင်ရွက်နေကြသည်။ ယေရှုရှင်နှင့် ခမည်းတော်အလွန်နီးကပ်စွာနေတော် မူကြောင်းကို သက်သေခံသောစကားဖြစ်သည်။

သင်၏အသက်တာအတွက် ဘုရားရှင်အလိုတော်မည်သို့ရှိတော် မူကြောင်းသင်သိလျှင် မည်သို့ပြောင်းလဲခြင်းရရမည်နည်း။ ယေရှုရှင်သည် ကျွန်ုပ်တို့အသက်တာအတွက် ခမည်းတော်၏အလိုတော်အတိုင်း လုပ်ဆောင်





ပေးနေကြောင်းသိရသောအချိန်မှာ ကျွန်ုပ်တို့အသက်တာကို ပို၍ကောင်းအောင် မည်သို့လုပ်ဆောင်မည်နည်း။

**ဗုဒ္ဓဟူးနေ့ ဒီဇင်ဘာလ ၁၁ ရက်**

## သန့်ရှင်းသောဝိညာဉ်တော်ဘုရား

သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ ခမည်းတော်နှင့်သားတော်ကဲ့သို့ ထင်ထင်ရှားရှားမဖော်ပြထားပါ။ သို့သော် သားတော်ယေရှု၏အမှုတော်အောင်မြင်ရန် သန့်ရှင်းသောဝိညာဉ်တော်၏ အခန်းကဏ္ဍသည် အရေးပါလှသည်။

ယော၊ ၁း၁၀-၁၃ ကိုဖတ်ပါ။ ဖော်ပြထားသောကျမ်းချက်အရ ပြောင်းလဲခြင်းရရှိနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်သည် မည်မျှအရေးပါ ကြောင်းဖော်ပြထားသနည်း။

---

---

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏အခန်းကြီး (၁) ၌ သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၏အဓိကကဏ္ဍကို ကျွန်ုပ်တို့တွေ့နိုင်သည်။ လူများစွာ တို့သည် နှုတ်ကပတ်တော်ကိုခံယူကြ၏ဟု ယောဟန်တင်ပြထားသည်။ အဓိပ္ပာယ်မှာ လူများစွာတို့သည် ကိုယ်တော့်ကိုယုံကြည်လျှင် ဘုရားရှင်၏ သားသမီးများဖြစ်လာကြသည်။ "လူမျိုးနှင့်စပ်ဆိုင်၍ ဖွားသောသားမဟုတ်။ မေထုန်သံဝါသအားဖြင့် ဖွားသောသားမဟုတ်။ လူအလိုလျောက်ဖွားသော သားမဟုတ်။ ဘုရားသခင်ဖွားတော်မူသောသားဖြစ်သတည်း" (ယော၊ ၁း၁၃)။ ထိုအချက်သည် သန့်ရှင်းသောဝိညာဉ်တော် ဘုရား၏ပြုတော်မူချက်မှလာသည်။

အောက်ဖော်ပြပါကျမ်းချက်များမှ သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို မည်သို့ဖော်ပြထားသနည်း။ ယော၊ ၃း၅–၈။ ယော၊ ၆း၆၃။ ယော၊ ၁၄း၂၆။ ယော၊ ၁၅း၂၆။ ယော၊ ၁၆း၇–၁၁။

____________________________________________

____________________________________________

"သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ကိုယ်တော်သည် တပည့်တော်တို့အားသင်ကြားပေးရာ၌၊ ဝမ်းမြောက်ခြင်းမျှော်လင့်ခြင်းရှိစေရန် ကိုယ်တော်ပြုတော်မူပေးခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏မစမှုကြောင့် ကိုယ်တော်သည် အသင်းတော်ကို ပြင်ဆင်မှုပေးနိုင်ခဲ့သည်။ လူသားများအတွက် ခမည်းတော်ထံမှ ယေရှုရှင်တောင်းဆိုနိုင်သည့် အမြင့်ဆုံးသောဆုလက်ဆောင်သည် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့၏အားအင်ကို ပြန်၍ခွန်အားပေးရန်အတွက် အထူးခန့်အပ်ခြင်းခံရသည်။ ထိုကဲ့သို့မရှိလျှင် ခရစ်တော်၏ဆက်ကပ်အပူဇော်ခံခြင်းအမှုသည် အရာမရောက်နိုင်ပါ။ နတ်ဆိုး၏အားအင်သည် နှစ်ပေါင်းရာပေါင်းများစွာ ခွန်အားဖြည့်ထားသည်။ လူတို့သည် စာတန်၏ဖမ်းချုပ်ခံနေရခြင်းအတွက် အလွန်အံ့ဩဖွယ်ကောင်းသည်။ အပြစ်ကိုအောင်မြင်ကျော်လွှားနိုင်ရန်မှ အဓိကပုဂ္ဂိုလ်သည် သုံးပါးပေါင်းသောဘုရားမှ တတိယပုဂ္ဂိုလ်ပင်ဖြစ်သည်။ ထိုသူသည် အယောင်ဆောင်ခွန်အားနှင့်လာသည်မဟုတ်၊ ဘုရားရှင်၏တန်ခိုးနှင့်ကြွလာခြင်းဖြစ်သည်။ (Ellen G. White, The Desire of Ages, p. 671).

သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိခြင်းသည် ကောင်းချီးမင်္ဂလာအလွန်ကြီးပါသည်။ ဘုရားရှင်သည် မှန်ကန်သောဘုရားဖြစ်ကြောင်းကို ထောက်ခံသူဖြစ်သည် (ယော၊ ၃း၃၃)။ အပြစ်ကိုဖော်ပြပေးသည်။ ဖြောင့်မတ်ခြင်းလမ်းကို စီစဉ်ပေးသည်။ တရားမျှတမှုစွာစီရင်သည် (ယော၊ ၁၆း၈–၁၁)။ အမှန်ကို သိနိုင်ရန် ကျွန်ုပ်တို့အတွက်သော့ချက်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏



မစခြင်းကြောင့် ထာဝရဘုရား၏နှုတ်ကပတ်တော်ကို မြည်းစမ်းသိမြင်ခွင့်ရရှိသည်။

**ကြာသပတေးနေ့** **ဒီဇင်ဘာလ ၁၂ ရက်**

**ယေရှု၏ဆုတောင်းချက်**

ယော၊ ၁၇ သည် ပုရောဟိတ်မင်းအနေဖြင့် ခရစ်တော်တောင်းသောဆုတောင်းချက်ဟု ခေါ်ဆိုခံရသည်။ အဆုံးသတ်၌ နှုတ်ဆက်စကားပါဝင်သည်။ ယေရှုသည် လောကသို့ကြွလာခြင်း၌ လူသားကိုကယ်တင်ရန်အတွက်ဖြစ်သည်။ နဂိုမူလအခြေအနေသို့ပြန်ရောက်၍ ဘုရားရှင်နှင့် ပြန်လည်ပေါင်းဖက်ရေးကိစ္စဖြစ်သည်။ ဘုရားရှင်အပ်ပေးသောတန်ခိုးနိမိတ်လက္ခဏာများကို ပြသသောအခါ သစ္စာရှိစွာ ဘုရားသခင်၏ဘုန်းတော်အတွက်သာ အသုံးပြုသည်။ နှုတ်မှသော်လည်းကောင်း၊ အမှုအရာဖြင့်သော်လည်းကောင်း ဘုရားရှင်ကို လူတို့နှင့်ပေါင်းဖက်စေပါသည်။

ယေရှုသည် မကြာမီလောကကိုချန်ထားရတော့မည်။ တပည့်တော်တို့ကိုချစ်တော်မူကြောင်းကို တစ်ဖန်ထပ်၍ပြသချင်သည်။ တပည့်တော်တို့အားသူသည် ခမည်းတော်နှင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ တစ်လုံးတစ်ဝတည်းရှိနေကြောင်းကို နားလည်စေလိုသည်။ သူတို့အားလည်း ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားနှင့် တစ်လုံးတစ်ဝတည်းရှိစေလိုသည်။

ယော၊ ၁၇း၁–၂၆ ကိုဖတ်ပါ။ ဖော်ပြပါကျမ်းချက်အရ ယေရှုသည် မိမိကိုယ်တိုင်နှင့် ခမည်းတော်ဘုရားနှင့်သော်လည်း တပည့်တော်တို့နှင့် နီးကပ်စွာ ချစ်မေတ္တာအပြည့်ဖြင့် ရှိစေလိုသောဆန္ဒရှိကြောင်း မည်သို့ဖော်ပြထားသနည်း။

____________________________________________

____________________________________________

လူများစွာတို့သည် ယော၊ ၁၇ ကိုဖတ်သောအခါမှာ၊ စည်းလုံးခြင်းနှင့် မေတ္တာရှိခြင်းဟူ၍သာ နားလည်ထားကြသည်။ မေးစရာမလိုပါ။ ဘုရားရှင်သည်လည်း လူတို့နှင့်အတူပေါင်းဖက်နေထိုင်လိုသောဆန္ဒရှိသည်။ သို့သော် ကျမ်းချက်ကိုဖတ်သောအခါ ပို၍လေးနက်သောအကြောင်းအရာသည် မေတ္တာနှင့် သမ္မာတရားလမ်းတို့ဆက်သွယ်ထားခြင်းကိုတွေ့ရသည်။

“ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသောကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း၊ သိကျွမ်းခြင်းတည်း” (ယော၊ ၁၇း၃)။ “အကျွန်ုပ်၌ အပ်ပေးတော်မူသောသူတို့အား အကျွန်ုပ်သည် ကိုယ်တော်၏နာမကိုပြပါပြီ” (ယော၊ ၁၇း၆)။ “ကိုယ်တော်၏နှုတ်ကပတ်တော်ကို သူတို့စောင့်ကြ၏” (ယော၊ ၁၇း၆)။ “အကျွန်ုပ်သည် အထံတော်မှကြွလာသည်ကို အတပ်သိကြသည်။ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို ယုံကြ၏” (ယော၊ ၁၇း၈)။ “ကိုယ်တော်၏သမ္မာတရားအားဖြင့် သူတို့ကိုသန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်၏” (ယော၊ ၁၇း၁၇)။

ခရစ်တော်သည် ခမည်းတော်ကိုဖော်ပြရန်လာခဲ့သည်။ လူများစွာတို့သည် ဘုရားရှင်နှင့်ပတ်သက်၍ နားလည်မှုလွဲမှားခြင်းရှိကြ၍ ကိုယ်တော်လာခြင်းအမှုသည် အလွန်အရေးပါလှသည်။ ထိုအကြောင်းကြောင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ယေရှုရှင်၏အမှုတော်နှင့်သွန်သင်ချက်မည်မျှအရေးပါကြောင်းကို ရေးသားပြပေးသည်။ ကိုယ်တော်သည် ဘုရားရှင်၏နှုတ်ထွက်စကားတော်နှင့် အမှုတော်ဆောင်ခြင်းကို မှန်ကန်စွာပြသပေးသည်။ သမ္မာတရားသည် အရေးမကြီးလျှင် အဘယ်ကြောင့် အချိန်ကုန်ခံနိုင်မည်နည်း။

ယေရှုရှင်သည် ခက်ခဲကြမ်းတမ်းသောအသက်တာဖြင့် နေထိုင်ခဲ့ရသည်။ ဘာသာရေးအာဏာရှိသူတို့ငြင်းပယ်ခြင်းခံခဲ့ရသည်။ လူများမှသော်လည်းကောင်း၊ တစ်ခါတစ်ရံ မိမိ၏တပည့်တော်အရင်းများမှသော်လည်းကောင်း



လျစ်လျူရှုခြင်းခံရသည်။ မိမိ၏တပည့်တော်ထဲမှတစ်ယောက်သည် မိမိအားရန်သူလက်သို့အပ်နှံခဲ့သည်။ ကျန်တစ်ယောက်မှာ ကိုယ်တော်ကို သုံးကြိမ်တိုင်တိုင် ငြင်းပယ်ခဲ့သည်။ ရက်စက်သောပြန်လမ်းမဲ့စုံစမ်းခြင်းကို ကိုယ်တော်သည် ကပ်တိုင်တော်ပေါ်အထိခံသွားရရှာသည်။ မိမိလာရောက်ကယ်တင်သောသူများကသာလျှင် မိမိကိုပြန်၍သတ်ပစ်ကြသည်။

ဘုရားရှင်၏မေတ္တာတော်ကို သင်မည်သို့ကောင်းစွာထင်ရှားစေနိုင်မည်နည်း။ ယေရှုရှင်နှင့်ခမည်းတော်အကြား ထားရှိသောမေတ္တာတော်မျိုးကို သင်၏အသက်တာ၏ထားရှိနိုင်မည်လား။

**သောကြာနေ့** **ဒီဇင်ဘာလ ၁၃ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, “Let Not Your Heart Be Troubled,” pp. 662-680, in The Desire of Ages; “Additional Note on [John] Chapter 1,” The SDA Bible Commentary, vol. 5, pp. 911-919.

“ယေရှုရှင်ကိုမည်သူဟု ခံယူရမည့်အချိန်၌ ကိုယ်တော်ကိုပြိုင်ဆိုင်လိုသူများသည် လူသား၏အဆင့်ဖြင့်သာ ဆုံးဖြတ်ကြသည်။ ဇာတိပကတိအတိုင်းစီရင်ကြသည်” (ယော၊ ၈း၁၅)။ ထိုသို့သောတရားစီရင်ခြင်းသည် မျက်နှာကိုသာကြည့်၍ စီရင်ခြင်းထက် (ယော၊ ၇း၂၄) ပို၍ဆိုးနိုင်ပါသည်။ ဇာတိပကတိ၏သဘောတရားကို ပိုင်းခြားသုံးသပ်ကြည့်သည်။ အပြစ်၌ကျရှုံးနေသောကမ္ဘာသူကမ္ဘာသားများသည် ဝိညာဉ်တော်၏ပွဲပြင်ခြင်းမပါဘဲ စံနှုန်းများကိုသတ်မှတ်ကြသည် (ယော၊ ၃း၃–၇)။ သူတို့သည် ဇာတိပကတိသဘောကိုမြင်ကြသည်။ သို့သော် ကိုယ်တော်ကို နှုတ်ကပတ်တော်မှ လူ၏ဇာတိကိုယူတင်ထားကြောင်း လုံးဝမစဉ်းစားပါ (ယော၊ ၁း၁၄)။ ယေရှုကို လောက၏အမြင်ဖြင့်သာ တွက်ချက်ချိန်တွယ်ကာ ဆုံးဖြတ်ကြသည် (၂ကော၊ ၅း၁၆)။

“နှစ်သိမ့်အားပေးသောသူကို ‘သမ္မာတရား၏ဝိညာဉ်တော်’ ဟု ခေါ်ကြသည်။ သူ၏အလုပ်သည် သမ္မာတရားကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်ဖြစ်သည်။ ရှေးဦးစွာ လူတို့၏စိတ်နှလုံးသို့ သမ္မာတရား၏ဝိညာဉ်တော်အဖြစ်ကိန်းအောင်းတော်မူသည်။ သို့ဖြစ်၍ သူသည် နှစ်သိမ့်ပေးသူဖြစ်လာခဲ့သည်။ သမ္မာတရား၌ နှစ်သိမ့်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ရရှိသည်။ သို့သော် မှားယွင်းသောလမ်း၌ စစ်မှန်သောငြိမ်သက်ခြင်းနှင့် သမ္မာတရားကိုမရရှိနိုင်ပါ။ မှားယွင်းသောအတွေးအခေါ်နှင့် တီထွင်ပေးသောထုံးစံဓလေ့တို့အားဖြင့် စာတန်သည် လူ၏အသိဉာဏ်ကို လွှမ်းမိုးနိုင်သည်။ စာတန်သည် လူတို့ကိုမှားသောလမ်းကို ပြပေးခြင်းဖြင့် စာရိတ္တအမှားကို ပုံသွင်းပေးနိုင်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် နှုတ်ကပတ်တော်အားဖြင့် လူတို့စိတ်ကို စကားပြောဆိုသည်။ လူတို့၏စိတ်နှလုံးသား၌ သမ္မာတရားကို ရိုက်နှိပ်ပေးသည်။ ထိုနည်းဖြင့် အမှားအယွင်းတို့ကို ဖယ်ထုတ်ပစ်သည်။ ထိုနည်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် နှုတ်ကပတ်တော်အားဖြင့် အမှုတော်ကိုဆောင်ရွက်သည်။ ရွေးချယ်ခံရသောသူတို့ကို ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မိမိ၏လက်အောက်သို့သိမ်းသွင်းသည်။” (Ellen G. White, The Desire of Ages, p. 671).

–၀–



**သင်ခန်းစာ (၁၂)**

# ဘုန်းတော်၏အချိန်နာရီ၊ ကပ်တိုင်တော်နှင့် ရှင်ပြန်ထမြောက်ခြင်း

ဒီဇင်ဘာလ ၁၄ – ၂၀

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဒီဇင်ဘာလ ၁၄ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယော၊ ၁၈း၃၃–၁၉း၅။ ယော၊ ၁၉း၁၇–၂၂။ ယော၊ ၁၉း၂၅–၂၇။ လု၊ ၂း၃၄၊ ၃၅။ ယော၊ ၂၀း ၁–၁၈။ ၁ကော၊ ၁၅း၁၂–၂၀။

## အလွတ်ကျမ်းချက်

**“ပိလတ်မင်းကလည်း၊ သို့ဖြစ်လျှင် သင်သည် ရှင်ဘုရင်မှန်သလောဟုမေးသော်၊ ယေရှုက၊ မင်းကြီးမေးသည်အတိုင်း ငါသည်ရှင်ဘုရင်မှန်၏။ သမ္မာတရားဘက်၌သက်သေခံခြင်းငှာ ငါသည်မွေးဖွားခြင်းကိုခံ၍၊ ဤလောကသို့ကြွလာပြီ။ သမ္မာတရားနှင့်စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကိုနားထောင်ကြသည်ဟု မိန့်တော်မူ၏” (ယောဟန်၊ ၁၈း၃၇)။**

ယေရှုရှင်အသေခံခြင်းနှင့် ထမြောက်တော်မူခြင်းသည် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏အဓိကအချက်ဖြစ်၍ အရေးအကြီးဆုံးဖြစ်သည်။ ပထမပိုင်းအခန်းကြီး ၁၀ ခန်းသည် ယေရှုရှင်အမှုတော်ဆောင်ရွက်သော သုံးနှစ်ခွဲအချိန်ဝန်းကျင်ခန့်ကို ရေးသားတင်ပြပေးသည်။ အခန်းကြီး ၁၁–၂၀ သည် ရက်သတ္တနှစ်ပတ်အတွင်းအကြောင်းအရာများကို မှတ်တမ်းပြုရေးသားထားသည်။

ခရစ်ဝင်ကျမ်းလေးကျမ်းလုံးမှာ ယေရှုရှင်အသေခံတော်မူသည့်အကြောင်းကို ကွဲပြားသောနည်းဖြင့် မှတ်တမ်းတင်ထားကြသည်။ တင်ပြမှုကွဲပြားသော်

ငြားလည်း ဧဝံဂေလိ၏အဓိကအချက်ကို ထိထိမိမိကိုယ်စီရေးသားဖော်ပြနိုင်ကြသည်။ ရှင်မဿဲသည် နှုတ်ကပတ်တော်ပြည့်စုံလာခြင်းအကြောင်း၊ ရှင်မာကုသည် ယေရှုရှင်ဗတ္တိဇံခံခြင်းနှင့် ကပ်တိုင်တော်ပေါ်အသေခံခြင်းအကြောင်း၊ ရှင်လုကာသည် ကပ်တိုင်တော်သည် ကုသပျောက်ကင်းခြင်းနှင့် ကယ်တင်ခြင်း (ကပ်တိုင်တော်ပေါ်မှသူခိုးအကြောင်း) အကြောင်းကို အထူးရေးသားကြသည်။

သို့သော်လည်း ရှင်ယောဟန်သည် ကပ်တိုင်တော်ကို ရှုထောင့်တစ်မျိုးဖြင့် ယေရှုရှင်၏နန်းထိုင်မည့်နန်းပလ္လင်အပ်နှင်းခြင်းအဖြစ် တင်စားထားပြန်သည်။ အထူးသဖြင့် အချိန်နာရီသတ်မှတ်ချက်အကြောင်းကို သူ၏အရေးအသား၌ ထပ်ခါထပ်ခါဖတ်ရှုရသည် (ယော၊ ၇း၃၀။ ယော၊ ၈း၂၀။ ယော၊ ၁၂း၂၇)။ နန်းပလ္လင်ဆက်ခံခြင်း၊ တင်မြှောက်ခြင်းဆိုသည့်ခံယူချက်ကို ရောမတို့၏အရက်စက်ဆုံး၊ အရှက်ခွဲမှုအကြီးဆုံးသောသေဒဏ်စီရင်ခြင်းခံရ၍ ကိုယ်တော်အသေခံတော်မူရသည့်အကြောင်းဖြင့် ရုပ်လုံးပေါ်အောင်တင်ပြခြင်းဖြစ်သည်။ ယင်းအကြောင်းကြောင့် ယောဟန်သည် ယေရှုရှင်မှ အရှက်ကွဲခံရပြီး အသေသတ်ခံခဲ့ရသော်လည်း တစ်ချိန်တည်းမှာပင် ကိုယ်တော်သည် ကယ်တင်ရှင်အဖြစ် ဘုန်းထွန်းသောပလ္လင်တော်ပေါ်၌ ဘုရင်ရာထူးကို ရရှိသွားကြောင်း နှိုင်းယှဉ်ဖော်ပြခြင်းဖြစ်သည်။

**တနင်္ဂနွေနေ့** **ဒီဇင်ဘာလ ၁၅ ရက်**

**သမ္မာတရားသည်အဘယ်နည်း**

ယော၊ ၁၈း၂၈–၃၂ ၌ ယေရှုရှင်ကို စုံစမ်းစစ်ဆေးသည့်အကြောင်းအား အသေးစိတ်ဖော်ပြမထားပါ။ အသားပေးထားချက်မှာ ယေရှုကို ပိလတ်မင်း၏ရှေ့သို့ ခေါ်ဆောင်စစ်ဆေးခြင်းကိုသာဖော်ပြထားသည်။

ယော၊ ၁၈း၃၃–၃၈ ကိုဖတ်ပါ။ ပိလတ်မင်းနှင့် ယေရှုရှင်တို့ မည်သည့်စကားကိုပြောကြသနည်း။



---

---

ရှင်ဘုရင်ပိလတ်မင်းသည် ယေရှုအား သင်သည်ယုဒလူတို့၏ရှင်ဘုရင်ဖြစ်ပါသလားဟုမေးခဲ့သည် (ယော၊ ၁၈း၃၃)။ ထိုသို့သောခေါ်ဆိုမှုသည် ပထမဦးဆုံးဖြစ်၍ နောက်ဆုံးဖြစ်ဖွယ်မရှိ။ ယေရှုသည် ပိလတ်မင်းအား ထိုစကားသည် မင်းကြီးကိုယ်တိုင်မေးမြန်းခြင်းလော၊ သို့မဟုတ် အခြားသူများခေါ်ဆိုနေခြင်းလောဟုမေးခဲ့သည်။ ကိုယ်တော်၏မေးခွန်းမှာ ပိလတ်မင်းကို အကျပ်ရိုက်သွားစေပါသည်။ သူနှင့်စကားပြောနေသူကို စူးစမ်းလေ့လာစေခြင်းဖြစ်သည်။ ယေရှုရှင်သည် ရှင်ဘုရင်ဖြစ်ကြောင်း၊ အုပ်စိုးမည့်သူဖြစ်ကြောင်း ကျွန်ုပ်တို့သိပြီးသားဖြစ်ပါသလား။

ပိလတ်မင်းသည် မိမိမေးသောမေးခွန်းကို ပြန်၍တုံ့ပြန်သည့်စကား၌ "ငါသည် ယုဒလူဖြစ်သလော။ သင်၏လူမျိုးနှင့်တကွ ယဇ်ပုရောဟိတ်အကြီးတို့သည် သင့်ကိုငါ၌အပ်ကြပြီ။ သင်အဘယ်သို့ပြုမိသနည်း" (ယော၊ ၁၈း၃၅)။ ယေရှုရှင်၏မေးသောမေးခွန်းကို ပိလတ်မင်းရှောင်တိမ်း၍ ဒေါသနှောသောစကားမျိုးဖြင့် တုံ့ပြန်ခဲ့သည်။ ပိလတ်မင်း၏အမှန်တရားကို စတင်စွန့်ခွာသွားသော ပထမခြေလှမ်းဖြစ်သည်။ အမှန်ကိုဆက်လက်မစူးစမ်းဘဲ မျက်စိမှိတ်ဘက်လိုက်သောစိတ်ဖြင့် သူ၏အမြင်အသိဉာဏ်ကို ပိတ်စို့လိုက်ခြင်းဖြစ်သည်။

ယေရှုရှင်၏အဖြေမှာ သူ၏နိုင်ငံတော်သည် ဤလောက၌မတည်မရှိကြောင်း (ယော၊ ၁၈း၃၆) ဖြင့်တုံ့ပြန်ခဲ့သည်။ ပိလတ်မင်းသည် ယေရှုအား ရှင်ဘုရင်ဖြစ်ရန် ကြွေးကြော်သူဟု အပြစ်တင်လိုက်သည် (ယော၊ ၁၈း၃၇)။ ယေရှုရှင်၏ရှင်းပြချက်၌ သူမွေးဖွားလာခြင်းမှာ သမ္မာတရားအတွက်သက်သေခံရန်နှင့် အမှန်တရားသမ္မာတရားလမ်းကို လိုချင်သူတို့သည် သူ၏စကားကို နားထောင်မည်ဟုဆိုသည် (ယော၊ ၁၈း၃၇)။

ထိုနောက်မှာ ပိလတ်မင်းသည် "သမ္မာတရားကား အဘယ်သို့နည်း" ဟုမေးပြန်သည် (ယော၊ ၁၈း၃၈)။ သို့သော် ယေရှုရှင်ဖြေမည့်အဖြေကို သူမစောင့်နိုင်တော့ပါ။ သူသည် အပြင်သို့ထွက်၍ လူထုကြီးလက်မှ ယေရှုကို ကယ်ရန် ကြိုးစားတော့သည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ သမ္မာတရားသည် အဓိကအကြောင်း ဖြစ်သည်။ ထာဝရနှုတ်ကပတ်တော်ကဲ့သို့ဖြစ်သည် (ယော၊ ၁း၁–၅)။ ယေရှုသည် အလင်းနှင့်သမ္မာတရားပင်ဖြစ်သည်။ အမှောင်နှင့် မှားယွင်းမှုအားလုံးတို့သည် ယေရှုရှင်၏အသက်တာနှင့်နှိုင်းယှဉ်လျှင် ဆန့်ကျင်ဘက်ဖြစ်ကြသည်။ ကိုယ်တော်သည် ကရုဏာနှင့် သမ္မာတရားဖြင့်ပြည့်စုံလျက်ရှိသည် (ယော၊ ၁း၁၄)။ ကရုဏာနှင့် သမ္မာတရားသည် ကိုယ်တော်ထံမှထွက်လာသည် (ယော၊ ၁း၁၇)။ နှစ်ခြင်းဆရာယောဟန်သည် သမ္မာတရားအတွက် သက်သေခံခဲ့သည် (ယော၊ ၅း၃၃)။ ယေရှုသည် မိမိ၏အဖခမည်းတော်မှန်ကန်ကြောင်း အတည်ပြုပြောထားသည် (ယော၊ ၇း၂၈)။ ယေရှုရှင်ကိုယ်တော်တိုင် သမ္မာတရားကို ခမည်းတော်ထံမှကြားခဲ့ရသည် (ယော၊ ၈း၄၀)။ ယေရှုသည် လမ်းခရီး၊ သမ္မာတရားနှင့် အသက်ဖြစ်၏ (ယော၊ ၁၄း၆)။ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်၏ (ယော၊ ၁၇း၁၇)။ သို့ဖြစ်စေကာမူ၊ ပိလတ်မင်းသည် မေးခွန်းထုတ်ခဲ့သော်လည်း သူသည် သမ္မာတရားကိုသိသွားရန် အခွင့်အရေးမရခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် မစူးမစမ်း အဂတိတရားကိုသာလက်ကိုင်ထားပြီး မျက်စိမှိတ်ဘက်လိုက်ခြင်းကြောင့်ဖြစ်သည်။ အလျင်စလို ဆုံးဖြတ်လိုက်ခြင်းနှင့် မိမိကိုပေးသောဖိအားများကြောင့်ဖြစ်သည်။

ယေရှုရှင်သည် သမ္မာတရားဖြစ်ကြောင်းကို သင်အဘယ်သို့နားလည်သနည်း။



**တနင်္လာနေ့** **ဒီဇင်ဘာလ ၁၆ ရက်**

**သူ့ကိုကြည့်ကြလော့**

ယော၊ ၁၈း၃၈–၁၉း၅ ကိုဖတ်ပါ။ ပိလတ်မင်းသည် လူထုကို ဖျောင်းဖျ၍ ယေရှုရှင်၏လွတ်မြောက်ရေးအတွက် မည်သို့ကြိုးစားခဲ့သနည်း။

______________________________________________

______________________________________________

ပိလတ်မင်းသည် ယေရှုရှင်ဖြေမည့် သမ္မာတရားနှင့်ပတ်သက်သော အဖြေကို မစောင့်တော့ပါ။ သူသည်အပြင်သို့ထွက်သွားပြီး လူထုကြီးကိုစည်းရုံးရန် ကြိုးစားတော့သည်။ သူ၏ဩဇာအာဏာဖြင့် ယေရှုကိုလွတ်ငြိမ်းခွင့်မပေးဘဲ လူထုနှင့်သွားရောက်စကားပြောဆွေးနွေးခြင်းဖြင့် မိမိကိုယ်ကိုမိမိ အကျပ်အတည်းသို့ကျရောက်စေသည်။ ဘာသာရေးခေါင်းဆောင်များက လူထုအားကိုအသုံးပြုပြီး ပိလတ်မင်းကို အကျပ်ကိုင်နိုင်သည်ကိုသိနေကြသည်။

ပိလတ်မင်းကလည်း ပသခါပွဲအချိန်မှာ အချုပ်သား၊ ရာဇဝတ်သားကို လွတ်ငြိမ်းခွင့်ပေးသောထုံးစံရှိနေသောကြောင့် လူထုကြီးအား ယေရှုကို လွှတ်ပေးချင်သလားဟုမေးသည်။ ပြတ်သားသောတောင်းဆိုချက်ကို လူထုကြီးထံမှ ရှင်းရှင်းလင်းလင်းကြားရတော့သည်။ ဗာရဗ္ဗကိုလွှတ်၊ ယေရှုကိုသတ်။ ဗာရဗ္ဗသည် သူခိုး၊ ဓားပြ၊ သူပုန်ဖြစ်၍ ယေရှုသည် အပြစ်မဲ့မည်သည့် အပြစ်မှမလုပ်သူဖြစ်သည်။

ယခုအချိန်မှာတော့ ယေရှုကိုရိုက်ချ၊ ဆဲဆိုကြပြီး ရောမစစ်သားများက ဆူးရစ်သရဖူကို ကိုယ်တော်၏ခေါင်းပေါ်၌ ဆောင်းပေးလိုက်သည်။ နီမောင်းသောဝတ်လုံကို ကိုယ်တော်အားဝတ်ဆင်စေသည်။ ထိုနောက်မှာ "ယုဒရှင်ဘုရင်ကြီးဘုန်းကြီးပါစေသတည်း" ဟုသရောအော်ဟစ်ကြသည်။ ရောမစစ်သားများ ကြွေးကြော်သောစကားသည် အမှန်မှာ ဧကရာဇ်ရှင်ဘုရင်ကို မင်းမြှောက်သော စကားများဖြစ်နေသော်လည်း ယေရှုရှင်ကို သရော်ကမယ်ပြုနေခြင်းသာဖြစ်သည်။

ပိလတ်မင်းသည် လူထုကြီး၏သနားစိတ်ကိုရရှိရန်နှင့် ယေရှုကို လွတ်မြောက်စေလိုသောစိတ်ရှိ၍ နည်းလမ်းရှာကြံတော့သည်။ ယေရှု၏ ခေါင်းတော်ပေါ်၌ ဆူးရစ်သရဖူနှင့် နီမောင်းသောအဝတ်ကို ဝတ်ဆင်ပေးသည် အတိုင်း လူထုကြီး၏ရှေ့မှောက်သို့ဆွဲလာသည်။ ယင်းမြင်ကွင်းကို ယောဟန် တင်ပြခြင်းမရှိ။ ယေရှုရှင်ကို နည်းမျိုးစုံဖြင့်သရော်စကားများစွာကိုပြုကြသည်။ ပိလတ်မင်း၏အသံထွက်ပေါ်လာသည်။ "သူ့ကိုကြည့်ကြလော့" (ယော၊ ၁၉း၅)။ ယင်းစကားသည် နှစ်ခြင်းဆရာယောဟန်ဆိုခဲ့သောစကားကို အမှတ်ရစေပါသည်။ ယော၊ ၁း၂၉ ၌ "လောက၏အပြစ်ကိုယူဆောင်သွားမည့်ဘုရားသခင်၏ သိုးသငယ်ကိုကြည့်ကြလော့။" ဘုရားကိုမယုံကြည်သူ၊ အုပ်ချုပ်သူတစ်ယောက်သည် ဣသရေလလူမျိုးတို့ရှေ့မှောက်၌ မေရှိယကို ရှင်ဘုရင်အဖြစ်အသိအမှတ်ပြု ကြွေးကြော်သောစကားမျိုးဖြစ်သွားသည်။

မည်သို့ပင်ဖြစ်စေ၊ ယောဟန်၊ ၁၉း၆–၁၆ ၌ လူထုကြီးသည် ယေရှုရှင်ကို ကပ်တိုင်တင်သတ်ပစ်ရန်ကိုသာ တောင်းဆိုနေကြသည်။ ဘုရားသခင်၏ သားတော်ဟု ကိုယ်ကိုကိုယ်ပြောဆိုခြင်းကို အပြစ်ရှာပြီး ကိုယ်တော်ကိုစွပ်စွဲကာ သတ်ပစ်ရန်တောင်းဆိုကြသည်။ ယင်းမြင်ကွင်းကိုမြင်ရသောပိလတ်မင်း စိတ်ချောက်ခြားလာသည်။ ယေရှုရှင်ကိုလွှတ်ပေးရန်စိတ်ရှိနေသော်လည်း ယုဒခေါင်းဆောင်တို့သည် ယေရှုကိုလွှတ်ပေးသူသည် ဆီဇာဘုရင်ကိုပုန်ကန်သူ ဖြစ်သည်ဟု ပြောလာပြန်သည်။ ပိလတ်မင်းသည် ဆီဇာဘုရင်ကို သစ္စာခံထားသူဖြစ်သောကြောင့် ဆီဇာနှင့်ဆန့်ကျင်သောအမှု မည်သည့်အမှုမျှ မလုပ်ကြောင်းကို ယုဒခေါင်းဆောင်များသိနေသည်။ ယုဒခေါင်းဆောင်တို့ကား သူတို့မှာ အခြားဘုရင်မရှိ၊ ဆီဇာဘုရင်သာ သူတို့၏ဘုရင်ဖြစ်သည်ဟု ထပ်မံဆိုပြန်သည်။ မိမိလူမျိုးကိုချစ်သောစိတ်ထက် ယေရှုကိုပို၍မုန်းတီးနေကြောင်း ထင်ရှားနေသည်။ ယေရှုနှင့်ပတ်သက်လာလျှင် သူတို့လူမျိုးအမျိုးသားထု တစ်ရပ်လုံးကို အဆုံးရှုံးခံလိုက်သည်။



ဘုရားမသိသောနိုင်ငံအုပ်ချုပ်သူတစ်ယောက်က ယေရှုရှင်ကို လွတ်မြောက်ပေးချင်နေချိန်မှာ ဝိညာဉ်ရေးခေါင်းဆောင်များဟု မိမိတို့ကိုယ်ကိုအမွှန်းတင် နေသူများက ယေရှုကိုသတ်ချင်ကြသည့်ကိစ္စသည် မည်မျှကြောက်စရာကောင်းသနည်း။ ကျွန်ုပ်တို့အတွက် သင်ခန်းစာမည်သို့ယူနိုင်သနည်း။

**အင်္ဂါနေ့ ဒီဇင်ဘာလ ၁၇ ရက်**

**အမှုပြီးပြီ**

ယော၊ ၁၉း၁၇–၂၂ တွင် ဖော်ပြသည်အတိုင်း ပိလတ်မင်းသည် စာပန်းတစ်ခုကို ဟေလသဘာသာ၊ လက်တင်ဘာသာနှင့် ဟေဗြဲဘာသာများဖြင့် ရေးထိုးပေးလိုက်သည်။ ထိုစာပန်း၌ "နာဇရက်သားယေရှု၊ ယုဒတို့၏ဘုရင်" ဟူ၍ဖြစ်သည် (ယော၊ ၁၉း၁၉)။ ဘာသာရေးခေါင်းဆောင်တို့က ပြောင်းရေးစေလိုသည်။ ပိလတ်မင်းလုံးဝပြင်ရေးခြင်းမပြုပေးပါ။ ထိုစာပန်းရေးထားချက်သည် အတည်ဖြစ်သည်။ ယေရှုသည် သမ္မတရားလမ်းဖြစ်၍ ကပ်တိုင်ပေါ်ဝယ် နန်းပလ္လင်အရိုက်အရာကို ဆက်ခံရသောရှင်ဘုရင်အမှတ်အသားဖြစ်လာသည်။ ယေရှုရှင်သည် အမှန်ပင် သူတို့၏ဘုရင်၊ ယုဒလူတို့၏ ရှင်ဘုရင်ဖြစ်သည်။ ကပ်တိုင်ပေါ်၌ ဆွဲထားခံရ၍ အခြားရာဇဝတ်သားများကဲ့သို့ သေဒဏ်ခံခဲ့ရသည်။

"ပိလတ်မင်းနှင့် ယုဒလူမျိုးများထက် ကြီးမြတ်သောတန်ခိုးရှင်မှ စာပန်းကို ယေရှုရှင်၏ခေါင်းတော်အထက်၌ ချိတ်ဆွဲစေခြင်းဖြစ်သည်။ လူတိုင်း သတိဝင်လာစေရန် ဘုရားရှင်ပြင်ဆင်ခြင်းဖြစ်သည်။ ထိုအရာ၌ နှုတ်ကပတ်တော်ကို စိစစ်ခြင်းအမှုပြုရန်ဖြစ်သည်" (Ellen G. White, The Desire of Ages, p. 745).

ယော၊ ၁၉း၂၅–၂၇ ကိုဖတ်ပါ။ ကပ်တိုင်ရင်း၌ရှိသော ယေရှု၏ မိခင်အကြောင်းနှင့်ပတ်သက်၍ မည်သို့ခံစားမှုမြင်ကွင်းမျိုးရှိနေသနည်း။

---

---

ထိုနေ့၌ကပ်တိုင်၏ခြေရင်းတွင်ထနေသူများစွာရှိသည့်အထဲ ယောဟန်လည်းပါဝင်နေသည်။ ယေရှုချစ်သောတပည့်တော်ဖြစ်သည်။ မာရိနှင့်အတူရှိနေသည်။ ယေရှုရှင်၏မယ်တော်မာရိဖြစ်သည်။ အခြားသူများလည်းရှိသည်။ လွန်ခဲ့သောနှစ်များစွာတွင် ရှိမုန်သည် ယေရှုရှင်၏အကြောင်းကို ကြိုတင်ဟောကြားသည်။ ယေရှုရှင်၏မိဘနှစ်ပါးဖြစ်သော ယောသနှင့်မာရိတို့ သူငယ်တော်ကို ဗိမာန်တော်သို့ယူဆောင်လာသောအခါ၌ ရှိမုန်သည် သူငယ်ကိုဆက်ကပ်ရင်းပြောသောစကားဖြစ်သည် (လု၊ ၂း၃၄၊ ၃၅)။ ယခုအချိန်၌ကိုယ်တော်သေရမည့်အချိန်ရောက်လာပြီ။ ယေရှုရှင်သည် မယ်တော်ကို စကားပြောသည်။ "အချင်းမိန်းမ၊ သင်၏သားကိုကြည့်ပါ" ယောဟန်အားလည်း "သင်၏အမိကိုကြည့်ပါ" ဟူ၍ပြောခဲ့သည် (ယော၊ ၁၉း၂၆၊ ၂၇)။

ယော၊ ၁၉း၂၈–၃၀ ကိုဖတ်ပါ။ ယေရှုရှင်အသက်ထွက်ခါနီးပြောသောစကား "အမှုပြီးပြီ" သည် မည်သည်ကိုဆိုလိုသနည်း။

---

---

Teleo သည် ဟေလသဝေါဟာရဖြစ်၍ (ပြီးစီးသည်၊ ပြည့်စုံသည်၊ ဆောင်ယူသွားသည်) ဟူ၍ ဘာသာပြန်နိုင်သည်။ အငယ် ၂၈ (အားလုံးပြီးဆုံးသွားပြီဟု အဓိပ္ပာယ်ရှိသည်။ အခန်းငယ် ၃၀ ၌ရေးသောဝေါဟာရစာလုံး (အမှုပြီးပြီ) နှင့် အတူပင်ဖြစ်သည်။ ယင်းထက် ပို၍သက်ဆိုင်သောစကားလုံးမှာ အဆုံးသတ်သည်၊ ပြည့်စုံစွာလုပ်ဆောင်သည်ဖြစ်သည်။ အခန်းငယ် ၂၈ တွင် နှုတ်ကပတ်တော်ပြည့်စုံခြင်းဟုညွှန်ပြသည်။ ကြောက်ဖွယ်မြင်ကွင်းကြီးဖြစ်နေသော်လည်း အရာခပ်သိမ်းသည်ပြည့်စုံသွားသည်။ စုံလင်ပြီဟုသတ်မှတ်ရသည်။



အမှုပြီးပြီဟု ယေရှုပြောသောစကားမှာ ကိုယ်တော်သည် ခမည်းတော်စေခိုင်းသောအလုပ်အားလုံးကို ပြီးမြောက်စွာလုပ်ဆောင်နိုင်ကြောင်းကြေညာခြင်းဖြစ်သည်။

"အမှုပြီးပြီ" ဟု ယေရှုရှင်မိန့်တော်မူသောစကားသည် ကျွန်ုပ်တို့ကိုယ်စီအတွက် အဓိပ္ပာယ်မည်သို့ရှိသနည်း။ မည်သည့်အရာသည်ပြီးစီး၍၊ ကျွန်ုပ်တို့အသက်တာနှင့် မည်သို့သက်ဆိုင်မှုရှိသနည်း။

**ဗုဒ္ဓဟူးနေ့** **ဒီဇင်ဘာလ ၁၈ ရက်**

**ဟောင်းလောင်းဖြစ်သောသင်္ချိုင်းဂူ**

ယော၊ ၂၀း၁–၇ ကိုဖတ်ပါ။ ကျမ်းချက်မှဖော်ပြချက်သည် ကျွန်ုပ်တို့အတွက် မည်သည့်အရေးကြီးချက်ပါရှိသနည်း။

---

---

ယေရှုသည် သောကြာနေ့နေဝင်ခါနီးတွင် အသက်တော်စွန့်၍ တနင်္ဂနွေနေ့အရုဏ်လင်းလုချိန်၌ ရှင်ပြန်ထမြောက်လာသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ကိုမြှုပ်နှံရသောအချိန်သည် နေဝင်ခါနီးဥပုသ်ရောက်တော့မည့်အချိန်ဖြစ်သည် (ယော၊ ၁၉း၄၂)။ ကဗျာကယာသင်္ဂြိုလ်လိုက်ရ၍ အားလုံးမပြည့်စုံခဲ့ပါ။ ကိုယ်တော်နောက်တော်လိုက်သောသူတို့သည် ယေရှုကိုမည်မျှပင်ချစ်နေပါစေ ဥပုသ်နေ့ကိုစောင့်ရ၍ သင်္ချိုင်းသို့မသွားကြပါ (မာ၊ ၁၆း၁။ လု၊ ၂၃း၅၆ ကိုနှိုင်းယှဉ်ဖတ်ပါ)။ ဥပုသ်နေ့လွန်သွားလျှင် မိန်းမတစ်စုသည် ဆီမွှေးနှင့် နံ့သာမျိုးစုံကိုဆောင်လျက် သင်္ချိုင်းတော်သို့ တနင်္ဂနွေမနက်အာရုံမလင်းခင်လာကြသည်။ သူတို့အားလုံးအံ့အားသင့်သွားရသည်။ ဂူသင်္ချိုင်းကိုပိတ်ထားသောကျောက်တုံးကြီးအဝေးသို့လွင့်နေသည်။ သင်္ချိုင်းဂူကြီးဟောင်းလောင်းရှိနေသည်။

မာဂဒါလမာရိသည် သင်္ချိုင်းဂူသို့ ဦးဆုံးရောက်လာသူဖြစ်သည်။ သူမသည် ပေတရုနှင့်ယောဟန်ကိုအကြောင်းကြားရန် ပြန်၍ပြေးလာသည်။ ထိုတပည့်တော်နှစ်ပါးသည်လည်း ချက်ချင်းသင်္ချိုင်းသို့ပြေးသွားသည်။ ယောဟန်သည် ပေတရုကိုကျော်၍ အရင်ရောက်သွားသည်။ သင်္ချိုင်းဂူဝတွင် ထ၍ ဂူတွင်းသို့ငုံ့ကြည့်သည်။ သူတွေ့သောအရာမှာ ကိုယ်တော်ကိုရစ်ပတ်ထားသောအဝတ်တော်သည် ဂူတွင်း၌ရှိနေသည်။ ယောဟန်သည် ဂူအတွင်းသို့ မဝင်ပါ။

ပေတရုရောက်လာလျှင် ဂူအတွင်းဝင်သွားပြီးကြည့်ရှုရာ အဝတ်ပဝါများကျန်နေသည်ကိုတွေ့ရသည်။ ကိုယ်တော်၏ဦးခေါင်းတော်တွင်တင်သောပဝါကိုလည်းတွေ့သည်။ သို့သော် အခြားသောအဝတ်များနှင့်အတူတူရှိမနေပါ။ ကောင်းစွာ၊ သပ်ရပ်စွာခေါက်ထားသည်ကိုမြင်ရသည်။

ယော၊ ၂၀း၈–၁၀ ကိုဖတ်ပါ။ မျက်နှာတော်ကိုဖုံးအုပ်ထားသောပဝါခေါက်ထားခြင်း၏အဓိပ္ပာယ်မည်သို့ရှိသနည်း။

------------------------------------------------

------------------------------------------------

ပေတရုသည် သင်္ချိုင်းဂူထဲသို့ဝင်ပြီးနောက် ယောဟန်သည်လည်း အနောက်မှလိုက်ဝင်လာသည်။ ယော၊ ၂၀း၈ တွင် သူကိုယ်တိုင်ဝင်သွားခဲ့သည်ဟုရေးထားသည်။ မြင်တွေ့ရသောမြင်ကွင်းကြောင့် ယုံကြည်သွားခဲ့သည်။ အလောင်းကိုရစ်ပတ်သောပိတ်ပုဆိုးနှင့် မျက်နှာတော်ကိုဖုံးထားသောပဝါတို့ အဘယ်ကြောင့်သီးခြားရှိနေပါသနည်း။ ကောင်းစွာခေါက်လျက်သားချထားသည့် အကြောင်းကြောင့် ယောဟန်ကိုယ်တိုင်ယေရှုရှင်ထမြောက်တော်မူကြောင်းကို ယုံကြည်သွားသည်ဟုသင်ထင်ပါသလား။

ယင်းမေးခွန်းကိုပြောရလျှင်၊ သင်္ချိုင်းဂူသည် အဘယ်ကြောင့် a[ mi;fav mi;fB ]Jzpf;ae&o en ;f[ kpí o ;kd y&ygr n ;f *'bzmu ;fx iG;fao m





သူခိုးကြောင့်လား။ သို့သော် အကြောင်းရင်းသုံးမျိုးဖြင့် ဖြေရှင်းနိုင်ပါသည်။ ပထမအကြောင်းသည် ရှင်မဿဲမှ မှတ်တမ်းအသေအချာပြုထားချက်အရ သင်္ချိုင်းဂူကို အစောင့်တင်းကျပ်စွာချထားပေးသည် (မဿဲ၊ ၂၇း၆၂–၆၆)။ ဂူဖောက်သူခိုးများလက်ချက်မဖြစ်နိုင်ပါ။ ဒုတိယအကြောင်းပြချက်သည် ဂူဖောက်သူခိုးများသည် အထူးသဖြင့် ရွှေငွေရတနာထည့်သွင်းသောဂူများကိုသာဖောက်ထွင်းခိုးယူသည်။ အလောင်းကောင်အပုပ်အပွကို စိတ်မဝင်စားကြပါ။ တတိယအကြောင်းပြချက်သည် ဂူဖောက်သူခိုးတို့သည် ကပျာသုတ်သီးလုပ်နေရ၍ အလောင်းကိုရစ်ပတ်ထားသောအဝတ်စအား ကောင်းစွာခေါက်ပြီးထားရစ်ခဲ့ရန်အချိန်မရှိပါ။ အံ့ဩစရာမလိုပါ။ ယောဟန်သည် မျက်နှာတော်ကိုဖုံးသောအဝတ်ပဝါကိုခေါက်လျက်ချထားခြင်းကိုမြင်သည်နှင့် ယေရှုရှင်သည် သေခြင်းမှထမြောက်တော်မူပြီဟု ယုံကြည်သွားသည်။

**ကြာသပတေးနေ့** **ဒီဇင်ဘာလ ၁၉ ရက်**

**ယေရှုနှင့်မာရိ**

ယော၊ ၂၀း၁၁–၁၃ ကိုဖတ်ပါ။ မာဂဒါလမာရိသည် သင်္ချိုင်းတော်ပွင့်နေသောအဓိပ္ပာယ်ကိုနားမလည်သေးကြောင်း မည်သည့်အရာမှဖော်ပြသနည်း။

------------------------------------------------

------------------------------------------------

ကျမ်းချက်၌ဖော်ပြချက်အရ မာရိက မိမိကိုယ်တိုင်ပေတရုနှင့် ယောဟန်ဆီသို့ပြေး၍ ဂူသင်္ချိုင်းဟောင်းလောင်းဖြစ်နေကြောင်းကို ပြောပြခဲ့သည် (ယော၊ ၂၀း၂)။ ထိုသူတို့ကလည်း ဂူသင်္ချိုင်းသို့ပြေးသွားကြသည်။ မာရိကိုယ်တိုင်က အနောက်မှလိုက်လာသည်။ အနည်းငယ်နောက်ကျကျန်ခဲ့ခြင်းဖြစ်သည်။ ပေတရုနှင့်ယောဟန်တို့သည် သင်္ချိုင်းကိုစစ်ဆေးပြီးသည်နောက် သူတို့ထွက်သွားသည်ရှိသော်လည်း မာရိသည် ပြန်လှည့်လာ၍ ရှိုက်ကြီးတငင်ငိုကြွေးနေ

တော့သည်။ လွန်ခဲ့သောရက်အနည်းငယ်အတွင်း၌လည်း မာရိအသည်းအသန် ငိုကြွေးခဲ့မည်ကို သံသယရှိစရာမလိုပါ။ ယခု၌လည်း ငိုနေပြန်သည်။ တွင်းဝ၌ ထပြီး ဂူသချိုင်းအတွင်းငုံ့ကြည့်လိုက်ငိုလိုက်လုပ်နေသည်။

သူမအံ့သြစွာမြင်တွေ့လိုက်ရသောမြင်ကွင်းမှာ ကောင်းကင်တမန်နှစ်ပါးသည် ဖြူဆွတ်သောဝတ်ရုံတော်တို့နှင့် ဂူအထဲ၌ရှိနေကြခြင်းကြောင့်ဖြစ်သည်။ ယေရှုရှင်၏အလောင်းကိုချထားခဲ့သောနေရာ၌ သူတို့ထိုင်နေကြသည်။ သူတို့ကလည်းမေးလာကြသည်။ "အချင်းမိန်းမ၊ သင်သည် အဘယ်အတွက်ငိုကြွေးနေသနည်း" (ယော၊ ၂၀း၁၃)။ မာရိသည် နာကျင်ခံစားရလွန်းသောအသံဖြင့် ထိုသူတို့က မိမိ၏သခင်ကိုယူဆောင်သွားကြကြောင်း စွပ်စွဲလိုက်သည်။ ထိုသို့ယူဆောင်သွားပြီး မည်သည့်နေရာ၌ထားသည်ကို သူမအနေဖြင့်မသိကြောင်း ရှင်းပြနေသည်။

ယော၊ ၂၀း၁၄–၁၈ ကိုဖတ်ပါ။ မာရိအတွက် အရာခပ်သိမ်းမည်သို့ပြောင်းလဲသွားသနည်း။

________________________________________________

________________________________________________

မျက်ရည်နှင့်ပြည့်နှက်နေသောမျက်ဝန်းအစုံဖြင့် မာရိသည် နောက်ဘက်သို့လှည့်လိုက်ရာ သူမ၏နောက်ကျောဘက်၌ လူတစ်ဦးမတ်တတ်ရပ်နေသည်ကို တွေ့လိုက်သည်။ ထိုသူသည်လည်း ကောင်းကင်တမန်တို့မေးသောမေးခွန်းကိုပင် ထပ်၍မေးနေပြန်သည်။ "အချင်းမိန်းမ၊ အဘယ်အတွက်ကြောင့် ငိုကြွေးနေသနည်း။ သင်သည် အဘယ်သူကိုရှာနေသနည်း" (ယော၊ ၂၀း၁၅)။ သူမသည် ဥယျာဉ်စောင့်နှင့်တွေ့နေသည်ဟုထင်၍ ယေရှုရှင်၏ရုပ်အလောင်းကို ကူညီရှာဖွေပေးရန်နှင့် မည်သည့်နေရာ၌ထားသည်ကို မေးမြန်းခဲ့သည်။

ထိုလူစိမ်းက "မာရိ" ဟုခေါ်လာသည်ကို သူမကြားရသည်။ ထိုစကားတစ်ခွန်းတည်းနှင့်ပင် ကမ္ဘာကြီးကိုပြောင်းလဲသွားစေသည်။ ရုတ်တရက် မာရိသည် အံ့သြဝမ်းသာစွာဖြင့် ယေရှုရှင်ထမြောက်တော်မူကြောင်းနှင့် ကိုယ်တော်



သည် မိမိကိုစကားပြောတော်မူကြောင်းကိုသိရှိကာ သတိဝင်လာခဲ့သည်။ ယေရှုကမာရိအား သူ၏ကိုယ်ကိုမထိမကိုင်မိပါရန် တားမြစ်ခဲ့သည်။ ခမည်းတော်ထံသို့တက်သွားရန်ရှိသေးသည်။ သို့သော် သူမ၏တာဝန်မှာ တပည့်တော်များဆီသို့သွားပြီး ကိုယ်တော်ထမြောက်တော်မူ၍ ခမည်းတော်အထံတော်သို့တက်ကြွနေတော်မူမည့်အကြောင်းကို သတင်းပေးရန်ဖြစ်သည်။ "ငါ၏ခမည်းတော်တည်းဟူသော သင်တို့၏ခမည်းတော်၊ ငါ၏ဘုရားသခင်တည်းဟူသော သင်တို့၏ဘုရားသခင်" (ယော၊ ၂၀း၁၇) မာရိသည် မိမိ၏တာဝန်ကို ကျေပွန်စွာဆောင်ရွက်ခဲ့သည်။ တပည့်တော်တို့အား မိမိသည် ယေရှုရှင်နှင့်တွေ့ခဲ့၍ ဖြစ်သမျှအကြောင်းစုံကိုပြောပြခဲ့သည်။ ကိုယ်တော်ပြောခဲ့သမျှသောစကားတို့ကို တပည့်တော်တို့အား ပြန်လည်ပြောပြခဲ့သည် (ယော၊ ၂၀း၁၈)။

၁ကော၊ ၁၅း၁၂–၂၀ ကိုဖတ်ပါ။ ရှင်ပေါလု၏ရေးသားချက်အတိုင်း ကျွန်ုပ်တို့၏ခရစ်ယာန်ယုံကြည်မှုသည် ခရစ်တော်ရှင်သာ ရှင်ပြန်ထမြောက်ခြင်းမရှိလျှင် မည်ကဲ့သို့ဖြစ်သွားမည်နည်း။

**သောကြာနေ့** **ဒီဇင်ဘာလ ၂၀ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, "It Is Finished," pp. 758-764; "The Lord Is Risen," pp. 779-787; and "Why Weepest Thou?" pp. 788-794, in The Desire of Ages. See also, Clifford Goldstein, Risen: Finding Hope in the Empty Tomb (Nampa, ID: Pacific Press, 2020) ကိုဖတ်ပါ။

ပိလတ်မင်းသည် ယေရှုကိုလွှတ်ပေးရန် ဆန္ဒရှိခဲ့သည်။ သို့သော် ထိုသို့ပြုလုပ်၍မရကြောင်းကို သူသိခဲ့သည်။ သူ၏ရာထူး၊ ဂုဏ်ကို ငှဲ့ကွက်ရသည်။ လောက၌ရှိသောတန်ခိုးအာဏာကို သူတပ်မက်ခဲ့သောကြောင့် အပြစ်မဲ့သောသူတစ်ဦး၏အသက်ကို စတေးပစ်ရန် ဆုံးဖြတ်ခဲ့သည်။ ဆုံးရှုံးမှုနှင့်

ဒုက္ခများကို ရှောင်လွှဲလိုခြင်းကြောင့် ဘယ်နှစ်ယောက်ကများ မိမိ၏ကောင်းသော ကိုယ်ကျင့်တရားကို စွန့်လွှတ်မည်နည်း။ အသိတရားနှင့် တာဝန်ဝတ္တရားတို့က တစ်နေရာ၊ အတ္တကိုယ်ကျိုးရှာခြင်းက တစ်ခြားနေရာကိုဆွဲခေါ်နေကြသည်။ လားရာမတူသောလမ်းနှစ်လမ်းဖြစ်သည်။ မကောင်းမှုနှင့်မိတ်ဖွဲ့သူသည် မှောင်မည်းသောငရဲလမ်းသို့ လှည်းထုတ်ခံရသည်။" (Ellen G. White, The Desire of Ages, p. 738).

ခရစ်တော်သည် မိမိလုပ်ဆောင်ရမည့်အလုပ်မပြည့်စုံ၊ မပြီးမချင်း မိမိ၏အသက်ကိုပေးအပ်ခြင်းမပြုပေ။ အသက်ထွက်မည့်ဆဲဆဲအချိန်မှာ "အမှုပြီးပြီ" ဟူ၍ကြွေးကြော်လိုက်သည် (ယော၊ ၁၉း၃၀)။ တိုက်ပွဲအောင်မြင်သွားပြီ။ သူ၏လက်ယာလက်နှင့် လက်ရုံးတော်သည် အောင်မြင်ခြင်းရရှိသွားပြီ။ အောင်မြင်သူတစ်ယောက်ကဲ့သို့ ကိုယ်တော်သည် မြင့်သောအရပ်၊ ထာဝရအရပ်၌ မိမိ၏အလံတော်ကို စိုက်ထူနိုင်ခဲ့သည်။ ကောင်းကင်တမန်များ မည်မျှပျော်ရွှင်ဝမ်းမြောက်မည်နည်း။ ကယ်တင်ရှင်၏အောင်ပွဲအတွက် ကောင်းကင်ဘုံတစ်ခွင်ဝမ်းမြောက်ရွှင်မြူးကြသည်။ စာတန်ရှုံးပြီ။ မိမိ၏နိုင်ငံသည်လည်း ကျဆုံးပျောက်ကွယ်သွားကြောင်းကို အတပ်သိလိုက်သည်။

"ကောင်းကင်တမန်များနှင့် မကျဆုံးခဲ့သောကမ္ဘာတို့အတွက် 'အမှုပြီးပြီ' ဟူသောစကားသည် အဓိပ္ပာယ်လေးနက်လှသည်။ သူတို့အားလုံးအတွက် ဝမ်းမြောက်ခြင်းဖြစ်စေသကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း ဝမ်းမြောက်စရာဖြစ်သည်။ ကြီးကျယ်လှသောရွေးနုတ်ကယ်တင်ခြင်းလုပ်ငန်းကြီးပြည့်စုံသွားပြီ။ သူတို့ကလည်း ကျွန်ုပ်တို့နှင့်အတူ ခရစ်တော်၏အောင်မြင်ခြင်းအသီးအပွင့်ကို ဝေငှကြေညာပေးသည်။" (Ellen G. White, The Desire of Ages, p. 758).

–ဝ–



## သင်ခန်းစာ (၁၃)
## အနှစ်ချုပ် – ယေရှုနှင့် နှုတ်ကပတ်တော်ကိုသိခြင်း
**ဒီဇင်ဘာလ ၂၁ – ၂၇**

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဒီဇင်ဘာလ ၂၁ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယော၊ ၂၁။ ယော၊ ၁၁း၉၊ ၁၀။ ယော၊ ၈း၄၂–၄၄။ ယော၊ ၄း၄၆–၅၄။ ၂တိ၊ ၃း၁၆။ ယော၊ ၁၅း၁–၁၁။

### အလွတ်ကျမ်းချက်

**"ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟုစိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်၏" (ယောဟန်၊ ၅း၃၉)။**

ရှင်ယောဟန်ခရစ်ဝင်ကျမ်းနှင့် ရှင်မာကုခရစ်ဝင်ကျမ်းတို့ကို အဆုံးသတ်ရေးသားထားသောအကြောင်းမှာ ယေရှုရှင်ဂါလိလဲတွင် နောက်ဆုံးတပည့်တော်တို့နှင့်တွေ့ဆုံခြင်းအကြောင်းဖြစ်သည်။ ယေရှုနှင့် ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ခရစ်ဝင်ကျမ်းလေးကျမ်းမြောက်၏ အဓိကသတင်းစကားဖြစ်ကြောင်းကိုလည်း ပေါင်းစပ်ရေးသားထားခြင်းဖြင့် အဆုံးသတ်ထားသည်။

တပည့်တော်တို့သည် ယေရှုရှင်နှင့် သုံးနှစ်ကျော်အတူတကွနေထိုင်သွားလာခဲ့ရသော်လည်း ကိုယ်တော်၏အသေခံမည့်အကြောင်း၊ ရှင်ပြန်ထမြောက်မည့်အကြောင်းအတွက် လုံးဝအဆင်သင့်မရှိသေးပါ။ ဖြစ်လာမည်မှန်းကို ယေရှုသည် အကြိမ်ပေါင်းများစွာ ထပ်ခါထပ်ခါပြောပြထားပြီးသားဖြစ်သည်။

တပည့်တော်တို့သည် ကိုယ်တော်ပြောသောစကားကို အလေးမထားကြပါ။

ယနေ့ကျွန်ုပ်တို့သည်လည်း ထိုကဲ့သို့အန္တရာယ်မျိုးရှိနေပါသည်။ နှုတ်ကပတ်တော်ကိုကြားနေရသည်၊ ဖတ်ရှုနေရသည်။ သို့သော် နာခံမှုမရှိပါ။ ထိုနှုတ်ကပတ်တော်၌ မတည်မနေကြ။ နာခံလိုက်လျှောက်ခြင်းမရှိကြ။ ထို့ကြောင့် ထိုနှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အတွက် ဆင်ခြင်စရာနှင့် လုပ်ဆောင်မှုအစုစုကို လမ်းပြသွန်သင်ပေးသောအလင်းတော်ဟု ခံယူခြင်းမပြုကြ။ ယနေ့ယင်းကဲ့သို့ ခရစ်ယာန်မြောက်များစွာရှိနေပါသည်။

ယခုအပတ်သင်ယူရမည့်သင်ခန်းစာမှာ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ အဆုံးပိုင်းဖြစ်သည်။ သင်ခန်းစာမှ ယေရှုရှင်ကို ပိုမိုသိကျွမ်းခံယူနိုင်သော ဉာဏ်ပညာများကိုပေးနေသည်။ ကိုယ်တော်ကိုပိုမိုသိရပြီး ကိုယ်တော်နှင့်အတူ နီးကပ်စွာနေနိုင်၍ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်နိုင်ရန်အတွက်ဖြစ်သည်။

## တနင်္ဂနွေနေ့ — ဒီဇင်ဘာလ ၂၂ ရက်

## ဂါလိလဲ၌တွေ့ဆုံကြသောအခါ

ယော၊ ၂၁း၁–၁၉ ကိုဖတ်ပါ။ အလွန်အရေးပါသောအကြောင်းကို မည်သို့ဖော်ပြသနည်း။ အထူးသဖြင့် ဘုရားရှင်၏ကရုဏာတော်နှင့် လူသားတို့၏နိမ့်ချခြင်းသဘောအကြောင်း မည်သို့ဆိုထားသနည်း။

________________________________________________

________________________________________________

ယော၊ ၂၀ သည် ကျမ်း၏ရည်ရွယ်ချက်ဖြင့် အဆုံးသတ်သွားသည်။ လက်တွေ့ကျသောနိဂုံးပိုင်းဖြစ်သည်။ သို့သော် အခန်းကြီးတစ်ခန်းကျန်သေးသည်။ အခန်းကြီး ၂၁ သည် တပည့်တော်တို့ဂါလိလဲသို့ပြန်သွားသောအကြောင်းကို ဖော်ပြထားသည်။ အိုင်ပေါ်၌ ပေတရုသင်ခန်းစာပေးခံရသောညဖြစ်သည်။ လွန်လေပြီးသောအချိန်များကို ပြန်၍ခံစားနေရသောရသမျိုးဖြစ်သည်။ တပည့်တော်တို့အသီးသီး မိမိတို့မိရိုးဖလာအသက်မွေးဝမ်းကျောင်းရသော



အလုပ်ကို အသီးသီးပြန်လုပ်နေကြသည်။ တံငါလုပ်ငန်းပြန်စရပြန်သည်။ သို့သော် ငါးတစ်ကောင်တစ်လေမျှ မရရှိ၊ တစ်ညလုံးကြိုးစားသည်။ မိုးလင်းချိန်ရောက်လာသောအခါ ထူးဆန်းသောသူစိမ်းတစ်ဦးက ကမ်းခြေပေါ်မှာနေရင်း သူတို့ကိုအမိန့်ပေးလိုက်သည်။ မိမိတို့၏ပိုက်ကွန်ကို ညာဘက် (လက်ယာ) ဘက်၌ချရန် ညွှန်ကြားလိုက်သည်။ ထိုသို့ပိုက်ကွန်ကိုချသောအခါ များစွာသော ငါးများဖမ်းမိ၍ ပိုက်ကိုပြန်၍ဆွဲတင်ရန် မတတ်နိုင်တော့ပါ။ တပည့်တော်တို့ အမှုတော်စတင်ဆောင်ရွက်ချိန် ယေရှုရှင်နှင့်အတူရှိနေစဉ်ကကဲ့သို့ပင်ဖြစ်လာသည် (လု၊ ၅း၁–၁၁)။ ယောဟန်သတိထားမိ၍ ပေတရုကို ပြောပြလိုက်သည်နှင့် ချက်ချင်းရေထဲခုန်ချပြီး ယေရှုရှိရာကုန်းပေါ်သို့ လက်ပစ်ကူးသွားလိုက်သည်။

ယေရှုသည် ပေတရုကို မေးခွန်းသုံးခုမေးခဲ့သည်။ မေးခွန်းတိုင်းက မိမိ၏သခင်အပေါ်မေတ္တာစိတ်ရှိခြင်းသဘောနှင့် သက်ဆိုင်သည်။ အသေခံတော်မူခြင်းမတိုင်မီ ပေတရုသည် သခင်အတွက် အသေခံမည်ဟုဆိုခဲ့သည် (ယော၊ ၁၃း၃၇)။ ယေရှုရှင်သည် ပေတရုမှ သူ့အားသုံးကြိမ်ငြင်းပယ်မည့်အကြောင်း ကြိုတင်ဟောခဲ့သည် (ယော၊ ၁၃း၃၈)။ ဂါလိလဲတွင်ဆုံကြသောအခါ ပေတရုသည် မိမိကိုယ်ကိုအာမခံသောစကားမျိုး မဆိုနိုင်တော့ပါ။ ယေရှုကိုသာ ချီးမြှောက်သောစကားဖြင့် “သခင်၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူပါသည်ဟုလျှောက်၏။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိပါ၏” (ယော၊ ၂၁း၁၇)။

အချို့အရေးအသားများတွင် ယေရှုသည် “ချစ်ရန် – agapao” ဟုဆိုသောစကားကိုဆိုသည်ဟုရေးသားသည်။ (ပေတရုကို နောက်ဆုံးအကြိမ်မေးသောမေးခွန်းမှအပ) ပေတရုက “ချစ်ပါသည် – phileo” ဟု ဖြေကြားခဲ့သည်။ ထိုအဖြေသည် မိတ်ဆွေသူငယ်ချင်းအချစ်မျိုးဖြစ်သည်။ ပေတရု၌ ကြီးမြင့်သောချစ်ခြင်းမျိုးမရရှိသေးကြောင်းထင်ရှားသည်။

အမှန်မှာ ပေတရုသည် နှိမ့်ချသောသဘောဖြင့် တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။ ပေတရုသည် မိမိ၏ကျဆုံးခဲ့ခြင်းအတွက် ပို၍နှိမ့်ချသောသဘောရှိကာ မိမိကိုယ်ကို ကောင်းကောင်းအာမမခံရဲသောစိတ်ဝင်နေသည်။ သို့သော် ထိုနှိမ့်ချခြင်းစိတ်ကို ယေရှုရှင်အတည်ပြုပေးခဲ့သည်။ ပေတရု၏အမှုတော်လုပ်ရပ်အတွက်လည်း ခွန်အားဖြစ်စေလာသည်။ နှိမ့်ချခြင်းသဘောသည် အမှုတော်၏အရည်အချင်းကောင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့ကောင်းစွာလက်ခံကြရမည်။ အကြောင်းမှာ နှိမ့်ချခြင်းစိတ်သည် ယေရှုရှင်ကို သာ၍အားကိုးလိုစိတ်ဖြစ်စေသည်။ အတ္တစိတ်ကိုလျော့ပါးစေသည်။

ပေတရု၏အားအင်ပြန်လည်ရရှိလာခြင်းကြောင့် လောက၌ ရှေးဦးအသင်းတော်၏ခေါင်းဆောင်ကြီးဖြစ်လာခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းအတွက် ယေရှုရှင်သည် သေခြင်းမှထမြောက်တော်မူခဲ့ကြောင်း တိကျသောအခိုင်လုံဆုံးအချက်ပင်ဖြစ်သည်။ ယေရှုရှင်သည် ပေတရုအား ပြန်၍အားသစ်လောင်းပေးခြင်းအပေါ် အခြားတပည့်တော်များရှေ့၌ အားရစရာဖြစ်သည်။ အကယ်၍ ထိုကဲ့သို့ တပည့်တော်များရှေ့တွင် ကိုယ်တော်သည် ပေတရုအားအမှုတော်အတွက် ပြန်လည်မတည်ဆောက်ပေးခဲ့လျှင် ပေတရု၏ပေါ်လွင်ထင်ရှားမှုအတွက် ရှင်းပြရန်မှာ ခက်ခဲပါလိမ့်မည်။

သခင်ဘုရားကိုတွေ့ရှိရန် နှိမ့်ချခြင်းသည် အဘယ်ကြောင့်လိုအပ်နေပါသနည်း။ ကပ်တိုင်တော်၏အလင်းအောက်၌ ကျွန်ုပ်တို့ဝါကြွားစရာအမှုမည်သို့ရှိသနည်း။

**တနင်္လာနေ့ ဒီဇင်ဘာလ ၂၃ ရက်**

**ယေရှုကို မျက်ခြေမပြတ်စေနှင့်**

ယော၊ ၂၁း၂၀–၂၂ ကိုဖတ်ပါ။ မည်သည့်မေးခွန်းက ပေတရုကို လမ်းမှားရောက်သွားစေသနည်း။ ယေရှုရှင်မှ မည်သို့ပြန်၍တည့်မတ်ပေးခဲ့သနည်း။



---

---

ယေရှုသည် ပေတရုအား အမှုတော်၌ပြန်လည်လုပ်ဆောင်စေ၍ သူ့အားပြောသောစကားမှာ "ငါ့နောက်သို့လိုက်လော့" (ယော၊ ၂၁း၁၉) ဖြစ်သည်။ ကမ်းခြေပေါ်၌ ယေရှုရှင်လမ်းလျှောက်နေသောကြောင့် ပေတရုကို အနောက်မှလိုက်ခိုင်းသည်ဟု ထင်စရာရှိသည်။ ပေတရုသည် လှည့်ကြည့်၍ ယောဟန်သည်လည်း လိုက်လာကြောင်းမြင်လျှင်၊ ကိုယ်တော်ကို ယောဟန်ခေါ်မခေါ်မေးလိုက်သေးသည်။ "သခင်၊ ဤသူ၌ အဘယ်သို့ဖြစ်လိမ့်မည်နည်း" (ယော၊ ၂၁း၂၁)။

ပေတရုကို အမှုတော်၌ပြန်လည်ခန့်အပ်ခြင်းအကြောင်းအတွက် ယေရှုသည် ပေတရုအသေခံရမည်အကြောင်းကို ကြိုတင်ဟောကြားခဲ့သည် (ယော၊ ၂၁း၁၈)။ အဓိပ္ပာယ်မှာ ပေတရုသည် ယောဟန်၏သေခြင်းအကြောင်း မည်သို့သိရှိမည်ကို သိလိုခြင်းသဘောရှိနေသည်။ ယေရှုသည် ပေတရုအား မိမိ၏နောက်သို့သာလိုက်ရမည်အကြောင်း သတိပေးပြန်သည်။ အခြားတပည့်တော်များအတွက် ပူပန်စိတ်မရှိရန် သတိပေးသည်။

ယော၊ ၂၁း၂၃–၂၅ ကိုဖတ်ပါ။ ယေရှုရှင်ပြောသောစကားကို အဘယ်သို့နားလည်မှုလွဲကြသနည်း။ ရှင်ယောဟန်မည်သို့လွဲမှားသောနားလည်မှုကို ပြင်ဆင်ပေးခဲ့သနည်း။

---

---

လူတို့သည် ယေရှုရှင်ပြောသောစကားအပေါ် နားလည်မှုလွဲသောအချက်မှာ "ငါကြွလာသည့်ကာလတိုင်အောင် ထိုသူကိုနေစေခြင်းငှာ ငါအလိုရှိလျှင် သင်သည် အဘယ်သို့ဆိုင်သနည်း။ သင်မူကား၊ ငါ့နောက်သို့လိုက်လော့ဟုမိန့်တော်မူ၏" (ယော၊ ၂၁း၂၂)။ သူတို့၏အထင်မှာ ယောဟန်မသေခင် ယေရှုပြန်လာလိမ့်မည်ဟု ထင်နေကြသည်။ အချိန်ကြာလာသည်နှင့်

ယောဟန်လည်း အသက်ကြီးလာသည်။ ဆက်လက်အသက်ရှင်နေလျှင်လည်း ဒုက္ခပြဿနာနှင့်သာ ရင်ဆိုင်ရမည်။ သူကိုယ်တိုင်ဒုက္ခများစွာကြုံရပြီးပြီ။ ယေရှုရှင် ပြန်မလာသေးပါ။ နောက်ဆုံးယောဟန်ကိုယ်တိုင် ယင်းကိစ္စကို နားလည်မှု လွဲမှားခဲ့ခြင်းအပေါ် ဖြေရှင်းလာသည်။ ထိုစကားသည် အနာဂတ္တိစကားမဟုတ်ပါ။ ယေရှုရှင်ကိုယ်တိုင်၌ ရှိနေသောဆန္ဒသာဖြစ်ပါသည်။

အခြားသူများအပေါ်မဟုတ်ဘဲ ယေရှုရှင်အပေါ်၌သာ အာရုံစိုက်ခြင်းသည် လက်ကျန်သင်ခန်းစာများအတွက် အလွန်အရေးပါလှသည်။ ယေရှုရှင်သာလျှင် ကျွန်ုပ်တို့ကယ်တင်ရှင်ဖြစ်သည်။ အခြားသူများကမူ သင့်ကိုစိတ်ဓာတ်ကျစေမည်၊ နာကျင်အောင်လည်းလုပ်လိမ့်မည်။

သမ္မာတရားဖြင့်ပြည့်နေသော အင်္ဂါမှကြာသပတေးနေ့အထိ သင်ခန်းစာများတွင် ဘုရားသခင်၏နှုတ်ကပတ်တော်နားလည်ခြင်းလိုအပ်ကြောင်းသို့ သင့်ကို ပို့ဆောင်ပေးလိမ့်မည်။ ကိုယ်တော်တစ်ပါးတည်းသာ ကျွန်ုပ်တို့၏အရှင်သခင် လမ်းပြဖြစ်တော်မူသည်။ အခြားသူများပေးသောအကြံဉာဏ်၊ အကူအညီများသည် စိတ်မချရပါ။

သင်အထင်ကြီးသောသူများမှ သင့်ကိုစိတ်ပျက်စေသောသူရှိဖူးပါသလား။ သင်ခန်းစာယူရန် ခက်ခဲကြမ်းတမ်းသော်လည်း တွေ့ကြုံရသော အလုပ်အတွက် မည်သည့်သင်ယူမှုရရှိနိုင်သနည်း။

**အင်္ဂါနေ့** **ဒီဇင်ဘာလ ၂၄ ရက်**

**အလင်းရောင်နှင့်မှောင်မိုက်ခြင်း**

ယော၊ ၁း၄–၁၀။ ယော၊ ၃း၁၉–၂၁။ ယော၊ ၅း၃၅။ ယော၊ ၈း၁၂။ ယော၊ ၉း၅။ ယော၊ ၁၁း၉၊ ၁၀ နှင့် ယော၊ ၁၂း၃၅ ကိုဖတ်ပါ။ မည်သည့်ကြီးမားသောဆန့်ကျင်မှုကြီးရှိနေသနည်း။ သမ္မာတရားကိုသိရန် အခြေခံကျသော ဤဆန့်ကျင်ဘက်နှစ်ခု အဘယ်ကြောင့်ရှိနေရသနည်း။



--------------------------------------------

--------------------------------------------

လောကကြီးသည် အမှောင်တွင်းကျရောက်နေသည်။ အလင်းရောင်ကို ရောင်ရှားသောကြောင့် စစ်မှန်သောထာဝရဘုရားရှင်ထံသို့သွားရန် လမ်းမမြင်နိုင်ကြပါ။ ဖန်ဆင်းခြင်းကိုပြုသောဘုရား၊ ရွေးနုတ်ခြင်းကိုပြုတော်မူသော ဘုရားရှင်ထံမသွားနိုင်ကြပါ။

လူသားအနေဖြင့် ဘုရားကို မိမိဘာသာသိရှိနားလည်ရန် မဆောင်ရွက်နိုင်ပါ။ မိုးကောင်းကင်ကိုမှီသည်ဖြစ်၍ သင်အဘယ်သို့လုပ်မည်နည်း။ မရဏာနိုင်ငံထက်နက်သည်ဖြစ်၍ သင်သည်အဘယ်သို့သိနိုင်သနည်း (ယောဘ၊ ၁၁း၈)။ ဝိညာဉ်တော်သာလျှင် ယင်းကဲ့သို့နက်နဲမြင့်မားသောအရာများ၊ ဘုရားရှင်၏ အမှုအရာများကို ကျွန်ုပ်တို့အားဖော်ပြနိုင်ပါသည်။ “လူ၏မျက်စိဖြင့်မမြင်နိုင်ပါ။ နားဖြင့်မကြားနိုင်ပါ။ လူတို့၏စိတ်နှလုံးအတွင်းသို့ပင်ဝင်ရန် မရှိနိုင်ပါ။ ထိုအရာများကို ဘုရားရှင်သည် ကျွန်ုပ်တို့အား သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးဖြင့် ဖော်ပြပေးသည်။” (Ellen G. White, The Desire of Ages, p. 412).

ယေရှုခရစ်တော်သာ ထင်ရှားပေးစေတော်မူ၏ (ယော၊ ၁း၁၈)။ ဟေလသစကား “exegeomai” မှဘာသာပြန်ရလျှင် “အနက်ပြန်ဆိုခြင်း၊” “ရှင်းလင်းပြခြင်း၊” “ထုတ်ဖော်ပြသခြင်း၊” ဟုပြန်ဆိုရမည်။ ယောဟန်အနေဖြင့် ယေရှုရှင်ကို ကောင်းကင်၏သံတမန်အဖြစ် တင်စားဖော်ပြပေးသည်။ ဘုရားသခင်ကိုလူတို့သိရှိရန် ရှင်းပြပေးနိုင်သောသူဖြစ်သည်။ ယေရှုရှင်ကြောင့်သာလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုသိမြင်နိုင်ပါသည်။

ယော၊ ၈း၄၂–၄၄ ကိုဖတ်ပါ။ ဘာသာရေးခေါင်းဆောင်များ ဣသရေလလူတို့ကိုသင်ကြားပေးသောအရာသည် မှားယွင်းကြောင်း ယေရှုရှင် မည်သို့ရှင်းပြသနည်း။

--------------------------------------------

--------------------------------------------

သမ္မာတရားအတိုင်းရပ်တည်ခြင်းမရှိ၊ မိမိတို့၏စိတ်ထင်အတိုင်းပြောဆိုသူတို့သည် မှားယွင်းသောယုံကြည်ခြင်းကို သွန်သင်နေသည်။ ကျမ်းချက်ကိုဖတ်ရှုရသော်လည်း လူတို့၏အလိုကျ အဓိပ္ပာယ်ထုတ်ကြသည်။ ခရစ်တော်ကို လောက၏အလင်းအဖြစ်ခံယူပြီး ကိုယ်တော်၏နောက်တော်သို့လိုက်၍ ဘုရားရှင်၏နှုတ်ကပတ်တော်ကို အနက်ပြန်ဆိုရပါမည်။ သို့သော် နတ်ဆိုးသည် စကားပြောလျှင် "မိမိပကတိအတိုင်းပြောတတ်၏" (ယော၊ ၈း၄၄)။ ကျွန်ုပ်တို့သတိမရှိ၊ ယုံကြည်ခြင်း၊ နားထောင်ခြင်းမရှိ၊ ဆက်ကပ်မှုမရှိလျှင် ကျွန်ုပ်တို့သည် အန္တရာယ်ထဲကျရောက်နေပြီ။ ကျမ်းစာကိုဖတ်၍ မိမိတို့သဘောအတိုင်းအနက်ပြန်ဆိုခြင်း၊ လိုချင်သလိုဆွဲယူခြင်းသည် အလွန်လွယ်ကူ၍ ပို၍မှားယွင်းမှုကိုဖြစ်စေပါသည်။

**ဗုဒ္ဓဟူးနေ့** **ဒီဇင်ဘာလ ၂၅ ရက်**

**အထက်မှ သို့မဟုတ် အောက်မှလာသောဘုရားမှုဆိုင်ရာလေ့လာချက်**

ယော၊ ၄း၄၆–၅၄ ကိုဖတ်ပါ။ ယေရှုရှင်ထံသို့ မည်သည့်ပြဿနာရောက်လာခဲ့သနည်း။ ပြဿနာအရင်းမှန်သည် မည်သည့်ကိစ္စဖြစ်သနည်း။

---------------------------------------------

---------------------------------------------

ထိုပုဂ္ဂိုလ်သည် ယေရှုရှင် (လောက၏အလင်း) ထံသို့ရောက်လာခဲ့သည်။ သို့သော် ယေရှုကိုယုံကြည်ချက်ထားသောအခါမှာ ထိုသူသည် သူ၏ကလေးငယ်ကို ယေရှုရှင်ကုသပျောက်ကင်းပေးနိုင်ခြင်းကြောင့်ဖြစ်သည်။ ထိုကြောင့် သူ၏ဘုရားမှုဆိုင်ရာ စူးစမ်းခြင်း သို့မဟုတ် ယုံကြည်ခြင်းသည်အောက်အရပ်မှလာသည်ဟုဆိုနိုင်သည်။ ဘုရားတရားအကြောင်းလေ့လာသောအခါ၌ အောက်အရပ်မှလာသောစိတ်ဓာတ်မျိုးရှိလျှင် ပညတ်ချက်များ၊ အဆင့်အတန်းများကိုချမှတ်၍ ဘုရားရှင်နှင့် နှုတ်ကပတ်တော်ကိုထောက်ရှုတတ်ကြသည်။ လူသား၏အတွေးအခေါ်သည် မပြည့်မစုံအတိုင်းအတာတစ်ခုအထိသာရှိသည်။



နောက်ဆုံး၌ နှုတ်ကပတ်တော်ကို လူတို့အနက်ပြန်ဆိုခြင်းသည် မှားယွင်းကျဆုံးသွားစေရန် ထောင်ချောက်သဖွယ်ဖြစ်လာသည်။

အထက်မှလာသောဘုရားမှုဆိုင်ရာလေ့လာခြင်းသည် ယုံကြည်ခြင်းကိုအခြေခံကာ ဘုရားကိုယုံကြည်ခြင်းဖြင့် ဦးစွာနှုတ်ကပတ်တော်ကိုလက်ခံခြင်းဖြစ်သည် (ယော၊ ၄း၄၈။ ယော၊ ၆း၁၄၊ ၁၅။ ၂တိ၊ ၃း၁၆)။ ယုံကြည်ခြင်းဖြင့် သမ္မာကျမ်းစာကိုလက်ခံယုံကြည်လျှင် ထိုသမ္မာကျမ်းသည် မိမိကိုယ်ကိုအနက်ပြန်သူဖြစ်လာသည်။ နှုတ်ကပတ်တော်ကို လောကအမြင်အတွေးအခေါ်ဖြင့် အနက်အဓိပ္ပာယ်မပြန်ဆိုရပါ။ ကျမ်းစာသည် ကျမ်းစာ၏အမြင်၊ အတွေးအခေါ်ဖြင့်သာ အနက်ပြန်ဆိုရမည်။ လူသားတို့၏အမြင်သည် နှုတ်ကပတ်တော်၏လက်အောက်ခံတန်ဆာခံခြင်းသာဖြစ်ရပါမည်။ အခြားနည်းမရှိနိုင်ပါ။

ယေရှုရှင်၏စကားတော်ကို ကျွန်ုပ်တို့ယုံကြည်နေလျှင် နှုတ်ကပတ်တော်ကိုလည်း ကျွန်ုပ်တို့ယုံကြည်နိုင်ရမည် (ယော၊ ၅း၄၆၊ ၄၇)။ "သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင် ငါ၏တပည့်အမှန်ဖြစ်ကြ၏" (ယော၊ ၈း၃၁)။ ဘုရားရှင်၏နှုတ်ကပတ်တော်အပေါ် ကျွန်ုပ်တို့သံသယစိတ်ရှိလျှင် ကိုယ်တော်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့နှင့်အတူမရှိနိုင်ပါ (ယော၊ ၅း၃၈)။ ငါ့ကိုပယ်၍ ငါ့စကားကိုနာမခံသောသူအား အပြစ်စီရင်သောသူရှိသေး၏။ ငါဟောပြောသောစကားပင် နောက်ဆုံးသောနေ့၌ ထိုသူအား အပြစ်စီရင်လိမ့်မည်။ အကြောင်းမူကား၊ ငါသည် ကိုယ်အလိုလျောက်ဟောပြောသည်မဟုတ်၊ ငါ့ကိုစေလွှတ်သောခမည်းတော်သည် အဘယ်သို့ငါဆုံးမဟောပြောရမည်ကို ပညတ်ပေးတော်မူပြီ။ ခမည်းတော်၏ပညတ်တော်သည် ထာဝရအသက်ဖြစ်သည်ကို ငါသိ၏ (ယော၊ ၁၂း၄၈၊ ၄၉)။

ဘုရားရှင်၏နှုတ်ကပတ်တော်ကိုကြားရခြင်းသည် သတင်းအချက်အလက်ရယူခြင်းသက်သက်မဟုတ်ရပါ။ ဘုရားရှင်၏အလိုတော်ကိုပြုရန်ဟု အဓိပ္ပာယ်ဆောင်သည်။ နှုတ်ကပတ်တော်ကိုကြားရသည်အတိုင်း လိုက်လျှောက်အသက်ရှင်နေထိုင်ရခြင်းကိုဆိုလိုပါသည်။ "ထိုသူ၏အလိုတော်သို့လိုက်ချင်သော

သူမည်သည်ကား၊ ဤဒေသနာသည် ဘုရားသခင်၏ဒေသနာဖြစ်သလော၊ ငါသည် ကိုယ်အလိုအလျောက်ဟောပြောသလောဟု ပိုင်းခြား၍သိလိမ့်မည်” (ယော၊ ၇း၁၇)။

ယင်းကြားနာခြင်းနှင့်လုပ်ဆောင်ခြင်းသည် ဘုရားရှင်အားချစ်တော်မူခြင်းကိုဖော်ပြသည်။ “ယေရှုကလည်း ငါ့ကိုချစ်သောသူသည် ငါ့စကားကို နားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကိုချစ်တော်မူသည်။ ငါတို့သည်လည်း သူ့ဆီသို့ကြွ၍နေရာချမည်” (ယော၊ ၁၄း၂၃)။

ယေရှုရှင်ကိုချစ်ခြင်းနှင့် စကားတော်ကိုနားထောင်ခြင်းသည် မည်သို့သက်ဆိုင်မှုရှိသနည်း။ နားထောင်လိုက်လျှောက်ခြင်းအားလုံးသည် မေတ္တာမပါဘဲ၊ အန္တရာယ်ဖြစ်လာစေနိုင်သောလုပ်ယူမှုတစ်ခုဖြစ်နိုင်ပါသလား။

**ကြာသပတေးနေ့** **ဒီဇင်ဘာလ ၂၆ ရက်**

**ယေရှုရှင်၌တည်နေခြင်း**

ယော၊ ၁၂း၃၂ ကိုဖတ်ပါ။ မည်သည့်နည်းလမ်းဖြင့် ယေရှုရှင်၏အခွင့်အာဏာတော်ကိုဖော်ပြသနည်း။

---------------------------------------------

---------------------------------------------

ယခုကျွာတာတစ်ခုလုံး သင်ခန်းစာကိုကြည့်သော် ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ကျွန်ုပ်တို့ကို ယေရှုရှင်ထံသို့ဆွဲယူသွားသည်။ သို့သော် ကျွန်ုပ်တို့ဘုရားရှင်ကို သိချင်သောစိတ်ရှိ၍ အလိုတော်ကိုဆောင်လိုမှသာဖြစ်မည်။ ကျမ်း၏ဖော်ပြချက်တစ်လျှောက် ယေရှုရှင်ကိုတွေ့ဆုံရသူတိုင်းသည် အလင်းတော်ကိုလက်ခံ၍ ကြီးရင့်သွားသည်ဖြစ်စေ၊ ငြင်းပယ်၍ အလင်းမရ မျက်စိကန်းသွားကြသူများရှိသည်။ နိကောဒင်သည်လည်းကောင်း၊ ရေတွင်း၌တွေ့သောမိန်းမသည်လည်းကောင်း၊ အရာရှိကြီးသော်လည်းကောင်း၊ ဗေသေသဒ



ရေအိုင်နားမှ ခြေလက်သေသူသော်လည်းကောင်း၊ မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ကိုစားရသောလူငါးထောင်သော်လည်းကောင်း၊ ယေရှု၏ညီများ၊ ဘာသာရေးခေါင်းဆောင်များ၊ အမိဝမ်းမှမျက်မမြင်သူ၊ မာရိနှင့်မာသနှင့် ပိလတ်မင်းအစရှိသူတို့သည် ယေရှုနှင့်တွေ့ဆုံ၍ သမ္မာတရားနှင့် သူယူဆောင်လာသောအလင်းအပေါ်တွင် ရွေးချယ်ခြင်းပြုလုပ်ကြသည်။

အောက်အရပ်မှလာသော ဘုရားမှုဆိုင်ရာလေ့လာခြင်းသည် လူသားများ၏ဆွေးနွေးငြင်းခုန်မှုမှစ၍ ဘုရားရှင်၏ဇာတိတော်သဘောကို စိစစ်ကြသည်။ ပြီးနောက် ဆုံးဖြတ်ချက်ချကြသည်။ လူသားတို့၏အမြင်သည် အနာအဆာမကင်း၊ မှားယွင်းခြင်း၊ မျက်စိမှိတ်ဘက်လိုက်ခြင်းတို့ရှိသည်နှင့်အညီ ဘုရားရှင်၏သန့်ရှင်းခြင်း၊ ပြည့်စုံခြင်းနှင့် အရာခပ်သိမ်းကိုသိရှိခြင်းတို့ထက် ဦးစားပေးခံရသည်။ ထို့ကြောင့် အောက်အရပ်မှလာသော ဘုရားမှုလေ့လာခြင်းသဘောသည် ပျက်စီးခြင်းလမ်းသို့ရောက်ရလိမ့်မည်။ အတိတ်မှမှားယွင်းခဲ့သည်အတိုင်း အနာဂတ်အချိန်၌လည်း မှားယွင်းခြင်းရှိလိမ့်မည် (ဗျာ၊ ၁၄း၁–၁၂)။ ဘုရားထက်ကျော်လွန်ပြီး လုပ်ဆောင်ချက်အပြုအမူတို့သည် လောက၌မှားယွင်းသောကိုးကွယ်ခြင်းမျိုးကို အတင်းအကျပ်အားထုတ်ခြင်းကိုဖြစ်စေပါမည်။

ယောဟန်၊ ၁၅း၁–၁၁ ကိုဖတ်ပါ။ ဝိညာဉ်ရေးကြီးထွားကျန်းမာရင့်သန်စေခြင်း၏လျို့ဝှက်ချက်သည် မည်သို့ရှိသနည်း။

---------------------------------------------

---------------------------------------------

လျို့ဝှက်ချက်မှာ ယေရှုနှင့်ဆက်သွယ်ထားရပါမည်။ ကိုယ်တော်သည် ဘုရားရှင်၏နှုတ်ကပတ်တော်ဖြစ်သည်။ အသက်မုန့်လည်းဖြစ်သည်။ လောက၏အလင်းလည်းဖြစ်သည်။ သိုးခြံ၏တံခါးဝလည်းဖြစ်သည်။ ကောင်းသောသိုးထိန်းလည်းဖြစ်သည်။ ထမြောက်ခြင်းနှင့် ထာဝရအသက်လည်းဖြစ်သည်။ လမ်းခရီး၊ သမ္မာတရားနှင့် အသက်လည်းဖြစ်သည်။ မှန်သောစပျစ်နွယ်ပင်လည်းဖြစ်သည်။

သုံးပါးတစ်ဆူဘုရားနှင့် နှုတ်ကပတ်တော်သမ္မာကျမ်းစာသည် သံလိုက်တုံးကြီးကဲ့သို့ဖြစ်၏။ မငြင်းပယ်လျှင် ကျွန်ုပ်တို့ကိုဆွဲယူသွားမည်။ "ဘုရားရှင်၏နှုတ်တော်ထွက်စကားသည် ကျွန်ုပ်တို့ကို အသံတော်နှင့်မိန့်တော်မူနေသည်။ များစွာသောအသံတို့ကို ကျွန်ုပ်တို့ကြားရပါမည်။ သို့သော်လည်း ယေရှုရှင်က ကျွန်ုပ်တို့ကြားရသောအသံကိုသတိပြု၍ မည်သူပြောနေသည်ကို စိစစ်ရမည်ဟု သတိပေးထားသည်။ ဤနေရာ၌ ခရစ်တော်၊ ထိုနေရာ၌ ခရစ်တော်ရောက်နေသည်ဟု ကြားရလိမ့်မည်။ အစစ်အမှန်မဟုတ်မှန်းကို ကျွန်ုပ်တို့မည်သို့သိနိုင်မည်နည်း။ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့မကြည့်မရှုလျှင် မသိနိုင်ပါ။ (Ellen G. White, The Advent Review and Sabbath Herald, April 3, 1888). ယင်းနောက်မှာ ကျွန်ုပ်တို့၏ကိုယ်ပိုင်အမြင်များကို ဘုရားရှင်၏နှုတ်ကပတ်တော်၌ အပ်နှံစွန့်လွှတ်ရမည်။

**သောကြာနေ့ ဒီဇင်ဘာလ ၂၇ ရက်**

**ဆက်လက်လေ့လာရန်။**

ဘုရားရှင်၏သဘောတော်သည် လူတို့နှင့်အလွန်ပင်ခြားနားသည်။ ဘုရားရှင်သည် နှုတ်ကပတ်တော်ဖြင့် ကျွန်ုပ်တို့ကိုသတိပေးတော်မူသည်။ သမ္မာကျမ်းစာကို သန့်ရှင်းသောဝိညာဉ်တော်ဖြင့် လမ်းပြသွန်သင်စေသည်။ ကျွန်ုပ်တို့မှာရွေးချယ်ရန်ရှိနေသည်။ အမှောင်ထဲဆက်လျှောက်နေမည်လား၊ နှုတ်ကပတ်တော်ဖြင့် ယေရှုဘုရားပြသောအလင်းရှိရာသို့ထွက်လာမည်လား။

ရွေးချယ်မှုပြုရာ၌ ယေရှုရှင်ထံသို့ ကျွန်ုပ်တို့ဆက်ကပ်မှုပြုထားရပါမည်။ ကိုယ်တော်သည် ဘုရားသခင်၏သားတော်နှင့် လူသားတို့ကိုကယ်တင်ရွေးနုတ်သောအရှင်ဖြစ်တော်မူသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏တန်ခိုးတော်ကြောင့်၊ ခမည်းတော်သည် ကျွန်ုပ်တို့အတွက် ထင်ရှားခြင်းရှိလာသည်။ ယေရှုရှင်၏သက်တော်စဉ်၊ အသေခံခြင်းနှင့် ထမြောက်တော်မူခြင်းအကြောင်းကြောင့် ကိုယ်တော်၏မေတ္တာတော်အတိမ်အနက်ကို ကျွန်ုပ်တို့





သိရှိရသည်။ ယေရှုရှင်ကို ကျွန်ုပ်တို့သိကျွမ်းရခြင်းအကြောင်းမှာလည်း ကိုယ်တော်၏အသက်တာ၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်းတို့ကို နှုတ်ကပတ်တော်၌ရေးသားထားခြင်းကြောင့်ဖြစ်သည်။

"ဘုရားသခင်၏ကောင်းကင်တမန်တို့သည် မြေကြီးမှကောင်းကင်သို့၊ ကောင်းကင်မှမြေကြီးသို့ တက်ဆင်းလျက်ရှိနေသည်။ ခရစ်တော်ရှင်ပြုတော်မူသောနိမိတ်လက္ခဏာတို့ကိုလည်းကောင်း ခံရသောဒုက္ခဆင်းရဲခြင်းအပေါင်းကိုသော်လည်းကောင်း၊ ကောင်းကင်တမန်တို့သည် ကြားခံ၍ ဘုရားရှင်၏တန်ခိုးတော်ကိုအသုံးပြုပြီး လုပ်ဆောင်ကြသည်။ ခရစ်တော်အားဖြင့် ကောင်းကင်တမန်တို့သည် ကောင်းကင်ရှိထာဝရဘုရားရှင်ထံတော်မှ ကျွန်ုပ်တို့ဆီသို့ ကောင်းချီးမင်္ဂလာများယူဆောင်လာခြင်းဖြစ်သည်။ ကိုယ်တော်သည် လူ့ဇာတိကိုခံယူရာ၌ ကယ်တင်ရှင်သည် ကျဆုံးသွားသောအာဒံ၏သားသမီးတို့နှင့် ပေါင်းဆက်၍နေထိုင်ရန် စိတ်ဝင်စားခဲ့သည်။ ဘုရားဇာတိတော်နှင့် ဘုရားရှင်၏ပလ္လင်တော်ကို ဆွဲယူထားသည်။ သို့ဖြစ်၍ ခရစ်တော်သည် လူနှင့်ဘုရားရှင်အကြား ဆက်သွယ်ပေးသောသူဖြစ်သည်။ ဘုရားနှင့်လူသားအကြား အဆက်အသွယ်ဖြစ်သည်။" (Ellen G. White, The Desire of Ages, p. 143).

–၀–

## နံနက်ယံဝတ်
## အောက်တိုဘာလ၊ ၂၀၂၄ ခုနှစ်

| | | |
|---|---|---|
| ၁ | ဂါ | ဆာ၊ ၅၁း၇ |
| ၂ | ဟူး | ၂ကော၊ ၁း၂၁၊ ၂၂ |
| ၃ | တေး | ဖိ၊ ၂း၂ |
| ၄ | ကြာ | ဆာ၊ ၁၃၉း၂၃၊ ၂၄ |
| ၅ | နေ | တမန်၊ ၂း၁ |
| ၆ | နွေ | ဖိ၊ ၂း၃ |
| ၇ | လာ | လု၊ ၁၈း၁၃ |
| ၈ | ဂါ | ဖိ၊ ၃း၇ |
| ၉ | ဟူး | ယော၊ ၁၅း၅ |
| ၁၀ | တေး | ဖိ၊ ၂း၁၅၊ ၁၆ |
| ၁၁ | ကြာ | ကော၊ ၁း၁၀၊ ၁၁ |
| ၁၂ | နေ | ကော၊ ၁း၁၂၊ ၁၃ |
| ၁၃ | နွေ | ဖိ၊ ၃း၂၀ |
| ၁၄ | လာ | ဟေရှာ၊ ၁း၁၈ |
| ၁၅ | ဂါ | မဿဲ၊ ၂၂း၁၁၊ ၁၂ |
| ၁၆ | ဟူး | ဖိ၊ ၂း၁၃ |
| ၁၇ | တေး | ဗျာ၊ ၃း၁၈ |
| ၁၈ | ကြာ | ဧဖက်၊ ၃း၁၆ |
| ၁၉ | နေ | ၁ကော၊ ၁း၁၀ |
| ၂၀ | နွေ | ၂ကော၊ ၇း၁ |
| ၂၁ | လာ | ၁ကော၊ ၂း၁၂ |
| ၂၂ | ဂါ | လုကာ၊ ၁၈း၇ |
| ၂၃ | ဟူး | ဟေဗြဲ၊ ၄း၁၆ |
| ၂၄ | တေး | လုကာ၊ ၁၈း၁ |
| ၂၅ | ကြာ | တမန်၊ ၄း၃၁ |
| ၂၆ | နေ | ၁ကော၊ ၂း၁၃ |
| ၂၇ | နွေ | ၁ကော၊ ၃း၁၃ |
| ၂၈ | လာ | တမန်၊ ၂း၄၆၊ ၄၇ |
| ၂၉ | ဂါ | ဟေရှာ၊ ၅၈း၉၊ ၁၀ |
| ၃၀ | ဟူး | ယေရမိ၊ ၁၄း၂၀၊ ၂၁ |
| ၃၁ | တေး | ဒံ၊ ၉း၁၉ |

## နံနက်ယံဝတ်
## နိုဝင်ဘာလ၊ ၂၀၂၄ ခုနှစ်

| | | |
|---|---|---|
| ၁ | ကြာ | တမန်၊ ၅း၁၂ |
| ၂ | နေ | တမန်၊ ၅း၁၄၊ ၁၅ |
| ၃ | နွေ | တမန်၊ ၆း၇ |
| ၄ | လာ | တမန်၊ ၂း၄၁၊ ၄၂ |
| ၅ | ဂါ | တမန်၊ ၂း၂ |
| ၆ | ဟူး | မာကု၊ ၃း၃၃ |
| ၇ | တေး | တမန်၊ ၁း၆၊ ၇ |
| ၈ | ကြာ | တမန်၊ ၂း၁၂ |
| ၉ | နေ | တမန်၊ ၂း၁၄–၁၆ |
| ၁၀ | နွေ | ယောဟန်၊ ၃း၉–၁၂ |
| ၁၁ | လာ | တမန်၊ ၄း၁၃ |
| ၁၂ | ဂါ | တမန်၊ ၄း၁၈–၂၀ |
| ၁၃ | ဟူး | တမန်၊ ၄း၁၈–၂၀ |
| ၁၄ | တေး | ၂ကော၊ ၄း၁၊ ၂ |
| ၁၅ | ကြာ | တိတု၊ ၂း၇၊ ၈ |
| ၁၆ | နေ | တိတု၊ ၂း၁ |
| ၁၇ | နွေ | တိတု၊ ၁း၉ |
| ၁၈ | လာ | ၁ကော၊ ၁၄း၄၀ |
| ၁၉ | ဂါ | ဖိလိပ္ပိ၊ ၃း၇–၁၀ |
| ၂၀ | ဟူး | ရောမ၊ ၁၅း၁၃ |
| ၂၁ | တေး | ဖိလိပ္ပိ၊ ၄း၄ |
| ၂၂ | ကြာ | တမန်၊ ၄း၃၂ |
| ၂၃ | နေ | ၂ကော၊ ၈း၃၊ ၄ |
| ၂၄ | နွေ | ဂလာတိ၊ ၃း၂၇၊ ၂၈ |
| ၂၅ | လာ | တမန်၊ ၂း၄၃–၄၅ |
| ၂၆ | ဂါ | တမန်၊ ၅း၂၈၊ ၂၉ |
| ၂၇ | ဟူး | ၁ပေ၊ ၅း၇၊ ၈ |
| ၂၈ | တေး | ဗျာ၊ ၁၈း၄ |
| ၂၉ | ကြာ | ဒံ၊ ၁၂း၁ |
| ၃၀ | နေ | လုကာ၊ ၂၁း၃၆ |

## နံနက်ယံဝတ်
## ဒီဇင်ဘာလ၊ ၂၀၂၄ ခုနှစ်

| | | |
|---|---|---|
| ၁ | နွေ | ဧဖက်၊ ဖိ:၁၂ |
| ၂ | လာ | ဧဖက်၊ ဖိ:၁၃–၁၇ |
| ၃ | ဂါ | ၁တိ၊ ဖိ:၁၂ |
| ၄ | ဟူး | ၁ပေ၊ ၄း၁၂၊ ၁၃ |
| ၅ | တေး | ဗျာ၊ ၁၂း၁၂ |
| ၆ | ကြာ | ဧဖက်၊ ဖိ:၁၀ |
| ၇ | နေ | ရောမ၊ ၈း၁၅ |
| ၈ | နွေ | ၁ယော၊ ၅း၄ |
| ၉ | လာ | ဗျာ၊ ၃း၈ |
| ၁၀ | ဂါ | ၁ကော၊ ၉း၂၄၊ ၂၅ |
| ၁၁ | ဟူး | ရောမ၊ ၈း၃၇ |
| ၁၂ | တေး | ရောမ၊ ၈း၁ |
| ၁၃ | ကြာ | ယာကုပ်၊ ၄း၇၊ ၈ |
| ၁၄ | နေ | လုကာ၊ ၁၅း၇ |
| ၁၅ | နွေ | ၁ကော၊ ၁၅း၅၇ |
| ၁၆ | လာ | ဇာခရိ၊ ၃း၂ |
| ၁၇ | ဂါ | ယောဟန်၊ ၁၇း၁၄၊ ၁၅ |
| ၁၈ | ဟူး | ဗျာ၊ ၂း၇ |
| ၁၉ | တေး | ဗျာ၊ ၂း၁၁ |
| ၂၀ | ကြာ | ဗျာ၊ ၃း၄ |
| ၂၁ | နေ | ဗျာ၊ ၃း၅ |
| ၂၂ | နွေ | ဗျာ၊ ၃း၁၀ |
| ၂၃ | လာ | ဗျာ၊ ၃း၁၂ |
| ၂၄ | ဂါ | ဗျာ၊ ၃း၂၁ |
| ၂၅ | ဟူး | ဟေဗြဲ၊ ၂း၁၄၊ ၁၅ |
| ၂၆ | တေး | ဗျာ၊ ၁၂း၁၁ |
| ၂၇ | ကြာ | ၁ပေ၊ ၂း၂၁–၂၄ |
| ၂၈ | နေ | ယောဟန်၊ ၁၆း၃၃ |
| ၂၉ | နွေ | ဗျာ၊ ၁း၇၊ ၈ |
| ၃၀ | လာ | ဗျာ၊ ၂၁း၇ |
| ၃၁ | ဂါ | ဟေဗြဲ၊ ၁၀း၃၇၊ ၃၈ |